
www.burmeseclassic.com



# ပီမိုးနင်း၏ ပီမိုးနင်း

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ပီမိုးနင်း၏ ပီမိုးနင်း
ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၆၉၁၀၄၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၂၄၂၀၂၀၉

ထုတ်ဝေသည့်ကာလ - ၂၀၀၉၊ ဧပြီလ

ပုံနှိပ်ခြင်း - ဒုတိယအကြိမ်

မျက်နှာဖုံးရိုက် - မိုးကျော်ပုံနှိပ်တိုက်

ပုံနှိပ်သူ - ဒေါ်မိမိလှိုင်
(မိုးကျော်)ပုံနှိပ်တိုက်

ထုတ်ဝေသူ - ဒေါ်မိမိလှိုင်
အမှတ် ၁၂၉/၂
မီးဒုန်းလမ်းသွယ်(၄)၊
သုဝဏ္ဏ၊ ရန်ကုန်မြို့။

ဖုန်း - ၇၀၄၂၉၇
- ၃၈၉၅၅၈

တန်ဖိုး (၅၀၀)ကျပ်

ပီမိုးနင်း ၈၉၅.၈၃
ပီမိုးနင်းရဲ့ပီမိုးနင်း / ပီမိုးနင်း - ရန်ကုန်။
မိုးကျော်စာပေ၊ ၂၀၀၉ ။
၁၆၃ - စာ၊ စင်တီ။ ၈.၄ x ၁၄.၂
(၁) ပီမိုးနင်းရဲ့ပီမိုးနင်း

# ပီမိုးနင်း၏ပီမိုးနင်း

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

## ပထမကဏ္ဍ

### အပိုင်း ၁

### လမ်းခရီး၏အစ


၁။ ။ ဘဝလမ်းခရီးကို ရှေ့ရှုခြင်း ... ၁၂


### အပိုင်း ၂

### လမ်းခရီး၏အလယ်


၁။ ။ စိတ်လေလွင့်ရာ ... ၂၇

၂။ ။ ချစ်ချင်းမေတ္တာဆွဲဆောင်ရာ ... ၃၅

၃။ ။ မိန်းမရပုံထူးခြားလှခြင်း ... ၄၃

၄။ ။ ရဟန်းဖြစ်ပြန်ပါလည်း တဝဲလည်လည် ... ၄၉

၅။ ။ လွင့်ပြန်ခြင်း ... ၅၄

၆။ ။ တပ်စွဲပြီးမှ ပြန်၍ ဆုတ်ခဲ့ခြင်း ... ၅၉

၇။ ။ ကြာကြာမနေရ-ပြေးရပြန်ခြင်း ... ၆၃

၈။ ။ အကြိုက်နှင့်တွေ့ခြင်း ... ၆၆

၉။ ။ စာရေးဆရာ၏နိမ့်တုံနိမ့်တုံဘဝ ... ၈၀

၁၀။ ။ ပြန်တော့မည် ... ၉၉


### အပိုင်း ၃

### လမ်းခရီး၏အဆုံး


၁။ ။ ဘဝလမ်းခရီးအဆုံး၏အစ ... ၁၀၉

၂။ ။ ဘဝလမ်းခရီး၏အဆုံး ... ၁၁၈

၃။ ။ လမ်းခရီးအဆုံး၏ အစသို့ရောက်ရပုံ ... ၁၃၈


## ဒုတိယကဏ္ဍ


၁။ ။ လူနှင့်လူ့စိတ် ... ၁၄၉

၂။ ။ လွှတ်တော်နှင့်နိုင်ငံရေး ... ၁၅၂

၃။ ။ မြန်မာပြည်အပြင်ထွက်ကြ ... ၁၅၅

၄။ ။ တိုင်းပြည်ကြီးက လူမျိုးကြီး၏ ... ၁၅၉

၅။ ။ လူ့ပြည်၌အကြီးကျယ်ဆုံးအလုပ် ... ၁၆၂

၆။ ။ အားလုံးကြီးပွားနည်း ... ၁၆၅

၇။ ။ ဂျပန်ကြပ်ကြပ်သတိထား ... ၁၆၈

၈။ ။ မိန်းမတို့ကူညွှေ ... ၁၇၂

၉။ ။ လင်ကောင်းရလိုလျှင် ... ၁၇၄


www.burmeseclassic.com

www.burmeseclassic.com

## တတိယကဏ္ဍ


၁။ ။ ဥစ္စာရကြောင်းနည်းလမ်းကောင်း ... ၁၇၆
၂။ ။ ပီမိုးနင်း (၁၈၈၃-၁၉၄၀) ... ၁၈၀
၃။ ။ ဆရာကြီး ပီမိုးနင်းပြုစုခဲ့သော
စာပေများ၊ ကျမ်းများ ... ၁၈၉


---

ဤစာအုပ်ကို ယခုအတိုင်း စီစဉ်ထုတ်ဝေနိုင်ရန် ဝိုင်းဝန်းကူညီကြကုန်သော စာရေးဆရာကြီးသခ်၊ မြန်မာ့အလင်းတိုက်အုပ် ဦးတင်၊ ယောဂီတိုက်ရှင်ဦးတင်၊ ကာတွန်းရေးဆရာ-ကိုဟိန်စွန်း၊ တိုးတက်ရေး ကိုအုံးမြင့်၊ ဗန္ဓုလအယ်ဒီတာဟောင်း-ဦးဖိုးမင်း၊ ဗန္ဓုလတိုက်ရှင် ဦးစိန်တို့အား များစွာ ကျေးဇူးတင်ရှိပါ၏။

ဆရာကြီးပီမိုးနင်း၏များပြားလှစွာသော

စာဖတ်ပရိသတ်တို့အဖို့

ဤစာအုပ်ကို ရည်ညွှန်းထုတ်ဝေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဆရာကြီးပီမိုးနင်း



အပိုင်း - ၁

# လမ်းခရီး၏အစ

www.burmeseclassic.com

www.burmeseclassic.com

# ၁။ ဘဝလမ်းခရီးကို ရှေ့ရှုခြင်း

စိတ်ဆင်းရဲခြင်း၏အစ-သဘောအလျောက်လုပ်ကိုင်ပုံ များအနီးလျော်ရင်း စိတ်ကူးခဏ်း-ရေနစ်ရာတွင်ပင် အစွဲလမ်းကြီးပုံ၊ အိမ်မှထွက်ပြေးခြင်း-စာသင်ခြင်း-ခရစ်ယန်ဘုန်းကြီးအတတ်သင်ခြင်း-တောင်တန်းကြီးများ၏ လက်ယပ်ခေါ်ရာသို့ သွားခြင်း-ဖီးသီးမှင့် ထန်းလျက်-ပလောပီနံသို့ ရောက်သွားခြင်း-မြန်မာပြည်သို့ပြန်လာခြင်း။

ကျွန်ုပ်မှတ်မိသော ပဌမအရွယ်သည် အဖွားဖြစ်သူ၏ ခါးထက်၌ ထိုင်ခါ၊ အိမ်နောက်ဖေး ငှက်ပျောခြံကြီးထဲတွင် ငှက်ပျောရွက်ကို လိပ်လျက် အဖွားဖြစ်သူက ပီပီမှုတ်၍ပြသော ကလေးခါးတစ်ခွင်အရွယ်ပင် ဖြစ်လေသည်။ ထို့နောက် မဝိမ်းမယိမ်းမှတ်မိသော အရွယ်ကား ထိုငှက်ပျောခြံကြီးကို မီးစွဲလောင်၍ ပြာကျလျက် ဖုတ်ပြီးသားဖြစ်ခနေသော ငှက်ပျောသီးများကို ကခုန်စားသောက်လျက် ပျော်ရွှင်စွာ ကစားနေသော အပူအပင်မရှိသည့် ကလေးမျှသာ ဖြစ်လေသည်။ ကျွန်ုပ်ပျော်ရွှင်စွာ ကစားမြူးတူးနေရသလောက် ကျွန်ုပ်၏ ဘိုးဘွားတို့၏ စိတ်ကား-ဆင်းရဲငြိုငြင်ရသည့်အခါပင် ဖြစ်လေသည်။ အကြောင်းကား ကျွန်ုပ်နှင့် ကျွန်ုပ်၏ ဘိုးဘွားတို့ ပျော်ရွှင်စွာ နေထိုင်ခဲ့ရသော ငါးပင်အိမ်ကြီးကို ဓါးပြတို့ မီးရှို့သဖြင့် အိမ်ရော-ငှက်ပျောခြံကြီးပါ ပြာကျခဲ့ရသောကြောင့်



ဖြစ်လေသည်။ ၎င်းအိမ်ကြီးသည် သုံးဆယ် မြို့ရွာမရပ်ရှိ အိမ်ကြီးဖြစ်လေသည်။

၎င်းနောက် မှတ်မိသည်ကား။ ကျွန်ုပ်နှင့်ကျွန်ုပ်၏-မိဘနှစ်ပါး ထိုအိမ်ကြီး၏နေရာ၌တွင် အိမ်ငယ်ကလေးတစ်ခုနှင့်နေရခြင်းဖြစ်လေသည်။ ထိုအိမ်ငယ်ကလေးသည်ကား တဲပုတ်ကလေးမျှပင် ဖြစ်လေသည်။ ထိုတဲပုတ်ကလေးမှတဖန် အိမ်လပ်တစ်ခုဖြစ်၍ လာလေသည်။ ဤအခါသည်ကား ကျွန်ုပ်စိတ်ဆင်းရဲရခြင်း၏ အစပင် ဖြစ်လေသည်။

ကျွန်ုပ်၏ ဖခင်သည်ကား ရုပ်ရည်အတော်ချောမောသူတစ်ယောက်ဖြစ်၏။ လက်မှုပညာအမျိုးမျိုးတို့ကိုလည်း ကောင်းစွာ တတ်ကျွမ်းသူတစ်ဦးဖြစ်လေသည်။ သို့သော် အလုပ်ကိုကား စွဲစွဲမြဲမြဲ မလုပ်ကိုင်ခဲ့ပေ။ ရုပ်ရည်ချောသလောက် လက်မှုပညာကို ကောင်းစွာ ကျွမ်းကျင်သလောက် လူလေတစ်ဦးဖြစ်ခါ အရပ်လေးမျက်နှာသို့သွားလာနေသူဖြစ်လေသည်။ သို့ကြောင့်လည်း ၆-လ တစ်ခါ တစ်နှစ်တစ်ခါသာလျှင် အဖေဆိုသော သူ၏ မျက်နှာကို တွေ့ရမြင်ရလေသည်။ ကျွန်ုပ်၏ မိခင်သည်သာလျှင် ဈေးတောင်းကို ခေါင်းရွက်၍ ရောင်းရသမျှနှင့်ပင် ကျွန်ုပ်တို့ အသက်မွေးခဲ့ရလေသည်။

ကျွန်ုပ်သည် သားဦးဖြစ်၏။ ထို့ကြောင့်ပင်လည်း မိခင်ဈေးရောင်းထွက်သောအချိန်၌ ကျွန်ုပ်ပင်လျှင် သိမ်း

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးဘဝဖွယ် ချက်ရ–ပြုတ်ရ–လျှော်ရ–ဖွပ်ရလေသည်။ အိမ်ကိစ္စအဝဝတို့ကို အားလုံးစုံလုပ်ကိုင်ခြင်းဖြင့် မိခင်ကြီးအား တတ်အားသမျှ အစွမ်းကုန်ကူညီခဲ့၏။ ညီမငယ်ကလေး †တစ်ဦး ကိုလည်း မိခင် ဈေးရောင်းထွက်သော အချိန်၌ မိခင်ပမာ ခါးတက်ခွင်ခါ ထိမ်းသိမ်းစောင့်ရှောက်ခဲ့လေသည်။

အားလပ်သော နံနက်ဝေလီဝေလင်းအချိန်များ၌ ရွာရှိ ခြံကြီးများထဲသို့ လှည့်လည်လျက် ထန်းသီးကောက်ခြင်း၊ မှို့နှုတ်ခြင်း၊ ဟင်းသီး–ဟင်းရွက်ရှာဖွေခြင်း စသည့် အလုပ်တို့ကို မိဘတို့ကခိုင်းစေသည်မဟုတ်ဘဲ ကိုယ်တိုင်သဘော အလျောက်၊ အမြဲအစွဲ နေ့စဉ်နေ့တိုင်း လုပ်ကိုင်ခဲ့လေသည်။ မိုးတွင်းအခါများ၌ လယ်ပူရွှံ့လုံး နှိုက်ခြင်း၊ ငါးဖမ်းခြင်း စသည့် အမျိုးမျိုးသောအလုပ်များကို ကျွန်ုပ်သဘောနှင့် ကျွန်ုပ် လုပ်ကိုင်ခဲ့လေသည်။ ထိုအလုပ်များကို လုပ်နေစဉ်အခါ၊ ကျွန်ုပ်၏

† မှတွင် တွေ့ရှိရသည့်အတိုင်း ညီမငယ်လေးဟုပင် မဖြစ်ဆင်ဘဲ သည့်လိုက် သည်။ နှစ်မငယ်လေးဟု သုံးနှုန်းမှ မှန်ပေသည်။ သို့သော် ယနေ့ခေတ်တွင် ရောထွေးယှက်တင် သုံးစွဲနေကြပြီး ဖြစ်၍ ဤညွှန်ပြချက် မပါဘဲဖြင့်ပင် စာဖတ်သူတို့ နားလည်ပြီး ဖြစ်ပေလိမ့်မည်။ ။

ဆရာကြီးဗိမိုးနှင်းသည် မည်သည့်အခါတွင်မျှ ဤကဲ့သို့ ရောထွေးယှက်တင် မသုံးစွဲခဲ့ပေ ဆရာကြီး ပိမိုးနှင်းမှာ လက်တုန်သဖြင့် စာကို ကိုယ်တိုင် မရေးနိုင်ဘဲ နှုတ်ဖြင့်သာ ပြောသွားလျက် အနားမှ တစ်ယောက်က လိုက်ပြီး ရေးရ လေသည်။ နောက်မှ အရေးကြီးသော အချက်တို့ကို ကိုယ်တိုင် ပြင်လေ့ရှိလေသည်။ ဤညီမလေး အသုံးအနှုန်းကို ဆရာကြီး မမြင်မိ၍သာ မပြင်ခဲ့ခြင်း ဖြစ်တန်ရာသည်။ တည်းဖြတ်သူ



စိတ်သည် နိဗ္ဗာန်နှင့်တူသော ပျော်ရွှင်ချမ်းသာခြင်းကို ခံစားရလေသည်။ လွတ်လပ်မှုသွားလာ၍ ကိုယ့်သဘော ကိုယ့်သိတ်အတိုင်း ကိုယ်နေထိုင်ရသော လွတ်လပ်သည့် အကျိုး ပေတည်း။

တရံသောအခါ၌ မွန်းလွဲအချိန် ချောင်းထဲတွင် ကျွန်ုပ် တယောက်တည်း သရေပုံကြီးတခု၏အပေါ်၌ ခလေးအနှီးများ ကို လျှော်ဖွပ်နေရလေသည်။ ခါနီးအနား၌ လူသူဟူ၍ တဦး တယောက်မျှ မရှိပေ။ ထိုကဲ့သို့ အနှီးများကို လျှော်ဖွပ်နေစဉ်၊ ကျွန်ုပ်၏ စိတ်ထဲ၌ တွေ့မြင်နေရသည်ကား ကျွန်ုပ်၏ အိမ်ခေါင်းရင်းရှိ သူကြီး၏အိမ်သို့ မကြာခဏ ဝင်ထွက်သွားလာ နေသော မြို့အုပ်စာရေးကြီးစသော လူတွေနှင့် ထိုသူတို့၏ ခန့်ညားစွာ ဝတ်ဆင်ထားသော အဝတ်အစားတို့ပင် ဖြစ်လေ သည်။ ထိုသည်တို့ကို တွေးတောနေရာမှ ထိုသူတို့ကို အားကျ ကာ ငါလည်း သူတို့လို ပညာသင်ရပါလျှင် ဟစ်နေ့တွင် မုချ ထိုသူတွေကဲ့သို့ပင် ခန့်ညားထည်ဝါစွာ နေရမည်ကား မလွဲဟု တွေးတောကာ ပညာသင်လိုသော စိတ်တို့ကား တဖွားဖွား ပေါ်လာတော့လေသည်။ လုပ်လိုသော အလုပ်တခုကို မဖြစ်ဖြစ် ရလေအောင် လုပ်တတ်သော ကျွန်ုပ်၏ ဝါသနာ အတိုင်း၊ ထိုနေ့တွင် အနှီးများကိုမြန်မြန်ပြီးရန် တွင်တွင်သော ကြိုးစား၍ အမြန်လျှော်ဖွပ်ခဲ့တော့လေသည်။ အနှီးများ

www.burmeseclassic.com

www.burmeseclassic.com



လျှော်ဖွပ်ပြီးနောက် အိမ်သို့ ပြန်ရောက်လျှင် ရောက်ချင်း ကျွန်ုပ်အား ကျောင်းတွင် အပ်နှံပါရန် မိဘတို့အား နားပူလေတော့သည်။ ကျွန်ုပ်၏ မနားမနေပူဆာခြင်းဖြင့် နောင် ၁၀ ရက်လောက်ကြာလျှင် ကျောင်းသို့ ပို့ပါမည်ဟူသော မိဘတို့၏ ကတိစကားကို ကြားရသော ကျွန်ုပ်ကား ဝမ်းသာ၍ မဆုံးတော့ပြီ...။ ထိုသည့် နေ့မှစ၍ ချက်ရင်းပြုတ်ရင်း နေ့ရက်များကို မီးဖိုချောင်နံရံ တွင် မီးသွေးဖြင့် ခြစ်ဆွဲ၍ မှတ်သားခဲ့လေသည်။ မီးသွေး မှတ်များ တစ်ခုထက်တစ်ခု ပိုလာလေလေ ကျွန်ုပ်၏ စိတ်များ ကား တိုး၍တိုး၍ ပျော်ရွှင်လေလေ ဖြစ်ခဲ့လေသည်။ သို့အား ဖြင့် အမှတ်များ ၆–မှတ်၊ ၇–မှတ် ရှိခဲ့ကြောင်းကို သတိပြု မိလေသည်။

တစ်နေ့သောအခါ အနီးများကို လျှော်ဖွပ်ပြီးနောက် ရေချိုးရန် သရောပုံမှ ခုန်ချလိုက်ရာ ရေနက်သော နေရာဖြစ်သဖြင့် မြုပ်၍ သွားလေတော့သည်။ ထိုစဉ်အခါ၌ ကျွန်ုပ်ကား သေရေးကို မတွေးမိသေး၊ တွေး၍သော်လည်း မကြောက်မိ၊ ငါသာသေရင်တော့ ကျောင်းမနေရတော့ဘူး။ ကျောင်းမနေရရင် သူကြီးအိမ်လာတဲ့ မြို့အုပ်လိုလူတွေလို ငါနေရတော့မှာ မဟုတ်ဘူးဟူသော ကျွန်ုပ်အထူး အလွန်စွဲလမ်းသည့် ထိုမြို့အုပ်များကဲ့သို့ နေရေးနှင့် ကျောင်းနေရမည့်အရေးကိုသာလျှင် ဦးစွာ တွေးတောမိတော့လေသည်။ ထိုခဏ၌ ကျွန်ုပ်သည် ရေပေါ်သို့



ခဏမျှ ပေါ်လာ၏။ ပေါ်လာသည့် ခဏ၌ ကျွန်ုပ်သည် အသက်ကို တစ်ခါရှူရှိုက်လိုက်ရ၏။ ထိုအချိန်အခါ၌ ကျွန်ုပ်ကို ကယ်ဆယ်မည့်သူကား အနီးအနား၌ တစ်ဦး တစ်ယောက်မျှ မရှိပေ။ နောက်တစ်ကြိမ်မြုပ်သွားရာ၌ အသက်မရှူနိုင် မွန်း၍ လာတော့၏။ ထိုအခါမှ ကြောက်လန့်ပြီးလျှင် အားရှိသမျှ ရေပေါ်သို့ ရောက်ရန် ခုန်လိုက်၏။ ရေထဲ၌ ခုန်ရန် မလေးလံ မခဲယဉ်းလှချေ။ ထို့ကြောင့်လည်း ကျွန်ုပ် ခုန်လိုက်ခြင်းကြောင့် ရေပေါ်သို့ ပေါ်လာပြန်လေသည်။ ဤတစ်ကြိမ်တွင်လည်း အသက်ကို အားရအောင် ရှူလိုက်ရ ပြန်၏။ ခုန်လျှင် ရေပေါ်သို့ ပေါ်လာရမည်။ ပေါ်လာလျှင် အသက်ရှူနိုင်မည်ဟူသော အသိဉာဏ်သည် ကျွန်ုပ်၏ ခေါင်းထဲသို့ ရုတ်ချင်း ဝင်လာတော့လေသည်။ ထို့ကြောင့်လည်း ကျွန်ုပ်သည် ခဏခဏ ခုန်၍သာ နေလေသည်။ ခုန်တိုင်းလည်း ပေါ်လာသဖြင့် အသက်ကို ရှူရတော့လေသည်။ ထိုကဲ့သို့ ခုန်ရင်း အသက်ရှူ၍ နေခဲ့ရာမှ နောက်ဆုံး တစ်ကြိမ်ခုန်လိုက်ပြီးနောက် အတိုင်းမသိသော ဝမ်းမြောက်ခြင်းကို ဖြစ်စေလေသည်။ ကျွန်ုပ်၏ သတိကောင်းခြင်းနှင့် ကြိုးစား၍ ခုန်ရကျိုးနပ်ပေတော့လေသည်။

အကြောင်းကား ထိုအချိန်တွင် ခုန်၍ ပြန်ကျသော အခါ နှာခေါင်းကား မမြုပ်တော့ပေ။ ကျွန်ုပ်ကား ရေတိမ်ပိုင်းသို့ ရောက်ခဲ့လေပြီ။ ကျွန်ုပ်ခုန်နေသည်ကား မည်မျှကြာသည်ကို

www.burmeseclassic.com

www.burmeseclassic.com



မသိနိုင်။ မသိသော်လည်း ကျွန်ုပ်တွင်ကား ကမ်းစပ်သောင်ပြင်သို့ ရောက်သည့်အချိန်၌ မောပန်းလွန်းလှသဖြင့် လမ်းပင် မလျှောက်နိုင်တော့ပေ။

သောင်ပြင်ထက်၌ ကိုယ်ကို ပစ်လှဲကာ ခဏမျှ အမောဖြေနေ‌ခဲ့တော့၏။ ထိုအခါကျမှ ရေနစ်လို့များသေရင် ...ဟု အတွေးကိုမှ မဆုံးမီပင် သေရေးကို တွေးပြီးကြောက်မိသဖြင့် ကြက်သီးများပင် ထလာတော့လေသည်။ သို့သော် ယနေ့မှစ၍ တစ်ရက်၊ နှစ်ရက်အတွင်း ကျောင်းနေရမည်ဖြစ်သော ကျွန်ုပ်၏ အရေးကို တွေးကာ ဝမ်းသာခြင်း စိတ်က ကြောက်စိတ်ကို လုံးလုံးဖုံးဖိတော့လေသည်။ ထိုနောက် သရော ပုံပေါ်မှ အဝတ်များကို ယူကာ အိမ်သို့ ခုံးပြေးလေ၏။ အံ့နီး ကလေးများကို နေပူထဲတွင် လှမ်းပြီး အရိုက်ခံရမည်ကို ကြောက်သောကြောင့် ရေနစ်ကြောင်းကို မည်သူ့အားမျှ မပြောခဲ့ပေ။ လွတ်ရာသို့သာ ပြေးထွက်ခဲ့လေသည်။ ဤသို့ ကြောက်၍ ထွက်ပြေးခြင်းပင် ကျွန်ုပ်ပညာသင်ကြားဖို့ရာ ကြမ္မာကောင်းဖြစ်တော့လေသည်။

သို့ထွက်သွားခဲ့ရာ၊ ည ၆ နာရီအချိန်တွင် သုံးဆယ်မြို့ အာရ်-စီ-အမ်-ကျောင်းသို့ ရောက်ခဲ့လေသည်။ ထိုကျောင်း၌နေသော ကျွန်ုပ်၏အစ်မကြီး တဝမ်းကွဲကို တွေ့လေရာ ကျွန်ုပ် ကျောင်းနေချင်ကြောင်းကို ၎င်းအား ပြောပြ



လျှင်ပင် အစ်မကြီးလည်း ကျောင်းအုပ်ဘုန်းကြီး ဖါသာရ်-ပဲလဝါးထံ ကျွန်ုပ်အား အပ်နှံပေးသဖြင့် ထို အာ-စီ-အင်(မ) ကျောင်းတွင် နေရတော့လေသည်။ ထိုကျောင်း၌ ကျောင်းသားပေါင်း ၄၀-မျှရှိ၏။ ထို ၄၀ ရာခိုင်နှုန်းမျှလည်း ဆင်းရဲသောမိဘမှ ပေါက်ဖွားခဲ့သော ဆင်းရဲသားတို့ချည်းပင်။ ထိုဆင်းရဲသားတစ်စု ကျွန်ုပ်တို့အား သာသနာ† ကပင် ကျွေးမွေးကာ ပညာကို သင်ပေးခဲ့ရလေသည်။ ထိုကျောင်းတွင်နေစဉ် သစ်ပင်များကို ရေလောင်းခြင်း၊ သစ်ပင်စိုက်ပျိုးခြင်းစသော အလုပ်တို့ကို ကျောင်းအားချိန်များတွင် နေ့စဉ်ပင် လုပ်ကိုင်ခဲ့ရလေသည်။ ၎င်း အာ-စီ-အင်(မ)ကျောင်းတွင် ၃-နှစ်မျှ ဆင်းရဲငြိုငြင်စွာ နေထိုင်ခဲ့ရလေသည်။ သို့ဆင်းရဲသော်လည်း ဆရာဘုန်းကြီး၏ တွန့်တိုခြင်း ကြောင့်မဟုတ်၊ ထမင်းချက်ခံ ဆောမများ၏ မတရားခြင်းကြောင့် ဖြစ်ကြောင်းသိရလေသည်။

သုံးနှစ်ကြာသော နေ့တစ်နေ့၌ ဖါသာရ်ပဲလဝါးသည် ကျောင်းသားများအနက် ရိုမင်ကက်တလိပ် ဘုန်းကြီးလုပ်လိုသူ ရှိသူများရှိသလဲဟု မေးရာ ကျွန်ုပ်နှင့် မောင်မောင်ဆိုသော အခြားသူငယ် တစ်ယောက်ပါ ဘုန်းကြီးလုပ်လိုကြောင်း အာမ

---

† ခရစ်ယာန်သာသနာပြုအဖွဲ့ကို ဆိုလိုသည်။ ။ တည်းဖြတ်သူ

www.burmeseclassic.com

www.burmeseclassic.com



ဝန်တာခံလိုက်ကြ၏။ ထိုအခါ မော်လမြိုင်တွင် ဘုန်းကြီး အလုပ်သင် (Seminary School) ဆင်မီနာရီခေါ် ကျောင်းတစ်ခုကို ဖွင့်ထားပြီးဖြစ်လေသည်။ ကျွန်ုပ်နှင့် မောင်မောင်လည်း ထိုကျောင်းသို့ များမကြာမီပင် သွားရတော့၏။ ထိုကျောင်းတွင် ၃-နှစ်မျှနေရလေသည်။

ထို ၃-နှစ်အတွင်း၌ ကျွန်ုပ်၏ အဖြစ်များနှင့် သင်မှတ်ရသောစာများကား-ဤသို့တည်း…ထိုကျောင်း၌ လာတင် သဒ္ဒါတစ်ခုတည်းကို တစ်နေ့ကုန် သင်ရ၏။ ပညာကို အထူးလိုလား၍ သင်မှတ်ရသောစာကို စိတ်ရောကိုယ်ပါ ကြိုးစားခဲ့သော ကျွန်ုပ်တွင်ကား ထိုလာတင်သဒ္ဒါကို တစ်နှစ်ခန့်သင်ရပြီးနောက် ရှေးဘုရင်ကြီး သူတော်သူမြတ်တို့၏ အတ္ထုပ္ပတ္တိကို အတော်နားလည်လာသည်သာမက လာတင်သဒ္ဒါကိုလည်း ကျနကောင်းမွန်စွာ တတ်သိခဲ့တော့လေသည်။

ထိုဆင်မီနာရီကျောင်းသည်ကား မော်လမြိုင်မြို့ မရမ်းကုန်းတောင်ပေါ်၌ ဆောက်တည်ထားလေရာ ထိုတောင်ရိုးပေါ်မှနေ၍ ကြည့်လျှင် အရှေ့ဘက်၌ ညို့ညို့မှိုင်းမှိုင်း တောင်တန်းကြီးတို့ကို တွေ့ရှိရခြင်းအားဖြင့် တမျိုးလွမ်းဆွတ်စရာကြီးပင်။ ထိုတောင်တန်းကြီးတို့ကို မြင်ရသော ကျွန်ုပ်၏ စိတ်ဝယ်ကား ရှေးက ရသေ့ရဟန်းသူတော်သူမြတ်များနေသော တောတောင်ကြီးများသည်လည်း ဤသို့ရှိရာ၏ဟု တွေးတောစိတ်ကူး



မိသော ခဏ၌ ထိုတောတောင်တန်းကြီးဆီသို့ သွားလိုသော စိတ်ဆန္ဒတို့သည် ပေါ်ပေါက်လာခဲ့လေသည်။ ထိုဆန္ဒကား အသည်းအသန် ဖြစ်ပေါ်လာတော့၏။ တကိုယ်တည်း နေရလျှင် လွန်စွာကောင်းမည်ဟုလည်း အောက်မေ့မိလေ၏။ ထိုကဲ့သို့ အတွေးရှိသည်နှင့်တပြိုင်တည်း မည်သူ့ထံမျှ အခွင့်မပန် မတောင်းခဲ့ပဲ မွန်းမလွဲမီ ထိုတောတောင်တန်းကြီးဆီသို့ သုတ်ခြေတင်၍ ထွက်ခဲ့တော့လေသည်။ ထို ဆင်မီနာရီ ကျောင်းသားတို့၏ ကျောင်းနေရေး ဥပဒေကား ကြပ်တည်းလှသည်။ ဆရာဘုန်းကြီးထံမှ အခွင့်မရဘဲ ကျောင်းဝင်းအပြင်သို့ မည်သူမျှ မထွက်ရပေ။ သို့သော် ကျွန်ုပ်ကား ကျွန်ုပ်တွင် ဖြစ်ပေါ်နေသော ထိုတောတန်းသို့ သွားလိုသည့် စိတ်ဆန္ဒက အားကြီးရကား အခွင့်မပန်ဘဲ ထွက်လာခဲ့ခြင်း ဖြစ်လေသည်။ အခွင့်ပန်၍လည်း ရမည်မဟုတ်။

သို့ထွက်လာခဲ့ရာမှ မွန်းလွဲလျှင် အတ္တရံမြစ်ကမ်းပါးသို့ ရောက်ခဲ့လေသည်။ ထိုမြစ်တဘက်ကမ်း၌ ရွာကြီးတစ်ရွာ တည်ရှိလေသည်။ ရွာသားများသည် သောင်ပြင်ကမ်းစပ်များ၌ ကြံနက်ကြီးများ စိုက်ပျိုးထားကြရာ အားကျစရာကြီးပင် ဖြစ်လေသည်။ မြစ်စပ်၌ ကျရောက်နေသော ကြံရိပ်များနှင့် သိမ်းနွဲ့နေသော အရွက်အဖျားတို့ကား ရှုမငြီးကြည့်၍ အားမရနိုင်တော့ပေ။ ထိုကြံခင်းနှင့် ထိုရွာသို့ အရောက်သွားလိုခြင်း သို့သော် ကျွန်ုပ် ကား ရေမကူးတတ်၊ ရွာသားတို့၏

www.burmeseclassic.com

www.burmeseclassic.com



စကားကိုလည်း မပြောနိုင်၊ သို့ဖြစ်လေရာ မကြံနိုင်တော့သည့်အဆုံး၌ လာလမ်းသို့ လှည့်ကာ ကျောင်းသို့ တုံ့ပြန်၍ လာခဲ့လေသည်။

ကျောင်းသို့ ရောက်သော ခါ ဆရာဘုန်းကြီးက ဘာမျှ ပြောဆိုခြင်းမရှိ အပြစ်ဒဏ်ပေးခြင်းမပြုသည်တို့ကို မြင်ရသော ကျွန်ုပ်ကား အတိုင်းထက်အလွန် အံ့သြမိတော့၏။ သို့သော် ကျွန်ုပ်အံ့သြခြင်းကား မကြာလှပေ။ ဆရာကြီးလာ၍ ဖီးသီးများ၊ ထန်းလျက်များကို ပေးသော ခဏခြင်းတွင် ပြေပျောက်ကုန်တော့၏။ ဟစ်၍သာ ရယ်လိုက်ချင်တော့၏။ သို့သော် ဆရာကြီးကြောင့် မရယ်ရဲပေ။ အကြောင်းကား ထိုဖီးသီးနှင့် ထန်းလျက်တို့ကို တိုက်သော အချုပ်မှာ ကျွန်ုပ်ကို အရူးဟုထင်ခြင်းကြောင့်ပင်တည်း။

ကျွန်ုပ်၏ စိတ်၌ ဤကဲ့သို့ စွန့်စားစွာ သွားလာနေခြင်းကို လွန်စွာ အလိုရှိလေသည်။ အထူးသဖြင့် ကျိုက္ကမိ ပင်လယ်ကမ်းနား၌နေစဉ် ဤစိတ်မျိုး ပေါ်ပေါက်ခဲ့လေသည်။ ကျွန်ုပ်သည် ကမ်းမမြင်သော ပင်လယ်ကြီးကို လှေငယ်တစ်စင်းနှင့် စွန့်စားသွားလိုသော စိတ်များရှိ၏။ သွားလျှင် ဒုက္ခတွေ့မည်ကိုကား မသိမဟုတ် သိ၏။ ထိုဒုက္ခပင်လျှင် ပျော်ရွှင်စရာ တစ်မျိုးဟု တွေးထင်မိလေ၏။ အဘယ်ပုံ ပျော်ရွှင်စရာ ဖြစ်မည်ကိုကား မတွေးမိပေ။ သို့ကြောင့်လည်း ဆရာဘုန်းကြီးကား



ကျွန်ုပ်အား ဖီးသီးနှင့် ထန်းလျက်များကို ပေးခဲ့လေပြီ။ အံ့သြစရာ မဟုတ်ပေ။ ကျွန်ုပ်၏ စိတ်ကို သိများနေလေရော့သလား ဟုပင် တွေးတောမိကာ တစ်ယောက်တည်း ပြုံးမိလေသည်။

ထိုမော်လမြိုင်ကျောင်း၌ ၃-နှစ်နေပြီးနောက် လတ်တင်ဘာသာကို ကောင်းစွာ တတ်မြောက်ပြီး ဖြစ်ရကား ပညာကို တိုးတက်သင်စေအံ့သောငှာ ပလောပီနံမြို့ရှိ ဂျင်ရနယ် ကောလိပ် (General College) ခေါ် ပြင်သစ်ပြည် ပါရစ်မြို့တော်မှ တဆင့်ခွဲ၍ ထားသော သိပ္ပံကျောင်းတော်ကြီးသို့ ထပ်မံသွားရပြန်လေသည်။ ထိုသိပ္ပံကျောင်း၌နေစဉ် မြန်မာ အဝတ်အစားတို့ကို လုံးလုံး မဝတ်ရတော့ပေ။ ဖမာင်ရင်(Brothers) များ ဝတ်သော အဝတ်အစားကို ဝတ်ရလေသည်။ ကျွန်ုပ်သည် ထိုသိပ္ပံ၌ ရဲတားရစ် (Rhetoric) လောဂျစ် (Logic) ဖီလော်ဆော်ဖီ (Philosophy) ပညာများနှင့် အခြားလောကီပညာအမျိုးမျိုးတို့ကို သင်ပြန်လေသည်။

ဒီဘင်နတီ (Divinity) ခေါ် သီအော်လော်ဂျီ (Theology) ပညာကိုမူကား မသင်ခဲ့ရပေ။ ၎င်းအတန်းသို့ မရောက်မီ ရောက်ဆဲ ရောက်လတံ့သောအချိန်တွင် မြန်မာပြည်သို့ ကျွန်ုပ်သဘောအတိုင်း ပြန်လာခဲ့သောကြောင့်ပင် ...

ပြန်လာခဲ့သည့် အကြောင်းရင်းမှာ တခြားမဟုတ် ထိုကျောင်း၌ ပညာအစုံသင်ကြားပြီးနောက် ဘုရင်ဂျီ[illegible]ကြီး

www.burmeseclassic.com

www.burmeseclassic.com



လုပ်ရန် ခရစ်ယာန်ဘုန်းကြီးသိက္ခာကို ခံယူရမည်ဖြစ်လေသည်။ ဘုရင်ဂျီဘုန်းကြီးတို့ကား သိက္ခာခံပြီးနောက် ထိုခရစ်ယာန်ဘုန်းကြီးအဖြစ်မှ တသက်လုံး မထွက်ရတော့ပေ။ မြန်မာဘုန်းကြီးများကဲ့သို့ လူထွက်ရိုးထုံးစံမရှိ။ ထိုကဲ့သို့ ခရစ်ယာန်ဘုန်းကြီးဘဝနှင့် တသက်လုံးနေဖို့ရန် နေနိုင်လိမ့်မည် ဟု ကျွန်ုပ်မထင်။ ခရစ်ယာန်ဘုန်းကြီးမလုပ်လိုသောကြောင့် ပညာကို အဆုံးမသင်ပဲ ပြန်၍ လာခဲ့ခြင်းဖြစ်လေသည်။

ဘုရင်ဂျီဘုန်းကြီးများမှာ သားမယားစိတ်မရှိဖို့ အရေးကြီးလေသည်။ ထိုစိတ်မျိုးတို့ကို မနှောက်၍ပင် ရှောင်ကြဉ်ကြရလေသည်။ ကျွန်ုပ်သည်ကား မနှောက် ရှောင်ကြဉ်ခြင်းကို မတတ်နိုင်ပေ။ မနှောက် အပြစ်ကျူးလွန်မိသည့်အခါတိုင်း အာပတ် ဖြေရပြန်လေသည်။ အာပတ်ဖြေခြင်း ဆိုသည်မှာ မိမိတွေးသမျှ–ကြံသမျှ–လုပ်သမျှသော အပြစ်ပေါင်းစုံ အကုန်အစဉ်ကို သိက္ခာရပြီး ခရစ်ယာန်ဘုန်းကြီး တစ်ပါးပါး ထံပြောကြား ၍ ထိုအပြစ်မှ လွတ်ပါမည့်အကြောင်း ဘုရားကို ဆုတောင်းရလေသည်။ ထိုကဲ့သို့ပြော၍မပြလျှင် အပြစ်တိုး၍ ကြီးသည်ဟု အယူရှိလေသည်။ ထိုကဲ့သို့အပြစ်ကို အားလုံးစုံ မပြောပဲ ထိမ်ချန်လျက် မတော်တဆသေဆုံး၍ သွားချေက အမြဲထာဝရ မလွတ်နိုင်သော ငရဲအိုးကြီးထဲသို့ ကမ္ဘာအဆက်ဆက်ခံရလေအောင် ထာဝရဘုရားက အပြစ်ဒဏ် ပေးလိမ့်မည်ဟု အယူရှိသဖြင့် အပြစ်ပြုမိသည့်အခါတိုင်း အာပတ်ဖြေရ



လေသည်။ ထာဝရဘုရားအပြစ်ပေးမည်ကို ကြောက်သောစိတ်သည် အတုတ်တကာယ် ယုံကြည်သော စိတ်ဖြစ်လေရာ အာပတ်မဖြေပဲ မနေဝံ့ပေ။

ငါသာ ခရစ်ယာန်ဘုန်းကြီးဖြစ်ချေက ဤကဲ့သို့ အမြဲအာပတ် ဖြေ၍သာလျှင် နေရပေလိမ့်မည်။ လူကြား၍ပင် ကောင်းမည် မဟုတ်ပေ။ သွေးသားထကြွတိုင်း အာပတ်ဖြေရတော့မလို ဖြစ်၍နေ၏။ ငါသည် အင်မတန် ယုတ်မာ၏။ ခရစ်ယာန်ဘုန်းကြီးအဖြစ်နှင့်မတော်၊ မြန်မြန်ပြန်ပြီး မယားယူမှ တော်ချေမည်ဟု စိတ်အကြံပေါ်ပြီး ပညာကို ဆက်လက်မသင်ဘဲ မြန်မာပြည်သို့ ပြန်လာခြင်းပင်ဖြစ်လေသည်။ ယခုကဲ့သို့ ထာဝရဘုရားကို အယုံအကြည်မရှိချေက ထိုစဉ်က ကျွန်ုပ်သည် အမှန်မုချ ခရစ်ယာန်ဘုန်းကြီးဖြစ်ပေလိမ့်မည်။ ထိုကဲ့သို့ ထာဝရဘုရား၏ တင်းမာမှုကြောင့် ကျွန်ုပ်သည် မြန်မာပြည်သို့ ပြန်ပြီးခဲ့သည်။ ၎င်းနောက်၌ ဗုဒ္ဓဘာသာအဖြစ်သို့ ရောက်ခဲ့လေသည်။ အဘယ်ပုံရောက်သည်ကို ကားနောက်၌ ဖေါ်ပြပါမည်။ ။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း – ၂

# လမ်းခရီး၏အလယ်

၁။ ။ စိတ်လေလွင့်ရာ

အလုပ်ရခြင်း–ရ၍ များမကြာမီ ထွက်လိုက်ခြင်း၊ ပထွေး၏ ကျေးရွာ–တစ်ရပ်တစ်ရွာ၌သွား၍ သောင်တင်နေခြင်း၊ ဘုရားသာဓံထံ တပည့်ခံခြင်း၊ ဘုရားသာဓံ၏ အစ်ကိုနှင့် ပေါင်း၍ အရပ်ဖျာတ်ပျက်ဖြစ်ခြင်း၊ ခွဲခွာ၍မရနိုင်သော စာအုပ် သေတ္တာ၊ ကဗျာများ ရေး၍ ပန်းချီကားများလည်းဆွဲခြင်း။ ။

မြန်မာပြည်သို့ ပြန်ရောက်သောအခါ ကျွန်ုပ်ကို မွေးစားခဲ့သော အာ–စီ–အင်(မ)ကျောင်းအုပ် ခရစ်ယာန်ဘုန်းကြီး ဖါသာရ်ပဲလဝါးထံသို့ ပြန်၍ သွားလေသည်။ ၎င်းက ကျွန်ုပ်အား ၎င်း၏ ကျောင်းတွင် ဆရာအဖြစ်ခန့်ထားလေသည်။ ထိုမှတဖန် ကြို့ပင်ကောက်မြို့ရှိ အာ–စီ–အင်(မ)ကျောင်းသို့ ဆရာအဖြစ်နှင့်ပင် ပို့လိုက်ပြန်လေသည်။ သို့သော် ကျွန်ုပ်ကား ၎င်းကျောင်း၌ ကြာမြင့်စွာ မနေခဲ့ရ။ မနေခဲ့ရရင်း အကြောင်းကား ၎င်းကျောင်းမှ ကရင်ကျောင်းဆရာကြီးနှင့် မသင့်၍ပင် ဖြစ်လေသည်။ သို့အားဖြင့် သုံးဆယ်သို့ပြန်ခဲ့ရပြီးနောက် ကျွန်ုပ်၏ မိခင်နှင့်သွားရောက်နေပြန်လေသည်။ ထိုအချိန်အခါ၌ ကျွန်ုပ်၏ မိခင်မှာ နောက်ယောက်ျားနှင့် နေလေသည်။ ကျွန်ုပ်မော်လမြိုင်၌ နေစဉ် ဖခင်သေဆုံးခဲ့လေသည်။ ဖခင် သေဆုံးသောသတင်းကို ကျွန်ုပ်ကြားရသောအချိန်၌ ဖခင်မို့ ခဏတာမျှ ဝမ်းနည်းခြင်းဖြစ်မိသော်လည်း အင်း..ငါ့အမေတော့ ကံကောင်းတာပဲဟု ကျွန်ုပ်ငယ်စဉ်က သိရသမျှတို့ကို တွေးပြီး မိခင်ကြီးအတွက် ဝမ်းပင်သာမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် ပလောပီနန်၌ ရှိစဉ်ပင် အဖိုးအွားများလည်း သေဆုံးခဲ့ကြလေပြီ။ ပီနန်ကောလိပ်မှ ပြန်လာသော အချိန်၌ ကျွန်ုပ်၏ အသက်ကား ၁၉ နှစ်မျှရှိလေရာ ယခု အိမ်တွင် ရောက်သောအချိန်မှာမူ အသက် ၂၀အရွယ်ဖြစ်လေသည်။ ကျွန်ုပ်မော်လမြိုင်သို့ သွားသောအခါ အင်္ဂလိပ် မြန်မာ ၄တန်းမျှသာ အောင်မြင်လေသည်။ မော်လမြိုင်နှင့် ပီနန်မြို့တွင် ကျောင်းနေစဉ်အခါ၌ မြန်မာစာကို မသင်ခဲ့ရပေ။

ကျွန်ုပ်အိမ်သို့ ရောက်သောအချိန်၌ အထက်ကဆိုခဲ့ပြီးဖြစ်သည့်အတိုင်း မြန်မာစာကို ကောင်းစွာ မကျွမ်းကျင်ခဲ့ပေ။ သို့သော်လည်း ကျွန်ုပ်၏ ပထွေးသည် မြန်မာစာပေကျမ်းဂန်တို့ကို ကောင်းစွာ လိုက်စားသူတစ်ဦးဖြစ်လေရာ ၄င်းထံ၌ရှိသော စာအုပ်အမျိုးမျိုးတို့ကို နေ့စဉ်နှင့်အမျှ မနေမနားဖတ်ခြင်းကို ပြုခဲ့လေသည်။ †မသိလျှင် မေး၊ မစင်လျှင်ဆေး ဟူသော စကားအရ ကျွန်ုပ်မသိ နားမလည်သော စာမှန်သမျှတို့ကို ကျွန်ုပ်ပထွေးနှင့် မိခင်အား မနားမနေ မေးကြားခြင်းအားဖြင့် တစ်လနှစ်လအတွင်း မြန်မာစာပေနှင့် ကျမ်းဂန်တို့ကို အတော်အတန် တတ်မြောက်သိနားလည်ခဲ့လေသည်။ ထိုမှတစ်ပါး ကျွန်ုပ်၏ မိခင်မှာလည်း ပုံတိုပတ်စ ရယ်စရာမောရာတို့ကို မရပ်မနား စကားမထပ်အောင် ပြောနိုင်သူဖြစ်လေရာ ယခုကျွန်ုပ်၌ ကျော်စောသမျှသော ဉာဏ်စွမ်းဉာဏ်စတို့သည် ကျွန်ုပ်၏ မိခင်ထံမှ တဆင့် ရသည်ဟုပြောလျှင်



မှားမည် မဟုတ်ပေ။ ကျွန်ုပ်၏ အဖိုးသည်လည်း မြန်မာစာအထူးတတ်မြောက်သော ခရစ်ယာန်တရားဟော ဆရာကြီးဖြစ်လေသည်။ သို့သော် ကျွန်ုပ်တတ်သမျှ မြန်မာစာကို ကျွန်ုပ်ပထွေး၏ စာပေကျမ်းဂန်များမှ ရသည်ဟု ဆိုနိုင်လေသည်။

သို့အိမ်တွင် နေရင်းထိုင်ရင်း စာပေများကို လေ့လာနေစဉ် အပေါင်းအဖော်များ၏ ခေါ်ငင်ခြင်းဖြင့် ဇလွန်ဒေါင့်ကြီးသို့ ထိုအသိများနှင့်ပင် လိုက်ပါသွားလေသည်။ ထိုသို့ လိုက်ပါသွားရင်းမှ ၄င်းအရပ်ရှိ တရုတ်သူဌေးတစ်ယောက်၏ အိမ်တွင် သောင်တင်၍ နေလေသည်။ ထိုတရုတ်ကြီးကား ရှေးအခါက အတော်အတန် ပစ္စည်းရှိ၍ ချမ်းသာခဲ့သော်လည်း ကျွန်ုပ်ရောက်သွားသောအခါတွင် စပါးရှုံးသဖြင့် မွဲစပြု၍ နေလေပြီ။

---

† မြန်မာစာကို ဖတ်ခြင်းမှာ ထိုစဉ်က ခရစ်ယာန်ဘာသာနှင့် စပ်လျဉ်း၍ စိတ်ထဲ၌ သံသယများ ဖြစ်ပွားလျက် ရှိသောကြောင့်တစ်ကြောင်း၊ ဗုဒ္ဓဘာသာအကြောင်းကို သိလိုသောကြောင့်တစ်ကြောင်းသာလျှင် ဖြစ်ပေ၏။ မိမိ ကိုယ်ကို စာရေးဆရာဖြစ်လိမ့်မည်ဟူ၍ မျှော်လင့်ချက်ရှိ၍ မဟုတ်ပေ။ ဆရာပီမိုးနင်းသည် ဗုဒ္ဓဘာသာကိုသာ စုံစမ်းသည် မဟုတ်။ ဟိန္ဒူဘာသာ၊ သီယိုဆိုဖီဝိညာဉ်ပညာမှစ၍ ဘာသာနှင့် ပတ်သက်ပြီး အတော်ပင် စုံစမ်းဖတ်ရှုခဲ့လေသည်။ (စာများ ကို ဖတ်ခြင်းသည် စာအတွက်မဟုတ်၊ လောကကြီးအကြောင်းနှင့် ပတ်သက်၍ အမှန်ကို သိလိုစိတ်နှင့် ဖတ်ခြင်းမျှဖြစ်၏။ စာရေးဆရာလုပ်ဖို့မဟုတ်ပေ)ဟူ၍ ၁၂၉၈-ခုနှစ်က ခွင့်ဟ ရေးသားခဲ့ဘူးလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဇလွန်ဒေါင့်ကြီးရွာ၌ နေထိုင်စဉ် ဦးသာဇံဟုခေါ်သော လူကြီးတစ်ယောက်နှင့် တွေ့လေသည်။ ၎င်းဦးသာဇံအား သုံးဆယ်မြို့တွင်လည်း အထက်ထက်က တွေ့မြင်ဘူးလေသည်။ ဦးသာဇံကား ပညာရှိကြီးတစ်ဦးဟု ခေါ်ရလောက်အောင် စကားပြောရာ၌ ပြတ်ပြတ်သားသား လေးနက်ပိုင်နိုင်သူ တစ်ယောက်ဖြစ်လေရာ ထိုသူအား များစွာ ကြည်ညိုကိုးကွယ်၍နေလေသည်။ ဦးသာဇံအား လူအများက ဘုရားသာဇံဟု ခေါ်ဝေါ်ကြလေသည်။ ၎င်းဟောပြောသော စကားတို့ကား မိမိသည် ဘုရားကို လက်ဆုပ်လက်ကိုင် ပြနိုင်ကြောင်း၊ မိမိ ကိုယ်တိုင်မှာလည်း ဘုရား၏ စေတမန်ဖြစ်ကြောင်းများကို ဟောပြောချက် တစ်ခါတရံ၌လည်း သူသည် မြန်မာပြည်၏ ရှင်ဘုရင်ဖြစ်ကြောင်း တိုင်းပြည်ကို ပြန်ရဖို့ရန် သူအား တစ်နေ့တွင် သိကြားမလိမ့်မည်ဖြစ်ကြောင်းတို့ကိုလည်း ပြောဆိုတတ်လေသည်။

ကျွန်ုပ်တို့ လူတစ်စုက ၎င်း၏ ဘုရားကို ပြပါရန် တောင်းပန်သောအခါ သူ၏ ဘုရားကို သူတစ်ပါးအား မပြပါဟု သစ္စာရေသောက်မှသာလျှင် ပြမည်ဟု ပြန်ပြော၍ ၎င်း၏ ဘုရားကို ကြည့်ချင်သောကြောင့် သစ္စာဆိုကြသူတို့ကား ပေါင်း ၅၀ မျှ ရှိပေလိမ့်မည်။ ထိုသစ္စာဆိုသူ ၅၀တွင် ကျွန်ုပ်လည်း တစ်ယောက်အပါအဝင်ဖြစ်လေသည်။ ကျွန်ုပ်တို့ကျင့်ရသော အကျင့်ကား အာနပါနခေါ် ထွက်သက်ဝင်သက်ကမ္မဋ္ဌာန်းဖြစ်



လေသည်။ သို့ သစ္စာဆိုခြင်း သစ္စာရေသောက်ခြင်းကြောင့်လည်း သူ၏ ဘုရားကို တွေ့မြင်ရလေသည်။ ၎င်းပြသော ဘုရားကို ကျွန်ုပ်ပြော၍ ပြရလျှင် ကောင်းလိမ့်မည်လား မသိရပေ။ သို့ သူ၏ ဘုရားကို မြင်ရပြီးသည့်နောက် သူများမသိရ မမြင်ရသော ဘုရားကို ငါမြင်ဘူးပါတကားဟု ကျွန်ုပ်၏ စိတ်မှာ လွန်စွာ တက်ကြွ၍ နေခဲ့လေသည်။

ကျွန်ုပ်ကြည်ညိုနေသော ဘုရားသာဇံ၌ ဦးရွှေတောင်ဆိုသော အစ်ကိုကြီးတစ်ယောက်ရှိလေသည်။ ဦးသာဇံမှ ဆက်၍ ၎င်း၏ အစ်ကိုကြီး ဦးရွှေတောင်နှင့်လည်း အတော်အကျွမ်းဝင်ခဲ့ပြန်လေသည်။ ဦးသာဇံနှင့် ဦးရွှေတောင်တို့ ကား ညီအစ်ကိုပင်ဖြစ်ကြသော်လည်း အလုပ်အကိုင် အယူအဆ တခြားတကွဲကြီး ဖြစ်ကြလေသည်။ ဦးရွှေတောင်ကား ရပ်ရွာထဲမှ အဆိုအက ကောင်းသူများကို ရွေးချယ်၍ ဇာတ်တိုက်ခြင်း အားလပ်သော အချိန်များ၌ အရက်ချက်ခြင်းစသော ကိစ္စတို့ဖြင့် အချိန်ကုန်တတ်သူ ဖြစ်လေသည်။ ၎င်းဦးရွှေတောင်၏ စခန်းကား ဧရာဝတီမြစ်ကမ်းပါးရှိ တောတန်းကလေးဖြစ်လေရာ လွန်စွာ ပျော်ရွှင်စရာကောင်းလေသည်။ စိမ်းလန်းသော ချုံနွယ်တို့အားဖြင့်လည်းကောင်း၊ တသွင်သွင်စီးနေသော ဧရာဝတီမြစ်ရေယဉ်ကြောင့်လည်းတသွယ်၊ များစွာ သာယာနှပျိုသော နေရာကလေးပင် ဖြစ်လေသည်။ ထိုအနီးအနား၌ စပါးကျီကြီးတစ်ခုရှိလေရာ ထိုစပါးကျီကြီးထဲ၌ပင် ဇာတ်

www.burmeseclassic.com

www.burmeseclassic.com



တိုက်ကြရလေသည်။ ကျွန်ုပ်တို့ကား ချက်သော အရက်များကို သောက်စားပြီးနောက် မူးနေကြသည့်အလျောက် မရှက်နိုင်မကြောက်နိုင်တော့ဘဲ တပျော်တပါးကြီး တေးသီချင်းများအော်ဟစ်သီဆိုခါ မင်းသမီး၊မင်းသားစခန်းသွားကြလေတော့သည်။ အရက်ကလေး မူးဝေဝေနှင့် ယခုလို မင်းသမီး မင်းသားလုပ်ခါ မရှက်မကြောက် စခန်းသွားကြရာမှာ ဇာတ်သဘင်အတတ်ကိုလည်း သင်ရသဖြင့် ကျွန်ုပ်တို့သည် ထိုအရပ်မှာအတော်ကြီး ပျော်ပိုက်လျက် ရှိနေလေသည်။

ဇာတ်မင်းသမီး လုပ်သူမှာလည်း ရုပ်ရည်အတော်အတန် ချောမော၍ ကျွန်ုပ်နှင့်ရွယ်တူတန်းတူ မိန်းကလေးတစ်ဦးဖြစ်လေရာ ကျွန်ုပ်မှာ မင်းသားလုပ်ရသဖြင့် သာလွန်၍ ပျော်ရွှင်ခဲ့လေသည်။ သို့ကြောင့်ပင်လည်း ကျွန်ုပ်ကားသုံးဆယ်သို့ပြန်ဖို့ရာကို သတိပင်မရနိုင်တော့။ သတိပင်ရစေဦးပြန်ချင်စိတ်ကား မရှိလှတော့ပေ။ ဆရာကြီး ဦးရွှေတောင်သည် တေးသီချင်းရေးစပ်ရာ၌ အတော်ပင် ကျွမ်းကျင်သူဖြစ်လေသည်။ ၎င်းရေးစပ်ထားသော တေးသီချင်းများကို မင်းသမီးနှင့် နေ့စဉ်လို သီချင်းတက်နေရခြင်းဖြင့် ထိုအရပ်တွင်အပျော်ကြီး ပျော်နေမိလေသည်။ သို့သော် ကျွန်ုပ်ကား တကဲ့ဇာတ်သဘင်ထဲသို့ မရောက်ခဲ့ပေ။ မရောက်ပင် မရောက်သော်ငြားလည်း ဇာတ်ပျက်များပြီပြီ။ ရပ်ရွာထဲတွင် တေးဆိုကခုန်လျှက် နေရခြင်းသည်ပင် တမျိုးပျော်စရာကြီးဖြစ်လေသည်။



ထိုအရပ်တွင် တစ်နှစ်ကျော်ကျော်မျှ ပျော့်ပျော်ကြီးခဲ့ပြီးနောက် အစီးဖြစ်သူကိုယ်တိုင် လာရောက်ခေါ်ငင်သဖြင့် ကျွန်ုပ်မှာ မငြင်းသာဘဲ နောက်ဆုံးသုံးဆယ်သို့ပင် ပြန်ခဲ့ရလေသည်။ လူပင်ပြန်၍ လိုက်လာရသော်လည်း စိတ်ကားထိုအရပ်မှာပင် ကျန်ရစ်ခဲ့တော့လေသည်။

ဤကဲ့သို့ စိတ်လွင့်တိုင်းသွားလာ၍ နေခဲ့သော်လည်း စာအုပ်သေတ္တာတစ်ခုမှာ ကျွန်ုပ်နှင့်အမြဲပါလျက် အဘယ်မျှပင် ပျော်ရွှင်၍ စိတ်လေသူဖြစ်ခဲ့စေကာမူ စာဖတ်ခြင်းမှာမပျက်ကွက်ပေ။ ထိုအခါကပင်စ၍ စာရေးခြင်းအလေ့ဖြစ်ခဲ့လေသည်။† သို့သော် ဝတ္ထုဇာတ်လမ်းများကိုကား မရေးခဲ့။ တေးတပ်လေးချိုး။ စာထောင့်များကို အများအပြား ရေးသားခဲ့

† ဤနေရာ၌ မြန်မာဘာသာဖြင့် စာရေးခြင်းအလေ့ကိုသာ ဆိုလိုရင်းဖြစ်သည်။ ဆရာကြီး ပီမိုးနင်းသည် စာရေး ဝါသနာ မည်သည့်အချိန်အခါကပေါ် ပေါက်ခဲ့ပါသနည်းဟူမူ။ ပလောဝီနံသိပ္ပံ၌ပင် စတင်ပေါ်ပေါက်သည်ဟု ဆိုရပေမည်။ ထိုသိပ္ပံ၌နေစဉ်က ကျောင်းသားများ သီဆိုရန်လတ်တင် ဘာသာဖြင့် တေးသီချင်း အမြောက်အမြား ရေးခဲ့ဘူးလေသည်။ ထို့နောက်မှ မြန်မာစာပေကို လိုက်စားခါ မြန်မာ ဘာသာဖြင့် စတင်ရေးလေသည်။ ထိုသို့ ရေးရာတွင် ဝတ္ထုဇာတ်လမ်းများကိုကား မရေးခဲ့။ ယုတ်စွအဆုံးထိုစဉ်က ခေတ်စားနေသော ဇာတ်စာအုပ်များကိုပင် ရေးဖို့ စိတ်အကြံမပြုခဲ့ပေ။ ကဗျာသီချင်းများကိုသာ ရေးခဲ့လေသည်။ (စင်စစ် မှာ ကျွန်ုပ်သည်ဝတ္ထုရေးဆရာမဟုတ် ကဗျာသမားဖြစ်၏။ ကဗျာဖြင့် ငွေကြေးမရ၊ ခေတ်ကာလကို ကြည့်လျှင် ကဗျာခေတ်မဟုတ်၊ လက်တွေ့ခေတ် အမြန်ခေတ်ဖြစ်သည်ကို သိရသောကြောင့် ကဗျာကို စွန့်လွှတ်ခဲ့ ခြင်းဖြစ်လေသည်)ဟု ၁၂၉၀-ခုနှစ်က ဖွင့်ဟဝန်ခံရေးသားဘူးသည်ကို သတိပြုမိဖွယ်။ ။(ကြေး[illegible]ဖြတ်လှ)

www.burmeseclassic.com

www.burmeseclassic.com



လေသည်။ ကျွန်ုပ်မှာ မြစ်ကမ်းတောင်ခြေအရပ်များကို လွန်စွာနှစ်သက်သူဖြစ်သည့်အတွက်လည်း တောတောင် ပန်းချီကားများကို ရေးဆွဲချင်သော စိတ်ရှိခဲ့လေသည်။

ထိုစိတ်၏ ထက်သန်ခြင်းကြောင့် ခဲတန်နှင့်ပင် အမျိုးမျိုးရေးဆွဲခဲ့ဘူး လေသည်။ သို့သော် ဖြစ်မြောက်အောင် လုပ်သောဖွဲ့ကားမရှိခဲ့ပေ။ နောက်အခါများ၌ ဖွဲ့ကောင်းစွာဖြင့် ရေးဆွဲကြိုးစားရန် ဖွဲ့ထက်သန်လာသော်လည်း ထိုသို့ ရေးဆွဲရန် အချိန်မရနိုင်တော့ပေ။ ရေးဆွဲရန် စိတ်သာရှိခဲ့လေသည်။

---

† ဆရာကြီးပီမိုးနင်းသည် မိမိကိုယ်တိုင် ပန်းချီဆရာ တစ်ဦးမဖြစ်ရသော်လည်း ပန်းချီပညာ၌ စိတ်မကုန်ကြောင်းကို နောင်သောအခါ ရန်ကုန် ပန်းဆိုးတန်းကဝိတံခွန် မဂ္ဂဇင်းတိုက်၌ နိုင်ငံကျော် ပန်းချီဆရာ ဂျိုအုံးလွင်နှင့် တွေ့သည့်အခါ ၄င်း၏ သားကို ပန်းချီသင်ပေးရန် ပြောဆိုဘူးခြင်းဖြင့် ထင်ရှားလေသည်။

## ၂။ ။ ချစ်ခြင်းမေတ္တာ–ဆွဲဆောင်ရာ

သံသယများ၊ ချစ်သူ့ကျေးဇူး၊ ဗုဒ္ဓဘာသာ ရှင်သာမဏေဝတ်ခြင်း စကားတစ်ခွန်းအတွက် တုန်လှုပ်ပြီး လိင်ပြန်လာခဲ့ခြင်း၊ အလုပ်ရပြန်ပါလည်း မမြဲမစွဲ၊ လွတ်လပ်ရေးကို အထူးလိုချင်မှု။ ။

ကျွန်ုပ်ဗုဒ္ဓဘာသာ ဖြစ်လာရခြင်း၏ အကြောင်းရင်းမှာ ထာဝရ ဘုရားသခင်၏ တင်းမာမှုကြောင့်ပင် ဖြစ်ကြောင်းအထက်က ရေးသားခဲ့လေပြီ။ ကျွန်ုပ် ဤဘဝသို့ မလာမီ (ဝါ)လူမဖြစ်မီက ခရစ်ယာန်ဘာသာ၏ အဆိုအရ ကျွန်ုပ်ဘယ်မှာမျှ ဘယ်ဘဝမှာမျှ မရှိ။ ဘယ်ဘဝမှာမျှ မနေခဲ့ဘူးချေ။ ယခုလို မရှိရာဘဝမှာ လူဖြစ်လာရအောင် ကျွန်ုပ်အားဘုရားသခင်သည် ဖန်ဆင်းလိုက်၏။ သို့မရှိရာ ဘဝမှ ရှိအောင်ဖန်ဆင်းပြီးမှ ကျွန်ုပ်ကိုကျွန်ုပ်၏ အမိဝမ်းထဲသို့ ထည့်လိုက်လေသလား။ သို့တည်းမဟုတ် အမိဝမ်း၌ပင် ကျွန်ုပ်ရှိအောင်ဖန်ဆင်းလိုက်လေသလား မသိရပေ။ ကျွန်ုပ် ဘယ်ဘဝမှာမျှမရှိစဉ်အခါ ထာဝရ ဘုရားနှင့် အသိမိတ်ဆွေလည်း မဖြစ်ခဲ့ပေ။ ထာဝရ ဘုရားထံသို့ ချဉ်းကပ်ခါ ကျွန်တော့ကို လူဖြစ်အောင်ဖန်ဆင်း၍ပေးပါ ခင်ဗျားကို မသေမချင်း ကိုးကွယ်ပါမည်။ အပြစ်ပြုလျှင်လည်း ထာဝရ ငရဲအိုးကြီးထဲသို့ ချပါ။ လူ့ဘဝရအောင်သာ ဖန်ဆင်း၍ ပေးတော်မူပါဟူ၍လည်း ၄င်းထာဝရဘုရားကို ကျွန်ုပ်မတောင်းပန် မလျှောက်ထားခဲ့ပေ။တောင်းပန်လိုကြားအံ့ ကျွန်ုပ်မရှိသေးသော အခါ၌ အဘယ် နည်းဖြင့်ကျွန်ုပ်တောင်းပန်နိုင်ပါမည်နည်း။ ဘုရားသခင် မဖန်ဆင်းမီက ကျွန်ုပ်တို့ အဘယ်မှာမျှ မရှိဟု ခရစ်ယာန် ဘာသာ၌ဆို၍

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၏ စိတ်၌ ဤအတွေးမျိုးကား မကြာခဏ ဖြစ်ပေါ်လာ၏။ ထာဝရဘုရားသည် လူကို မတောင်းပန်ဘဲ နှင့် ဖန်ဆင်းမှ သေးငယ်သော အပြစ်ကလေးတစ်ခုကြောင့် မလွတ်နိုင်သော ထာဝရ ငရဲကြီးထဲသို့ ပို့စေသည်ဆိုလျှင် မဟာကရုဏာ ဆိုသော စကားသည် အဘယ်မှာ ရှိနိုင်ပါတော့မည်နည်း။ ထိုအပြစ်ကလေးများကို ပြုဖို့ရန် လူတွင် လက်နက်ကိရိယာတို့ကို တပ်ဆင်၍ ပေးလိုက်လေရာ ထိုသို့ တပ်ဆင်၍ ပေးသဖြင့် အပြစ်ပြုမိချေက အပြစ်နှင့်မမျှသော ထာဝရဒဏ်ကြီးကို ပေးသည်မှာ တရားပါ၏လော...ဟူသော အတွေးများသည် မကြာမကြာ ကျွန်ုပ်စိတ်၌ ပေါ်ခဲ့ဖူးလေသည်။ † သို့အတွေးပေါ်ခဲ့သဖြင့် ထာဝရဘုရား ဖန်ဆင်းတယ် ဆိုတာ ဒဏ္ဍာရီထင်ပါရဲ့ဟု တွေးတောမိလေသည်။ သို့ပင်

† ၊ လွန်ခဲ့သည့် သုံးနှစ်ခန့်က မြန်မာ့အကျိုးဆောင်အဖွဲ့မှ ထုတ်ဝေသည့် လွတ်လပ်မှုခေါ် စာအုပ်တွင်လည်း စာမျက်နှာ ၃၁၌ (ထာဝရဘုရားသည် သတ္တဝါတွေကို မိမိတို့ သဘောမတူဘဲ ဖန်ဆင်းပြီး မောင်မင်းတို့ ငါ့ကို ကိုးကွယ်ကြ။ ငါ့ကို မကိုးကွယ်လျှင် ငရဲချမည်ဆိုက တရားပါ၏လော။ ။ ဘုရားမဖန်ဆင်းမီက ကျွန်ုပ်တို့အဘယ်မှာမျှမရှိ။ ကျွန်ုပ်တို့သည် မရှိမှန့် မျိုးဖြစ်၏။ ထိုမရှိသော ကျွန်ုပ်တို့သည် ထာဝရဘုရားထံ ကပ်ရောက်ခါ ကျွန်ုပ်တို့ကို ရှိအောင် ဖန်ဆင်းတော်မူပါ။ ခင်များကို ကျွန်တော်တို့ ကိုးကွယ်



ပေါ်ခဲ့သော်လည်း ထာဝရဘုရားကို မစွန့်ပစ်နိုင်သေးပေ။ အချစ်နှင့် တွေ့သောအခါမှာ စွန့်ပစ်ခဲ့ရဲလေတော့သည်။ အဘယ်ပုံ အချစ်နှင့် တွေ့ပါသနည်း။

သုံးဆယ်မြို့ရှာမအရပ်၌ ငယ်စဉ်က ကျွန်ုပ်နှင့် ကစားဘက် ချစ်ကျွမ်းတဝင်ဖြစ်သော မဟာန်ခေါ် မိန်းကလေး တစ်ယောက်ရှိခဲ့လေသည်။ ၎င်းသည် ကျွန်ုပ်ထက် အသက် တစ်နှစ်မျှကြီး၏။ ကျွန်ုပ်သည် မော်လမြိုင်ကျောင်း၌နေခဲ့စဉ် ကျောင်း၌ အသိမိတ်ဆွေဖြစ်သမျှသော မိန်းကလေးများမှာ ဂါဝန်ဝတ်များသာ ဖြစ်ကြလေသည်။ ဂါဝန်ဝတ်မိန်းမများ၏ အနေအထိုင်အသုံးအနှုန်းအမူအရာကိုသာ အဟုတ် တကယ် ထင်မှတ်၍ နေသူဖြစ်လေရာ မြန်မာမိန်းမများ ဝတ်ပုံစားပုံကို

ပါမည်ဟူသော ဂတိနှင့် တောင်းပန်ကြသည်မဟုတ်။ ၊အကောင်အထည်မျှ မရှိသော မရှိကောင် များသည် အသို့လျှင် တောင်းပန်နိုင်ပါမည်နည်း။ သို့ပါလျက် ထာဝရသည် မိမိ၏ သဘောအတိုင်း ကျွန်ုပ်တို့အား ဖန်ဆင်းလိုက်ရုံမက ဖန်ဆင်းပြီး နေသာအခါ နင်တို့မရှိရာမှ ရှိအောင် ငါဖန်ဆင်းလိုက်သည် ငါ့ကို ကျေးဇူး တင်ရမည် ငါ့ကို ရှိခိုးကိုးကွယ်ရမည် ရှိခိုးကိုးကွယ်ခြင်း မပြုလျှင် ငရဲသို့ သွားဟုဆို၏။ တရားပါ၏လော။ မရှိလျှင် အေး၏။ ရှိသောကြောင့်ပူ၏။ ဤရှိခြင်းတည်းဟူသော အပူနှင့် ညှင်းပန်း၍ အားမရသဖြင့် ငရဲကို ချချေက နည်းလမ်း ကျပါမည်လား။ ကျွန်ုပ်ကိုယ်တိုင် ဗုဒ္ဓဘာသာသို့ ကူးပြောင်း ခဲ့ခြင်း၏ အကြောင်းဖြစ်ခါ ချေလွှာစကားဖြစ်၏။ ထိုစကားဖြင့် ထာဝရကို ချေခဲ့၏။ သို့ချေသည့်အတိုင်း ကြေပြီ။ ထာဝရ ဘုရားမရှိတော့ပြီဟု ကျွန်ုပ်ယုံကြည်၏)ဟူ၍ ရေးသားခဲ့ခြင်းကို ဤနေရာတွင် ဖွင့်လည်သတိရ သင့်ကြပေသည်။ ။ တည်းဖြတ်သူ

www.burmeseclassic.com

www.burmeseclassic.com



မြင်ရသောအခါ၌ ကြည့်၍မရပေ။ လက်ကို မြှောက်လိုက်သည့်အခါ ခါးပေါ်၍ နေခြင်းသည် အလွန်အရုပ်ဆိုးသည်ဟု မှတ်ထင်လေသည်။ သို့ကြောင့်ပင်လည်း အဘယ်မြန်မာ မိန်းကလေးကိုမျှ ဟုတ်သည်မထင်ခဲ့ပေ။

အတော်အတန်ချောမွေ့သော မြန်မာမိန်းကလေးတစ်ဦးဦးကို တွေ့စဉ်း ခါးပိုင်းကို ဘယ်သောအခါမျှ မကြည့်မိ ချစ်စရာကောင်းသော ရုပါရုံအလှ၊ မျက်နှာမျှကိုသာလျှင် ကြည့်ခဲ့မိလေသည်။ သို့ကြည့်ရင်း အင်း–ရုပ်ကလေးကတော့ ချောလှပါ၏။ လက်မြှောက်လျှင် ခါးပေါ်ချေဦးမည်။ ခါးပေါ်လျှင် ရုပ်ဆိုး၊ စိတ်ပျက်စရာပင်ဟု ကျွန်ုပ်စိတ်ဝယ် တစ်ကိုယ်တည်း ညည်းတွားမိခဲ့လေသည်။ ထို့ကြောင့်လည်း မြန်မာ မိန်းကလေးများကို မျက်နှာလွှဲ၍ အခြားသောနေရာတို့ကို အခြားယောကျ်ားကလေးများကဲ့သို့ ကျွန်ုပ်သည် မကြည့်ခဲ့မိပေ...

ကျွန်ုပ်အလွန်ချစ်ခင်၍ ကစားဖော် စကားဘက်ဖြစ်ခဲ့သော မဟန်ကို မြင်ရသောအခါ၌မူကား ကျွန်ုပ်စိတ်ဝယ် တစ်မျိုးဖြစ်၍ သွားလေသည်။ တဖြည်းဖြည်း မျက်စိယဉ်၍ သွားလေပြီ။ မျက်စိယဉ်၍ လာသောအခါ၌ ကျွန်ုပ်၏ စိတ်တွင် မဟန်အား ချစ်ခြင်းမေတ္တာသည် ပေါ်ပေါက်၍ လာခဲ့လေသည်။ ချစ်၍လည်း တစ်နေ့မတွေ့ရလျှင် မနေနိုင်တော့ချေ။ သို့ကြောင့်ပင် မဟန်နှင့် ကျွန်ုပ်သည် အကြိမ်ကြိမ် တွေ့ရာ ထိုသို့တွေ့ရသော်လည်း ချစ်စကားကြိုက်စကားကို မပြော ရသေးပေ။ ကျွန်ုပ်ကသာ ကြိုက်နေလေသည်။ မဟန့်ကို ဖွင့်၍ မပြောပေ။



မဟန်ကား ဗုဒ္ဓဘာသာ ကျွန်ုပ်က ခရစ်ယာန်ဖြစ်နေရာ မဟန်ကလည်း ခရစ်ယာန်ဘာသာမဝင်နိုင် ကျွန်ုပ်ကလည်း ဗုဒ္ဓဘာသာမဖြစ်နိုင်နှင့် အခက်ကြုံနေရလေသည်။ ထိုအခါ ထာဝရဘုရားကို ပုန်ကန်လိုသောစိတ်တို့သည်ကား ကျွန်ုပ်စိတ်ဝယ် တိုးတက်များပြားခဲ့လေပြီ။

ကျွန်ုပ်ပြောသမျှကို မဟန်ကား နားထောင်နေ၏။ စကားပြန်ကား မရေသေးပေ။ သို့သော်လည်း သူသည် ကျွန်ုပ်ကဲ့သို့ပင် ကျွန်ုပ်အား ချစ်ကြိုက်နေကြောင်းကိုကား သူ၏ အမူအရာအားဖြင့်ပင် ကောင်းစွာ အကဲခတ်နိုင်လေသည်။ ပါးစပ်ကပင် ဖွင့်ဟ၍ မပြောသော်လည်း အမူအရာကိုမြင်ရ သိရရုံဖြင့် ကျွန်ုပ်မှာ ကျေနပ်လျက် ဘာသာမတူသော မဟန်အား မည်သို့ရအောင် ကြံရပါမည်နည်းဟု အမျိုးမျိုး အကြံတွေ ထုတ်၍နေလေသည်။

ကျွန်ုပ်၌ ထိုအခါတွင် အလုပ်အကိုင်ဟူ၍ ဘာတစ်ခုမျှ မရှိ။ ဘာတစ်ခုမျှ မလုပ်ကိုင်သဖြင့် ကျွန်ုပ်မှာ ရပ်ရွာထဲ၌ လူလေလူပေါ့ဟူသော အမည်ကို ရစပြုလေသည်။ ထိုကဲ့သို့ အလုပ်အကိုင် မရှိသည့်အတွက်ကြောင့် မယား တစ်ယောက်ကို ဝအောင် ကျွေးနိုင်မည့် သူမဟုတ်ဟု အခြား သူများကဲ့သို့ပင် မဟန်ယုံကြည်တွေးထင်မိလေမည်ကား မလွဲပေ။ ဤအချက်ကား မဟန်၏ စကားမပြန်ခြင်း၏ ပထမ အကြောင်းရင်းပင် ဖြစ်တန်ရာသည်ဟု ကျွန်ုပ်တွေးမိ၏။

မဟန်ကိုယ်တိုင် ထိုကဲ့သို့ အထင်ရှိသည့် [illegible]

www.burmeseclassic.com

www.burmeseclassic.com



စကားများပြောဆိုသံကို တစ်ခါတရံ တစွန်းတစ ကြားရလေသည်။ ထို့ကြောင့်ပင် ချစ်ကြိုက်ပါသည်ဟူသော စကားကို မပြောလေသလားမသိရပေ။

နောက်ဆုံး၌ ခရစ်ယာန်ဘာသာထာဝရဘုရား၏ အယူဝါဒနှင့် ပတ်သက်၍ ကျွန်ုပ်၏ တွေးတောချက်တွင် ပိုင်နိုင်စွာ သဘောပေါက်လာခဲ့လေသည်။ ၎င်းကို ထာဝရဘုရားသခင်ဖန်ဆင်းသည်မဟုတ်ဟူသော အသိသည် ခိုင်လုံ၍ လာလေသည်။

ထိုအခါမဟာန်နှင့် အဆက်အသွယ်ဖြစ်သော မသိန်းခေါ် မိန်းမကြီးတစ်ယောက်အား ကျွန်ုပ်ရှင်ပြုလိုကြောင်း ပြောပြလေသည်။ မသိန်းက မဟာန်အား ထိုအကြောင်းကို ပြော၍ ပြလေရာ မဟာန်ကိုယ်တိုင်ပင် ကျွန်ုပ်အား ဘုန်းတော်ကြီးဦးအာလောကကျောင်းတွင် သင်္ကန်းစီးဖို့ကို စီစဉ်၍ပေးလေသည်။ များမကြာခင် ကျွန်ုပ်ကား သင်္ကန်းစီးပြီးလေပြီ။

သို့သင်္ကန်းစီးပြီးသည်နောက် တစ်လလောက်အကြာတွင် ဖါသာ-အန်ဒရူးခေါ် သူဘုရင်ဂိုဏ်းဘုန်းကြီးတစ်ပါးက မိုးနှင်းလုပ်လိုက်တာ ၎င်းမှာ အသဲနှလုံးများတောင် တုန်လို့ဟု ပြောသောစကားကို ကျွန်ုပ်ကြားသောအခါ ကျွန်ုပ်ကိုယ်တိုင်လည်း များစွာ တုန်လှုပ်၍ လာလေသည်။ အကြောင်းမူကား ခရစ်ယာန်ဘာသာအရ ထိုအပြစ်သည် အကြီးဆုံးသော အပြစ်ဖြစ်လေရာ သင်္ကန်းပင်စီးရသော်လည်း ယခုမှ ဗုဒ္ဓဘာသာဘက်



သို့ ရုတ်ခြင်း ကူးခဲ့ရသော ကျွန်ုပ်အဖို့တွင် ဗုဒ္ဓတရားတော်မြတ်ကို အလျဉ်းနားမလည်းသေးရာ ထိုသို့ နားမလည်သေးသော ကျွန်ုပ်သည် ဖါသာအန်ဒရူး၏ စကားကို ကြားရခြင်းဖြင့် အဘယ်မှာ စိတ်နှလုံးမတုန်လှုပ်ပဲ ရှိနိုင်ပါမည်နည်း။ တုန်လှုပ်ခြင်းရှိ၍လည်း များမကြာမီ လိင်ပြန်ပြီး ထွက်လာခဲ့လေသည်။

သင်္ကန်းချွတ်ခဲ့ပြီးနောက် သာယာဝတီမြို့ ရုံးများ၌ အလုပ်အကိုင်စုံစမ်းရှာဖွေခဲ့ရာ ပီဒဗလျူဒီခေါ် လမ်းဘက်ဆိုင်ရာရုံးတွင် စာရေးအလုပ်တစ်ခုကို ကံအားလျော်စွာ လွယ်လင့်တကူ ရခဲ့လေသည်။ တစ်သက်လုံးက လွတ်လပ်စွာနှင့် ကိုယ်ထင်ရာ ကိုယ်သွားလာပျော်ပိုက်၍ နေခဲ့သော ကျွန်ုပ်အဖို့ဝယ် အချိန်မှန် ရုံးသွားရခြင်း၊ ရုံး၌လည်း အထက်လူကြီးများ၏ မျက်မှောက်ဖြစ်၍ ထိုင်ရာမှ မထ၊ တကုန်းကုန်းလုပ်ရခြင်းတို့သည်ကား ကျွန်ုပ်လို လွတ်လပ်စွာ နေခဲ့သော သူတစ်ဦးအတွက် များစွာ စိတ်ဆင်းရဲ စိတ်ကိုကြပ်တည်းစေလေသည်။ သို့ကြောင့်လည်း ထိုရုံး၌တစ်လမျှသာ လုပ်ခဲ့ရလေသည်။

ထိုရုံးတွင် အလုပ်လုပ်၍ တစ်လလောက်မျှကြာသော မိုးဦးကျနေ့တစ်နေ့တွင် အိမ်မှ ထွက်လာခဲ့ရာ လမ်းတွင် အပွင့်များဖြင့် စည်ကားနေသော ပိတောက်ပင်တစ်ပင်ပေါ်သို့ တက်သူတက်၊ အောက်မှ တံချူနှင့်ချူသူချူ၊ ပန်းပွင့်များကို ဆွတ်ခူးနေသော လူတသိုက်ကို တွေ့ရလေသည်။ သူတို့

www.burmeseclassic.com

www.burmeseclassic.com



တတွေကို ကြည့်ရသည်မှာ တေးသီချင်း တကျော်ကျော်နှင့် ပျော်စရာကြီးပင်ဖြစ်လေရာ ထိုသို့ကြည့်နေသော အခိုက် အတန့်၌ ကျွန်ုပ်၏ စိတ်တွင် ဖြစ်ပေါ်လာသည်ကား အင်း ငါ့မှာတော့ သူတစ်ပါးရဲ့ လခစားအစေခံဖြစ်နေရလို့ ခိုင်းသည့် ကျွန် စေသည့်နွား ဆိုတာလို ရုံးမှာသာ တစ်နေကုန်ထိုင်ပြီး လုပ်နေရတာဘဲ။ သူတို့တတွေကတော့ အပျော်ကြီး ပျော်လို့ ပါကလား။ ငါလည်း လခစား စာရေးမဖြစ်ခင်က လွတ်လပ်သူ တစ်ဦးပီပီ သူတို့တတွေလို ပျော်ခဲ့ရတယ်မဟုတ်ပါလား။ အခုလဲ လွတ်လပ်ရင် သူတို့လိုပဲ ပျော်နေရမှာပါကလားဟု အောက်မေ့ ပြီး ရုံးသို့မသွားတော့ဘဲ တေးသီချင်း တကျော်ကျော်နှင့် ပန်းရှုးနေကြသော လူစုထဲသို့ သွားရောက်ခါ သူတို့ နည်းတူ တေးတကျော်ကျော် အော်ဟစ်သီဆိုရင်း အချိန် ကုန်စေလေ သည်။ ထိုနေ့မှစ၍ ရုံးသို့လည်း မသွားတော့ပေ။ ရပ်ရွာထဲတွင် လည်ပတ်သွားလာနေခြင်းဖြင့် အချိန်ကို ကုန် စေခဲ့လေသည်။ သို့ကြောင့်ပင်လည်း ကျွန်ုပ်အား ရုံးမှ ထုတ် ပစ်လိုက်ပေပြီ … အံ့သြစရာမရှိ … ။

## ၃။ မိန်းမရုပ်ထူးခြားလှခြင်း

ဒေါ်သန့်အကြံ၊ မေမေ၊ စကားစ ပြတ်စေရန်အကြံနှင့် တပေးမိရာ ဆိုက်ဆိုက်မြိုက်မြိုက်ပင် လူရောက်လာခြင်း၊ ညကြီး ထပြီးလိုက်သွားရခြင်း ယောက္ခမကြီးက ဝေါက်လိုက်မှ ကိုယ့်အဖြစ်ကို ကိုယ်သတိရတော့ခြင်း။

ထိုကဲ့သို့ အလုပ်မှထွက်ပြီးနောက် လေလွင့်နေခဲ့ရာ ပြည်မြို့မှ ဒေါ်သန့် ခေါ် အသိမိန်းမကြီးတစ်ယောက်က ခေါ် ငင်ပြန်သဖြင့် ဒေါ်သန့်နှင့်အတူ ပြည်မြို့သို့ လိုက်သွားပြန် လေသည်။ ထိုဒေါ်သန့်၏ ပွဲစားတန်းရှိ အိမ်၌ပင် တည်းခို နေထိုင်ခဲ့လေသည်။ ဒေါ်သန့်ကား ကျွန်ုပ်အား မောင်အရင်း သဖွယ် ချစ်ခင်သည့်အလျောက် ကောင်းမွန်စွာ ကျွေးမွေး စောင့်ရှောက်နေခဲ့သူပင်တည်း။

ထိုဒေါ်သန့်၏ အိမ်သို့ ရောက်လာတည်းခိုသည့် နေ့ကစ၍ မျက်စောင်းထိုးအိမ်မှ မိန်းမတစ်ဦး မကြာခဏ ထွက်၍ ထွက်၍လာကာ ကျွန်ုပ်နေသော အိမ်ဘက်သို့ ဂရုတ စိုက်ကြည့်တတ်သည်ကို သိရလေသည်။ ထိုအကြောင်းကို ဒေါ်သန့်အား ပြောကြား၍ မည်သူမည်ဝါဖြစ်ကြောင်း မေးမြန်း ကြည့်ရာ မေမေခေါ်သော မိန်းကလေးတစ်ဦးဖြစ်ကြောင်း မေမေ၏ မိဘတို့မှာ ပစ္စည်းဥစ္စာအတော်အတန် ချမ်းသာ ကြောင်း ဒေါ်သန့်ထံမှ ကြားသိရလေသည်။

နောက်ကျွန်ုပ်သိရသမျှမှာ ဒေါ်သန့်ကနှင်းမေမေ

www.burmeseclassic.com

www.burmeseclassic.com



အား ကျွန်ုပ်နှင့်အစကနဦးကပင် စေ့စပ်အောင်သွယ်ထားပြီး ကြောင်းသိရလေရာ ကျွန်ုပ်နေသော အိမ်ဘက်သို့ မေမေ ခဏခဏကြည့်ခြင်းကို ယခုအခါ ကျွန်ုပ်သည် အဓိပ္ပါယ်သိပြီးဖြစ်၍ မအံ့ဩတော့ပေ။

ကျွန်ုပ်ကား ထိုမိန်းကလေးကို လူချင်းသိဖို့ စကားပြောဖို့ကို မဆိုထားဘိ စာဖြင့်လည်းကောင်း၊ စိတ်ဖြင့်လည်းကောင်း၊ ဆက်သွယ်ခြင်းပင် မရှိခဲ့ရိုး အမှန်ပင် ဖြစ်လေသည်။ သို့သော် ကျွန်ုပ်က ဘယ်သို့ ဘယ်ညာ ပြောလေဟန်၊ မှာလေဟန် ဒေါ်သန့်ကကြားဝင်၍ မေမေအား ပြောကြားခဲ့လေသည်။ ထိုအကြောင်းများကိုလည်း နောက်တစ်နှစ်လောက်ကြာမှ ကျွန်ုပ်ဒေါ်သန့်ထံမှ ကြားသိရလေသည်။

ဒေါ်သန့် ထိုကဲ့သို့ ဆောင်ရွက်နေခြင်းကို ကျေးဇူးတင်ရမည်လော၊ မတင်ရမည်လော၊ ကျွန်ုပ်မဝေခွဲနိုင်ခဲ့ပေ။ ထိုသို့ မဝေခွဲနိုင်ခြင်းအကြောင်းကား ၎င်းမေမေဆိုသူကို ကျွန်ုပ်ကိုယ်တိုင်က သိလည်းမသိ၊ ချစ်လည်းမချစ်ခဲ့ခြင်းကြောင့်ပင် ဖြစ်လေသည်။

ထိုအချိန်တွင် ကျွန်ုပ်သည် ပြည်ဆေးရုံကြီး၌ တစ်လလျှင် (၈၀)ကျပ် စားရသော စာရေးကြီးဖြစ်နေလေသည်။ တစ်နေ့ သောအခါ ဒေါ်သန့်နှင့် မေမေအကြောင်းစကားစပ်မိ၍ ပြောဆိုနေရာမှ မေမေသည် ကျွန်ုပ်အား အတော်စွဲလမ်းချစ်ခင်နေကြောင်းကို ဒေါ်သန့်က ရယ်မောပြောဆိုလေသည်။ ကျွန်ုပ်



မှာကား ယခုထက်တိုင် ထိုမေမေဆိုသူ မိန်းကလေးအား မချစ်နိုင်သေးပေ။ ထိုအကြောင်းကို ဒေါ်သန့်က ပြောပြလေသည်။ စကားအဆက်ပြတ်စေလိုကြောင်းကိုလည်း ပြောပြလိုက်လေသည်။

ဒီကောင်မလေး ဘယ်နည်းနှင့်မှ ခိုးရာတော့ လိုက်မယ်မဟုတ်ဘူး။ ဒီတော့ စကားဆက်ဒါလောက်တောင်ပြတ်ချင်ရင် မေမေ ကျုပ်နဲ့အခုညပဲ ခိုးရာကို လိုက်ပါ မလိုက်ရင် နောက်နောင်ကို ကျုပ်အကြောင်းနဲ့ ပတ်သက်ပြီး စကားတောင်မပြောပါနဲ့လို့ စာရေးပြီး ပေးလိုက်ပါလား။ သူကတော့ ခိုးရာလိုက်မှာမဟုတ်ဘူး။ ဒီတော့ စကားပြတ်ရောပေါ့ဟူသော ဒေါ်သန့်၏ အကြံပေး စကားကို သဘောကျပြီးလျှင် ချက်ခြင်းစာတစ်စောင်ကို ဒေါ်သန့်၏အကြံ အတိုင်း တိုတိုပင် ရေးပေးလိုက်လေသည်။

မယားရဖို့ဇာတာ ဤနေ့ဤရက်တွင် ပါလာလေရော့သလားမသိရ။ ညနေ ၆-နာရီအချိန်လောက်တွင် မေမေသည် ငိုယိုလျက် ဒီလို စာရေးတာ ဘာကောင်းသလဲ သိပ်တတ်နိုင်တယ်ဟု ပြောပြောဆိုဆို အထုပ်ကလေးတစ်ခုကို ကျွန်ုပ်အားပေးခဲ့ကာ သူ၏ အိမ်ရှိရာသို့ ပြန်သွားလေတော့သည်။ ကျွန်ုပ်ကား သူလာ၍ အထုပ်ကလေးကို ပေးစဉ် အံ့အားသင့်ကာ ငေးနေမိခြင်းကြောင့် စကားဆို၍ တစ်ခုမှ မပြောလိုက်ရပေ။ သို့ဖြင့် သူပေးခဲ့သော အထုပ်ကို ဖြေ၍

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရာ ကျွန်ုပ်မှာ မျက်လုံး မျက်ဆံပြူးသွားလေသည်။ အကြောင်းသော်ကား အထုပ်ထဲ၌ ရွှေထည်လက်ဝတ်လက်စား နှင့်ငွေများကို တွေ့ရခြင်းကြောင့်ပင်တည်း။

ကျွန်ုပ်၏ မဟာအမှားအတော်ကြီးကား ပြုပြင်၍ ရနိုင်တော့မည်မဟုတ်တော့ပေ။ ကျွန်ုပ် ထိုညအဖို့ အိပ်၍ မရတော့ပြီ။ ညသန်းခေါင်ကျော် အချိန်ခန့်တွင် ကျွန်ုပ်၏ အခန်းသို့ လျှောက်လာနေသော ခြေသံကို ကြားရသဖြင့် ခေါင်းထောင်၍ ကြည့်လိုက်ရာ ဒေါ်သန့်၏ မောင်တော်သူ တစ်ဦးကို တွေ့ရလေသည်။ ထိုသူလည်း အိပ်ရာထက် ဝတ်ခွေနေသော ကျွန်ုပ်အား ဆွဲထူပြီးလျှင် မြန်မြန်လုပ်ပါ သူတို့ ရောက်ကုန်ပြီ သွားစို့လေ..ဟူသော သူ၏ ပြာရိ ပြာယာ ပြောသောစကားတို့ကို ကြားရသဖြင့် အံ့အားသင့် ကာ .. ဟင် ဘယ်သူရောက်လို့ ဘယ်ကိုသွားရမှာတုန်း ဟု မေးမိ လေသည်။

စက်တိုင်ကုန်းကိုလေ မေမေဟိုမှာ ရောက်နေပြီဟု ကြားရသောကျွန်ုပ်ကား မငြင်းဆန်သာတော့ပေ။ လိုက်သွား ရလေပြီ။ စက်တိုင်ကုန်းသို့ ရောက်သောအခါ စက်ဆရာ မောင်ပုအိမ်၌ ပစ္စည်းရောလူကိုပါ တွေ့ရတော့လေသည်။

မေမေ၏ မိဘများကား ပစ္စည်းရှိ၏။ ကျွန်ုပ်ကား မရွယ်ဘဲ စော်ကဲ-မင်းဖြစ်ရတော့၏။ သို့သော်ငြားလည်း စိတ်ကား မချမ်းသာတော့ပေ။ မေမေကိုလည်းမချစ်၊မယား လည်း မလိုချင်သေးသောကြောင့်ပင် စိတ်မချမ်းသာခြင်း ဖြစ်



လေသည်။ သို့သော်...ကျွန်ုပ်မယားရုပ်ကား ထူးလေစွ။ မေမေ ကား ကျွန်ုပ်နှင့်စကားလည်း မပြောဖူး။ ဒေါ်သန့်၏ ကြား စကားနှင့်ပင် ကျွန်ုပ်အား ဤမျှချစ်ရှာ၏။ ချစ်၍ပင်လည်း မိဘတို့ကို စွန့်ပစ်ခါ ကျွန်ုပ်ထံသို့ ပြေးခဲ့သည် မဟုတ်ပါလော။ ဤမျှ ကျွန်ုပ်ကို ချစ်ရှာသောသူကလေးအား ပြန်မချစ်နိုင်သော ကျွန်ုပ်ကိုယ်ကို ကျွန်ုပ်အတော်ပင် စိတ်ဆိုးမိပြန်လေသည်။ မေမေအား မချစ်ပင်မချစ်သော်ငြားလည်း ကျွန်ုပ်အား ကြား စကားဖြင့် တကယ်ချစ်ရှာသော သူကလေးအား အမှန်တကယ် သနားမိပါ၏။ သနားလည်း သနားစရာပင်...

စက်တိုင်ကုန်းတွင် မေမေနှင့် ၂ရက်၊ ၃ရက်ခန့် နေကြပြီးနောက် လူကြီးများက ကျွန်ုပ်တို့ ၂ယောက်အား မေမေ၏ အိမ်သို့ပြန်ပို့ကြလေသည်။ မေမေ၏ ဖခင်ကား ဘာသာအယူနှင့်ပတ်သက်၍ ပရမတ် ဆန်ဆန် ထူးခြားသူ ဖြစ်လေရာ၊ ဘာသာရေးနှင့်လည်းကောင်း၊ အခြားစာပေ ကျမ်းဂန်တို့နှင့်လည်းကောင်း ပတ်သက်၍ ကျွန်ုပ်နှင့် အတော် အတန် အလ္လာပ-သလ္လာပပြောဘူး တိုင်ပင်ဘူးလေရာ ကျွန်ုပ်ကို ယခုအခါ၌ အတော်ခင်မင်ပုံရသည်ကို တွေ့ရလေသည်။

လူကြီးစုံလင်စွာနှင့် စကားစမြည်ပြောကြားပြီးနောက် ကျွန်ုပ်အားလိုက်၍ ပို့ကြသောလူကြီးများ ပြန်ရန်အထတွင် ကျွန်ုပ်မှာလည်း ယောင်ရမ်း၍ထပြီး လိုက်မည်အပြု ယောက္ခမ ကြီးက ဟေ့ မောင်ရင်မင်းက ဘယ်ကိုတုန်း ဒီမှာ အိပ်ရမယ် လကွ..ဟု အခြားလူကြီးတွေ ရှေ့တွင် သူလွှတ်ခနဲမှား၍ ပြော လိုက်လေသည်။

ကျွန်ုပ်ကား ခြေချုပ်မိခဲ့လေပြီ။ စိတ်မကူးဘဲနှင့် မယား

www.burmeseclassic.com

www.burmeseclassic.com



ရခဲ့ပေပြီ။ မယားယူချင်သောစိတ်မရှိ။ သွားလာလည်ပတ်နေချင်သောစိတ်ကသာ များနေရကား ယခုကဲ့သို့ မယားရနေခြင်းကို မပျော်ပိုက်နိုင် စိတ်ထဲတွင် ကြပ်တည်း၍နေတော့သည်။ သို့ကြောင့် အိမ်တွင် မနေဘဲ စိတ်ထင်ရာသို့ ထွက်၍လည်ပတ်နေသည်ကများလေသည်။ ထမင်းစားချိန်သာ အိမ်ကိုပြန်ခဲ့၏။ ဒေါ်သန့်အိမ်တွင်သာ အနေများလေသည်၊ သို့ကြောင့်လည်း ကျွန်ုပ်မိန်းမနှင့် သူ့အိမ်သားများကတဖက်၊ ဒေါ်သန့်အိမ်သားများက တဖက်၊ ကတောက်ကဆတ် စကားများကြသည်ဟု ကြားသိရလေသည်။ ထိုအချိန်၌ ကျွန်ုပ်လည်းမည်သူ့အိမ်တွင်မှ မရှိ၊ မရှိသောကြောင့်ပင်လည်း အမှုတယ်ပုံကစ၍ အတယ်ပုံဆုံးသည်ကို မသိပေ...။

## ၄။ ရဟန်းဖြစ်ပြန်ပါလည်း တဝဲလည်လည်

လယ်တီဆရာတော်ကြီးထံ ပဥ္စင်းခံခြင်း၊ မေမေ့ သတင်းကိုကြားရ၍ မျက်ရည်များပင် ကျဆင်းမိခြင်း၊ ပါတီမောက်မတာတ်၍တည်းခိုရန် လက်ခံမည့်ကျောင်းမရှိ ရှိပြန်ပါလည်း ခဏနှင့် နှင်ချလိုက်ခြင်း၊ အာနန္ဒာမေတ္တာယျနှင့် တွေ့ဆုံပေါင်းဖက်မိ၍ သာသနာပြန့်ပွားအောင်မြှုခွင့်ရရှိခြင်း၊ ကျောင်းထိုင်မလုပ်ရဲ၍ သင်္ကန်းချွတ်ရခြင်း ။ ။

ထိုအတွင်းလယ်တီဆရာတော်ဘုရားကြီး ပြည်မြို့သို့ကြွရောက်လာပြီးလျှင် ပြည်မြို့၌ ဝါဆိုဓတော်မူလေသည်။ ကျွန်ုပ်လည်း အလုပ်မှထွက်၍ ဆရာတော်ဘုရားကြီးထံတွင် ပဥ္စင်းခံ၍ တောထွက်လေသည်။ ဤကား ကျွန်ုပ် မိန်းမနှင့် ဒေါ်သန့်တို့အိမ်သား စကားကတောက်ကဆတ်များ၍ ရန်မီးမကြီးမားခင်ကပင် ဖြစ်လေသည်။ ထို့အတွက်ကြောင့်ပင် ထိုအမှု အဘယ်ပုံစ၍ ဖြစ်သည်ကို ကျွန်ုပ်မသိခြင်းဖြစ်လေသည်။

ထိုတောရ၌နေရာတွင် ဒါယကာမ နှစ်ယောက်သုံးယောက် ကျွန်ုပ်၏ တဲကျောင်းသို့ လာရောက်၍ မေမေပလိပ်ရောဂါနှင့် သေဆုံးပြီဖြစ်ကြောင်းကို သူတို့အချင်းချင်း ကျွန်ုပ်ကြားလောက်အောင် ခပ်ကျယ်ကျယ်ပင် ပြော၍ နေကြလေသည်။ ယခုကဲ့သို့ မေမေသေဆုံးကြောင်း ကြားရသောအခါမေမေသည် ကျွန်ုပ်အား မည်မျှ ချစ်ခင်ယုယခဲ့ကြောင်းများကိုပြန်လည်တွေးတောမိသဖြင့် သနားစိတ်သည် တဖွားဖွား ပေါ်ပေါက်လာလေသည်။ မေမေသေရသည်၏ အရင်းအမြစ်ကားငါ့ကြောင့်များပင်လေလောဟု နှစ်လမျှသာ ကျွန်ုပ်နှင့်ပေါင်းခဲ့ရပြီး အသေစောလှသော မေမေကို ကရုဏာပိုလာ

www.burmeseclassic.com

www.burmeseclassic.com



ကာ သူကလေးအတွက် လှိုက်လှိုက်လှဲလှဲ ဝမ်းနည်းမိလေသည်။ မျက်ရည်များပင် ရစ်ဝဲလာသည့်အတွက် ဒါယကာမများ မြင်တွေ့မည်ကို စိုးရိမ်ကာ ကျောင်းခန်းထဲသို့ ဝင်ခဲ့ရတော့လေသည်။ ကျောင်းခန်းထဲသို့ ရောက်ကာမှ ကျစီးနေသော မျက်ရည်တို့ကို သုတ်ရတော့လေသည်။ မေမေသေဆုံးရခြင်းတွင် ကျွန်ုပ်၏ ပယောဂမှ ကင်းပါစေသားဟု အတန်တန်ဆုတောင်းမိလေသည်။

ထိုတောရ၌ ပရမတ္ထသံခိပ်ကို သင်အံ့လေ့ကျက်၍ နေရ၏။ ဝါကျွတ်သောအခါ၌ကား ဆရာတော်ကြီးနှင့်အတူ ရန်ကုန်သို့ လိုက်ပါလာခဲ့လေသည်။ ရန်ကုန်မြို့တွင် ကျောင်းတိုက်ပေါင်းများစွာရှိသော်ငြားလည်း ကျွန်ုပ်နေဘို့ရန်ကား ရှားပါးလှဘိ၏။ သို့ကြောင့်ပင်လည်း ကျွန်ုပ်ကား ရန်ကုန်မြို့ထဲတွင် တလည်လည်နေရတော့၏။ အကြောင်းမူကား ကျွန်ုပ်သည် ဦးပဉ္ဇင်းဖြစ်သော်လည်း ပါတိမောက်ကို မသင်ခဲ့ရပေ။ ဝိနည်းသိက္ခာပုဒ်အရာ၌ အရေးအကြီးဆုံးသော ဝိနည်း သိက္ခာပုဒ်များကို နှုတ်ဖြင့်သာမှတ်လျက် ပါတိမောက်ကို မကျက်ခဲ့ရသဖြင့် ကျောင်းတိုက်များက ကျွန်ုပ်အား လက်မခံကြ။ ✝ သို့သော် နောက်ဆုံးတွင် ညောင်တုံးကျောင်းတိုက်၌ နေခွင့် ရ၍ နေခဲ့ရ၏။ သုံးရက်မျှမကြာ ၄င်းကျောင်းတိုက်တိုက်အုပ် ဘုန်းကြီးက နှင်ချသဖြင့် တဖန်ထွက်ပြေးရပြန်လေသည်။

---

✝ ယခုခေတ် ရှေးကလောက် ဂရုပြုစီစစ်ကြလျှင် အလဇ္ဇီဒုဿီလမှချပင် လျှော့ပါးဖွယ်ရာရှိပေသည်။ ။ စာတည်း



သို့တဝဲလည်လည် နေခဲ့စဉ်၊ ဦးဗျားတောရကျောင်းတိုက်သို့ ရောက်သွားပြန်လေသည်။ ၄င်းကျောင်းတိုက်၌ အာနန္ဒာမေတ္တေယျခေါ် အင်္ဂလိပ် ဘုန်းတော်ကြီးတစ်ပါး ရောက်ရှိ ကျောင်းထိုင်လျက်ရှိသည်ကို တွေ့ရလေသည်။ ထိုဘုန်းတော်ကြီးကား မြန်မာ စကားကို ကောင်းစွာ မတတ်ရကား ၄င်းနှင့်စကားမပြည်ပြောရန် အဖော်မရှိပေ။ ကျွန်ုပ်နှင့် တွေ့၍ အင်္ဂလိပ်စကားကောင်းစွာ ပြောနိုင်သည်ကို တွေ့ရှိရသည့်အခါ အာနန္ဒာမေတ္တေယျက ကျွန်ုပ်အား သူ၏ ကျောင်းတိုက်၌ပင် အတူနေထိုင်ရန် ပြောဆိုအခွင့်ပေးလေသည်။ ၄င်းဘုန်းတော်ကြီးသည် မူလက ဓာတ်ခွဲဆရာကြီးတစ်ဦးဖြစ်ဘူးသည့်အလျောက် ကျောင်းအောက်တွင် ဓာတ်ကိရိယာရုံကြီးဖွင့်ထားလျက် အဘိဓမ္မာ၌ပါရှိသော ဝိထိကျပုံကို ဓာတ်ပုံရိုက်ရန် ငွေပေါင်းထောင်သောင်းမက အကုန်အကျခံကာ ကြံစည်လို့လုပ်လျက်နေလေသည်။ ✝ ထိုဘုန်းတော်ကြီးပင် ကျွန်ုပ်အား ဓာတ်ခွဲနည်းပညာတို့ကိုကောင်းစွာ လက်ပူးလက်ကြပ် သင်ပြပေးပေသည်။

---

✝ ဘိက္ခု အာနန္ဒာမေတ္တေယျ၏ အကြံအစည်မှာ အဘိဓမ္မာ၌ ပါရှိသည့် ဝိထိကျပုံကို ဓာတ်ပုံရိုက်ကူးအောင်မြင်လျှင်၊ မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော အဘိဓမ္မာ တရားတော်ကြီး အဘယ်မျှ ဟုတ်မှန်ကြောင်း ဥရောပတိုက်က နည်းလည်စေရန် ဓာတ်ပုံနှင့် ဟောပြောဖို့ပင် ဖြစ်ပေသည်။ ထိုသို့ ကြိုးစားအား ထုတ်နေစဉ် အကြံမအောင်မီပင် ပန်းနာ ရောဂါစွဲကပ်၍ ဘိလပ်သို့ပြန်ပြီး ပျံလွန်တော်မူခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



၎င်းဘုန်းတော်ကြီးကား ဗုဒ္ဓသမာဂမ၏ နိုင်ငံခြား ဗုဒ္ဓဘာသာအသင်းကြီး၏ ဥက္ကဋ္ဌလည်း ဖြစ်လေသည်။ ၎င်းကိုယ်တိုင်ကြီးကြပ်၍ ဗုဒ္ဓသမာဂမ မဂ္ဂဇင်းကြီးကို အင်္ဂလိပ်လို ထုတ်ဝေကာ ဥရောပတိုက်၊ အမေရိကတိုက်တို့သို့ ရောက်ရှိအောင် ပို့သ၍ သာသနာပြုခဲ့လေသည်။ ဥရောပ၊ အမေရိကတို့သို့ ပေါက်ရောက်အောင်သွားသော ဗုဒ္ဓဘာသာ မဂ္ဂဇင်းကား ဤဗုဒ္ဓသမာဂမ မဂ္ဂဇင်းကြီး ဖြစ်ဟန်ရှိ လေသည်။ ကျွန်ုပ်မှာ ၎င်းကိုယ်တော်အား စက္ကရီတာရီအဖြစ် ကူညီခဲ့ရလေသည်။

၎င်းဘုန်းကြီးကို ကိုးကွယ်သော ပုဂ္ဂိုလ်များသည်ကား မင်းကြီးကတော် ဒေါ်မြမေ၊ ဒေါက်တာ ရှော်စ်၊ မစ္စတာ မက္ကနီ၊ ဦးသော်၊ ဦးရွှေစံအောင် စသည့် လူကြီးလူကောင်းများ ဖြစ်လေသည်။

ကျွန်ုပ်မှာ ၎င်းကိုယ်တော်နှင့်နေစဉ် နယ်ကို လှည့်လည်၍လည်း တရားဟောခဲ့ရဘူးလေသည်။

ထိုကဲ့သို့နေစဉ် ကြည့်မြင်တိုင်တဘက် ကျောင်းဝိုင်း ရွာမှာ သဒ္ဒါကျမ်းဂန်များကို တဘက်ကမ်းခတ် တတ်မြောက်သော ဘုန်းတော်ကြီးတစ်ပါးသည် ကျွန်ုပ်နေထိုင်သော ကျောင်းတိုက်သို့ရောက်လာ၍ သူ့အား အင်္ဂလိပ်စာကို သင်ပေးပါ၊ သူက ကျွန်ုပ်အား မြန်မာသဒ္ဒါကို အမြန်ဆုံးတတ်အောင် သင်ပေးပါမည်ဟု မိန့်ဆိုလာလေသည်။ ထိုအခိုက်တွင် ကျွန်ုပ် စိတ်ဝယ် မြန်မာသဒ္ဒါကို တတ်လိုသည်မှ တပါး အခြား ဘာမျှမရှိပေ။ သို့ကြောင့်ပင် အာနန္ဒာမေတ္တေယျအား နှုတ်ဆက်စာတစ်စောင် ရေးခဲ့ကာ သူ၏ အခန်းတွင်းဝယ် ထားခဲ့ပြီး



နောက် ထိုလာရောက်ခေါ်ငင်သော ဘုန်းတော်ကြီးနှင့်အတူ တည်း ကျောင်းဝိုင်းသို့ လိုက်ပါသွားတော့လေသည်။ ဤနည်းဖြင့် ဆရာကောင်းတစ်ဦးနှင့် ကွဲကွာခဲ့ရပြန်လေသတည်း။

ကျောင်းဝိုင်းကျောင်းတိုက်သို့ ရောက်ပြီး များမကြာမီပင် ကျွန်ုပ်အားခေါ်ဆောင်ခဲ့သော ဘုန်းကြီးသည် ဒါယကာမတစ်ဦးနှင့် ထွက်ပြေးလေသည်။ ကျွန်ုပ်မှာ ဘာမျှ မတတ်ပါဘဲလျက် ကျောင်းကြီးတွင် တကိုယ်တည်း ကျောင်းထိုင်ပမာထိုင်နေရလေရာ များစွာ အကြပ်တွေ့နေလေသည်။ ကျွန်ုပ်ကား တကိုယ်တည်း ဦးစီးအဖြစ် ကျောင်းမထိုင်ရဲပေ။ သို့ကြောင့်ပင် နှစ်ရက်-သုံးရက်ကြာသောအခါ မြစ်တဘက်ရှိ တဲငယ်ကလေးတစ်ခုနှင့် နေသော အခြားဘုန်းကြီးတစ်ပါးထံသွား၍ သိက္ခာချကာ သင်္ကန်းချွတ်ခဲ့လေသည်။ အဝတ်အစားကား ဘလာနတ္ထိဖြစ်နေ၍ ကျောင်းမုန့်ငယ်ပိုင်း အစုတ်ကလေးတခုကို ဝတ်လျက် လယ်ပြင်၌ ဂဏန်းချိတ်သမားဟန်ဆောင်ကာ ပြန်ခဲ့ရလေသတည်း။

www.burmeseclassic.com

www.burmeseclassic.com

## ၅။ လွင့်ပြန်ခြင်း

ထင်းခေါက်၊ မြက်ရိတ်၊ မြက်ထမ်း၊ ဆန်ဖွပ်၊ ရေခပ်၊ နွားကျောင်းစသည့်အလုပ်ကြမ်းများကို ပျော်ပျော်ကြီး လုပ်ကိုင်ခြင်း၊ ငါးဖမ်းခြင်းဇထာန်းထောင်ခြင်း ကဗျာရေးကျမ်းပြုခြင်းတို့ကိုလည်း အလုည့်ကျမြုလုပ်ခြင်း၊ ဓမ္မစားဖခင်ကြီး၏ အမြောင် မယားနှင့် အကျွမ်းတဝင်မဖြစ်ဝံ့၍ ရှောင်နေရခြင်း၊ လယ်ထွန်ခြင်း၊ လွင့်ပြန်ခြင်း၊ သူဌေးသို့နှင့် အခြေကျခါနီးမှ သုတ်ခြေ တင်ပြီး ထွက်ပြေးလာခဲ့ရခြင်း။

ထိုသို့ပြန်လာခဲ့ရာ ကျောင်းသို့ကား မသွားတော့ပေ။ ရွာထဲသို့ ခြေဦးတည့်ရာလျှောက်ခဲ့ရာ ယာတဲတစ်ခုသို့ ရောက်သွားလေသည်။ ယာရှင် ယောက်ျားကြီးအား ကျွန်ုပ်ကို ၎င်း၏ ယာထဲ၌ နေထိုင်ခွင့်ပေးပါရန် တောင်းပန်ပြောဆိုရာ ယောက်ျားကြီးမှာ များစွာ သဘောကောင်းပြီး သနားတတ်သူ တစ်ဦးဖြစ်၍ များစွာ သဘောကောင်းပြီး သနားတတ်သူတစ်ဦး ဖြစ်၍ အေး..အေး..နေရတာပေါ့ကွယ်... နေရတာပေါ့။ ဟောဒါ မင်းနွား၊ ဟောဒါ မင်းအိမ်၊ ဟောဒါက မင်းနှမလေး နှစ်ယောက် ဟောဒါက မင်းညီကွဲ့၊ မှတ်မိပလား။ အေး သူများဥစ္စာကိုမခိုးနဲ့၊ သူများအိမ်ယာကို မဖျက်ဆီးနဲ့၊ မင်း ဟာ ငါတို့သားအကြီးဖြစ်တယ်ဟု အားရ ပါးရ လက်ညှိုးနှင့် ထိုးပြကာ ထိုးပြကာဖြင့် ကျွန်ုပ်ကို သားတစ်ယောက်အဖြစ်နှင့် မွေးစားလိုက်လေသည်။

ကျွန်ုပ်ကား စာရင်းငှားပမာ အအားမနေ။ ထင်းခေါက် ရေခပ်၊ နွားကျောင်းမြက်ရိတ်၊ မြက်ထမ်း၊ ဆန်ဖွပ် စသည့် အလုပ်ကြမ်းများတို့ကို မညည်းမညူစိတ်ပျော်ပျော်ကြီး



နှင့်လုပ်ကိုင်ခဲ့လေသည်။ အခြားအားလပ်သောအချိန်များ၌လည်း ကျောင်းပိုင်းကျောင်းမှ စတင်၍ ရေးသားခဲ့သော လောကချစ်ကျမ်းကို ဆက်လက်ရေးသားခြင်းဖြင့် ထိုလောကချစ်ကျမ်းကို ထိုလယ်တော၌ပင် ပြီးစီးလေသည်။ တစ်ခါတရံတွင်လည်း အိမ်တွင်းရှိ ရှိသမျှသော စာတိုစာစ စာအုပ်ဟောင်းများကို ဖတ်ကာ မှတ်သားခဲ့သည်သာမက အိမ်နားနီးချင်းများထံမှ ရနိုင်သမျှတို့ကို ငှားရမ်းကာ ဖတ်ခဲ့ခြင်းဖြင့် ကျွန်ုပ်ကိုယ်ကို ကျွန်ုပ်ပျော်စေတော့လေသည်။

ထိုအခါ၌ အင်္ဂလိပ်စာတတ်သူများမှာ ရန်ကုန်မြို့၌ လေးငါးဆယ်စားအလုပ်ကို လွယ်ကူစွာ ရနိုင်ပါလျက် မလုပ်နိုင်။ ချောင်းကြိုချောင်းကြား တောရွာများ၏ အခြေအနေကို ကြည့်ကာ တေးကဗျာ ရေးစပ်ခြင်းဖြင့် ပျော်ပိုက်၍ နေသောကြောင့် ရန်ကုန်ဘက်ကို တစ်နှစ်ကျော်မကူးဘဲ နေခဲ့လေသည်။ အားလပ်သည့်အခါ လယ်ငါးစင်းရှိုင်း၊ ဖောင်စီးဂဏန်းများကို ဖမ်းရင်း ထောင်ရင်း တေးကဗျာများကို ရေးစပ်ကာ ဆွေမရှိ မျိုးမရှိ တစ်ရပ်တရွာ၌ ပူပန်သောက တစ်စုံတစ်ရာမျှ မထားဘဲ ပျော်ပိုက်၍ နေခဲ့လေသည်။ ငွေကြေးရဖို့ လခစားအလုပ်ကို လုပ်ဖို့၊ ဝတ်ဖို့ စားဖို့အတွက် ပူပန်ခြင်းမရှိ။ တောလေ့ဘာဝ ရသမျှနှင့် ရောင့်ရဲလျက် နေခဲ့လေရာ ကိုယ်ခန္ဓာအလုပ် အတွက် ပင်ပန်းခြင်းမှတစ်ပါး အခြားအပူမရှိ။ ထိုအခါသည် ကျွန်ုပ် ထစ်သက်၌ အပျော်ဆုံးအခါ ဖြစ်ခဲ့လေသည်။

အိမ်ရှင်လယ်သမားကြီးသည် အိမ်ခေါင်းရင်းရှိ အေး ဆရာတစ်ဦး၏ သမီးတစ်ယောက်ကို အမြောင်ထားသူ ဖြစ်လေသည်။ ဤအကြောင်းကို ကျွန်ုပ်ဘာမျှမသိ။ မသိ၍သာလျှင်

www.burmeseclassic.com

www.burmeseclassic.com



လည်း ထိုမိန်းကလေးနှင့် အရောတဝင် ခေါ်ခေါ် ပြောပြော နေမိလေသည်။ ၎င်းဆေးဆရာကြီးမှာ သမီး ၂ ယောက် ရှိရာ ညီအစ်မ ၂ ယောက်လုံးကပင် ကျွန်ုပ်အား အတော်ခင်မင်ကြလေသည်။ သို့ ခေါ်ခေါ်ပြောပြော ရင်းရင်းနှီးနှီး နေခဲ့ရာမှ မိတ်ဆွေတစ်ဦးက ကျွန်ုပ်ကို မွေးစားထားသော ဖခင် လယ်သမားကြီးသည် ၎င်းတို့အထဲမှ တစ်ယောက်ကို အမြှောင် ထားကြောင်း ပြောပြမှသာ သိရလေသည်။ ထိုသို့ သိရသည်နှင့် လယ်သမားကြီးကား ကျေးဇူးရှင်ဖြစ်သည် တစ်ကြောင်း၊ မယားထိက ဓားကြည့်ဆိုသကဲ့သို့ အသက်ဘေးကို စိုးရိမ်သဖြင့်တကြောင်း၊ ထိုညီအစ်မနှစ်ယောက် အိမ်သို့လည်း မကူးရဲတော့။ အရောလည်း မဝင်တော့ချေ။

သို့သော် သူတို့ နှစ်ယောက်လုံးကပင် ကျွန်ုပ်ထံသို့ မကြာမကြာကူးလာကာ စကားစမြည် ခါတိုင်းကဲ့သို့ ပြောကြားနေကြလေသည်။ ခါတိုင်းထက်ပို၍ပင်အရောဝင်ပုံတို့ကို သိရသော ကျွန်ုပ်ကား ကြောက်သွေးဝင်ကာ ရင်ခုန်နေတော့၏။

မိုးဦးကား ကျခဲ့ချေပြီ .. လယ်သမားကြီးနှင့် ကျွန်ုပ်မှာ လယ်ကွင်းသို့ ဆင်းလယ်ထွန်ကြရတော့၏။ ထိုအနီးတဝိုက် လယ်ထွန်ရသည်ကား ရေများမှာ နွားတကိုယ်လုံးမြုပ်လုနီးနီးပင်ဖြစ်လေသည်။ သို့ကြောင့် လယ်ထွန်ရသော အလုပ်ကား မသက်သာလှချေ။ အလွန်ပင်ပန်းလှ၏။ မည်မျှပင် ပင်ပန်း စေကာမူ ကျေးဇူးရှင်ကြီး၏ မယားငယ်နှင့် မတွေ့ရတော့ခြင်း ကြောင့် ကျွန်ုပ်မှာအတော်ပင် စိတ်သက်သာမိလေသည်။

ကျွန်ုပ်တို့ နှစ်ဦးစားရန် ထမင်းကို လှေငယ်တစ်စင်းဖြင့် အိမ်သို့ ပြန်၍ ယူရလေသည်။ ထိုကဲ့သို့ ပြန်ခဲ့တိုင်း



လည်း အဘိုးကြီး၏ မယားငယ်သည် ကျွန်ုပ်ထံသို့ ရောက်လာကာ စကားစရှည်တော့၏။ သူ့ကို တွေ့ရတိုင်း ကျွန်ုပ်ရင်တုန် မိ၏ ထို့ကြောင့်လည်း ကျွန်ုပ်သည် အိမ်သို့မပြန်တော့ပေ။ လယ်ကွင်းထဲမှာပင် အချိန်ကုန်စေတော့လေသည်။ ရေလှိုင်း ဂဏန်းဖမ်း ငါးများနှင့် စိတ်ကို ပျော်စေရတော့၏။ ထိုကဲ့သို့ ငါးများ ဂဏန်းဖမ်းနှင့် နေထိုင်စဉ် ကျွန်ုပ်ငယ်ငယ်ကနေခဲ့ပုံ တို့ကို သတိရမိလေသည်။ ထိုအခါကို မြင်ယောင်နေမိလေ ရာ တစ်ခါတရံ မျက်ရည်များပင် ကျလာမိလေသည်။ မိုးသား များကြောင့် ကောင်းကင်တပြင်လုံး မည်းမှောင်ကာ တဝီးဝီး မြည်ဟီးလျက် လယ်ကွင်းရှိ ရေပြင်ကြီးကို ဖြတ်တိုက်လာ သော လေသည်ကား ရေပြင်ကြီးကို လှိုင်းအလိပ်အလိပ် ထစေ လေသည်။ ထိုအချိန် ထိုအခါမျိုး၌ ကျွန်ုပ်၏ စိတ်တို့သည် လည်း ဘာကိုဟူ၍ အဓိကရည်ရွယ်ချက်မရှိဘဲ လှိုင်းများကဲ့ သို့ အလိပ်အလိပ်တက်လာလေသည်။

ထိုကဲ့သို့ ပျော်တခါလွမ်းတလှည့်နှင့် နေခဲ့စဉ် ကျွန်ုပ် အား မွေးစားသော ကျေးဇူးရှင်မိခင်ကြီးသေဆုံးသွားသဖြင့် ထိုအိမ်တွင် ဆက်လက်၍ မနေတော့ဘဲ ကြုံရာလှေကို ခင်မင် ပြီး မြစ်ကြီးချောင်းကြား မြို့ငယ်ရွာငယ်များကို လှည့်လည်၍ နေခဲ့လေသည်။ ထိုသို့နေရင်း ဘော့သပြေကန်ရွာသို့ အသိ တစ်ဦးနှင့်တွေ့၍ လိုက်သွားလေသည်။ ၎င်းဘော့သပြေကန် တွင် သူဌေးတစ်ဦး၏ အိမ်၌ သောင်တင်နေပြန်လေသည်။ ထိုအိမ်တွင် အိမ်ရှင်သူဌေး၏ သားတစ်ယောက်ကို အင်္ဂလိပ်စာ သင်ပေးရင်း တေးကဗျာရေးဖတ်ရင်းနှင့် အချိန်ကုန်ခဲ့လေသည်။ ထိုသူဌေးကြီး၌ လုံးကြီးပေါက်လှ ကိုယ်ပေါက် ကောင်းရောက်

www.burmeseclassic.com

www.burmeseclassic.com



ကောင်းလှသော သမီးတစ်ယောက်လည်းရှိလေသည်။ နီးကပ်စွာနေရသော ထိုသူဌေးကြီး၏ သမီးနှင့် ကျွန်ုပ်မှာ အချေကျတော့မည်ကဲ့သို့ပင်ဖြစ်လေသည်။ သို့သော် အကြောင်းမညီညွတ်ခဲ့ပေ ...။

ထိုသူဌေးကြီးအိမ်၌နေစဉ် ကျွန်ုပ်တွေ့မြင်နေရသည့်တို့ကား ထိုအိမ်မှာ အလှူအတန်းပြုပြီးနောက် ကြွင်းကျန်သော ဟင်းများကို နှစ်ရက်သုံးရက်တိုင် ထား၍စားခြင်း၊ ပန်းကန်ခွက်ရောက်တို့ကိုလည်း အတွင်းမှာသာဆေး၍ အပြင်၌မစင်ကြယ်ခြင်းမှစ၍ အခြားထူးခြားချက်တို့ကိုလည်း တွေ့ရလေသည်။ သို့တွေ့ရသော ကျွန်ုပ်စိတ်၌ ဘယ်လိုသူဌေးဘယ်လိုလူစားထဲကဟာတွေပါလိမ့်ဟု တွေးတောစပြုတော့လေသည်။ သို့သော် ဤအိမ်၏ အကြောင်းကိုကား ဘာမျှမသိရသေးပေ။

တစ်နေ့သ၌ မိတ်ဆွေတစ်ဦးနှင့်တွေ့ရာ ငှင်းကလက်တို့ကာ ခေါ်သွားပြီးလျှင် ခင်ဗျားဘာပြုလို့ ဒီအိမ်မှာနေရတာလဲ၊ ဒီအိမ်အကြောင်းမသိဘူးထင်တယ်ဟု ပြောလေသည်။ ကျွန်ုပ်က မသိကြောင်း၊ သိဖို့ရန် တစ်စုံတစ်ရာရှိကပြောပြစေလိုကြောင်း သိချင်ဇောဖြင့် တောင်းပန်လေသည်။

ဒီအိမ်ဟာ ကယ်ပါအိမ်ဗျ။ ခင်ဗျားကိုလဲ ကယ်ပါထဲသွင်းလိမ့်မယ်သတိထား။ ဒီတော့ ပြေးနိုင်မှလွတ်စေဆိုတာလို အချိန်ရှိတုန်း သုတ်ပေတော့ဟု မိတ်ဆွေက ပြောပြလေသည်။

ကျွန်ုပ်လည်း ရေခဲ့သော စာတိုစာစဟူသမျှကို ပိုက်ပြီး ထိုနေ့မှာပင် ရန်ကုန်သို့ သုတ်ခြေတင်ခဲ့လေတော့သတည်း။

## ၆။ တစ်ခွဲပြီးမှ ပြန်၍ ဆုတ်ခဲ့ခြင်း

ကန်စွန်းဥ၊ ပြောင်းဖူး၊ ကုလားပဲပြုတ်၊ ရေတို့ဖြင့် အသက်တာတ်မီးကလေးမငြိမ်းအောင် မွေးခဲ့ရခြင်း၊ လယ်တော၌ ပြုခဲ့သောကျမ်းကိုရောင်း၍မရခြင်း။ လခ(၃၀)ကျပ်နှင့် စာရေးအလုပ်ကို မမျှော်လင့်ဘဲရရှိခြင်း၊ ကြောက်ရသော မိန်းမတစ်ယောက်နှင့် တွေ့ရှိအတူနေထိုင်ရခြင်း၊ အလုပ်ကို စွန့်ပြီး သုံးဆယ်သို့ ပြန်လာခြင်း။

ရန်ကုန်သို့ ရောက်ခဲ့ပြီးနောက် အလုပ်အကိုင်ကလည်းမရှိ၊ ငွေကလည်း များများမပါခဲ့နှင့် အတော်ပင် ဆင်းရဲလေသည်။ ကျွန်ုပ်ဂျောင်ဝိုင်းလယ်သမားကြီးအိမ်၌နေစဉ်က အပြီးသတ်ခဲ့သော လောဂျစ်ကျမ်းကား တစ်စောင်တဖွဲ့ အပြီးအစီးရှိလေရာ၊ ထိုကျမ်းကိုပင် အားကိုးတော့အံ့ဟု စိတ်ကို ပိုင်းပြီးနောက် ထိုကျမ်းကိုရောင်းရလိုရောင်းရညား ဟံသာဝတီတိုက်၌ဝင်၍ ပြလေသည်။ ဝယ်လိုကရောင်းရန် အဆင်သင့်ဖြစ်ကြောင်း သူဌေးအားပြောပြလေသည်။ သူဌေးလည်း ကျွန်ုပ်၏ ကျမ်းကို တပေဘာက်၌ ကျွမ်းကျင်သည့် ဆရာကြီးများအားတင်ပြထားရာ နောက်ဆုံး၌ ဗုဒ္ဓဘာသာနှင့် ဆန့်ကျင်သည်ဟု တပေဆရာကြီးများ၏ ဆုံးဖြတ်ချက်ချထားခြင်းကြောင့် ငှင်းတိုက်သို့ နှစ်ခေါက်သုံးခေါက် သွားသော်လည်း အကျိုးမထူးတော့ပေ။ ငှင်းကျမ်းကို ကျွန်ုပ်ပြန်၍လည်း မရ။ ပုံလည်းမနှိပ်ခဲ့ရပေ။

ပိုက်ဆံကြေးငွေလည်း ကုန်ခဲ့လေပြီ။ အလုပ်အကိုင်ကားတစ်ခုမှမရသေး။ သို့ဖြင့် နောက်တစ်ကြိမ် ထိုတိုက်သို့ အလုပ်အကိုင် ကလေးများ ရလိုရညား သွားရောက်ပြီးလျှင်၊

www.burmeseclassic.com

www.burmeseclassic.com



စာများကိုမယူလျှင် အလုပ်တစ်ခုခုကို ပေးပါဟုစွန့်၍ ပြောမိလေသည်။ တိုက်ရှင်သူဌေး မစ္စတာရစ်ပလီသည် ပဏ္ဍုဘိနပ်၊ ခြေအိပ်အနီ၊ ဆံပင်ဆံတို၊ စွပ်ကျယ်အကျီနှင့် ပဒုမ္မာရင်ဖုံး အကျီ၊ အချိတ်လုံချည် နွမ်းနွမ်းနှင့်အသက်(၂၀)ကျော် တောသားကလေးကို ကြည့်ပြီးလျှင် ချက်ချင်းစမ်းသပ်ကြည့်ရှုရာ၊ သဘောကျသဖြင့် တစ်လ (၃၈)ကျပ်နှင့် ဘာသာပြန်အလုပ်ကို ပေးပြီးလျှင် တာမွေရပ်ရှိ ၎င်း၏ အိမ်သို့ခေါ်သွားလေသည်။ ထို့နောက် ၎င်း၏ခြံကြီးအတွင်းရှိ မြင်းဇောင်းအပေါ်ထပ်အခန်းတစ်ခုကို နေဖို့ပေးလေသည်။ ထမင်းကိုမူ အိမ်သားများ စားသော စားပွဲ၌ သူဌေးနှင့်အတူ စားရလေသည်။

ကျွန်ုပ်သည် ထိုအလုပ်ကို ရဖို့ရန် အလုပ်အကိုင်ရှာဖွေရာ၌ တွေ့ကြုံခံစားခဲ့ရသော ဒုက္ခလောက် တခါမျှ ဒုက္ခကြီး မတွေ့ခဲ့ဘူးသေးပေ။ အလုပ်အကိုင်ရှာဖွေရာ၌ ငွေကြေးမရှိသဖြင့် ထမင်းကို ဝယ်မစားနိုင်ခဲ့။ ကန်စွန်းဥ၊ ပြောင်းဖူး၊ ကုလားပဲပြုတ်၊ ရေတို့ဖြင့်သာ ဆာလောင်သော ဝမ်းကို ဖြည့်ခဲ့လျက် အသက်ဓာတ်မီးကလေးကို မငြိမ်းအောင် မွေးခဲ့ရလေသည်။ ထိုကဲ့သို့ ဖြစ်နေရာမှ ဟံသာဝတီတိုက်တွင် လခ (၃၀)ကျပ် အသားတင်ရသော အလုပ်ကိုရရှိသည့်အခါ "မရှယ်ဘဲနှင့် ဧော်ကဲမင်းဖြစ်" ဆိုသလို အဘယ်အခါမှ စာရေးဆရာ အလုပ်ကို လခနှင့် လုပ်ရမည်ဟု မထင်ခဲ့သူ ကျွန်ုပ်မှာ ထိုကြီးပေါက်သလိုဖြစ်၍ သွားလေသည်။



ထိုအခါက ဟံသာဝတီသတင်းစာတိုက်၌ အယ်ဒီတာမှာ ဆရာစောဖြစ်လေသည်။ နာမည်ကျော်ဆရာတိုင်းကြီးကား ရှိတော့ပြီ။ ထိုဖေါက်ကာ ကောင်းစား၍နေသဖြင့် အလုပ်မှ ထွက်၍နေလေပြီ။

ကျွန်ုပ်သည် တာမွေနှင့် ရန်ကုန်သို့ အသွားအပြန် အလုပ်လုပ်နေရလေရာ ခရီးပန်းလျက် ထရံတခါသွားလာရင်း အဖျားတက်နေတော့လေသည်။ သို့ကြောင့်လည်း မြင်းဇောင်းမှ သူဌေးကြီး၏ ဆွေမျိုးတစ်ဦး၏ နေအိမ်သို့ ပြောင်းရွှေ့နေထိုင်ခဲ့လေသည်။ ထိုအိမ်၌ အမယ်ကြီးတစ်ယောက်နှင့် သူ့သမီးတစ်ယောက် ပေါင်း နှစ်ယောက်သာ နေထိုင်လျက်ရှိလေသည်။ သူတို့ကား ရခိုင်လူမျိုးများဖြစ်ကြလေသည်။ လခထုတ်ခဲ့သော နေ့တစ်နေ့အိမ်သို့ ပြန်ရောက်သောအခါ အိမ်ရှင်အမယ်ကြီး၏ သမီးက လခဘယ်မလဲ ပေးဟု တောင်းသဖြင့် ပေးလိုက်ရလေသည်။

နောက်တစ်နေ့အလုပ်မှ အပြန် ရုပ်အကျီများ ခေါင်းပေါင်းများနှင့် အပေါ်အကျီတစ်ထည်ကို တစ်နေ့က ယူထားလိုက်သောငွေများထဲမှ ၎င်းအမယ်ကြီး၏ သမီးက ဝယ်ထားသည်ကို တွေ့ရလေသည်။ ကျွန်ုပ်သည် ထိုနေ့မှစ၍ ၎င်းမိန်းမကိုကြောက်၍ လာလေသည်။ ၎င်းအား ရဲရဲတင်းတင်း ပင် စကားမပြောဝံ့တော့ပေ။ အဘယ်လို မိန်းမလဲဟုသာ ကျွန်ုပ်စဉ်းစား၍နေမိလေသည်။ သို့သော်လည်း ၎င်းမိန်းမသည် ကျွန်ုပ်ကို တစ်စုံတစ်ရာမပြောသဖြင့် သူ၌ တကယ်စိတ်ကောင်းရှိ၍ ကျွန်ုပ်အား စောင့်ရှောက်ခြင်းဖြစ်သည်ကို သိရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သ၌ အလုပ်မှ ပြန်လာစဉ် လမ်း၌ များ၍ လာသဖြင့် အဘယ်သို့ သွားရောက်ရမည်ပင် မသိတော့ပေ။ ထိုအတွင်း ကံအားလျော်စွာ သုံးဆယ်မြို့မှ အသိသူငယ်မ ကလေးတစ်ယောက်နှင့် တွေ့ပြီးလျှင် သူကပင် ကျွန်ုပ်အား ငှင်းတည်းခိုနေထိုင်သော အိမ်သို့ ခေါ်ယူသွားပြီးလျှင် ပြုစု သဖြင့် အမျှားပျောက်ခဲ့လေသည်။ သို့သော် အလုပ်ကို ကားပြန် ၍ မဝင်တော့ပေ။ ✝အသိမိန်းမများ သုံးဆယ်သို့ ပြန်ခိုက် ကြုံသဖြင့် ကျွန်ုပ်လည်း ရပ်ရွာမရောက်သည်မှာ နှစ်ကာလ အတော်ကြာပြီ ဖြစ်သောကြောင့် ထိုလအတွက် လခကိုမျှမယူဘဲ အလုပ်ကို စွန့်ပြီး သူတို့နှင့်အတူပင် သုံးဆယ်သို့ လိုက်ပါ ခဲ့လေသတည်း။

---

✝ ဆရာပီမိုးနင်းသည် ဟံသာဝတီသတင်းစာတိုက်၌ ၆ လကြာမျှသာ အလုပ်လုပ်ခဲ့လေသည်။ ထိုသို့ ၆ လကြာမျှသာ လုပ်ခဲ့သော်လည်း စာပုံနှိပ်စက်လုပ်ငန်း စာအုပ်ထုတ်ဝေမှုလုပ်ငန်းတို့တွင် မျက်စိပွင့်လာခဲ့လေ သည်။ ဤအကျိုးကျေးဇူးကို ရှေ့အဖို့တစ်သက်လုံး ခံစားရသည်ဟု ဆိုရန်ရှိလေသည်။ ။ စာတည်း

၅။ ကြာကြာမနေရ ပြေးရပြန်ခြင်း

ဆရာအလုပ်ရခြင်း၊လူတစ်ယောက်ကို သွားတွက် အောင် မြင်နှက်ခြင်း ဘုန်းကြီးဖာသာပဲလဝါးက ကြိမ်းမောင်းခြင်း၊ သုံးဆယ်မှ ထွက်လာခဲ့ရပြန်ခြင်း။ ။

သုံးဆယ်မြို့တွင် ကျွန်ုပ်ကိုငယ်စဉ်ကပင် မွေးစားလာ ခဲ့သော ဖါသာပဲလဝါးထံ ပြန်၍သွားပြီးလျှင် ၎င်း၏ အာရ်စီအင်(မ်)ကျောင်း၌ပင် ကျွန်ုပ်သည် လူပိုအဖြစ်နှင့် နေခဲ့ သေသည်။ တခါတရံ၌လည်း အာရ်စီအင်(မ်)ကျောင်းမှာပင် ကျောင်းဆရာလုပ်ကာ အတန်းပြရလေသည်။

တစ်နေ့သ၌ ကျွန်ုပ်တို့ ကျောင်းဆရာများအား လူတစ်ယောက်သည် မိန်းမတစ်ဦးနှင့် သက်သာမကောင်းရှိပြီးလျှင် ကျွန်ုပ်တို့ဆရာတစ်စုနေသောအခန်းသို့ ခဲနှင့်ပစ်ပေါက်လေ သည်။ ထိုအခါ ကျွန်ုပ်သည် ကျွန်ုပ်၏ မိတ်ဆွေဆရာ တစ်ယောက်နှင့် မြို့ထဲသို့လျှောက်ခါ ခဲမိုးရွာစေသူကို လိုက်၍ ရှာလေသည်။

များမကြာမီပင် ထိုသူအား တွေ့လေရာ တွေ့သည့် နေရာတွင်ပင် စကားများပြီး ကျွန်ုပ်သည် လက်တွင် ကိုင်စွဲ ခဲ့သော ရင်းတိုက်နှစ်တုတ်နှင့် ထိုသူ၏ နားထင်ကို ရိုက်လိုက်ရာ ထိုသူမှာ တချက်တည်းနှင့်ပင် တုပ်တုပ်မျှမလှုပ်ပုံလျက်သား လဲကျသွားလေသည်။ ထိုသို့အလဲတွင် ကျွန်ုပ်လည်း အခဲမကျေ သိုင်းလဲနေသူကို ဆင့်ကာဆင့်ကာ ရိုက်သောအခါ အရိုက်ခံရသူ

www.burmeseclassic.com

www.burmeseclassic.com



ကား သွေးရဲရဲသန်ရဲရဲဖြစ်ကာ အသေလိုဖြစ်၍သွားလေသည်။ ထိုအခါပါလာသော တပည့်တစ်ယောက်က ဆရာ..တော်.. တော်..သေပြီထင်တယ်။ ဆရာသွားပေတော့ဟု ကျွန်ုပ်အား ပြောဆိုတွန်းဖယ်သဖြင့် ကျောင်းသို့ပြန်လာပြီး အိပ်လေသည်။

နံနက်မိုးလင်းသောအခါ ကျွန်ုပ်အား လူတစ်ယောက် လှုပ်၍ နှိုးနေသဖြင့် မျက်လုံးကို ဖွင့်ကြည့်လိုက်ရာဖာသာပဲလဝါးကို တွေ့ရလေသည်။

ဖာသာပဲလဝါးလည်း ကျွန်ုပ်အား ဂရုဏာ ဒေါသရောပြွမ်းကာ မင်းညကဘာလုပ်ခဲ့သလဲသိရဲ့လား။ မင်းအခုထောင်ကျတော့မယ်။ မင်းဟာ ငါ့ကို အမင်္ဂလာသက်သက် ဒုက္ခပေးရအောင် ပြန်လာတာလား။ ခုဘယ်ကိုမှ မင်းမသွားနဲ့အုံး။ ငါပြန်မလာမချင်း ဒီမှာစောင့်နေဟု ပြောဆိုမာန်မဲကာ ထွက်၍သွားလေသည်။

ငှင်းသည် ဆေးရုံသို့သွားပြီး အဘယ်သို့ စီမံသည်မသိရ။ အမှုပေါ်ဖို့ရန် လမ်းရှိသမျှ လုပ်ဟန်တူလေသည်။ အရိုက်ခံရသူမှာ သွားတွေထွက်၍ကုန်ရာ၊ ဖာသာပဲလဝါး၏ ဆောင်ရွက်ချက်အရ လူကြီးချင်း တောင်းပန်သဖြင့် ငြိမ်အေး၍ သွားလေသည်။ ဖာသာပဲလဝါးမှာ လူချစ်လူခင် လူပေါင်းကောင်း မင်းပိုင်း၊ စိုးပိုင်း၊ ကိုလည်း ပေါက်ရောက်သော ဘုန်းကြီးဖြစ်၍ သာ ကျွန်ုပ်မှာ ထောင်နှင့်ဝေးခဲ့ခြင်းဖြစ်လေသည်။

ဖာသာပဲလဝါးသည် ထိုညဉ့်ပင် ကျွန်ုပ်အား ခေါ်၍



င်းသုံးဆယ်မှာနေရင်တော့ ဟိုလူ့သူငယ်ချင်းတွေရဲ့ လက်ချက် နဲ့ သေမှာဘဲ။ သုံးဆယ်သားတွေက သတ်လိမ့်မယ်။ ဒီတော့ င်းဒီမှာ မနေနဲ့။ ဟသ်ာတ ဓမ္မိကိုကျောင်းဆရာအလုပ်နဲ့ဘဲ သွား။ ဟိုကကျောင်းအုပ်နှင့် ငါစီမံပေးမယ်။ ဟိုရောက်ရင်သာ အောင်းကောင်းနေပါဟု ပြောဆိုဆုံးမကာ ဓမ္မိသို့ ကျွန်ုပ်ကို လွှတ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

## ၈။ အကြိုက်နှင့်တွေ့ခြင်း

မီးရထားတွဲထဲတွင် တွေ့မြင်လိုက်မိသော မိန်းမပျိုကို ချစ်ကြိုက်စွဲလန်းစိတ်၊ အလုပ်ကိုပစ်ပြီး ရည်းစားကိုရအောင် ကြံခြင်း၊ လူတစ်ယောက်ကို ဦးကြီးဟန်ဆောင်စေပြီး မိန်းမတောင်းခြင်း၊ ဘိန်းစားရေးလုပ်ခြင်း၊ တစ်ရွာလုံးဝိုင်းလိုက်၍ သေလုမြောပါးပြေးရခြင်း၊ နတ်ရဲညောင်ပင်ပေါ်တက်အိပ်ရခြင်း၊ သားတစ်ယောက်ရ၍ အလုပ်ထွက်လိုက်ခြင်း၊ ခနောင်၌ ဝန်ရှိက မကျွတ်လွတ်နိုင်သေး၍ မသေခဲ့ခြင်း၊ မင်းလုနှင့် သုံးဆယ် သို့ရောက်ခြင်း။ ။

သုံးဆယ်မှ မီးရထားစီးလျှက်လိုက်ပါလာရာ ဟသ်ာတ ဘူတာသို့ ရောက်၍ ဓမ္မိသို့ထွက်မည့် ရထားပေါ်သို့ တက်ရောက်ခဲ့လေသည်။ ကျွန်ုပ်တက်သွားသော တွဲထဲ၌ ကျွန်ုပ်နှင့်ရွယ်တူ မိန်းကလေးတစ်ဦးကို တွေ့ရှိသဖြင့် ငါဒီတွဲကို တက်ခဲ့မိတာ ကံကောင်းတာဘဲဟု တကိုယ်တည်း သဘောကျကြီး ကျနေမိလေသည်။ တစ်လမ်းလုံး ထိုမိန်းမပျိုကလေးကို မျက်စိကစားကာ အဲခတ်ရင်းလိုက်ပါခဲ့လေသည်။ သူကလေး၏ ရိုးသားသော ဝတ်စားဆင်ယဉ်ပုံနှင့် စိုပြေကျန်းမာတောင့်တင်းစွာသော ကိုယ်လုံးကိုယ်ပေါက်ကိုမြင်ခြင်းအားဖြင့် ဇာတာကမှန်းကောင်းစွာ သိနိုင်လေသည်။

သူ၏ အဖေါ်တစ်စုနှင့် စကားပြောနေကြသည်ကို ဂရုတစိုက်နားစွင့်ပြီးထောင်ခဲ့ရာ စကားကို ပြတ်ပြတ်သားသား ဘွင်းဘွင်းနှင့် ရိုးရိုးသားသား ပြောသည်တို့ကို ကြားရခြင်းဖြင့် အလွန်ရိုးသားသူတစ်ယောက်ဟု သိနိုင်လေသည်။

ကျွန်ုပ်ကား သူကလေးအား အလွန်သဘောကျလေ



ရာ သဘောကျ၍လည်း မကြာခဏကြည့်မိ၏။ ကြည့်၍မြင်ဆိုင်းလည်း ပိုမိုသဘောကျကာ ချစ်ချင်လာတော့၏။ သို့ကြောင့်သည်း ငါသွားရမည့် ဓမ္မိကပင် ဖြစ်ပါစေဟု တလမ်းလုံး ဆုတောင်းနေမိလေသည်။

ကျွန်ုပ်၏ ဆုတောင်းချက်ကား ပြည့်ချေပြီ။ ဓမ္မိသို့ ရထားဆိုက်လျှင် သူတို့တစုလည်း အထုပ်အပိုးတို့ကို ဆွဲငင်ကာ ရထားမှဆင်းကြလေသည်။ သူကလေးအား စွဲမှန်းမသိအစွဲကြီးစွဲခဲ့ပြီဖြစ်သော ကျွန်ုပ်ကား သူကလေး၏ နေထိုင်ရာအိမ်ကို သိလိုခြင်းကြောင့် သူတို့နှင့် မလှမ်းမကမ်းမှ မသိမသာလိုက်လေတော့၏။ ဘုရားတန်းဟု ခေါ်သောအရပ်သို့ ရောက်သော် အိမ်ကြီးတစ်အိမ်ပေါ်သို့ တက်သွားသည်ကို မြင်ရလျှင်အင်း...ဒီအိမ်ကကိုးဟု အမှတ်ထားလိုက်ကာ ကျွန်ုပ်သွားရမည့်အတွက် စဉ်းစားမိတော့၏။

သို့သော် ထိုမျှလောက် ကျွန်ုပ်စွဲလမ်းချစ်ကြိုက်နေပြီဖြစ်သော သူကလေးနှင့် အဘယ်မှာ ဝေးဝေးကွာလှမ်းစွာနေနိုင်ပါမည်နည်း။ ကျွန်ုပ်ဆရာလုပ်ရမည့်ကျောင်းသည်ကားမြို့အပြင်ခရီးတစ်မိုင်ဝေးသောနေရာ၌ ရှိလေသည်။ ထိုနေရာသို့ ချက်ချင်းမသွားသေးဘဲ ထိုအရပ် ထိုအိမ်ကြီးနှင့် မနီးမဝေးတွင် လိုက်ရှာရာ ထိုအိမ်ကြီးနှင့် မျက်စောင်းထိုးရှိ ကာရင်ရုပ်ဆိုင်တစ်ခုကို တွေ့လေသည်။ ကျွန်ုပ်လည်း ၎င်းရုပ်ဆိုင်တွင်ပင် တည်းခိုနေထိုင်လေသည်။

နောက်တစ်နေ့ ကျောင်းသို့ သွားရောက်ခါ ဖာသာပဲ သဝါးက ဤကျောင်းတွင် ဆရာလုပ်ရန် လွှတ်လိုက်ကြောင်းနှင့် ကျောင်းအုပ်ကြီးအား ပြောပြလေသည်။ ကျောင်းအုပ်ကြီး

www.burmeseclassic.com

www.burmeseclassic.com



သည် ကျွန်ုပ်အား ဆရာအလုပ်ကို ချက်ခြင်းပေးသည်သာမက ကျောင်းတွင်နေရာခန်းနား လုံလောက်စွာရှိသဖြင့် နေလိုက နေနိုင်ကြောင်း ကျွန်ုပ်အား ပြောကြားလေသည်။

ကျောင်းတွင်နေပါက ရထားပေါ်၌တွေ့ခဲ့ရပြီး၊ အစွဲကြီးစွဲခဲ့သော မိန်းမပျိုကလေးနှင့် ဝေးတော့မည်ကြောင့် ကျောင်းအုပ်ကြီးအား ကျေးဇူးတင်စကားပြောကြားပြီးနောက် အပြင်မှပင် ကျောင်းတက်မည့်အကြောင်းကို ပြောပြကာ ဘုရားတန်းရပ်ကွက်၊ ရှပ်ဆိုင်၌ပင် ဆက်လက်၍ နေလေသည်။ ထိုကျောင်း၌ ဆရာလုပ်စဉ် ကျွန်ုပ်ရရှိသော လခမှာ တစ်လ (၄၀)ကျပ် မျှသာ ဖြစ်သော်လည်း ထိုအရပ်တွင် ကျွန်ုပ်မှာ အကောင်ပင် မျက်နှာပွင့်လန်းခဲ့လေသည်။ ထိုအရပ်တွင် ကျွန်ုပ်၏ လခ (၄၀)ကျပ်မှာ အခြား၌ ကုန်စရာမရှိ ထန်းရည်ဆိုင်၌သာ သုံးစရာ နေရာရှိလေသည်။ ထိုအရပ်သည် ထန်းရေဂဇော်ပေါ်များလျက် လွန်စွာအောင်မြင်သောနေရာဖြစ်လေရာ ချက်အရက်လည်း နေရာတိုင်းမှာ ရနိုင်သဖြင့် လခ (၄၀)ကျပ်အတွက် သုံးဖို့ရာ နေရာ လုံလောက်စွာ ရှိသည်ကို တွေ့ရလေသည်။ သို့အတွက် ကျောင်းမှရသည့် လခများကို ထန်းရည်အရက်ဂဇော်ထဲမှာ သုံးလျက် ကုန်ကျခဲ့လေသည်။

ထိုအတွင်း ရထားပေါ်၌ တွေ့ခဲ့သော မိန်းမပျိုကလေးနှင့် သမီးရည်စားအတည်တကျ ဖြစ်ခဲ့လေပြီ။ အတန်ကြာသောအခါ ရည်စားအတွက် အလုပ်ပျက်ကာ တစတစ ကျောင်းနှင့်ဝေးပြီး ရည်းစား၏ အိမ်ပေါ်သို့ ကျွန်ုပ်ရောက်မှန်းမသိ ရောက်ခဲ့လေသည်။ သို့ရောက်၍နေသော်လည်း တစ်စုံတစ်ရာ ဖြစ်သည်မဟုတ်ပေ။



ထိုကဲ့သို့ အိမ်ပေါ်ရောက်ခဲ့သော်လည်း လွယ်လွယ် မဟုတ်ပေ၊ ကျွန်ုပ်အတွက် ရန်အလွန်များလှလေသည်။ န်ုပ်၏ ရည်စားသည်မှာ ထိုရပ်ရွာထဲတွင် နာမည်ရ အချော မိန်းမကလေးတစ်ဦးဖြစ်လေရာ ကျွန်ုပ် ရောက်မလာမီက ထိုမိန်းမချောကလေးအား ပိုးပန်းကြသူတို့ မြောက်မြား ရှိလေသည်။ ယခုကဲ့သို့ ကျွန်ုပ်နှင့် ချစ်ကြိုက်၍ နေကြ ည်သာမက ဘာမျှ မတော်ရသေးပါဘဲလျက် အိမ်ပေါ်သို့ က်နေခြင်းကို ထိုနောက်ပိုးကာလသားတို့ကား ကျွန်ုပ်အား ွာ ဝန်တိုမနာလိုဖြစ်ကာ၊ ရန်မူရန်တုတ်တပြက်ခါးတပြက် နေလေသည်။

သို့ကြောင့် ရည်စားသည်အား ကျွန်ုပ်နှင့် ခိုးရာလိုက် ူဆာလေသည်။ သို့သော် သူတို့အမျိုးတွင် ခိုးရာလိုက်ဘူး ရှိကြောင်း သို့အတွက် မိဘဆွေမျိုးဂုဏ်ကို မဖျက်လို ောင်းရမ်းယူဖို့ရန် ကျွန်ုပ်အား တောင်းပန်ရှာလေသည်။ န်ုပ်၏ မိဘဆွေမျိုးများမှာ သုံးဆယ်တွင်သာ ရှိကြလေရာ န်ုပ်ကဲ့သို့ လေလွင့်နေသော သူတစ်ယောက် မိန်းမရဖို့ ရေးကို မည်သူမျှ ထိုမျှဝေးလန်သော ခရီးကြီးကို အပင် န်းခံကာ လာရောက်တောင်းရမ်းပေးမည် မဟုတ်ကြောင်း န်ုပ်ကောင်းစွာ သိလေသည်။ သို့အတွက် ကျွန်ုပ်သည် သာတမြို့ရှိ အသိအဘိုးကြီး တစ်ယောက်အား ဦးကြီး နှဆောင်ကာ ထိုမိန်းမကို လိုက်လန်တောင်းပေးပါရန် အသိ ဘိုးကြီးအား တောင်းပန်ရလေ၏။ အဘိုးကြီး လိုက်လန် ာင်းပြီးနောက် အသိမိတ်ဆွေ အချို့တို့ကို လွှက်ရည်တိုက် ူခြင်းအားဖြင့် မင်္ဂလာကိစ္စပြီးစီးသကဲ့သို့ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်ရာမှ တဖြည်းဖြည်းအတည်တကျ အကြင်လင်မယား ဘဝသို့ ရောက်ခဲ့လေသည်။

သူကလေးနှင့် အတည်တကျ လင်မယားဘဝသို့ ရောက်ခဲ့သော အချိန်၌ ကျွန်ုပ်တွင် ဘာအလုပ်မျှမရှိချေ။

ကျွန်ုပ်မှာ ကာလအတော်ကြာသည့်တိုင်အောင် အလုပ်လက်မဲ့တစ်ယောက် ဖြစ်နေလေသည်။ ထိုအရပ်တွင် လုပ်စရာအလုပ်လည်း ဘာမျှမရှိပေ။ ယောက္ခမကြီးများမှာ လယ်ယာချောင်းမြောင်းရှိသဖြင့် ကျွန်ုပ်အလုပ်မလုပ်သော်လည်း အရေးမကြီးပေ။

ထိုကဲ့သို့ နေရာမှ အင်္ဂပူမြို့ ဘိန်းကုမ္ပဏီထောင်သူက မိမိ၏ ဆိုင်၌ စာရေးတစ်ယောက်လိုနေသဖြင့် ကျွန်ုပ်အား ခေါ်ယူအသုံးပြုလေသည်။ ၎င်းကုမ္ပဏီမှာ ဘိန်းဆိုင်၊ ထန်းရည်ဆိုင်၊ ကဖော်ဆိုင်ဟု ဖိုခနောက်ဆိုင် ၃ ဆိုင်ရှိလေရာ ဘိန်းဆိုင်၌ အလုပ်လုပ်သော ကျွန်ုပ်သည် ကဖော်ဆိုင်၌ ထမင်းစား၍ ထန်းရေဆိုင်၌ အိပ်ခဲ့ရလေသည်။

ကျွန်ုပ်အိပ်ရာ၏ ခြေရင်း၌ ထန်းရေစဉ်အိုးကြီး ၂လုံး ရှိလေသည်။ နံနက်တိုင်း အိပ်ရာမှ နိုးသည့်အခါ ထိုထန်းရေစဉ်အိုးကြီး ၂လုံးမှာ ခေါင်းပေါင်းဖြူ ပေါင်းလျက် တွေ့ရလေသည်။ ခေါင်းပေါင်းဖြူဆိုသည်မှာ ထန်းရေ ပြည့်လျှံလျက် အမြှုပ်တွေ ဖွေးဖွေးဖြူအောင် တက်၍ နေခြင်းကို ဆိုလိုလေသည်။

ထိုအရပ်၌ ထန်းပင်များ ပေါများလေရာ ထိုဆိုင်မှ ရောင်းသော ထန်းရေတို့သည် ရန်ကုန်ဆိုင်များမှ ထန်းရေများကဲ့သို့မဟုတ်၊ အရောအနှောမရှိ အပင်မှကျသည့် ပကတိပင် ကျရေအစစ်များဖြစ်လေသည်။ သို့ဖြစ်လေရာ ကျွန်ုပ် ထန်းရေ



သို့ ကဖော်တို့ စွဲသည်မှာ အံ့သြစရာမဟုတ်ပေ။ ဘိန်းမှာ အနေ့လုံး တစ်ယောက်ပြီးတစ်ယောက် လှီးဖြတ်နေရာ ဘိန်းစိမ်းများကို လက်နှင့်ဆုပ်ကိုင်ခါ နမ်းရှူ့သောအလေ့ဖြစ်၍နေလေသည်။ ထိုဆိုင်၌ ဘိန်းလိုင်စင်ယူသူတို့၏ထံမှ တစ်နေ့လျှင် ငါးကျပ်တစ်ဆယ်ရရှိလေသည်။ ထိုအခါတွင် ကျွန်ုပ်မှာ အလွန် ပျော်ပိုက်လျက် ငွေသည်ကား ထူးဆန်းသော အရာမဟုတ်တော့ပေ။

ထိုအလုပ်ကို လုပ်ခဲ့သောနေ့မှစ၍ မိန်းမထံသို့ တနင်္ဂနွေ တပတ်သာ ပြန်ရလေသည်။ ပြန်ရသည့်နေ့မှာလည်း တနင်္ဂနွေနေ့ဖြစ်ရာ စနေနေ့ နေစောင်းလေ မိန်းမထံသို့ပြန်ရန် အချိန်နီးလေးဖြစ်ရာ ဝမ်းအသာကြီး သာလျက် နေတော့လေသည်။ ညနေ အလုပ်ပြီးသည်နှင့် ကျောင်းဆင်းခဲ့သော ကျောင်းသားငယ်ကဲ့သို့ အမြူးကာ အိမ်သို့ ပြန်ရန် မီးရထားအမှီ ဘူတာသို့ သုတ်ခြေတင်ခဲ့လေသည်။ လခထုတ်ပြီးသည်နှင့် ကြုံကြိုက်သော တနင်္ဂနွေနေ့တို့၌ အိမ်သို့ ပြန်ရသည်မှာ အလွန့်အလွန် ဝမ်းမြောက်ပျော်ရွှင်လေသည်။ အဘယ်သူ မပျော်ဘဲရှိပါအံ့နည်း။

ကျွန်ုပ်အလုပ်လုပ်သော ဘိန်းဆိုင်မှာ အစိုးရဆိုင်ဖြစ်လေရာ တစ်နေ့သောအခါ ဘိန်းများကို စစ်ဆေးရန် ဘိန်းယစ်မျိုးဝန်ကလေးတစ်ဦးနှင့် နောက်ပါတစ်စုတို့ ကျွန်ုပ်တို့၏ ဘိန်းဆိုင်သို့ ရောက်လာကြလေသည်။ ဝန်ကလေး၏ နောက်လိုက်များမှာ ဘီရာတစ်ဒါဇင်ကျော်ကျော်မျှ ပါလာသည်ကို တွေ့ရလေရာ ဆိုင်ရှိ ဘိန်းများကို စစ်ဆေးပြီးနောက် ကျွန်ုပ်တို့ တစ်စုသည် ဘီရာများကို သောက်စားပျော်မြူးကြလေသည်။ ထိုနေ့

www.burmeseclassic.com

www.burmeseclassic.com



ညဥ့်နေက ဘီရောနှင့်ကဖော် ရောပြွမ်းလျက်သောက်ပြီးနော မိုးကလေးတစ်ဖိမ့်ဖိမ့်ရွာသွန်းလာရာ ကျွန်ုပ်ကား ထိုမျှလော မိုးကလေးကို ဂရုမစိုက်၊ သို့ကြောင့်လည်း အဘယ်ကိုဟူ ရည်ရွယ်ချက်မရှိဘဲ တဖျောက်ဖျောက်ရွာသွန်းနေသော အောက်၌ ဝေနရေကာတာကြီးတလျှောက် မြောက်ဘက်သ လျှောက်၍လာခဲ့လေသည်။ သို့သွားရာ တံတားကြီးတစ်ခု ရောက်ခဲ့ပြီးလျှင် ထိုတံတားမှ ပျဉ်ငယ်တချပ်ဖြင့် ဆက်စပ်လျ ရှိသော အိမ်ဟာအိမ်ထဲသို့ ဝင်သွားနေမိလေသည်။ အဘယ် ကြောင့် ထိုအိမ်ယဲသို့ ဝင်ခဲ့သည်ကိုကား ကျွန်ုပ်မသိ ခြေ တည့်ရာ ဝင်ခဲ့မိတန်ရာသည်ဟု ကျွန်ုပ်ထင်မိလေသည်

ခြေဦးမတည့်၍ ဖဝင်ဇီပေကဲ တော်မပေသာ အကြောင်းမှုကား ကျွန်ုပ်ထိုအိမ်ထဲသို့ တလှမ်းနှစ်လှမ်းဝင် သည်နှင့်တပြိုင်နက်တချက်ထည်း အိမ်ရှင်သည် မောင်းထု ရွာသားများကိုခေါ်လေရာ။တဒူ–ဒူနှင့် မရပ်မနားမြည်နေတေ လေသည်။ထိုမောင်းသံကြောင့်ရွာသားများကားမီးတုတ်–ဓါး လက်နက်ကို့ကို ကိုင်စွဲလျက် ယုံအိမ်ဆီသို့ စုရုံးပြေးလွှား ကြလေပြီ။

ထိုအခါမှ ထိုအိမ်ရှင်အဘိုးကြီးသည် ကျွန်ုပ်အား ဆိုးအထင်ဖြင့် “မောင်းထုမှန်းသိရဲတော့ကာ” အသက်အော အတွက် ဖနောင့် တင်ပါးတသားတည်းကျအောင် ပြေးရ တော့သည်။ ဤအခါကပြေးခဲ့ရသလောက် မြန်အော ကျွန်ုပ်ကားယနေ့ တိုင်တခါမျှမပြေးဘူးခဲ့ပေ။ပြေးနိုင်မည်လည် ကျွန်ုပ်မယင်မိ။ ပြေးလည်းမပြေးလိုပေ။



ထိုအခါမှ ကျွန်ုပ်မှာမပြေးလျှင်သေဖို့ရှိတော့လေရာ သေဖို့ကိုလည်း အလိုမရှိသဖြင့် ပြေးနိုင်သမျှတအား ကုန်းပြေး ရခြင်း ဖြစ်လေသည်။ ထိုသို့ ပြေးသော်လည်း နောက်ဆုံး လွတ်ပုံမပေါ်သောအခါ ကျွန်ုပ်သည် ရှေ့သို့ဆက်၍မပြေးဝံ့ မပြေးနိုင်တော့ဘဲ တံတားကြီးနံဘေးရှိ တောခြုံကြီးများထဲသို့ ဝင်ရောက်ပြေးလွှား ပုံးအောင်းနေရလေသည်။ လိုက်လာသော ရွာသားများသည် ထိုအနား၌ရပ်ကာ အတန်ကြာလိုက်၍ ရှာကြသေးသော်လည်း မမြင်မတွေ့ရသဖြင့် လှည့်၍ပြန်သွား ကြသည့်အခါတွင်မှ ကျွန်ုပ်မှာ အပြင်တံတားကြီးပေါ်သို့ ပြန်၍တက်ရဲလေတော့သည်။

ထိုအချိန်တွင် ကျွန်ုပ်မှာ အမူးပြေသလောက် ပြေလေ ပြီ။ ခြုံများထဲတွင် ပုန်းအောင်းနေစဉ်က အိမ်ရှင်လူကြီး၏ လက်ချက် ဖြင့် အသက်ထွက်မတတ် ပြေးလွှားလာခဲ့ရသဖြင့် ၎င်းအား အတော်နှစ်နှစ်ကာကာဆဲရေးမိလေသည်။ ဤတသက် တွင် ဤမျှလောက်မြိန်ရေရှက်ရေ တခါမျှမဆဲရေးခဲ့ဘူးပေ။

တံတားကြီးပေါ်မှ အင်ပူဘက်သို့ ပြန်လာရာ ရွာသား များမှာ အိမ်ရှင်လူကြီး ကြောက်လန့်သော လူဆိုးသူခိုး (ကျွန်ုပ်) ကိုရှာမတွေ့တော့သဖြင့် လူစုခွဲကာ ပြန်ကြလေပြီ။ ထိုအချိန်၌ မိုးလည်း အတော်အတန်စဲခဲ့လေပြီ။ သို့ကြောင့် ကျွန်ုပ်လည်း တောအုပ်မှထွက်ကာ ဘိန်းဆိုင်သို့ တောစပ်မှကပ်ကာ လျှောက်ခဲ့လေသည်။

အင်ပူအနီး၌ တစ္ဆေခြောက်သည်ဟု အလွန်နာမည် ကျော်ကြားသော နတ်ရဲညောင်ပင်ကြီး တပင်ရှိလေသည်။ ကျွန်ုပ်

www.burmeseclassic.com

www.burmeseclassic.com



ကား ထိုညောင်ပင်ကြီးကိုလည်း မတွေးနိုင်။ မောလှသဖြင့် အိပ်ချင်စိတ်သာ ပြင်းပြနေတော့လေသည်။ သို့ကြောင့်လည်း ကျွန်ုပ်သည်မြို့သို့ အရောက်မပြန်တော့ဘဲ ထိုညောင်ပင်ပေါ်သို့ တက်ကာ အိပ်လေတော့သည်။ သူရဲခြောက်သော ညောင်ပင်ဟူ၍လည်း သတိမထားနိုင်တော့ပေ။ ထိုနေရာသို့ မည်သည့်နည်းနှင့် ရောက်နေသည်ကိုလည်း မသိရပေ။ မောပန်းနေသည်ကတကြောင်း အမူးကလည်း ကောင်းစွာ မပြေလှသေးသည်ကတကြောင်း ချက်ခြင်းပင် အိပ်ပျော်သွားလေတော့သည်။ မည်မျှကြာအောင် အိပ်ပျော်နေသည်ကိုကား-ကျွန်ုပ်မသိရ။ တစုံတခု ကျွန်ုပ်ကိုယ်ကို အရှိန်တော်ဟော် ပြင်းပြင်းကလေးနှင့် ထိတော့မှ မျက်လုံးကို ဖွင့်ကြည့်မိလေသည်။ သို့ဖွင့်ကြည့်လိုက်ရာ ဘိန်းဆိုင်ထိုင်အရာရှိနှင့် အဖော်တစုတို့ မီးအိမ်မီးခွက်များနှင့် ကျွန်ုပ်အား ခဲနှင့်ပေါက်ကာ နှိုးနေကြသည်ကို သိရတွေ့မြင်ရတော့လေသည်။ ကျွန်ုပ်သည် သစ်ပင်ပေါ်မှဆင်းလာခဲ့ကာ ၄င်းတို့နှင့် အင်္ကျီသို့ ပြန်လိုက်သွားလေသည်။

တရွာလုံးက အထင်ကြီးနေသော အကြင်ညောင်ပင်စောင့် ဘီလူးကား ရွာသားများအထင်ကြီးသကဲ့သို့ မရှိမှု၍ပင်လော၊ ကျွန်ုပ်မူးနေသူမှန်း ထိုသူရဲကသိနေသဖြင့် ကျွန်ုပ်ကို သူရဲကတပြန် ကြောက်ပြီးလျှင် မခြောက်ရဲ၍ပေလား ကျွန်ုပ်မသိရ။ သို့သော် ကျွန်ုပ်အား ထိုသူရဲမခြောက်သည်ကား အမှန်ပင်။ သို့ကြောင့်ပင်လည်း အသက်နှင့်ကိုယ်မြဲကာ ကျွန်ုပ်၏ ဆိုင်သို့ ချောမောစွာပြန်လည် ရောက်ရှိခဲ့လေသည်။

ထိုဘိန်းဆိုင်တွင် လပေါင်းအတော်ကြာမြင့်စွာ



လုပ်ကိုင်ခဲ့လေသည်။ ယခုအခါ၌ ကျွန်ုပ်ကား အလုပ်ခွင်တွင် မပျော်ပိုက်တော့ပေ။ အိမ်သို့သာလျှင် ပြန်ချင်နေလေသည်။ တနင်္ဂနွေတပါတ်လျှင် တခါမျှ ပြန်ရသည်ကို ကြန့်ကြာသည်ဟု ထင်မိ၏။ (၇)ရက်စေ့လျှင် တကြိမ်မျှ ပြန်ရဖို့ကို (၇)ရက်ပတ်လုံး မျှော်စိုက်လျက် နေရလေသည်။ ရက်တို့ အကုန်မြန်စေရန်သာ စိတ်အားထက်သန်နေလေသည်။ ပြန်ရမည့် တနင်္ဂနွေနေ့ကိုသာ ရောက်ပါစေတော့ဟု နေ့စဉ် ဆုတောင်းနေမိလေသည်။ ယခုမှ ဤမျှပြန်ချင်ဇောကြီး နေရခြင်းမှာ ကျွန်ုပ်၏ မိန်းမ၌ လစေ့ရက်စေ့ ကိုယ်လေးလက်ဝန်ရှိနေခြင်းကြောင့်ပင် ဖြစ်လေသည်။ ကျွန်ုပ်၏ မိန်းမမှ သားဦးယောကျ်ား (မောင်ကျော်စိုး)ကို ဖွားမြင်သည့်အခါတွင်မူ၊ ကျွန်ုပ်ကား အလုပ်ခွင်တွင် မပျော်ပိုက်နိုင်တော့ပေ။ တခါတည်း အလုပ်ထွက်ခါ ၄င်းတို့သားအမိရှိရာသို့ ပြန်ခဲ့လေသည်။

သို့ဖြင့် အလုပ်အကိုင်မရှိဘဲ အိမ်တွင် ၄-၅-၆လ နေခဲ့ပြီးနောက် အပေါင်းအဖော်များ၏ ခေါ်ငင်ချက်အရ ကနောင်မြို့သို့ ရောက်သွားပြန်လေသည်။ ၄င်းမြို့၌သူငယ်ချင်း တစ်ဦး၏ အိမ်တွင် တလမျှ ကြာမြင့်ခဲ့ပြန်လေသည်။ ထိုကနောင်မြို့တွင် သေဖို့ကြုံခဲ့လေသည်။ ထိုစဉ်အခါကသာ သေခဲ့ပါမူ မိုက်သောဘဝကို တိုတိုနှင့်တုံးစေမည်သာမက ယခုကဲ့သို့ ဆင်းရဲလှသောဘဝတွင် ကြာရှည်စွာ ဒုက္ခကြီးခံပြီး နေရမည် မဟုတ်ချေ။ သို့သော် ကျွန်ုပ်ခံရမည်ဖြစ်သော ဝဋ်ကြွေးကား မကုန်ခဲ့။ ခံနေရဦးမည်ဖြစ်၍ ထိုစဉ်က မသေခဲ့ချေ။ မသေ၍လည်း ကျွန်ုပ်ဆင်းရဲဒုက္ခဝဋ်ကြွေးကို ခံနေရပြီ မဟုတ်ပါလော။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၏ မိုက်ပြစ်နှင့် ကျွန်ုပ်ဆင်းရဲဒုက္ခ ခံရမည်ကိုကား မရှောင်းတာလှ၊ မကြောက်လှပေ။ သို့သော် ရှေ့လျှောက် လူလုပ်ရန်များစွာ လိုသေးသော ကျွန်ုပ်၏ သားသမီးများအတွက် များစွာ ပူပင်မိလေသည်။ ကျွန်ုပ် ယခုကဲ့သို့ အသက်ရှင်စဉ် အခါ၌ပင် ဤမျှ ဆင်းရဲနေရရှာသော ဤသားသမီးတို့ကား၊ ကျွန်ုပ်သေလွန်သော နေ့တစ်နေ့တွင် မည်သို့ဖြစ်ချေမည်နည်း။ သူတို့တတွေ ငါ၏ မိုက်ပြစ်အတွက် ဆင်းရဲတွင်းနက်တော့အံ့၊ မကုန်ဆုံးသော ဒုက္ခကြီးနှင့် တွေ့တော့အံ့ဟု တွေးမိတိုင်း မချိတင်ကဲဖြစ်ခါ လှိုက်လှိုက်လှဲလှဲ ဝမ်းနည်းမိလေသည်။ ထိုသို့သားရေးသမီးရေးကို တွေးမိတိုင်း "လူမိုက်မင်းကြောင့်၊ မင်းဟိုတုံးက မိုက်စမတုံးခဲ့လို့ မင်းသားသမီးတွေ ဒုက္ခခံကြရတော့မည်"ဟု ဟိုစဉ်က မသေခဲ့သော ကျွန်ုပ်ကိုယ်ကို ကျွန်ုပ်အပြစ်တင်မိတော့၏။ တွေးမိတိုင်းလည်း မျက်ရည်ကျခဲ့ရ၏။

သား - မောင်ကျော်စိုးနှင့် မောင်ကျော်စိုး၏ မိခင်သေဆုံးစဉ်က ကျွန်ုပ်သည် နှမြောတသဝမ်းအနည်းကြီး နည်းမိ၏။ မျက်ရည်ကျမိခဲ့၏။ ယခုကျွန်ုပ်၏ အခြေအနေနှင့် ကျွန်ုပ်၏ လက်ရှိကျန်ခဲ့သော သားသမီးတို့၏ ရှေ့ရေးကို တွေးမိသောအခါတို့၌ သေလေပြီဖြစ်သော သားမောင်ကျော်စိုးနှင့် ၎င်းမိခင်တို့သည်ကား ကျွန်ုပ်၏ ဆင်းရဲလှသော ဘဝမှ စောစောစီးစီး ကျွတ်လွတ်ခြင်း ဖြစ်ပေတော့သည်ဟု စိတ်သက်သာရာပင် ရမိသေး၏။

ဘုရားသော်မှ မလွတ်ကင်းနိုင်သည့် ဤသေခြင်းတရားမှ လူသာမာန် ကျွန်ုပ်တို့ကား အဘယ်မှာ လွတ်နိုင်အံ့



နည်း။ ထို့ကြောင့် တနေ့သေရမည့်အတူတူ ကျွန်ုပ်ကဲ့သို့သော လူတစုကား စောစောစီးစီး သေခြင်းအားဖြင့် ဤဆင်းရဲခြင်းဘဝမှ အမြန်လွတ်ကင်းရမည် မဟုတ်ပါလော။ မြန်မြန်သေလျှင် မြန်မြန် ဝဋ်ကျွတ်ရသည်ဟု ကျွန်ုပ်ဆိုခဲ့သော်လည်း သံယောဇဉ်ဖြစ်သော ကျန်နေသေးသည့် သားသမီးတို့၏ ရှေ့ရေးကို တွေးတောမိလောအခါ၌ ကျွန်ုပ်သေရမည်ကို ကျွန်ုပ်၏အတွက် မဟုတ်သော်လည်း သားသမီးတို့အတွက် အထူးဝန်လေးမိ၏။

ဤလောကကြီးဝယ် မတွေ့လိုသည့်အရာကိစ္စတစ်ခုကို မတွေ့လိုသူပင် အရင်တွေ့ရဖြစ်ရတတ်၏။ သို့ကြောင့်လည်း သေရမည်ကို ဝန်လေးစိုးရိမ်ခဲ့သော ကျွန်ုပ်သည်ပင် ယခုအခါ၌ လေငန်းရောဂါရနေပြီဖြစ်ရာ သင်္ချိုင်းဘက်သို့ ခြေတစ်ချောင်း လှမ်းနေလေပြီ။ ကျွန်ုပ်၏ သေဖို့ရန် အချိန်ကား နီးခဲ့ပြီဟု ကျွန်ုပ်ထင်မိ၏။ သို့ကြောင့်ပင်လည်း သားသမီးတို့၏ မျက်နှာများကို စေ့စေ့ကြည့်မိတိုင်း မျက်ရည်ကျခဲ့လေသည်။ ကျွန်ုပ်၏ ယခုအကြောင်းကို ရေးနေ၍ စာရှည်ရုံပင်ရှိလေတော့မည်။ ကနောင်မြို့၌ ကြုံခဲ့ရသော အကြောင်းကို ဆက်အံ့။

ကနောင်မြို့သို့ ရောက်၍ များမကြာမီ ကျွန်ုပ်သည် တာလသား အပေါင်းအဖော်များအပေါ်၌ ခေါင်းတည်၍ မြစ်တဘက်ကမ်းသို့ ပျော်ပွဲစားရန် လှေအိုလှေပေါက်ကြီး တစင်းနှင့် ခေါ်ဆောင်၍သွားလေသည်။ ၎င်းလှေပေါက်ကြီးမှာ နေရာတကာတွင် အပေါက်များဖြစ်နေလေရာ ဝင်လာသော ရေများကို မကြာမကြာ ပက်ထုတ်နေရသည်သာမက တပေါက်ပြီး တပေါက်ရှိနှင့် ဖါထေးကာ လှော်ခတ်လာရလေသည်။

မြစ်တဘက်၌ ချက်ပြုတ်စားသောက်ကြပြီး တနေကုန်

www.burmeseclassic.com

www.burmeseclassic.com



နေပြီးနောက် ညနေစောင်းကျမှ ပြန်ခဲ့ကြရာ မြစ်လယ်သို့ ရောက်လတ်သော် ရော်ဝတီ မီးသင်္ဘောတစင်းဆန်တက်လာသည်ကို တွေ့ရသဖြင့် သင်္ဘောနားကို အတင်းကပ်ကာ နောက်မြီးသံတိုင်ကို ကိုင်လျက် လိုက်ပါသွားကြလေသည်။

သင်္ဘောသည် တဖြည်းဖြည်းမြန်လာရာ ကျွန်ုပ်တို့ သံတိုင်ကိုလည်း လက်မလွှတ်ရဲတော့ချေ။ လက်လွှတ်လိုက်ပါက သင်္ဘောနောက်၌ လှုပ်ရှားထကြွနေသော လှိုင်းများ စုပ်သဖြင့် လှေရော လူပါ ငုတ်လျက် သင်္ဘောအောက်သို့ ပါသွားမည်ကား မလွဲတော့ပေ။ ကျွန်ုပ်တို့လူစုကား လွှတ်ရမည်လည်း အခက် တွယ်၍ လိုက်သွားရမည်ကလည်း မဖြစ်နိုင်။ မချိမဆန့်နှင့် ရေထဲတွင် သေရတော့မည်ကဲ့သို့ ဖြစ်နေလေသည်။

ကျွန်ုပ်လည်း လှေဦးမှ သံတိုင်ကို ဆွဲကိုင်ထားသူအား လှေကိုသင်္ဘောဘေးသို့ ရောက်အောင် ဆွဲယူပြီးနောက် တအား ကန်ထုတ်ရန် ပြောရတော့လေသည်။ ထိုသူလည်း ကျွန်ုပ်ပြောသကဲ့သို့ ကန်ထုတ်ပြီးနောက် ထိုသူကား သံတိုင်ကို ဆွဲနိကာ သင်္ဘောပေါ်သို့ အမြီးမှ တက်ရောက်လိုက်ပါသွားလေသည်။ ကျွန်ုပ်တို့ လှေမှာကား မမှောက်ပင် မမှောက်သော်လည်း ရေများဖြင့် ပြည့်နေလေရာ လှေပေါ်မှ အားလုံးဆင်းကြရကာ ရေများ မကုန်မခြင်း လှေကို တွန်းလိုက် ဆွဲလိုက် လုပ်နေရလေသည်။ ထိုအခါ ကမ်းပေါ်မှ ကြည့်နေသူများမှာ ကမ်းညွတ်လုခမန်းပင် ဖြစ်လေသည်။ လှေထဲ၌ ရေများ ကုန်လုခမန်းရှိမှ ကျွန်ုပ်တို့လူတစုလည်း ကမ်းသို့ လှော်ခတ်ခဲ့ကြလေသည်။ သင်္ဘောပေါ်၌ ပါသွားသောသူကား အဘယ်နေရာက သင်္ဘောပေါ်က ခုန်ချခဲ့သည်မသိ၊ ကမ်းသို့ ကျွန်ုပ်



တို့အရင်ရောက်နှင့်နေသည်ကို တွေ့ရလေသည်။

ထိုနောက် တစ်လမျှ ကြာလတ်သော် ကျွန်ုပ်အား ယောက္ခမကြီးလိုက်လန့်ခေါ်ငင်သဖြင့် အိမ်သို့ ပြန်ခဲ့ရလေသည်။ အိမ်သို့ ရောက်ပြီးနောက် အမိန့်တော်ရ ရှေ့နေတစ်ဦးက အင်္ဂပူ၌ ကျောင်းဖွင့်ရန် အကြံပေးသဖြင့် အဆိုပါ အင်္ဂပူရွာသို့ သားမယားများနှင့် ရောက်ခဲ့ပြန်လေသည်။ သို့သော် ကျောင်းမှ မဖွင့်ရသေးမီ ကျွန်ုပ်၏ ယောက်ဖတစ်ယောက်က လာရောက်ခေါ်ငင်ပြန်သဖြင့် မင်းလှမြို့သို့ ရောက်နေကြသော ကျွန်ုပ်၏ မိခင်နှင့် ပတွေးရှိရာသို့ ပြန်သွားရပြန်လေသည်။ မင်းလှမြို့၌ ခလေးများကို စာပြခြင်းဖြင့် အသက်မွေးဝမ်းကြောင်းကို ရှာခဲ့ရလေသည်။

မင်းလှတွင် အခါလည်မျှ စာပြသောအလုပ်ကို လုပ်ခဲ့ပြီးနောက် သုံးဆယ်မြို့သို့ ပြန်လာခဲ့ကာ မိတ်ဆွေများ၏ အကူအညီဖြင့် စာပုံနှိပ်စက် တစက် ထောင်ပြီးလျှင် မဂ္ဂဇင်းများကို ထုတ်ဝေခြင်းပြုလေသည်။ ၎င်းမဂ္ဂဇင်းမှာ မြန်မာ့မိတ်ဆွေမဂ္ဂဇင်းပင်ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

## ၉။ စာရေးဆရာ၏ နိမ့်တုံနိမ့်တုံဘဝ

ရန်ကုန်သို့ ရောက်လာခြင်း။ သူရိယ၌ အလုပ်လုပ်ခြင်း။ မြန်မာ့အလင်းသတင်းစာထုတ်ရန် အကြံပေးပြီး ကိုယ်တိုင်ဝင်ရောက်လုပ်ကိုင်ခြင်း။ သူရိယသို့ ရောက်ပြန်ခြင်း။ လာတင်ဆရာအလုပ်ကို ပီမိုးနင်းအမည်ဖြင့် လျှောက်ထား ရရှိလုပ်ကိုင်ခြင်း၊ ပညာ့အလင်းသို့ရောက်ခြင်း။ စာရေးဆရာ၏ ဩယဝဲ၌ မျောလျက်တရစ်ဝဲဝဲဖြစ်နေခြင်း–စာရေးဆရာများ ဆင်းရဲခြင်းအကြောင်းရင်း။ ဇနီးဖြစ်သူမျက်စေ့ကွယ်ခြင်း။ သား မောင်ကျော်စိုးနှင့် ရုပ်ရှင်ထဲဝင်ခြင်း။ မောင်ကျော်စိုးသေခြင်း။ ဇနီးဖြစ်သူ ကွယ်လွန်ခြင်း။ ကစင့်ကလျားဖြစ်ခြင်း။ သူတောင်းစားလုပ်ကြည့်ခြင်း။ ဆင်းရဲတွင်းကြီး ။ ။

ထိုသို့ စာပုံနှိပ်တိုက်ဖွင့်ခါ မဂ္ဂဇင်းများကို ထုတ်ဝေနေစဉ် ကမ္ဘာစစ်ကြီးဖြစ်ပွား၍ စက္ကူများ မလုံလောက်လွယ်ကူစွာမရ။ ဈေးမှာလည်း အလွန်ရှားပါး၍ မှန်းချေမကိုက်သောကြောင့် မဂ္ဂဇင်းထုတ်ဝေခြင်းကို ရပ်စဲကာ ၆ နှစ်သားဖြစ်သော သားကျော်စိုးနှင့် ၎င်း၏ မိခင်ကိုထားပြီး ရန်ကုန်မြို့သို့ အလုပ်ရှာထွက်ခဲ့လေသည်။

ရန်ကုန်မြို့သို့ရောက်ပြီး များမကြာမီအတွင်း သူရိယတိုက်တွင် စစ်သတင်းများကို ဘာသာပြန်ဆိုရေးသားရသောအလုပ်ကိုစ၍လုပ်ရလေသည်။ သို့သော် ကျွန်ုပ်လုပ်ရသောအလုပ်ကား သူရိယနှင့် မဆိုင် ကိုဘကလေး၏ စစ်ကြေးနန်းဘက်တွင် ဖြစ်လေသည်။ လုပ်ရသည်မှာ အားမလိုအားမရရှိသဖြင့် ထိုတိုက်မှ ထွက်ခဲ့ပြန်လေသည်။



ထိုအခါ မြန်မာ့အလင်းကို စတင်တည်ထောင်သူ ဦးရွှေကြူးနှင့် တွေ့ပြန်ရာ ဦးရွှေကြူးတွင် လယ်တီမဏ္ဍိတ ဦးမောင်ကြီးမရှိသဖြင့် တပည့် မောင်ခင်မောင်နှင့် မဂ္ဂဇင်းထုတ်ဝေခြင်းအလုပ်ကို လုပ်ကိုင်လျက်ရှိလေသည်။

ထိုအခါက ဂျာမန်သဘော်အင်မဒင်သည် ဘင်္ဂလားပင်လယ်အော်ထဲ၌ သောင်းကြမ်းနေသောအခါ ဖြစ်လေသည်။ မြန်မာပြည်သူပြည်သားတို့သည် စစ်သတင်းနှင့် ထိုအင်မဒင်သင်္ဘော၏ အကြောင်းများစွာ သိလိုကြလေရာ စစ်သတင်းများကို အထူးတလည် ပြောဆိုကြခြင်း စစ်သတင်းများပါသည့်သတင်းစာတို့ကို စောင့်မျှော်နေခြင်းပြုသည်တို့ကို တွေ့ရသည့်အတွက် စစ်သတင်းများ ထည့်ကာ နေ့စဉ် သတင်းစာ ထုတ်၍ရောင်းရပါက များစွာ အကျိုးဖြစ်ထွန်းမည်ကို တွေးတောမိသည့် အလျောက် နေ့စဉ်သတင်းစာ ထုတ်ဝေရောင်းချရန် ဦးရွှေကြူးအား တိုက်တွန်းနှိုးဆော်ခဲ့လေသည်။

ဦးရွှေကြူးလည်း ကျွန်ုပ်၏ တိုက်တွန်းနှိုးဆော်ချက်အရ နေ့စဉ်သတင်းစာကို မြန်မာ့အလင်း အမည်ဖြင့် ထုတ်ဝေခဲ့လေသည်။ သူရိယသတင်းစာမှာ ထိုအခါက ရက်ခြား သတင်းစာမျှသာ ဖြစ်လေသည်။ ကျွန်ုပ်သည် သူရိယမှာ အလုပ်လုပ်စဉ်ကထက် စစ်ကြေးနန်းသတင်းများအထူးကြီးစားကာကောင်းသည်ထက် ကောင်းအောင်စုံသည်ထက်စုံအောင် ရေးသားကာ မြန်မာ့အလင်းနေ့စဉ်ထုတ်သတင်းစာတွင် ရေးသားလေသည်။ မြန်မာ့အလင်းသတင်းစာသည် နာမည်တခါတည်း ကျော်ကြားကာ ထိုစဉ်အခါမှစ၍ယခုထက်တိုင်အောင် ကျော်ကြားခဲ့ပြီးခဲ့လေသည်။မိုးဒါးနှင့်ထိုး၍သေဆုံးခဲ့ရသည့် ဆရာသင်သည်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၏ အကူအညီဖြစ်ခဲ့လေသည်။ ဆရာသင်မှာစာများကို ပြင်သူဖြစ်လေသည်။ ဦးရွှေကြူး ဂျပန်ပြည်သို့ သွားသော အခါ၌ သတင်းစာအလုပ်ကို ရပ်စဲထားရလေသည်။ သတင်းစာကိုပင် ရပ်စဲထားရသော်လည်း ကျွန်ုပ်၏ စာရေးခြင်း ဝါသနာကိုကား မရပ်စဲနိုင်သဖြင့် သူရိယသို့ ရောက်ရှိခဲ့ပြန်လေသည် ထိုအခါက သူရိယ၌ ဆပ်အယ်ဒီတာအဖြစ်ဖြင့် လုပ်ကိုင်ခဲ့ရလေသည်။

သူရိယသတင်းစာတိုက်၌ လုပ်ကိုင်နေစဉ် ယေရှုခယ်ကျောင်းတစ်ကျောင်း † ၌လာတင် ဆရာတစ်ယောက် အလိုရှိသည်ဟူသော ကြော်ငြာကို တွေ့ရှိရသဖြင့် ထိုဆရာအလုပ်ကို မောင်ကျော်ညွန့်ဟူသော အမည်ဖြင့် လျှောက်ထားလိုက်လေသည်။ နောက်တနေ့၌ မြန်မာကို မခန့်နိုင် မြန်မာလူမျိုးကို လာတင်ဘာသာပြဆရာခန့်လျှင် ပညာရေးဌာနက ကန့်ကွက်လိမ့်မည် ဟူသော ပြန်စာကို ရရှိလေသည်။

ထိုပြန်စာကို ရရှိသည့်အခါ ကျွန်ုပ်မှာ မြန်မာနာမည် ၂-ခုရှိလျက်။ တခုမှာ ဇာတာ၌ရှိသော အမည်မောင်ကျော်ညွန့်ဖြစ်၍ အခြားတစ်ခုမှာ မိုးနှင်းဖြစ်သည်ကို သတိရမိလေသည်။ မိုးနှင်းမှာ အရပ်ကခေါ်သော နာမည်ဖြစ်လေသည်။

---

† ရန်ကုန်မြို့ အလုံရပ်ရှိ ဘက်ပတစ်ကျောင်းကို ဆိုလိုသည်။ စာတည်း။



ကျွန်ုပ်သည် ၁၂၄၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက် တနင်္လာနေ့နံနက် ၉ နာရီ၊ ဆွမ်းတော် ဖျို့ဟုအော်ပြီး ဘုန်းကြီးကျောင်းသားကလေးများ ဆွမ်းခံသောအချိန်၌ မွေးဖွားခဲ့လေသည်။ ကျွန်ုပ်ကို ဖွားမြင်သော ထိုနေ့နံနက်၌ မိုးနှင်းများ ထူထပ်စွာ ကျရောက်နေရကား အချိန် ၉ နာရီ ၁၀ နာရီထိသည်တိုင်အောင် နေရောင်ခြည်ကို ကောင်းစွာ မမြင့်ရချေ။ ဤမျှထူထပ်စွာ ကျနေသော မိုးနှင်းများကို အစွဲပြု၍ ကျွန်ုပ်အား မိုးနှင်းဟူသော အမည်ဖြင့် ရပ်ရွာက အသိအမှတ်အမည်ပေး၍ ခေါ်ဝေါ်ခဲ့ကြလေသည်။

ဤအမည်ကို ရှေ့မှ ပီတလုံးတိုးကာ ပီမိုးနှင်းဟု အင်္ဂလိပ် နာမည်ယောင်ယောင် ရေးထိုး၍ ထပ်မံ လျှောက်ထားပြန်လေသည်။

မိုးနှင်း၏ ရှေ့မှ ပီတလုံးတိုးလိုက်ခြင်းကား၊ ကျွန်ုပ်ဘုရင်ဂျီဘုန်းကြီး လုပ်ရန် မော်လမြိုင်သို့ သွားစဉ်က ဘုရင်ဂျီဘာသာအမည်ကို ပီအိချ်အိုင်အယ်လ်အယ်လ်အိုင်ပီ (Phillip) ဟူ၍ရှိရာ ၄င်းကိုအစွဲပြုပြီး ပီဟုရှေ့ကတပ်ကာ အင်္ဂလိပ်နာမည်ယောင်ယောင်တပ်လိုက်ခြင်းဖြစ်လေသည်။

ထိုကဲ့သို့ ပီမိုးနှင်းဟု လျှောက်လွှာကို ရေးထိုးကာပို့လိုက်ပြီးသည့်နောက်တစ်နေ့၌ ကျောင်းအုပ်ကြီး ဒေါက်တာ ဂေးလမိုးက လူချင်းစကားပြောရန် (အင်တာဗျူး)ခေါ်ငင်သဖြင့် ကျွန်ုပ်သည် နာမည်နှင့်လိုက်အောင် ဘောင်းဘီရှည်နှင့် အင်္ဂလိပ်အဝတ်အစားကိုဝတ်ကာ ကျောင်းသို့သွားခဲ့လေသည်။ ဒေါက်တာဂေးလမိုးနှင့် တွေ့ဆုံစကားပြောသောအခါ၌ မောင်ကျော်ညွန့်ဆိုသူထံမှလည်း လျှောက်လွှာတစ်စောင်ရ

www.burmeseclassic.com

www.burmeseclassic.com



ကြောင်း ဒေါက်တာဂေးလမိုးက ကျွန်ုပ်အားပြောကြားသဖြင့် မောင်ကျော်ညွန့်ဆိုသူမှာ တခြားမဟုတ် ကျွန်ုပ်ပင်ဖြစ်ကြောင်း မြန်မာကိုလက်မခံဟု ဆိုသဖြင့် ယခုကဲ့သို့ ငယ်နာမည်ကို အင်္ဂလိပ်နာမည်ယောင်ယောင်နှင့် ချောက်ထားခဲ့ရကြောင်းတို့ကို ကျွန်ုပ်သည် မှန်သည့်အတိုင်း ပြောပြလိုက်လေသည်။

အင်း မင်းပြောတဲ့အင်္ဂလိပ်စကားလောက် မင်းလာတင်စာကို ပြောတတ်ရင်တော့ မင်းဟာ မြန်မာပြည်မှာ အကောင်းဆုံး လာတင်ဆရာတစ်ဦးဖြစ်မှာဘဲ † ဟု ပြောကြားကာ ကျွန်ုပ်အား ဒေါက်တာဂေးလမိုးသည် အလုပ်ခန့်လိုက်လေသည်။ လေးတန်းမှ ဆယ် တန်းထိအောင် လာတင်စာများကို ကျွန်ုပ်တယောက်တည်း ပြခဲ့ရလေသည်။ နွေလရောက်၍ စာမေးပွဲများ ပြီးသောအခါ ကျောင်းရက်ရှည်ပိတ်လိုက်လေသည်။

ကျွန်ုပ်လာတင်ဆရာဖြစ်နေသည့် အတောအတွင်းတွင် ပညာ့အလင်း မဂ္ဂဇင်းထွက်ပေါ်လာခဲ့လေသည်။ ကျောင်းအားလပ်သော နွေရာသီအခါ၌ ကျွန်ုပ်သည် အလဟဿ မနေခဲ့ဘဲ မဂ္ဂဇင်းတိုက်များသို့ ဝတ္ထုနှင့် အခြားစာစောင် ဆောင်းပါးတို့ကို ရေးသားပေးပို့ခဲ့လေသည်။ ထိုသို့နေခဲ့ရင်း လယ်တီ

† ဆရာကြီးပီမိုးနင်းသည် အင်္ဂလိပ်စာအရေးနှင့် အပြောတွင်၄င်း၊ လာတင် အရေးအပြောတွင်၄င်း အလွန်ကျွမ်းကျင်သူဖြစ်ပေသည်။ ပလောဗီနီသိပ္ပံ၌ နေစဉ်က လာတင်ဘာသာဖြင့် တေးသီချင်းများစွာ ရေးခဲ့ဘူးသည့်အပြင် ညဥ့်အခါ မိမိထက်ငယ်သော ကျောင်းသားများအား လာတင်ပုံများကို လာတင်ဘာသာဖြင့် အခါခါပြောခဲ့ဘူး လေသည်သည်။ ။ စာတည်း။

ထွဋ်တဦးမောင်ကြီးကို အကြောင်းပြု၍ ပညာ့အလင်းစာစောင်ပိုင်ရှင် ဦးတင်နှင့်တွေ့ခဲ့လေသည်။ ဦးတင်ကပင် ကျွန်ုပ်အား အထွဋ်ဇင်း၌ ကူညီလုပ်ကိုင်ရန် ပြောကြား သောကြောင့် ၎င်းမဂ္ဂဇင်း၌ ဝင်ရောက်ခါ လစဉ်ဝတ္ထုနှင့် အခြားအခန်းပေါင်းများစွာတို့ကို ကြိုးကြိုးစားစားရေးသား ခဲ့လေသည်။ မဂ္ဂဇင်းမဘာဆင့်တက်၍ ပညာ့အလင်း သတင်းစာဟူ၍ ထွက်ပေါ်လာခဲ့လေသည်။ ထိုအခါ ကျွန်ုပ်သည် ဒေါက်တာဂေးလမိုးကျောင်းသို့ မပြန်တော့ဘဲ ၎င်းမဂ္ဂဇင်းနှင့် သတင်းစာမှာပင် တည်းဖြတ်လုပ်ကိုင်ခဲ့လေသည်။

၎င်းပညာ့အလင်းသတင်းစာ၌ ပိုက်ဆံကြီးအမည်ဖြင့် ဆောင်းပါးများကို၎င်း၊ နေရိရိ၊ ပွဲစားကြီးသားအဖနှင့် မြမြစသော ဝတ္ထုရှည်ကြီးများကို၎င်း ရေးသားခဲ့လေသည်။ † ထိုစဉ်အခါက ခွဲရေးတွဲရေး ဒိုမီဆိုင်အရေးများ ပေါ်ပေါက်လျက်ရှိလေရာ။ ကျွန်ုပ်သည် ပိုက်ဆံကြီးအမည်နှင့်ပင် တွဲရေးဘက်မှနေ၍ စာတိုစာရှည်ပေါင်း မြောက်များစွာတို့ဖြင့် တိုင်းရေးပြည်ရေးစသော အရာများကို ပြောဆိုလိုသမျှ ဘွင်းဘွင်းကြီး ရေးသားခဲ့လေသည်။ ပညာ့အလင်းတိုက်မှ ထွက်သောအခါ တိုက်ရှင်က ပိုက်ဆံကြီးဟူသော အမည်ကို အတင်းယူထားလိုက်သည့်အတွက် ပီမိုးနင်းဟူသော အမည်ကို သုံးစွဲရလေတော့သည်။

† ခင်ထား၊ ပင်လယ်ကူးဖါတ်ပုံ၊ ဘီဒေမောင်တင့်နှင့် ကဒေ့ညည်မယ်မြင့်အစရှိသော ဝတ္ထုကြီးများနှင့် လောကီလမ်းပြကျမ်းများကို ဆရာကြီးပီမိုးနင်းသည် ပညာ့အလင်းသို့ မရောက်မီကပင် မထင်ရှားသောအမည်ဖြင့် ရေးသားထုတ်ဝေခဲ့လေသည်။ စာတည်း

www.burmeseclassic.com



ထိုအခါက ၂၁ ဦး ဂိုဏ်းသားများသည် ပညာ့အလင်းသတင်းစာကို လွှန်စွာ မုန်းတည်းနေကြသောအခါဖြစ်လေသည်။ သို့ကြောင့်လည်း မြန်မာ့အလင်းမှ ဆရာသင်သေဆုံးသောအခါ ၂၁ ဦးဂိုဏ်းသားတို့သည် ပညာ့အလင်းကို မုန်းတီးတည်းသည့်အတွက် ဆရာသင်ကို လွှန်စွာချီးမြှောက်ကြသည်မှာ ဆရာသင်သည် အဖိုးတန်သောမျိုးချစ်ပုဂ္ဂိုလ်ကြီးတစ်ယောက်ဖြစ်သွားတော့လေသည်။ ကျန်ရစ်ခဲ့သော ဆရာသင်၏ သားမယားတို့အတွက် ရံပုံငွေများကိုလည်း ဖွင့်ကြလေသည်။ နောင်သောအခါ၌ ထိုရံပုံငွေကို အဘယ်သို့ အသုံးပြု၍ ဘယ်ကို ရောက်သည်ကိုကား မသိရပေ။

ဆရာသင် သေဆုံးရသည်မှာ ပညာ့အလင်းကြောင့် သေဆုံးရသည်မဟုတ်ပေ။ ပညာ့အလင်း တိုက်ရှင်ကသော်၎င်း တိုက်သားများကသော်၎င်း၊ ဆရာသင်အား သေကြောင်း မကြံကြပေ။

ဆရာသင်ကို အနည်းငယ်ဆုံးမဖို့ရန် ပညာ့အလင်း တိုက်ရှင်ဦးတင်က ပြောမိသည်မှာကား မှန်ပေသည်။ ဆုံးမခိုင်းသည်ဆိုရာ၌ တခါတည်း ကိစ္စတုံးစီရင်ခိုင်းခြင်းကား မဟုတ်ပေ။

ထိုစဉ်အခါက ဆရာသင်သည် ပညာ့အလင်း၌ အလုပ်လုပ်ကိုင်ဖို့ရန် လာရောက်ကြံစည်ဘူးလေသည်။ သို့သော် ပညာ့အလင်းက အလုပ်မပေး၊ လက်မခံသည့်အခါ ဆရာသင်သည် မြန်မာ့အလင်းမှာပင် လုပ်ကိုင်ရလေသည်။ မြန်မာ့အလင်းမှနေ၍ မုံရွေးပဏ္ဍိတဟူသောအမည်ဖြင့် ဝတ္ထုတခုကို ရေးသားလေသည်။ မုံရွေးပဏ္ဍိတဆိုသည်မှာ ပညာ့အလင်းလယ်တီ



ပဏ္ဍိတ ဦးမောင်ကြီးကို စောင်းချိတ်ရေးသားခြင်းဖြစ်လေသည်။ ထိုအခါ၌ ပညာ့အလင်း ဦးတင်သည် လယ်တီပဏ္ဍိတ ဦးမောင်ကြီးကို ဘုရားတဆူလို ကိုးကွယ်ထားသူဖြစ်လေရာ ထိုကဲ့သို့ ဆရာသင်က မိမိ၏ ဆရာအား စောင်းချိတ်ရေးသားလိုက်သည်ကို တွေ့ရသောအခါ လယ်တီပဏ္ဍိတကို ထိခိုက်၍ ရေးရပါမည်လားဟု ဆရာသင်၏အပေါ်၌ ဆတ်ဆတ်ခါအောင် နာကျည်းခဲ့လေသည်။ သို့အတွက် ကိုမိုးအား ဆရာသင်ကို သွားရောက်ဆုံးမပေးရန် ပြောကြားခဲ့လေသည်။

သို့တိုက်တွန်းသည့်အလျောက် ဆရာသင်သေသောထိုညက ကိုမိုးသည် ဆရာသင်အား ကြိမ်လုံးဖြင့် ရိုက်နှက်ရုံမျှပင် ရိုက်ရလေသည်။ သို့သော် ဆရာသင်ကား နဂိုရ် ဒေါသကြီးသူဖြစ်သည့်အလျောက် ထိုကဲ့သို့ ကြိမ်ဖြင့် ရိုက်နှက်သောအခါ ကိုမိုးအား အလိုက်တွင် ကိုမိုးလည်း ဆရာသင်အား သတ်လိုက်ခြင်းဖြစ်လေသည်။

---

† ဆရာသင် အသက်ခံရသည့်ကိစ္စနှင့် စပ်လျဉ်း၍ ဆရာပီမိုးနင်း၏ ရေးသားချက်တို့မှာ အများသောပြည်သူတို့ သိရှိနားလည်ပြီးဖြစ်သော အချက်တို့နှင့် ကွဲလွဲဆန့်ကျင်နေလေသည်။ ဆရာသင်အသက်ခံရသည့် ၁၂၈၁ ခုနှစ်၊ တော်သလင်း လဆုတ် ၃ ရက် (၁၁-၉-၁၉)နေ့တွင်၊ ယခု မြန်မာ့အလင်း အယ်ဒီတာချုပ်ကြီး ဦးစိန်းမှာ မြန်မာ့အလင်းတိုက် တိုက်အုပ်အဖြစ် ဝင်ရောက် အလုပ်လုပ်၍ ၂လနှင့် ၁၀ ရက်မျှ ရလေပြီ။ ဦးစိန်းလည်း ဆရာသင်၏ အကြောင်းကို သိတန် သလောက် ရင်းနှီးစွာ သိပြီးဖြစ်ရပေမည်။

ထိုကိစ္စနှင့် စပ်လျဉ်း၍ ဦးစိန်းက (သေဆုံးသူ ဆရာသင်နှင့် လူဆိုးကြီးမောင်မိုးမှာ မည်သည့်အခါကမျှ မသိမကျွမ်း၊ ကြွေးမြီဘူးလည်း မရှိ ရန်ငြိုးတစုံတရာမရှိကြပဲ ရက်စက်စွာ အသ[illegible]သုံးအောင်

www.burmeseclassic.com

www.burmeseclassic.com



ဆရာသင်သည် ဒေါသကြီးသူဖြစ်၏။ ကိုရွှေကြူး တိုက်မှာနေစဉ်ကလည်း ကိုရွှေကြူးက သဘောမကျသဖြင့် ဆရာသင်အား အလုပ်ထုတ်ပစ်မည်ဟု ပြောရာ ဆရာသင်က တိုက်တတိုက်လုံး ဖြိုချပစ်မည်-ဘာတင်သလဲ၊ ညာထင်သလဲ စသ ဖြင့် ကြိမ်းမောင်းလေသည်။ သို့အတွက် ဦးရွှေကြူးသည် မထုတ်ဘဲ ထားလိုက်လေသည်။ မြန်မာ့အလင်းမှ ကျွန်ုပ်ထွက် သောအခါ လိုက်စရာသည်မရှိပေ။ †

မြန်မာ့အလင်းမှ ထွက်ပြီးနောက် ဖအောင်တော်မူခေါ် သော ခေါင်းစဉ်နှင့် ဘန္ဒာနွေတပတ်တကြိမ် ဝတ္ထုကလေး များကို ထုတ်ဝေလျက် ရှိနေလေသည်။ ကျွန်ုပ်မှာ ထိုကဲ့သို့ သော ကိုယ်ပိုင်အလုပ်ဖြင့် ဝတ္ထုများ ထုတ်ဝေခြင်းအားဖြင့် ဒီစကြိတ်နယ်ပယ်များမှ ကိုယ်စားလှယ်များ အကျိုးရှိအောင် လုပ်ကျွေးခဲ့ရခြင်းသာလျှင် အဖတ်တင်လေသည်။ ၄င်းဝတ္ထု တာခုပ်ကလေး ၁၄-စောင်မျှ ထုတ်ဝေပြီးနောက် ဆက်လက် မထုတ်နိုင်တော့ပေ။

---

ဘေးလက်နက်နှင့် ထိုးသတ်ခြင်းသည် အလွန့်အလွန် အံ့ဩဘွယ်ကြီးတခု ဖြစ်ပေသည်။ ဆရာသင်သည် အခြားသူတပါးတို့အား ပိတ်ကြမ်းနုတ်ကြမ်း နှင့် တစုံတရာပြောခဲ့ဘူးခြင်းမရှိ၊ သိမ်မွေ့နူးညံ့ ယဉ်ကျေးစွာ နှင့် ပီယဂါစာ ဖြစ်အောင်သာ ပြောလေ့ ဆိုလေ့ရှိသည်။ မည်သူတဦးကိုမျှ ဟာနထောင်လွှား၍ မာရေးသော အမူတို့ကို မပြုဘူးသည့်အပြင်၊ ...နှိပ်ဘွဲ့၍ ပြောဘူးဆိုဘူး သော်ငှင်းအား ဖမ္ဘတ္တာစိတ်သာ...၍ ညှာတာသနား၊ ချစ်ခင်ဘွယ်သာ များပါလျက် လူဆိုးကြီး ဓောင်မိုးအား လက်ညှိုးထိုး ဆရာသင်ကိုမြင်အောင် ဝင် ပြုတဲ့၍ ချရာပေါ်စိဝ ပြသူမှာတော့ အစိစိပေါ့။ ထိကြလိမ့်တစ်။ ဒွေးဟာသာအဖြာဖြာကို၊ ဖြစ်ပါစေ ထမတောင်း။ လူကောင်းကြီး ဆရာသင်



ကိုယ်ပိုင်အလုပ်လည်း မရှိတော့။ လခစား အလုပ် လည်းမရှိ။ ရှသည့်တိုင်အောင်ပင်လည်း မလုပ်လို။ ဝတ္ထုနှင့် ဆောင်းပါးများ ရေးဖို့ရန်သာ ဝါသနာကြီးစွဲနေရကား ကိုယ်ပိုင်အလုပ် မရှိသောအခါ၌ ဒဂုန်မဂ္ဂဇင်း၊ လန်ဒန်အတ် မဂ္ဂဇင်း စသည့် မဂ္ဂဇင်းများသို့ ဝတ္ထုဆောင်းပါးစသည်တို့ကို ရေးသားပေးပို့ကာ နေခဲ့လေသည်။ ထိုကဲ့သို့ စာရေးနေခဲ့သော အတောအတွင်း သစ္စာဝါဒီသတင်းစာထွက်ပေါ်လာပြန်ရာ ထိုသတင်း စာတွင် ဝင်ရောက်ကူညီလုပ်ကိုင်ရပြန်လေသည်။ များမကြာမီ ထိုသတင်းစာမှတဖန် ထွက်ခဲ့ပြီးနောက် ဗန္ဓုလဂျာနယ်တွင် ထိထိရောက်ရောက် ဝင်ရောက်လုပ်ကိုင်ခဲ့ရာ ဗန္ဓုလဂျာနယ်မှ ဗန္ဓုလသတင်းစာအဖြစ်သို့ ကူးပြောင်းခဲ့လေပြီ။ အတော်အတန် ကြာ ထွက်ပေါ်နေပြီးနောက် ဗန္ဓုလသတင်းစာ ရပ်စဲ ပြန်လေသည်။

---

ပြည့်ကျိုးဆောင်ဆရာသင်၊ အမျိုးစောင့်ဆရာသင်၊ အနွယ်စောင့်ဆရာသင်၊ ပြန်ရှင်၍မလာ။ သူ့ကြမ္မာဇာတ်ဟီး၍ လူသတ်ကြီးလက်နက်နှင့်။ တချက်တည်းဆုံးသဖြင့်၊ ပြည်အုံလုံးနှမြော လွမ်းဆွတ်လျက် ရှိကြရတော့သည်။ ဆရာသင်၏ မယား၊ သမီးနှင့်သား သုံးယောက်များမှာ ဘုံလောကကားဆူ ဘုံလောက်ပူ၍ ဘယ်မှုဘယ်သို့ အားကိုးဖို့လည်း မချို့မှန်းရာ၊ မရှိပါခဲ့ သေချာဂန၊ နည်းလမ်းပြ၍ ထိုမှ တိုရွှေ့ အကြောင်းမြေ့ကို မှုံစေအောင်သား သင်ဆရာကို။ ဘယ်မှာရှာငြား။ တွေ့နိုင်အားမို့ တရားလက်လွှဘ်း ယွင်းချွတ်မလျော့ အိပ်သော်မပျော် စားသော်မမြိန်နိုင် လွမ်းရှိန်မဖျောက် တအောက်မေ့မေ့ တသွေ့ယောင်း ယောင်း တပြောင်းပြုပြု၊ ထင်မြင်ရာ... များစွာမချမ်း။ အလွန်နွမ်း၍ ဝမ်းကခြင်းဖြစ် နေသည်ကို ...ဆွေ တွေ့မြင်သမျှတို့ ယခေါင်က ကြေကွဲ ကြကြောင်းကို ပေါ်...ဟု၍

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်အခါကစ၍ ကျွန်ုပ်သည် အတော်အတန် ခဲယဉ်းစွာ အသက်မွေးခဲ့ရလေသည်။ ကဝိမျက်မှန်၊ ကဝိတံခွန်၊ ဗြိတိသျှဘားမား၊ ဒဂုန်မဂ္ဂဇင်းများသို့ ဝတ္ထုများ၊ ဆောင်းပါးများ ရေးသားပေးပို့လျက် အသက်မွေးဝမ်းကျောင်းကို ပင်ပမ်းစွာ ရှာခဲ့ရလေသည်။ ထိုသို့ ရေးသားရာတွင် ဗြိတိသျှဘားမားရုပ်ရှင်ကုမ္ပဏီ (မဂ္ဂဇင်း)မှ အခအကြီးဆုံးရခဲ့လေသည်။ ဝတ္ထုတစ်ပုဒ်လျှင် (၅၀)ကျပ်အထိပင် ရခဲ့၏။ အခြားမည်သည့် ဝတ္ထု မဂ္ဂဇင်းတိုက်များမှ (၁၅)ကျပ် (၂၀)ကျပ် ထက်ပို၍ မပေးဘူးချေ။ ထိုအခါ၌ သူရိယမဂ္ဂဇင်း၌လည်း အမြဲလိုပင် ရေးသားခဲ့ ရလေသည်။ ထိုသို့ ဝတ္ထုမဂ္ဂဇင်းတိုက်ပေါင်း မြောက်မြားစွာတို့သို့ မရပ်မနားဝတ္ထု ဆောင်းပါးတို့ကို ရေးသားနေခဲ့ရ သော်ငြားလည်းကျွန်ုပ်တွင် ချမ်းသာသည်ဟူ၍ကား မရှိပေ။ရရစားစားနှင့်ပင်လူလုံးလှအောင်မျှ ဆင်မြန်းနိုင်အောင် ငွေပိုမရှိခဲ့ဘူးချေ။စာရေးဆရာထဲမှ ကျွန်ုပ်တစ်ယောက်တည်းသာလျှင် ဆင်းရဲ၍နေသလောဟူမူ၊ ကျွန်ုပ်တစ်ယောက်သာမဟုတ်။ စာရေးဆရာတိုင်းလိုလိုပင် ဆင်းရဲနေကြ၏။ ထိုသို့ဖြစ်ရခြင်းအကြောင်းကား မည်သို့နည်း။ စာအုပ်ရိုက် ထုတ်သော တိုက်များသို့ပေးပို့သော ဝတ္ထု၊ ဆောင်းပါးတို့ကား မည်မျှပင် ကောင်းသော်လည်း စာရေးဆရာတို့သည် မည်သည့်အခါမျှ ထိုက်သည့်အားလျော်စွာ တန်ရာ တန်ဘိုးကို မရခဲ့ပေ။ အဘယ်မှာလျှင် စာရေးဆရာတို့ ထမင်းဝအံ့နည်း။

မြန်မာပြည်ရှိ စာရေးဆရာတို့၏ အကြောင်းကို အနည်းငယ်ရေးလိုသည်မှာ ကျွန်ုပ်တို့မြန်မာပြည် စာရေးဆရာ



တို့၏ အဆင့်အတန်းကား တရုတ်ပြည်စာရေးဆရာတို့၏ အဆင့်အတန်းလောက်မျှမမြင့်ပေ။ ထိုကဲ့သို့ အဆင့်အတန်း မြင့်ခြင်းမှာလည်း ငွေအား၊ ကြေးအား ပြည့်စုံလျက် ပုံနှိပ်ထုတ်ဝေသော တိုက်ကြီး ကုမ္ပဏီကြီးများ မရှိခြင်းကြောင့် ယင်း ဖြစ်လေသည်။ မြန်မာပြည်ရှိ ပုံနှိပ်ထုတ်ဝေသော ဝတ္ထု၊ မဂ္ဂဇင်းတိုက်များမှာ အများအားဖြင့် တဦးတည်းပိုင် အနည်းငယ်သော ငွေရေးကြေးရေးနှင့် လုပ်ကိုင်နေရလေရာ စာရေးဆရာများထံ မှ ဝတ္ထုတို့ကို အဘယ်မှာ ကြေးငွေမြောက်မြားစွာ တန်ရာ တန်ဖိုးပေး၍ ဝယ်နိုင်အံ့နည်း။ ထိုငွေရင်း အနည်းငယ်မျှဖြင့် တည်ထောင်သော ဝတ္ထုမဂ္ဂဇင်းတိုက်ပိုင်တို့ကား မိမိတို့ အကျိုးကျေးဇူးအမြတ်ငွေကို များများနှင့် မြန်မြန်ရရလေအောင် ဆင်းရဲမွဲတေနေသော စာရေးဆရာတို့ထံမှ ဝတ္ထုဆောင်းပါးတို့ကို မတန်တတန် ဈေးလျှော့ပေးကာ ဝယ်ယူခြင်းအားဖြင့်သာ လုပ်ကိုင်နေသူများဖြစ်လေရာ အဘယ်မှာလျှင် စာရေးဆရာတို့ ကျေးဇူးခံစားရအံ့နည်း။ အဘယ်မှာလျှင် စာရေးဆရာများ အား တက်သရောရှိအံ့နည်း။

တရုတ်ပြည်ရှိ စာအုပ်ထုတ်ဝေသော ကုမ္ပဏီကြီးများမှာ အစုစပ်ဖြင့် ငွေအားကြေးအား ကောင်းသောတိုက်ကြီးများ ဖြစ်လေရာ စာရေးဆရာများ၏ထံမှ ဝတ္ထုများကို တန်ရာတန်ဖိုးပေး၍ မူပိုင်ဝယ်ကာ ထုတ်ဝေခဲ့သည်သာမက ရိုင်ယယ်တီးနှုန်းပေးထားခြင်းအားဖြင့် ထိုပြည်ရှိ စာရေးဆရာတို့၏ အဆင့်အတန်းမြင့်ခြင်းကို အံ့ဩစရာမရှိပေ။ ရိုင်ယယ်တီးနှုန်း ဆိုသည်မှာ ထိုစာအုပ်ဖြန့်ဝေသော တိုက်ကြီးများသည် မိမိတို့ အတွက် အမြတ်အစွန်းများကို မြန်မြန်ရဖို့ရန် အာသီသ မထား

www.burmeseclassic.com

www.burmeseclassic.com



ကြဘဲ စာရေးဆရာတို့ကို အားပေးသောအားဖြင့် စာအုပ်ရောင်းဝယ်၍ ရသော အမြတ်ငွေထဲမှ သင့်တော်သော ရာခိုင်နှုန်းထားကိုတွက်ကာ အမြတ်ကို စာရေးဆရာတို့အား ခွဲဝေပေးပြန်ခြင်းဖြင့် စာရေးဆရာတို့မှာ အားကြိုးမာန်တက် မကောင်းကောင်းအောင် ဝတ္ထုဆောင်းပါးတို့ကို ရေးသားကြလေသည်။ ထိုတိုက်ကြီးများမှ မူပိုင်စာများကိုလည်း ပျောက်ပျက်သွားသည်မရှိဘဲ အမြဲရိုက်နှိပ် ထုတ်ဝေ၍ ရောင်းချနေရခြင်းအားဖြင့် ရိုင်ယယ်တီး ထားကြသော စာရေးဆရာများနှင့် ကုမ္ပဏီတိုက်ကြီးများမှာ စာရေးဆရာတို့အတွက် ငွေဝင်လမ်းမှန်လျက် ပင်စင်အငြိမ်းစားများကဲ့သို့ပင် ဖြစ်လေသည်။

ကျွန်ုပ်တို့ မြန်မာပြည်၌ကား ရိုင်ယယ်တီး ထုံးစံကို နားမလည်ကြသည်သာမက ရုပ်ရှင်ကုမ္ပဏီများကလည်း စာရေးဆရာများကို အသိအမှတ် မပြုကြချေ။ စာရေးဆရာတို့ ရေးသားထားသော ဝတ္ထုဇာတ်လမ်း ကလေးများကို သဘောကျပါက ထိုဝတ္ထုဇာတ်လမ်းမှပင် ခိုးယူကာ ရုပ်ရှင်ဇာတ်လမ်း ရိုက်ကြသေးလေသည်။ ထိုကဲ့သို့ ရုပ်ရှင် ကုမ္ပဏီများက ခိုးပြတိုက်၊ ရိုင်ယယ်တီးလည်း မထားကြသော ကျွန်ုပ်တို့ စာရေးဆရာတို့၏ အဆင့်အတန်းကား အဘယ်မှာ မြင့်နိုင်ပါမည်နည်း။ ရုပ်ရှင် ကုမ္ပဏီများ၌ ဆုံးပါးခဲ့သော ကျွန်ုပ်၏ ဝတ္ထုအမြောက်အမြား ရှိခဲ့လေသည်။ မြန်မာပြည်ရှိ စာရေးဆရာတို့၏ အဆင့်အတန်းသည် ငွေအားကြေးအားကောင်းကောင်းနှင့် ပုံနှိပ်တိုက်အလုပ်ကို လုပ်သော အစုစပ်ကုမ္ပဏီ တိုက်ကြီးများ မပေါ်မခြင်း မမြင့်နိုင်သေးချေ။ ယခုကဲ့သို့ပင် အောက်တန်းစား ဆင်းရဲသားဘဝမှာပင် နေရမည်သာတည်း။



ဗန္ဓုလ ဂျာနယ်မှာ ကျွန်ုပ်လုပ်စဉ်က သတင်းစာ[...]ဖြစ်သို့သာ တိုးတက်ချဲ့ထွင်နိုင်ခဲ့သည်မဟုတ်။ ဗန္ဓုလရုပ်ရှင်ဟူ၍လည်း ချဲ့ထွင်ပြီးလျှင် ရုပ်ရှင်ကားများ ရိုက်ကူးခဲ့သေးလေသည်။ ┼

ကျွန်ုပ်၏သား မောင်ကျော်စိုးမှာ "ချစ်တဲ့သူရယ်" ဇာတ်ကားကို ရိုက်ကူးရာတွင် ဇာတ်လိုက်အဖြစ် အသုံးတော်ခံခဲ့လေသည်။ မောင်ကျော်စိုးအား ကျွန်ုပ် ကိုယ်တိုင် သင်ကြားပြသကာ ဒါရိုက်တာ လုပ်ကိုင်ခဲ့လေသည်။

ထို့နောက် ဗြိတိသျှဘားမားရုပ်ရှင်သို့ မောင်ကျော်စိုး ရောက်သွားပြီးလျှင် "တကိုယ်တော်" ဇာတ်ကားရိုက်ကူးစဉ်ကလည်း ကျွန်ုပ်မှာ များစွာ ကူညီခဲ့ရလေသည်။ သား၏ စွမ်းရည်သတ္တိနှင့် ဖွံ့ကောင်းခြင်းတို့ကို တွေ့ရသော ကျွန်ုပ်သည် ထိုနေ့မှစ၍ သားကို အားကိုးကာ ရုပ်ရှင်ဇာတ်ညွှန်းများကို ရေးပြီးနောက် ကျွန်ုပ်ကိုယ်တိုင်ပင် သားပါဝင်သော ဇာတ်ကားတို့တွင် ဒါရိုက်တာလုပ်ကာ အေးအေးနေတော့မည်ဟု စိတ်ကို ပိုင်းဖြတ်ထားလိုက်လေသည်။ ဗြိတိသျှဘားမားရုပ်ရှင် ကုမ္ပဏီ၌ ဝတ္ထုများကို ပြန်၍ပေးရသော အလုပ်ကိုလည်း လုပ်ကိုင်ခဲ့လေသည်။ သို့သော် ကျွန်ုပ်၏ စာရေးဆရာဘဝဖြင့် ဆင်းရဲခံရမည့် ဝဋ်ကြွေးမကုန်သေးရကား (၁၀-နာရီ)

┼ ဆရာ ပီမိုးနင်းသည် မြန်မာပြည်တွင် ပထမဆုံး ရိုက်ကူးပြသသော မေတ္တာနှင့်သူရာ ဇာတ်ကား၌လည်း ဇာတ် ညွှန်းရေးခဲ့လေသည်။ တသက်လုံး ပုံးသမျှ ကုန်းတော့မပေါ် ဟူသော ဇာတ်ကားတွင် ဆရာပီမိုးနင်းသည် ပန်းချီဆရာကြီး အဖြစ်ဖြင့် ပါဝင်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ခေါ် ဖာတ်ကားကို ရိုက်နေစဉ် သားမောင်ကျော်စိုးမှာ ရန်သူ၏ ဓားသွားတွင် အသက်ပါ၍ သွားရတော့လေသည်။ ဒါရိုက်တာ အလုပ်ဖြင့် အေးအေးနေတော့အံ့ဟု ကျွန်ုပ်၏ စိတ်ကူးယဉ်ခဲ့ခြင်းတို့ကား သဲရေကျ ဖြစ်ရချေပြီ။ ထိုကဲ့သို့ ကျွန်ုပ်၏သား သူတစ်ပါး၏ လက်ချက်ဖြင့် အသက်သေဆုံးသောအခါ၌ ကျွန်ုပ်သည် သားအားချစ်ခြင်းသနားခြင်းတို့ဖြင့် ပရိဒေဝမီး တောက်လောင်၍ စိတ်အပျက်ကြီး ပျက်လျက် ရုပ်ရှင်အလုပ်မှ တခါတည်း ထွက်ခဲ့လေသည်။

ဒုက္ခဟူသည်ကား တခုတည်းမလာတတ်။ တပ်တောင်တာဗိုလ်ထုနှင့် လမ်းမှာတွေ့သမျှအတိဒုက္ခတွေကိုပါ ခေါ်လာတတ်သည့်အတိုင်း ထိုသို့သားအတွက်ပူဆွေးနေခဲ့သည့်အတွင်းတွင်ပင် မျက်စိအလင်းမမြင်ရရှာသော မောင်ကျော်စိုး၏ မိခင်မစိန်တင့်သည်လည်း သားနောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားပြန်လေတော့သည်။ မစိန်တင့်မှာ မျက်စိနှစ်လုံးအလင်းကွယ်ခဲ့သည့် အချိန်မှစ၍ တကိုယ်တည်း ပူဆွေးနေခဲ့ရသည့်အတွင်း သားဦးမောင်ကျော်စိုးမှာ သူတစ်ဦး၏ လက်ချက်ဖြင့် အသေဆိုးနှင့် သေခဲ့ရကြောင်းကို ကြားသိရသောနေ့မှစ၍ ခမျာမှာအဆွေးကြီးဆွေး၍ မစားနိုင်မသောက်နိုင် ၃-လနီးပါးမျှ သားအတွက် ပူဆွေးခြင်းဒုက္ခကို ခံခဲ့ပြီးသည့်နောက်၌ သေဆုံးသွားရခြင်းဖြစ်လေသည်။ ဒုက္ခိတ ဇနီး မစိန်တင့်ရော အားကိုးအားထားရာဖြစ်သော သားကြီးပါ သေဆုံးသဖြင့် ကျွန်ုပ်မှာ များစွာ စိတ်မချမ်းမသာ ဖြစ်ခဲ့ရလေသည်။

ကျန်ရစ်ကြသော လူမမယ် သားသမီးတို့၏ မျက်နှာ



များကိုမြင်ရ၊ သူတို့ကလေးတွေ၏ တဲအယ်-အယ်ငိုသံကို ကြားရသောအခါ ကျွန်ုပ်မှာ ဘာလုပ်ရမည်မသိ။ အလွန့်အလွန် ဝါသနာပါခဲ့သော စာရေးခြင်းအလုပ်ကိုပင် ထိုအခါက သတိရေး မရေးနိုင်ခဲ့တော့ချေ။ အရွယ်မရောက်ကြသေးသော သားတွဲလောင်း၊ သမီးတွဲလောင်းဘဝနှင့် ကျွန်ုပ်ကား ဘာကိုမျှ မကြံတတ်။ မကြံနိုင်တော့ပေ။ သားနှင့်မယားကိုလည်း မမေ့နိုင်။ လွမ်း၍လည်း မဆုံးတော့ပေ။ သို့ကြောင့် တကိုယ်တည်း ထင်ရာ လုပ်တော့အံ့ဟု သားသမီးတို့ကို ဓမ္မိမြို့ မစိန်တင့်၏ အမျိုးများထံသို့ သွားရောက်ပို့ပြီးနောက် တစ်ယောက်တည်း ရန်ကုန်သို့ ပြန်လာခဲ့ကာ သွားချင်ရာသွား၍ လာချင်ရာ လာကာ နေ့မအား ညမအား အချိန်ရှိတိုင်း သောက်စားမှုရစ် နေမိလေတော့သည်။ ထိုနောက်မှ ဝမ်းရေးအတွက် မနေသာတော့သဖြင့် ဝါသနာရှိပြီးအတိုင်း ဝတ္ထုဆောင်းပါးတို့ကို ပြန်လည်ရေးသား ရပြန်လေသည်။ သို့သော် ကျွန်ုပ်များစွာ စိတ်မပါခဲ့ချေ။ မနေသာ၍သာ ရေးနေရလေသည်။ ထို့ကြောင့်လည်း စိတ်မကောင်းတိုင်း သောက်စားကာ ငေးမောတွေဝေ စဉ်းစားနေမိခဲ့လေသည်။

တနေ့သ၌ ကျွန်ုပ်သည် ဝတ္ထုတပုဒ်ရေးဖို့ရန် အစရှာ၍ မရနိုင်သဖြင့် စာပွဲမှထခဲ့ကာ အိမ်ရှေ့ပြူတင်းပေါက်တွင် တွေဝေ ငေးမောကာ စဉ်းစားနေစဉ် အစ်ကိုကြီးတို့ အစ်မကြီးတို့ ပိုက်ဆံကလေး တပြားတချပ်သနားကြပါခင်ဗျာဟု သူတောင်းစားတစ်ဦး၏ အော်ဟစ်လိုက်သော အသံကို ကြားသဖြင့် ထိုအသံ လာရာဘက်သို့ ကြည့်လိုက်ရာ သန်သန်မာမာ သူတောင်းစား တစ်ယောက်ပိုက်ဆံ လျှောက်တောင်းနေ

www.burmeseclassic.com

www.burmeseclassic.com



သည်ကို တွေ့ရသဖြင့် ဒီလူနှယ် သန်သန်မာမာကြီးဖြစ်ရက်နဲ့ ကူလီလုပ်စားရင်တနေ့ ငါးမူးခြောက်မူးတော့ အနည်းဆုံး စည်လိမ့်အုံးမယ်။ လျှောက်တောင်းစားလို့ တစ်နေကုန်မှ တမူးရပါ့မလားဟု တစ်ယောက်တည်း တွေးတောရင်း ထိုသူတောင်းစားအား အပြစ်တင်မိလေသည်။ ထိုခဏ၌ပင် အင်း .. မရဘဲတော့ တောင်းမှာ မဟုတ်ဘူး။ တနေ့ကို တမူးတမတ်ရလို့သာ တောင်းတာ ဖြစ်မှာဘဲဟု တခါပြန်တွေးမိကာ ထိုသူတောင်းစား၏ သန်စွမ်းနေပါလျက် တောင်းစားနေခြင်းအကြောင်းကို တွေးတော စဉ်းစားရင်း ရတိဖြတ်မသိနိုင် မဆုံးဖြတ်နိုင်သဖြင့် ငါကိုယ်တိုင် ထွက်တောင်းကြည့်ရင် သာပြီး သိရမှာဘဲဟု တွေးမိ သည်နှင့်တပြိုင်နက် ဟောင်းမွေ့ဆိုသော အဝတ်အစား စုတ် စုတ်တို့ကို လဲလှယ်ကာ ကျွန်ုပ်ကိုယ်တိုင် တောင်းရမ်းရန် ညဈေး တန်းဘက်သို့ ထွက်ခဲ့လေသည်။

တလမ်းဝင်တလမ်းထွက်နှင့် ဆို့အနေဟန်ဆောင်လျက် တောင်းရမ်းခဲ့ရာ ၃–၄လမ်းဝင်ထွက်မိလျှင်ပင် သုံးပဲမျှ ရခဲ့၏။ သို့ဖြင့် ၃၈–လမ်းသို့ ရောက်ခဲ့ရာ တရုတ်ကြီး တစ်ယောက်ကို တွေ့သဖြင့် ဆလန်ပေးပြီးနောက် အ–အ–အ နှင့် လက်ထိုးခံရာ ဗွား–ဗွား–စီတောင်စားမှာ ဟန်ကြီး ပန်ကြီးလုပ်ကာ ဆဲရေးနေသဖြင့် ကျွန်ုပ်လည်း သည်းမခံနိုင်တော့သည့်အဆုံး၌ အေရိုးတဲ့ကပ်ဖေါ်ဟုဆဲလိုက်ရာ ကိုရေထောင်ကဲကြီးမှာ မျက်လုံးပြူး ပါးစပ်ကြီးဟပြီး ကပ်နီနဲ့ ဆိုပြီး အတင်းလိုက်သောကြောင့် လမ်းကြိုလမ်းကြားကို ကွေ့ကောက်ကာပြေးရလေသည်။

နေအိမ်သို့ ရောက်ပြီးနောက် ကိုယ့်အဖြစ်ကိုယ် တွေး



တောကာ ခွက်ထိုး ခွက်လန် ရယ်မော မိလေသည်။ ပိုက်ဆံများကို ရေတွက်ကြည့်ရာ တမတ်ကျော်ကျော်မျှ ရရှိသဖြင့် အင်း– ဒါကြောင့်မြန်မာပြည် သူတောင်းစား ပေါတာကိုးဟု တွေးမိတော့လေသည်။ ထိုနောက် အဝတ်အစားလဲလှယ်ခါ ဘုရားသို့ ထွက်ခဲ့ပြီးနောက် တောင်းရသမျှ ပိုက်ဆံတို့ကို လှူခဲ့လေသည်။ ကျွန်ုပ်ရေးရန် အစရှာ မရသေးသော ဝတ္ထုလည်း သူတောင်းစားကြီး ကျေးဇူးဖြင့် ပြီးဆုံးခဲ့လေသည်။

ထို့နောက် ကျွန်ုပ်သည် စိတ်လေလွင့်တိုင်း ကြည့်မြင်တိုင်၊ အလုံ၊ စမ်းချောင်း၊ ရေကျော်၊ တာမွေတို့တွင် လှည့်လည်လျှက် စာရေးရင်း ဝေ်ပြတ်ရင်းဖြင့် နေထိုခဲ့လေသည်။

မောင်ကျော်စိုးသေသဖြင့် ဗြိတိသျှဘားမားတိုက်က ထွက်ခဲ့ကတည်းက ကျွန်ုပ်မှာ ယခုထက်တိုင် အတည်တကျ လုပ်ကိုင်ရသော အလုပ်မရှိသေးချေ။ ယခုကား ကျွန်ုပ်မှာ အသက် ၅၆ နှစ်ရှိလေပြီ။ ဆင်းရဲတွန်းးပင် .. စာအုပ်များ ထွက်ပြီးသည့်နောက် ကိုယ်တိုင်အကျိုးမခံစားရဘဲ ဆင်းရဲဒုက္ခရောက်ခြင်းတည်းဟူသော ညွှန်ထဲမှာပင် တိုးလျှက်နေရလေသည် .....

ပီမိုးနင်း

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီး ပီမိုးနင်းသည် မိမိ၏ အတ္ထုပ္ပတ္တိကို ဤအထိသာကိုယ်တိုင်ရေးသားခဲ့လေသည်။

ဗြိတိသျှဘာသာမှ ထွက်ခဲ့ပြီးနောက် ဆရာကြီးမှာ စာအုပ် စာတမ်းပေါင်းများစွာပင် ရေးသားထုတ်ဝေသော်လည်း အကျိုးခံစားရခြင်းမရှိလှသဖြင့် သီးခြား ဖော်ပြခြင်း မပြုလို၍ပင် ထိုအကြောင်းများကို ဆက်လက် မရေးသားတော့ဘဲချန်လှပ်ထား ခဲ့ခြင်းဖြစ်သည်ဟု တွေးထင်ဘွယ်ရှိပေသည်။

ကျွန်ုပ်တို့မှာ ဆရာကြီး၏ အတ္ထုပ္ပတ္တိစုံလင်နိုင်သမျှ စုံလင်စေရန် ဖော်ပြရေးသားဖို့ တာဝန်ရှိရကား၊ ၎င်းတို့ကို စုံစမ်းသိရှိရသမျှ ရှေ့စာမျက်နှာများတွင် ထည့်သွင်းဖော်ပြလိုက်ရပေသည်။

စာတည်း။

## ၁၁။ ပြန်တော့မည်

ဝတ္ထုခေတ် ၄ ခေတ်-မြန်မာ့အလင်းသို့ ရောက်စေမြို့ကြီးဆေးကြခြင်း-ဦးလေပွေ-အယ်ဒီတာဦးချစ်မောင်ထံ လာရောက်၍ နှုတ်ဆက်ခြင်း၊ တိုက်အုပ်ဦးတင်က ကရုဏာသက် ရောက်ခြင်း၊ ဦးဟင်နှင့် ဦးချစ်မောင်တို့ အိမ်သို့ လိုက်သွား ခြင်း။ အထပ်ထပ်ကျေးဇူးတင်စကား ပြောကြားခြင်း။

ဆရာကြီးပီမိုးနင်းသည် ဗြိတိသျှဘာသာမှ ထွက်လာခဲ့ပြီးသည့်နောက် စာအုပ်စာတမ်း အမြောက်အမြားပင် ရေးသားခဲ့လေသည်။ ပဲရောက် ဦးဆံနီ၏ ရုပ်ရှင်လမ်းညွှန်ဂျာနယ်ကို ဆရာကြီးပီမိုးနင်းသည် အစအဆုံး တစ်ယောက်တည်း ရေးသားထုတ်ဝေခဲ့လေသည်။ ထိုမှတပါး တက္ကသိုလ်သိပ္ပံမဂ္ဂဇင်း သူရိယမဂ္ဂဇင်းစသည့် မဂ္ဂဇင်းများတွင်လည်း အလွန်ကောင်းသော ဝတ္ထုများကို ရေးသားပေးပို့ခဲ့လေသည်။ အဖိုးများစွာ မပေးကြဘဲ ဆရာကြီးထံမှ ဝတ္ထုတောင်းယူ ပုံနှိပ်ထုတ်ဝေသူများလည်း ထိုအချိန်တွင် အများအပြား ပေါ်ထွက်ကြွယ်ဝခဲ့လေသည်။

ထိုအချိန်မှာ ဆရာကြီး၏ ဝတ္ထုခေတ်တွင် စတုတ္ထခေတ်ပင်ဖြစ်လေသည်။ ပထမခေတ်မှာ ပညာ့အလင်းသို့ မဝင်မီ မောင့်ကျော်ဟူ၍ မထင်ရှားသော အမည်ဖြင့် ရေးသားခဲ့သည့် ခေတ်ဖြစ်ပေသည်။ ထိုခေတ်တွင် ခင်ထား ပင်လယ်ကူးခတ်ပုံ ဘီအေ-မောင်တင့်နှင့် ကချေသည်မယ်မြင့် အစရှိသော ဝတ္ထုများနှင့် လောကီလမ်းပြကျမ်းများကို ရေးသားခဲ့လေသည်။

ဒုတိယခေတ်မှာ ပညာ့အလင်း၌ ဝင်ရောက်၍

www.burmeseclassic.com

www.burmeseclassic.com



လုပ်ကိုင်စဉ်-ပိုက်ဆံကြီးဟူသော ကလောင်အမည်ဖြင့် ဝတ္ထုများ ရေးသားသော ခေတ်ဖင်ဖြစ်ပေသည်။ ယုခေတ်တွင် နာမည်ကျော်ကြားလျက်ရှိသေးသော ဒေနရိုရိုပွဲစားကြီးသားအဖနှင့် မြမြ ... ဝတ္ထုများမှာ ပိုက်ဆံကြီးအမည်ဖြင့် ပေါ်ထွက်လာခဲ့လေသည်။

မြန်မာစာဖတ် ပရိသတ်တို့၏ စိတ်နှလုံးတွင် ယခုတိုင် စွဲလမ်းလျက် ရှိသေးသည့် ဇနည်ညိုညို၊ ဟေမဝန်သွေးဟကိုယ်တော်၊ ချစ်ပန်းနွယ်၊ ဟနိုင်ငံမြိုင်ယံခြား စသော ဝတ္ထုရှည်ကြီးများနှင့် ပွဲစားကြီး ဂရာရွတ်ကို မြာချွတ်သောချစ်ချစ်။ ကြုဖေလဘုံပွေ၊ နဖူးစာ၊ အုံ့သြဘွယ်၊ ရေနတ်သူ၊ မျိုးချစ်၊ ဖျိုးချစ်လကျာ်၊ စိုးပါနဲ့မေ၊ ကျုပ်အသက်ကလေး၊ ဝါသနာ၊ သွေးမဆောင်ခြင်း၊ မိတ်ဆွေနှင့် ရည်စား၊ စိတ်ပြောင်းလဲခြင်း ဝရမ်းပြေး၊ လူလားနတ်လား ကမ္ဘာနှလား၊ ချစ်တဲ့မယား၏ ရွှေဖူးစ...ဆော် စီမံသွင်း၊ ငယ်ကကျွမ်းကို လွမ်းလို့ ခွေကာ

† ဟိုစဉ်က ပိုက်ဆံကြီး (ဆရာဗိုမှိုးနှင်း) ကိုယ်တိုင် ဘားမားဒေဝတ္ထုများ ကြော်ငြာသော စာတမ်းတစောင်ကို ယခုခေတ်လူများတွေ့မြင်ဖတ်ရှုကြမည်မဟုတ်၍ ဗဟုသုတ အလို့ငှာလည်းကောင်း ထိုခေတ်က အကြောင်းအရာနှင့် အရေးအသားကို သိစိမ့်သောငှာလည်းကောင်း အောက်တွင် ယည့်သွင်း ဖော်ပြလိုက်ရပေသည်။

အစီရင်တော်ခံပါသည်။

ကျွန်တော် ပိုက်ဆံကြီးသည် ပညာအလင်းမဂ္ဂဇင်း ပေါ်ထွက်လာစဉ်က ရဲဘက်တော်များနှင့်တကွ နှစ်သက်လောက်သော အချက်များကိုရေးသားလာရာ ပြည်သူပြည် သားတို့၏ မေတ္တာဂုဏ်ကြောင့် ကျွန်တော်များ၏



...စသော ဝတ္ထုပေါင်းမြောင်မြားစွာတို့မှာ ဆရာဗိုမှိုးနှင်း...ည်ဖြင့် ၎င်း၏ ဇာတိယဝတ္ထုခေတ်တွင် ပေါ်ပေါက်လာကြ...သော ဝတ္ထုများဖြစ်လေသည်။

ယခုကြီးပွားနေကြသော လူလတ်ပိုင်း ဖတ်ဘူးကြ...သော ကမ္ဘာ့မင်တံကျမ်း၊ သခင်စိတ်၊ လက်တွေ့ကြီးပွားရေး...မှုစ၍ အင်္ဂလိပ်စကားပြောနည်း၊ ဝတ္ထုသတင်းစာရေးနည်း၊ ...ချစ်ဖြတ်လမ်းစသော ကျမ်းများကိုလည်း ထိုခေတ်ကပင်...သားခဲ့လေသည်။

ကျွန်းငွေသောင်၊ တဖြစ်လဲ၊ ကျားကြီးရာဇာ၊ တခုလပ်... တလင်ကွာ၊ ဝဲက်ဘာတံ၊ တို့တောင်ပျော်၊ သဲမြညာ၊ ...က်လုကွ၊ ယောက်ျားကောင်းသုံးယောက် စသော ဝတ္ထုရှည်...များနှင့် ငါ့သမီး၊ မယားထူး၊ တို့ဘာသာ၊ မှော်ဘုရင်၊

...မဂ္ဂဇင်းသည် တဟုန်ဘည်းကြီးပွားလာ၍ ယခုအခါ နေ့စဉ်သတင်းစာကြီး...တ်ဝေလျက် ရှိပါပြီ။ ဤပညာ့အလင်းတည်းဟူသော သတင်းစာကြီး...ာက်ဆုံး ကော်လံက မှန်မှန်ကြီး မည်သူ့ မျက်နှာ ကိုမှ မထောက်ထားဘဲ...သားနားနား၊ ကွက်ကွက် ကွင်း ကွင်း၊ ရှင်းရှင်းလင်းလင်း၊ သေသေချာချာ...ရေရာရာ ၊ ခမ်းခမ်း နားနား၊ ဆန်းဆန်းပြားပြားကြီး ထွင်ကာ စကား...သွားအလာမှာ တမျိုးပြောင်းပြီးလျှင် အကျိုးအကြောင်း နှင့်တကွ ...ြောင်းဖြောင်း ဖြဖြ ဆိုသလို ပြောပြ၍ ရလျှင်ရ မရလျှင် အချက်ရှိသမျှ ...ဖော်ပြီး ဟုတ်တာတွေ ဖေါ်တတ် လွန်းလို့ ချစ်သူတွေကလည်း တပြုံးပြုံး ...သူတွေကလည်း တရှုံးရှုံး နှင့် ကုန်းကုန်းပြီး မဲ့ကြ ရွဲ့ကြ၊ တကဲ့ဟာ... ...နှယ် ဟာမှ ချန်မထားဘဲ အတန်ရေးသားတာဘဲဟု တွေးတွေးပြီး

www.burmeseclassic.com

www.burmeseclassic.com



စာရေးဆရာ မျိုးချစ်စိတ်အခံရှိသည့် မရေမတွက်နိုင်သော ကဗျာ ဆောင်းပါး များလှစွာသော ဝတ္ထုတိုကလေးများအပြင် တိုင်းရေးပြည်ရေး လွတ်လပ်မှု၊ ဘောင်စိုင်း သားကုအိမ်ရည်၊ သမီးကုညာရည်၊ ပိန်းမစိတ်စသော ကျမ်းများမှာ ဆရာပီမိုးနင်း၏ စာတို့ထွက်ခေတ်တွင် ထွက်ပေါ်ခဲ့ကြလေသည်။

ထိုမျှလောက် မရေမတွက်နိုင်သော စာ ဆောင်းပါးများပြားလှစွာ ရေးသားနေရသော်လည်း ဆရာကြီးမှာ များစွာ ချောင်လည်လှသည်မရှိ။ တဝဲလည်လည်ပင် ဖြစ်နေခဲ့လေသည်။ ထိုကဲ့သို့ ပညာသည်ကြီးတစ်ဦးအငတ်ငတ် အပြတ်ပြတ် ဖြစ်နေသည်ကို တွေ့ရှိရသည့်အခါ ထိုစဉ်က မြန်မာ့အလင်းသတင်းစာတိုက်တွင် တာဝန်ခံအယ်ဒီတာအဖြစ် ဆောင်ရွက်နေသော

---

တနွာသူတွေကလည်း နာကြပေလိမ့်မည်။ သို့သော် ပိုက်ဆံ ကဖြင့် မဥ္စသူကိုမျှ လုံးလုံးကြီး အားမကိုးဘဲ ရိုးသားတဲ့ စိတ်အနေနှင့် ပဋိသန္ဓေပေးကာတဲ့ အတွက် မည်သူ့ဘက်ကိုမျှ မလိုက်နိုင်။ မကောင်းဘူး အလှပ်လင်းပျှင်ဖြင့်

ခပ်တွင်တွင် ရေးသားလိုက်ရမည်ဟု လိုသတည်း။ ဤဤထိုထို သို့ကလို စဉ်းစားနေမိက်၊ မိတ်ဆွေများထံမှ မကြာမကြာ ဝတ္ထုတိုကလေးများ ရေးသားထုတ်ဝေရန် အတန်တန်စာပေးကြသော အကြောင်းများကို စဉ်းစားမိသဖြင့် မိတ်ဆွေများ၏ အလိုပြည့်ဝနစ်သိမ့်စိမ့်သော၄ာ၊ ဆက်ရန်ရှိသေးသည်ဟု ဝတ္ထု ဇာတ်လမ်းများကို ချွင်းချက်မထားဘဲ တအုပ်တည်းနှင့် အပြီးသတ် ဖတ်နိုင်ရန် ရည်သန်၍ သိချင်းတွေ ညှပ်ကာ များများ ရေးပြီး အပြင်းပြေဖတ်စရာ ဘားမားဒေကြီးဟူသော အမည် ဂုဏ်တံဆိပ်ဖြင့် ဤပုံနှိပ်တိုက်က ထုတ်ဝေရန် စီမံရေးသားလျက်ရှိလေပြီ။ မှလပိုက်ဆံကြီး



ဦးတင် † က မြန်မာ့အလင်းတိုက်အုပ် ဦးတင်အား ဆရာကြီးကို တတ်နိုင်သမျှ ငွေကြေးပေးကမ်းလျက် မြန်မာ့အလင်းတွင် ရေးသားဖွင့်ပြုရန် ပြောဆိုခဲ့လေသည်။ တိုက်အုပ် ဦးတင်က ထိုအကြောင်းကို တိုက်ပိုင်ရှင် ဦးမောင်မောင်ကြီးအား ပြောကြားခဲ့ရာ ဆရာပီမိုးနင်းမှာ ယခင်က ပညာ့အလင်း၌ အလုပ်လုပ်ခဲ့၍ ပညာ့အလင်းမှာ မြန်မာ့အလင်းနှင့်များစွာ မသင့်ခဲ့သောကြောင့် ဆရာကြီးပီမိုးနင်းအား မြန်မာ့အလင်း၌ ခေါ်ယူရေးသားစေရန်အကြံကို ရုတ်တရက် သဘောတူခွင့် မပေးနိုင်။

တိုက်ရှင် ဦးမောင်မောင်ကြီး ကွယ်လွန်သည့်နောက် အတန်ကြာသောအခါ မြန်မာ့အလင်း သတင်းစာတွင် ဆရာပီမိုးနင်း၏ အရေးအသား များကို စတင်ဖတ်ရှုကြရလေသည်။ ၁၉၃၅-ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် လေပွေ အမည်ဖြင့် စတင်ရေးသားလေသည်။ ပထမရေးသားစဉ်က ဦးလေပွေဟူ၍ စာလုံးခေါင်းစဉ်ကြီး မတပ်သေးပေ။ ထွေရာလေးပါးဟူ၍ ခေါင်းစဉ်တပ်ပြီး လေပွေဟု အောက်ကသာမန်လက်မှတ်ရေးထိုးလေသည်။

ကာလအတန်ကြာမှ ဦးလေပွေဟူ၍ ခေါင်းစဉ်တပ်ပြီး ရေးသားခြင်းပြုလေသည်။ ထိုရေးသားချက်များမှာ အလွန်ပင် အချက်ကျလျက် စကားအသုံးအနှုန်းတွင် တစ်တစ်ခွခွ နိုင်လွန်းသဖြင့် မြန်မာ့အလင်း သတင်းစာဖတ်ရှုသူတိုင်းပင် ထိုအခါ

---

† ယခုယောဂီဆေးတိုက်ရှင်ဖြစ်နေသော ဦးတင်ကို ဆိုပေသည်။

တတည်း။

www.burmeseclassic.com

www.burmeseclassic.com



ကို စွဲစွဲလန်းလန်း စောင့်စောင့်စားစား ဖတ်ရှုကြရလေသည်။

မြန်မာ့အလင်းတာဝန်ခံ အယ်ဒီတာအဖြစ်မှ ဦးတင် နှုတ်ထွက်သွားသည့်အခါ┼ ဤစာအုပ်ကို တည်းဖြတ်သူသည် ညအယ်ဒီတာလုပ် နေရာမှ တာဝန်ခံ အယ်ဒီတာအဖြစ်ဖြင့် ဦးတင်နေရာတွင် ဆက်လက် လုပ်ကိုင်ရာ၌ ဆရာပီမိုးနင်းနှင့် နေ့စဉ်လိုပင်တွေ့ ဆုံနှီးနှောစကားစမြည်ပြောဆိုခဲ့ရလေသည်။ တစ်နေ့တွင် ဆရာကြီးသည် ကျွန်ုပ်၏ စားပွဲရှိ ကုလားထိုင် ပွတ်တလုံးတွင် ဝင်ရောက်ထိုင်ပြီးလျှင် ရန်ကုန်မြို့မှာ ဘယ်မှာမှ ငွေလုံလုံလောက်လောက်မရဘူး။ ရေးတော့ ရေးနိုင်းပြီး ပိုက်ဆံကျတော့ မပေးချင်ကြဘူး။ အခုအိမ်လခက လဲ သိပ်ပြီးဆူနေတယ်။ ကျုပ်တော့ ရန်ကုန်မှာ ဆက်မနေနိုင် တော့ဘူး။ သုံးဆယ်ကိုဘဲ ပြန်ရတော့မယ်ဟု ညှိုးသောမျက်နှာ ဖြင့် ပြောလာလေသည်။

ကျွန်ုပ်မှာ ဤမျှလောက် ထင်ရှားကျော်ကြားသော စာရေး ဆရာကြီးတဦး၏ သနားဘွယ် ကောင်းသော အခြေအနေကို မြင်တွေ့ကြားသိရသော အခါများစွာ ဝမ်းနည်း သွားလေသည်။

---

┼ ဦးတင်သည် သတင်းစာဆရာအဖြစ်မှ နှုတ်ထွက်သွားသော်လည်း ဆရာပီမိုးနင်းနှင့် အဆက်မပြတ် ပေ။ ဆရာပီမိုးနင်းထံမှ တပုဒ်လျှင် (၃၀)ကျပ်မှ (၁၅၀)ကျပ်အထိ အဖိုးပေးလျက် စာမူများကို ဝယ်ယူ ခြင်းပြုလေသည်။ ထိုစာမူများကို ယခုတိုင် ပုံမနှိပ်ရသေးပေ။ ဤစွာသယ စိတ်ပညာကျမ်းများ ကိုလည်း ရိုက်နှိပ်ပေးခဲ့လေသည်။ ။ စာတည်း။



ဆရာ သုံးဆယ်ပြန်ပါပြီတဲ့။ တိုမှာ ဘာလုပ်မှာလဲ။ ရန်ကုန်မှာ တနည်းနည်းနဲ့ ကြံဖန်ပြီးနေရင် ဆရာ့အဖို့ သာပြီး ငွေဝင်လမ်းမလွယ်ကူပေဘူးလား။ ဆရာ ဟိုသွားမယ် ဆိုရင် စာအုပ်ထုတ်တဲ့လူတွေနဲ့ ဆရာနဲ့ ဘယ်လိုစီစဉ်မလဲ။ ပိုပြီး ဝေးမသွားပေဘူးလား။ အစရှိသဖြင့် ကျွန်ုပ်လည်း မေးခွန်း ပေါင်းများစွာကို မေးမိပေသည်။

ဆရာကြီးလည်း လွှက်ရည်နှင့်မုန့်ကို သောက်စားရင်း အတန်ကြာထိုင်နေပြီးနောက် ကိုင်း–ပြန်တော့မယ် ကျုပ်ပော့ စစ်ရှုံးပြီ ... ဟိုမှာဘဲ ခေါင်းပြန်ချရမှာဘဲဟု ပြောဆို နှုတ် ဆက်လေသည်။

ကျွန်ုပ်လည်း ဆရာ ရန်ကုန်မှာ ငွေမှန်မှန် ဘယ် လောက်ရရင် နေနိုင်မလဲဟု အရေးကြီးသည် ထင်သော မေးခွန်း ကို မေးလိုက်လေသည်။

အိမ်လခအတွက် (၃၀)ကျပ် မှန်မှန်ရရင်နေနိုင်ပါတယ်။ စားဖို့သောက်ဖို့အတွက်တော့ မရတချက်ရတချက်နဲ့ ဟိုရေး ဒီရေး ရေးရင် သူ့ဟာနဲ့သူ ဖြစ်လာမှာဘဲ။ ဒီအ ချယ်ကြီးကျမှ ဆွေမျိုးမတော်အပေါ်မှာ ပြန်ပြီး မှီခိုမနေချင်ဘူးဟု ပြောကာ ထွက်သွားလေသည်။

ကျွန်ုပ်လည်း မြန်မာ့အလင်း တိုက်အုပ် ဦးတင်နှင့် ချက်ချင်းတွေ့ဆုံ၍ ဆရာကြီး၏ အဖြစ်အပျက်ကို ပြောပြပြီး လျှင် ကူညီရန်ပြောရာ သူ့လို ပညာရှိကြီးတစ်ယောက် ရန်ကုန် မှာ မနေနိုင်လောက်အောင်ဖြစ်ရတာ သိပ်ဝမ်းနဲဖို့ကောင်း တာဘဲ။ ခင်ဗျားနဲ့ ကျုပ်နဲ့ နက်ဖြန်သူ့ဆီသွားပြီး သုံးဆယ် မပြန်ဖို့တားရအောင်ဟု ဦးတင်လည်း ကရုဏာသက်စွာဖြင့်

www.burmeseclassic.com

နောက်တနေ့တွင် ဦးတင်နှင့် ကျွန်ုပ်တို့သည် ဆရာကြီး၏ ၁၄၆-လမ်းရှိ နေအိမ်သို့ သွားရောက်ကြသောအခါ အလုပ်အမိုးအားလုံးပင် ထုပ်ပိုးပြင်ဆင်ပြီးဖြစ်လျက် ဆရာကြီးမှာမူ အာယုဒီယဆေးတိုက်ဆို့ နှုတ်ဆက်ရန် ထွက်သွားသည့်အတွက် ဆရာကတော်က လူတစ်ယောက်ကို စေလွှတ်အခေါ်ခိုင်းလိုက်လေသည်။

ဆရာကြီးရောက်လာသည့်အခါ ဆရာကြီးသုံးဆယ်သို့ သွားဖို့မလိုအောင် မြန်မာ့အလင်းက ကြည့်ရှုစီစဉ်မည်ဖြစ်ကြောင်းနှင့် ပြောပြရာ ဆရာကြီးမှာ များစွာဝမ်းသာသွားပုံရလေသည်။ ဆရာကြီးဝမ်းသာသွားသည့်ကို တွေ့မြင်ရသော ကျွန်ုပ်တို့ နှစ်ဦးမှာလည်း အတိုင်းမသိ ဝမ်းမြောက်ဝမ်းသာဖြစ်ရလေတော့သည်။

ကျေးဇူးတင်ကြောင်း အထပ်ထပ် ပြောနေသည့်အကြားတွင် ကျွန်ုပ်တို့ ၂ယောက်လည်း ဆရာကြီးအား နှုတ်ဆက်၍ထွက်လာခဲ့ကြလေသည်။

ဆရာကြီးသည် ရန်ကုန်မြို့၌ ဆက်လက်နေထိုင်ပြီးလျှင် မြန်မာ့အလင်းသို့လည်း မှန်မှန်လာမြဲလာလျက် ရေးမြဲရေးပေးနေလေသည်။ တခါတရံ ဆရာကြီးရေးပေးသည့် စာများကို တကြောင်းမဟုတ်လျှင် တကြောင်းကြောင့် မထည့်သွင်းမဖော်ပြနိုင်ခဲ့ချေ။ သို့သော် ထိုစာများကို ကျွန်ုပ်သည် ဆုတ်၍မပစ်ဘဲ သိမ်းဆည်းထားခဲ့လေသည်။

ထိုစာများမှာ များသောအားဖြင့် အငြင်းအခုံ ပြင်းပြင်းထန်ထန် ဖြစ်ပွားစေနိုင်သော စာများဖြစ်လေသည်။ စာရေးသူ၏ စေတနာမှာ အကောင်းဘက်ကို ရောက်စေရန်ဖြစ်သော်လည်း မိမိတို့အား ထမင်းစော်ကားသည်ဟု အရေးခံရသူများ အထင်မှ



ရောက်စေနိုင်သည့် စာမျိုးဖြစ်ကြလေသည်။

ကျွန်ုပ်နှင့် မြန်မာ့အလင်း တိုက်ရှင်များ သတင်းစာ အရေးအသားဝါဒထားပုံများနှင့် စိတ်လျှော့ပြီး၍ သဘောကွဲလွဲကာ ကျွန်ုပ်မြန်မာ့အလင်းမှ ထွက်လာရသည့်အခါ ထိုစာပေများကို မြန်မာ့အလင်း၌ ထားခဲ့လျှင်အချည်းနှီးဖြစ်မည်ကိုမြင်၍ ကျွန်ုပ်နှင့် တပါတည်း ယူဆောင်ခဲ့လေသည်။ †

မြန်မာ့အလင်းမှ ထွက်ပြီးသည့်နောက် ဆရာကြီးနှင့် ကျွန်ုပ်မှာ ယခင်ကလောက် မတွေ့ဆုံနိုင်ကြတော့ပေ။ ရံဖန်ရံခါ တွေ့ဆုံကြသည့်အခါ ဆရာကြီးကလည်း ကျွန်ုပ်၏ အလုပ်အကိုင် အခြေအနေအကြောင်းကို မေးလျက် ကျွန်ုပ်ကလည်း ဆရာကြီး၏ အလုပ်အကိုင် အခြေအနေကြောင်းကို မေးကာ နိုင်ငံရေး၊ စိတ်ပညာအရေးများနှင့် နောက်ဆုံးပေါ်စာအုပ်များ အကြောင်းကို စကားအလျဉ်းသင့်သလို ပြောဆိုပြီး လူချင်းခွဲခဲ့ကြရသည်က များလေသည်။

ထိုကဲ့သို့ နေခဲ့ရာမှ ၁၃၀၁ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၁၀ ရက်။ ၁၉၃၉ ခုနှစ်၊ ဒီဇင်ဘာလ ၅ရက်။ အမျိုးသားနေ့သို့ ရောက်ခဲ့လေသည်။ ထိုနေ့သည် ဆရာကြီး ဘဝအဆုံး၏ အစဖြစ်ကြောင်းကို ဆရာကြီးလည်းမသိ။ ကျွန်ုပ်လည်းမသိ ... မည်သူမျှ မသိကြချေ။

---

† ထိုစာများအနက်မှ အခါအခွင့်သင့်လျော်တိုက်ဆိုင်ရာ တို့ကို ရွေးချယ်၍ ကျွန်ုပ်ထုတ်ဝေသည့် ဂျာနယ်ကျော်တွင် ထည့်သွင်းသည့်အခါ ထိုသို့ ထည့်သွင်းသမျှ စာများအတွက် ဆရာကြီးအား တန်ရာတန်ဘိုးကို ပေးခဲ့လေသည်။ ဆရာကြီးသည် ပထမ၌ ငြင်းပယ်သော်လည်း ကျွန်ုပ်က အထပ်ထပ် တိုက်တွန်းသည့်အခါ မယူချင်ယူချင်နှင့် ယူသွားလေသည်။ ။ စာတည်း။

www.burmeseclassic.com

အပိုင်း (၃)

# လမ်းခရီး၏အဆုံး

## ၁။ ဘဝလမ်းခရီး–အဆုံး၏အစ

မြန်မာ့အလင်း သတင်းစာ၌ သတင်းပါလာခြင်း၊ ဂျာနယ်ကျော်တွင် စာရေးဆရာကြီးသခင်က ဆရာကြီး၏ သတင်းရေးရင်း စာရေးဆရာဘဝကို ညည်းခြင်း။

ဆရာပီမိုးနင်းနှင့် ရက်ပေါင်းများစွာ မတွေ့ခဲ့ဘဲရှိရာမှ ၁၉၃၉ ခု၊ ဒီဇင်ဘာလ ၈ ရက်နေ့တွင် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ (၈)တွင် –

### စာရေးဆရာပီမိုးနင်း
### စက်ဘီးတိုက်၍ခြေကျိုးသွားခြင်း

စာရေးဆရာပီမိုးနင်းမှာ စက်ဘီးတိုက်သော ဒဏ်ရာကြောင့် ခြေကျိုးသွားရာ ရန်ကုန်မြို့ဆေးရုံကြီး အခန်းနံပါတ် ၁၁ နှင့် ၁၂ တွင် အတွင်းလူနာအဖြစ် ကုသနေရကြောင်း။

ကိုက်မိပုံမှာ ဒီဇင်ဘာလ ၅ ရက်နေ့ နံနက် ၁၁နာရီအချိန်တွင် ရန်ကုန်မြို့ မြန်မာ့အလင်း သတင်းစာတိုက်ရှင်များ အလှူပွဲသို့ ရန်ကုန်မြို့ ၁၂၆ လမ်း နံပါတ် ၄၅ နေ ဆရာပီမိုးနင်းကိုလည်း သတင်းစာတိုက်သားအဖြစ် အလှူပေးရန်ဖိတ်မံထားသည့်အတိုင်း ၎င်းလာရောက်ပြီးလျှင် ၁၁ နာရီအချိန်ခန့် အိမ်သို့ မြန်မာ့အလင်း သတင်းစာတိုက်မှ ဆူးလေဘုရားလမ်း မဟာဗန္ဓုလပန်းခြံရှေ့သို့ လမ်းဘေးမှ လျှောက်၍ပြန်သွားရာ အချုပ်ထောင်မှ ကုလား အမှုထမ်းတစ်ယောက် အပြင်းအထန်စီးလာသော စက်ဘီးတစ်စီးသည် အဘောင်းဝင်

www.burmeseclassic.com



တိုက်သည့်အတွက် ဆရာပီမိုးနင်းလဲသွားသည့်အပြင် ခြေမှာ ကျိုး သွားကြောင်း ၄င်းသည့်နေရာမှ မထနိုင်အောင် စက်ဘီးဒဏ်ရာ ဖြင့် မြေကြီးပေါ်၌ လဲနေရာ အမျိုးသားသူနာပြု တပ်သားများက ဆေးရုံကြီးသို့ အလျင်အမြန် ယူဆောင်သွားရ ကြောင်း ၄င်းကို ဆရာဝန်များက ကြပ်မတ်ပြီးလျှင် ဆေးကုနေရကြောင်း သတင်းပါရှိလာသည်ကို ဖတ်ရသည့်အခါ ကျွန်ုပ်၏ စိတ်တွင် မည်သို့ဖြစ်သွားမည်ကို စာဖတ်သူများ ခန့်မှန်းနိုင်ကြပေလိမ့် မည်။ ထိုသတင်းကို ဖတ်ကြရသော စာဖတ်ပရိသတ်၏ စိတ်တွင်လည်း များစွာ အံ့ဩဝမ်းနည်းပူပင် ကြောင့်ကျခြင်း ရှိကြလိမ့်မည်ဟု ကျွန်ုပ် ထင်မိပေသည်။

ရက်များမကြာမီ † စာရေးဆရာကြီး သခ်ါ ညည်း တွား ရေးသားလိုက်သော ဆရာကြီး၏အဖြစ်နှင့် စာရေးဆရာ တို့၏ ဆင်းရဲသောဘဝ အကြောင်းအရာ ဆောင်းပါးရှည်ကြီး ဂျာနယ် ကျော်တွင် ပေါ်ထွက်လာလေသည်။

ထိုဆောင်းပါးတွင် .....

ဆရာကြီး ပီမိုးနင်း စက်ဘီးတိုက်မိလို့ ပေါင်ကျိုးသွား ပြီဟူသော သတင်းကို ကြားလိုက်ရလျှင် စာရေးဆရာ ရပ်ကွက် တွင် အတော်လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။ ဆရာကြီး အား သိသူမှန်သမျှ ကြည်ညိုသူမှန်သမျှ အံ့အားသင့်သွား ကြမိရင်း ရင်ထုမနာလည်း ဖြစ်သွားမိကြ၏။ ကျွန်ုပ်တို့ကား

---

† နတ်တော်လဆန်း ၁၃ ရက်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့။ ။စာတည်း။



ထိုသတင်းကို ကြားလိုက်ရသည့်တွင် ဆရာကြီးအတွက် များစွာ စိတ်မကောင်းခြင်းဖြင့် ယူကြုံးမရဖြစ်သွားမိ၏။

နူရာပဲမှ ဖြစ်ရလေ၏ ဟူ၍ ညီးမိတော့၏။ ဆရာကြီး ကားကိုမင်းမစွမ်းအရွယ်သို့ ရောက်ခဲ့ပြီး အသက် ၆၀ သို့ နီးနေပြီ။ ငယ်စဉ်ကတည်းက စာရေးဆရာအလုပ်ကို လုပ်ကာ တိုင်းပြည်အား နားမျက်စိကို ဖွင့်၍ပေးသည်မှာ လူတိုင်းအသိပင် ဖြစ်ရာ ယခုခေတ်–ယခုအခါ စာရေးဆရာဟူသောအမည်ကို ယူနေကြသူမှန်သမျှ ဆရာကြီး၏ ပညာဉာဏ်ကို မသောက်သုံး ဘူးသူ မရှိသလောက်ဖြစ်ပေ၏။

သို့သော် ဆရာကြီးကား ယခုအခါ ပါတာနီကုန်း ကုလားရပ်ကွက်(နံပါတ် ၄၅၊ ၁၂၆ လမ်း)တွင် အိမ်ကလေး တစ်အိမ်အောက်ခမ်းတွင် ငှားရမ်း၍ ဆင်းရဲညှိုးညင်စွာ နေထိုင် ရရှာ၏။ တင်းတိမ်ရောင့်ရဲလွယ်၍ မွန်မြတ်သော စိတ်ထားရှိ သော ဆရာကြီးကား အမှုအရာမပျက်ပင် ပျော်ရွှင်စွာ နေထိုင် ခဲ့သော်လည်း တနေ့တခြား ကြီးမားရင့်ရော်၍လာသော အသက် အရွယ်သို့ရောက်ကာ ဇရာကပိသဖြင့် ယခုတခါတွင် မိမိ၏ အဖြစ်ကို တွေးမိဟန်ဖြင့် တယ်ပြီး စိတ်ကောင်းပုံမရပေ။

ကျွန်ုပ်ကား ဆရာကြီးထံသို့ ရံဖန်ရံခါ ရောက်၏။ သတင်းစာအကြောင်း မဂ္ဂဇင်းအကြောင်းများမှစ၍ အခြား အကြောင်းများနှင့် ပတ်သက်၍ ဆရာကြီးနှင့် စကားပြောဆို ကြသည့်အခါတွင် "ဘယ်သတင်းစာက စောင်ရေ ဘယ် လောက်တိုးပြီး ဘယ်မဂ္ဂဇင်းက ကြီးပွားတိုးတက်နေပေမဲ့ ဒို့ များဝတ်နေတာက ခက်တယ်ကွာ" ဟု ရိုးရိုးကြီး ညီးညူရှာ၏။

ဆရာကြီးအား မတွေ့ဘူး မမြင်ဘူး မသိဘူးသော အရမ်း

www.burmeseclassic.com

www.burmeseclassic.com



ကာရော မိမိထင်မြင်ကရာကို သပုတ်လေလွှင့်ပြောဆိုနေကြသော်လည်း ဆရာကြီးနှင့် တွေ့သူမှန်သမျှ မကြည်ညိုသူ ကရုဏာမပွားသူ မရှိသလောက် အမှန်ပင်ဖြစ်၏။ ထူးကဲစွာ သည်းခံတတ်သော စိတ်ထားရှိ၏။ သူတစ်ပါးအား ဆန့်ကျင်လိုစိတ်၊ ဒုက္ခပေးလိုစိတ် အလျဉ်းမရှိပေ။ စကားနည်း၏။ အတွင်းသဘောဖြူစင်လှ၏။ အချို့သော ပညာရှိများကဲ့သို့ ပညာမာန အလျဉ်းမရှိပေ။ မည်သူက ဘာပြောပြော နားထောင်လိုစိတ် အမြဲရှိ၏။ မည်သည့်သူတစ်ဦးတစ်ယောက်ကိုမျှ (အိမ်ရှိ သားသမီး-သားမယားများကိုပင်ယုတ်စွ) ဆန့်ကျင်ဘက်ပြောလိုစိတ်မရှိပေ။ မွန်မြတ်လှသော စာရေးဆရာဘဝတွင် အသင့်လျော်အထိုက်တန်ဆုံးသော ပုဂ္ဂိုလ်ကြီး တစ်ယောက်ပေတည်း။

ဆရာကြီးအား ကြည့်ရန် ဆေးရုံကြီးသို့ ရောက်သွား၏။ ဝမ်းနည်းဟန်ဖြင့် ဆရာကြီး မျက်ရေကျသည်ကို တွေ့ရ၏။ ကျွန်ုပ်ကား တတ်နိုင်သမျှ အားပေးသော်လည်း ကိုယ်တိုင်ပင်လည်း စိတ်မချမ်းသာလှပေ။ ဆရာကြီး၏ အဖြစ်ကိုမြင်ရသည်မှာကား ဝမ်းနည်းဘွယ် ကောင်းလှ၏။

တိုင်းပြည်တွင် နာမည် ဤမျှလောက်ကြီးမားသော ပုဂ္ဂိုလ်ကျော် စာရေးဆရာ (အမော်)ကြီးတစ်ယောက်ဖြစ်လျက် (သတ္တဝါနှင့်ဒဏ်နှင့်မျှ) သေလုနီးပါး ကြီးမားသည့် ရောဂါဒဏ်ရာရသည်ကိုပင် အထူးဆေးဝါးကိုကု၍ အထူးအခန်း၌ မနေနိုင်ရှာ။ အများနှင့်ရောနှောသော အခန်းတွင် စိတ်ညစ်ညူးဘွယ် ရှုပ်ရှုပ်ထွေးထွေး နေရရှာ၏။ (ဤနေရာတွင် ဘုံဝါဒမလို) ဆရာကြီးကို မှီး၍ တပည့်ပေါင်းမြောက်မြားစွာ ကြီးပြင်းပေါက်ဖွားသွားကြကုန်ပြီ။ သတင်းစာ(မ)ဂ္ဂဇင်းအရှင်တိုက်ပေါင်းလည်း ကြီးပွားတိုးပေါက်သည့်ထက် တိုးတက်သွားကြကုန်ပြီ။ ဆရာကြီးကား အသက်ကြီးလေ ဆင်းရဲပင်ပန်းနက်လေဖြင့် နောက်ဆုံးတွင် ကြမ္မာကံဆိုး သူဝင်တိုးသဖြင့် ဤအဖြစ်မျိုးသို့ ရောက်ခဲ့ရ၏။ ကံဆိုးသည့် ဆရာကြီးပေ။

ဤကား အခြားမဟုတ် အနောက်နိုင်ငံ၊ အင်္ဂလန်တွင် ဒေါက်ကာဆင်မြူအယ် အလ်ဂွန်ဆင်တို့ ဖိနပ်စုပ်ကို ဝတ်နေရသောခေတ်၊ ချက်တာတန်တို့ အဆိပ်သောက်သေရသောခေတ် (၁၇၀၀ မှ ၁၈၀၀ စပ်ကြား၊ ခေတ်)များကဲ့သို့ ကြုံနေရ၏။ ထိုသူတို့ကား ဆင်းရဲ စုပ်ချာကြရသည်မှာ ခဏတာမျှသာတည်း။ အားလုံးလည်း မဟုတ်။ တခေတ်လုံးလည်းမဟုတ်သည့်ပြင် ယခုကား ၎င်းတို့ စာပေမှာနေလိုလလို ထွန်းကားနေချေပြီ။

ကျွန်ုပ်တို့တိုင်းပြည်ကား သူတပါးလက်အောက်ခံ ကျွန်ဘဝမှ မလွတ်လပ်နိုင်၍ သေချင်စော်နံနေသောပြည်ဖြစ်သဖြင့် အဓာယ်မှာလျှင် ထိုသူများနှင့် ဒိုင်းစာ၍ ရုံနိုင်ချိမ့်မည်နည်း။

သို့စင်လျက် သူတောင်းစားချင်း ခွက်စောင်းခုတ်သလို ဟိန်းဟောက်လိုသော အချို့သတင်းစာ မဂ္ဂဇင်းများက ဟန်ကြီးပန်ကြီးစကားများကို ဆိုကြကုန်သေး၏။ တဲ့တဲ့နှင့် ဘွင်းဘွင်းကိုဆိုရလျှင် စာရေးဆရာ တစ်ယောက်ကို လုလုနှင့် ဝဝကြေးနိုင်သော သတင်းစာတိုက် မဂ္ဂဇင်းတိုက်များမှာ မြန်မာပြည်တွင် မရှိသလောက်ရှားလှ၏။ စာရေးဆရာတိုင်း ငတ်၏။ မွဲ၏။ မြန်မာပြည်တွင် စာရေးဆရာဘဝနှင့် အရိုးထုတ်ဖို့ [illegible] ခပ်

www.burmeseclassic.com

www.burmeseclassic.com



ခက်ခက်ဖြစ်နေ၏။ ကျွန်ုပ်ကား ထိုအလုပ်တခုတည်းနှင့် အသက်မွေးနေသူတစ်ယောက်ပင်ဖြစ်ရာ ကျွန်ုပ်လည်း ငတ်နေ၏။

အခြားသူများကို ကြည့်ဦး အတူတူနှင့် အန္တန္တပင်ဖြစ်၏။ ကြားစရာမလိုပေ။ ဆရာနတ်ရှင်ကြီးတစ်ယောက်ကား ချောင်လည်သည်ဟု ကြားရ၏။ ချောင်လည်ခြင်းမှာကား ကိုယ်ပိုင် စာအုပ်ဆိုင်ကလေးတဆိုင် တည်ခင်းရောင်းချနေရခြင်းကြောင့်ဖြစ်၏။ သို့မဟုတ် သူလည်း ငတ်နေရဦးမည်သာတည်း။ အချို့ကား မြို့၌ပင် မနေနိုင်၍ ပြေးကြရသည်မှာလည်း ခဏခဏ။

ရုံဖန်ရုံခါ တက္ကသိုလ် ကျောင်းသားများ မျက်စေ့လည်၍ ကျွန်ုပ်တို့နယ်ထဲသို့ ရောက်လာ၏။ ပထမ၌မူ ဝမ်းသာမိ၏။ ငါတို့၏ ကူညီဖေါ်ထမင်းငတ်ဖက်၊ ရဲဘော်များရောက်လာချေပြီဟု ထင်မိ၏။ သို့သော် ထိုသူများကား ကလောင်နာမည်ကို အသီးသီးယူ၍ ရေးနေကြသော်လည်း ကျောင်း၌နေစဉ်သာ အပျော်သက်သက်သာဘောမျိုးနှင့်ဖြစ်၍ ကျောင်းကထွက်သည့်အခါတွင်မူ မြို့အုပ်စန်ထောက် ရာထူးရာခံအလုပ်များသို့ ကူးပြောင်းရောက်သွားကုန်ကြ၏။

သို့မဟုတ်ကလည်း ထိုသူများမှာ ငတ်နေကြဦးမည် အမှန်ဖြစ်၏။ ငတ်ခြင်းမည်မျှ ဆိုးဝါးသနည်း။ မည်သူမျှ နှစ်သက်ဟန်မတူပေ။ သို့သော် ဗိုအငတ်တွေကား ဘယ်သူ မငတ်ငတ်–ငတ်၍သာ ကျန်ခဲ့တော့၏။

ငတ်သည့် အထဲတွင် ထိုအငတ်စာကို မသဒ္ဒါရေသဒ္ဒါရေ စားသောက်ရတ်မျိုကြကုန်သော အချို့ဘိုင်စကုတ်ဒါရိုက်တာများ ရှိသေး၏။ သူတို့ပြောတတ်သော လက်သုံး



စကားကား စာရေးဆရာတွေဟာ အခြားစာတွေ ဝတ္ထုတွေသာ ရေးတတ်သော်လည်း ဘိုင်အိုစကုတ်ဝတ္ထုကို မရေးတတ်ဟု ပြောတတ်ကြ၏။ သို့သော် ၎င်းတို့ ရိုက်သော ဇာတ်ထုပ်များကား စာရေးဆရာများ ရေးသားသော ဝတ္ထုများမှ အကျိုးအကြောင်းရှာ၍ ခိုးယူရိုက်လေ့ရှိခြင်းပင်ဖြစ်၏။ အဘယ်တွင် မြန်မာပြည်ရုပ်ရှင် အဆင့်အတန်းမြင့်နိုင်မည်နည်း။

သို့သော် များမကြာမီကမူ မြန်မာအသွေးအစမ်းရုပ်ရှင် ကုမ္ပဏီမှ မြမျိုးလွင်ဝတ္ထု၊ ဒဂုန်ခင်ခင်လေး ဝတ္ထုများကို နာမည်ဖေါ်၍ရိုက်ကူးကာ စာရေးဆရာများကိုလည်း ထိုက်တန်သလောက် ချီးမြှင့်သည်ဟု ကြားရ၏။ ဝမ်းမြောက် ဖွယ်ပင်ဖြစ်ပေသည်။ ထိုကဲ့သို့ ဘိုင်အိုစကုတ်များဘက်မှ အထောက်အပံ့ကိုရလျှင်လည်း မြန်မာပြည်မှ စာရေးဆရာများသည် ဤမျှလောက် မွဲနိုင်မည်မဟုတ်ပေ။

ကျွန်ုပ်တို့ဘဝကား အဘယ်သော ကာလမှ အကျိုးပေးပါမည်နည်း။ အချို့က တိုင်းပြည်နိုးကြားရန် စာရေးဆရာများ တာဝန်ဟုပြောကြ၏။ တိုင်းပြည်နိုးကြားလျှင်လည်း လွတ်လပ်ရေးရလာမည်ဖြစ်၏။ ထို့ကြောင့် တိုင်းပြည်လွတ်လပ်မှသာ စာရေးဆရာများ ကောင်းစားမည်ဖြစ်ရာ တိုင်းပြည်လွတ်လပ်ရေးကို မျှော်ကိုး၍ လုပ်နေရသော စာရေးဆရာများ အလုပ်မှာ မြင့်မြတ်ဝန်လေးမှန်းကို သိပင်သိငြားလည်း ငတ်မှန်းကိုကား လူတိုင်း မသိကြပေ။

ရှေးအခါက ဆရာကြီးပီမိုးနင်းရေးလိုက်သော စာတပုဒ်ကိုဖတ်ရဘူး၏။

www.burmeseclassic.com

www.burmeseclassic.com



ရေးဟုံးအခါ မှိုများဘုရင် နိုဂ်ဦကမ္ဘာ စာဆို၏ စာတမှဒ် ကို တောင်စမုတ်က သပြာထောင်လုပ်တာနှင့်တကွ၊ ခါသာပိတ်အုပ်၊ ကျောက်စိ ဟောင်ဝေ့၊ ဆင်မှတာဲး သည့်ဖြင့် အသီးသီး ဆုတော်လာဘ်တော်များကို ဘုရင်က မြှောက်စား ပေးသနား သည့် အလျောက်လည်း ညောင်စောင်း အင်းပြင်ခုတင်။ မှီအုံး။ စည်းစိမ်အရှိဆုံးသော နေရာတွင် ဆိတ်ငြိမ်စွာ တစ်ယောက် တည်း ဖိမ်နှင့် စိတ်ရှည်လက်ရှည် ရေးရသောကြောင့်ပင်။ အထူးကောင်းပါပေသည်။

ယခုမူ စက်သံကလည်း၊ တည့်ည်း၊ မော်တော်ကားသံ ကလည်း ဆူညံမစဲ၊ သူရဲသဘက်ကဲ့သို့ နှာနားမှ ကော်ဖီကို တစာစာ တောင်းနေသော စာခ်ီသမားကလည်း နားပူနားဆာ ဖြင့် အိမ်ဖေါ်နှင့် သားသမီးများအတွက်တာ ဝမ်းစာကလည်း စိတ်မအေး၊ အိမ်လခ ကြွေးကျန်ကလည်း တပူပူ၊ ခေါင်းရှုပ် လောက်အောင် ဆူဇနေသဖြင့် အဘယ်မှာလျှင် ရှေးကနှင့် တူတာ ကောင်းသည့် စာမှုမျိုးထွက်နိုင်ပါမည်နည်း ...ဟု ရေးဘူး၏။

ဤမျှ ဖြစ်နေကြရသော စာရေးဆရာဘဝတည်း။ ပညာရှိများကား၊ သေမှ နာမည်ကြီးရ၏ဟူသော စကားမှာ အခြားတိုင်းပြည်သုံးစကားမဟုတ်တန်ရာဘဲ မြန်မာပြည်အတွက် သက်သက်ပေါ်လာသော စကားပင်ဖြစ်တန်ရာ၏။ ရှင်စဉ်အခါ က မှ ကောင်းမှန်းမသိ၊ ဆိုးမှန်းမသိ၊ ချီးမြှောက်တန်သော သူကို ချီးမြှောက်ရမှန်းမသိ၊ သေလွန်သွားသည့်အခါမှာပင် ဝမ်းနည်းဖွယ် ကောင်းသည့်အကြောင်း၊ နှမြောဖွယ်ကောင်း သည့်အကြောင်း ရေးလိုက်တဲ့ဆောင်းပါးတွေ ဖတ်ရသည်မှာ အမောမ၊ ဆရာကြီး ပီမိုးနင်းပြောသည့်စကားကိုပင် နှိုင်းချုပ်ရ တော့မည်။



အိမ်း ... ငါများ မကျန်းမမာရင် ဘယ်နှယ်မှန်းမသိ ဘူးကွ၊ ငါ့အိမ်သားတွေဟာ ဆူဆူဖြိုးဖြိုးနဲ့ ဘယ်တော့မှ ပိုက်ဆံမပြတ်ဘူး။ ခုတကြိမ်ပါနဲ့ ဆေးရုံကြီးကို ရောက်တာ လေးခါရှိပြီ။ ဒီလိုချည်းဘဲ ....

သြော် ... စာရေးဆရာဘဝ ... စာရေးဆရာဘဝ။

www.burmeseclassic.com

www.burmeseclassic.com



## ၂။ ဘဝလမ်းခရီး၏အဆုံး

သတင်းကို နားစွင့်နေကြခိုက်၊ တစ်လခွဲရန် တစ်ရက်သာလိုတော့သောနေ့၊ ကျေးဇူးတင်ပါတယ်၊ ဖြတ်ပစ်မှ ဖြစ်တော့မည့် အခြေအနေ၊ မိုးနှင်းတွေ တဝေဝေကျနေသော နံနက်၊ ဆရာကတော်အား ဖွင့်ပြောရတော့ခြင်း၊ နောက်ဆုံးအချိန်။

ဆရာပီမိုးနင်း၏ အခြေအနေသတင်းကို ကြားသိလိုသောစာကြည့်ပရိသတ်ကြီးသည် နေ့စဉ်သတင်းစာများတွင် အစဉ်မပြတ် ဂရုတစိုက် လေးစားရှာဖွေဖတ်ရှုနေကြရာ။ နတ်တော်လဆုတ် ၁၃ ရက်နေ့ထုတ် ဆယ်သန်းနှင့် တိုးတက်ရေး သတင်းစာများကို လှန်လိုက်သောအခါ ဆရာကြီး ပီမိုးနင်းသည် ၁၃၀၁ ခုနှစ် နတ်တော်လဆုတ် ၁၂ ရက်။ ဇန်နဝါရီလ ၆ ရက်နေ့ နံနက် စက် ၉ နာရီ ၁၉ မိနစ်အချိန်တွင် ရန်ကုန်ဆေးရုံကြီး အခန်းနံပါတ် ၁၂ ခုတင် နံပါတ် ၁၉ တွင် ကွယ်လွန်အနိစ္စ ရောက်သွားပြီဖြစ်ကြောင်း ဖော်ပြပါရှိသောသတင်းကို တွေ့မြင် ဖတ်ရှုကြရလေတော့၏။

စိတ်မချမ်းမြေ့ဖွယ်ဖြစ်သော ထိုသတင်းကို ဆရာကြီး အသက်ပျောက်ပြီး၍ ၃ နာရီခန့်အကြာတွင် နိုင်ငံကျော်စာရေးဆရာကြီး မြမျိုးလွင်ကြားသိရသည့်အခါ တကိုယ်လုံးတုန်လှုပ်သွား၏။ ကြက်သေသေ၍ ငေးမောနေမိ၏။ ရင်တခုလုံး အလိုက်အလိုက်ထကာမောဟိုက်ဝမ်းနည်းကြီးဖြစ်၍ သွားတော့သည် … ဟု ဆိုသကဲ့သို့ ထိုသတင်းကို ထိုနေ့နံနက်က ဖတ်ရှုရသူ မှန်သမျှမှာလည်း ထိုနည်းတူပင် ဖြစ်ကြရလေတော့၏။



ဆရာကြီး မည်သို့မည်ပုံ ကွယ်လွန်ရသည်ဟူသော အကြောင်းစုံတို့မှာ နေ့စဉ်သတင်းစာများတွင် မပါခဲ့ပေ။

ဆရာကြီး ကွယ်လွန်ခါနီးဆဲဆဲတွင် ဆရာကြီး၏ အိပ်ရာဘေး၌ ဦးပဥ္စင်းကလေးတပါး။ ဆရာဝန်တဦး။ စာရေးဆရာကြီး သခင်။ စာရေးဆရာကြီး ပီမိုးနင်း၏ ယောက်ဖ ကိုအံ့မောင်နှင့် ဤစာအုပ်ကို တည်းဖြတ်သူ ဂျာနယ်ကျော် အယ်ဒီတာဦးချစ်မောင်တို့ရှိရာ ဆရာကြီး မည်သို့ဇီဝိန်ကြွေမ်းချုပ်ရသည့်ကြောင်းရာဥသုံကို ထိုသူများသာ စုံလင်စွာ ပြောကြားနိုင်ကြရာ၌။ စာရေးဆရာကြီး သခင်သည် ထိုအကြောင်းအရာတို့ကို ၁၃၀၁ ခုနှစ် ပြာသိုလဆန်း ၅ ရက်၊ ၁၉၄၀ ပြည့်နှစ် ဇန်နဝါရီလ ၁၃ ရက်နေ့ထုတ် ဂျာနယ်ကျော်တွင် ပြည့်ပြည့်စုံစုံပင် ရေးသားခဲ့ပြီဖြစ်၍။ ယခင်အရေးအသားတို့ကိုပင် ထုတ်နုတ်ဖော်ပြလိုက်ရပေသည်။

ဆရာကြီး စက်ဘီးတိုက်မိ၍ပေါင်ကျိုးသွားသဖြင့် ဆေးရုံကြီးတက်ရောက်နေရသည့်အကြောင်း မကြာမီက ဂျာနယ်ကျော်တွင်ရေးခဲ့ပြီ၊ † ယခုမူကား ဆရာကြီးမှာ ဘဝတပါးသို့ ပြောင်းသွားရရှာပြီ အကြောင်းရေးရချေဦးတော့မည်။ မချည့်ဘွယ်ကောင်းပါဘိ။

အဘယ်ကြောင့်နည်း။ ဆရာကြီးမှာ ကျွန်ုပ်၏မျက်မှောက်တွင် အနိစ္စရောက်သွားရှာသည့်အကြောင်းတွေသာ

---

† ဤစာအုပ်တွင် စာမျက်နှာ **၁၀၉** မှ **၁၁၇** အထိ ဖော်ပြထားပြီးဖြစ်ပါသည်။ စာတည်း။

www.burmeseclassic.com

www.burmeseclassic.com



မကာသေး။ မသေမီ မနာမီက ဆရာကြီးနှင့် မကြာမကြာ နေ့စဉ်လိုပင် တွေ့မြင်ပြောဆိုခဲ့သမျှ အခြင်းအရာတို့မှာ ကျွန်ုပ်၏မျက်စိထဲမှ မထွက်လောက်အောင်ရှိနေ၏။ ဆရာကြီးနှင့်အတူတကွ လမ်းလျှောက်ခဲ့ကြပုံ။ ဆရာကြီးထံသို့ ကျွန်ုပ်တို့ ဖနီးမောင်နှံနှစ်ယောက် နေ့ညမပြတ် သွားရောက်ခဲ့ကြပုံ။ တစ်နေ့မသွားမရောက်ပါက တစ်နေ့ဆိုသလိုပင် ဆရာကြီး ကြီးတို့ဖနီးမောင်နှံမှာ ကျွန်ုပ်အိမ်သို့ ချက်ခြင်းရောက်လာခဲ့ ကြပုံတို့ကို ယခုတိုင် မြင်ယောင်နေသေး၏။

ဆရာကြီးကား ယခုကဲ့သို့သောအဖြစ်ဆိုးကို ကိုယ်ကျိုးနည်းစွာမတွေ့ကြုံရမီကပင် မကြာမီက လေငန်းဖြတ်ခြင်း ခံရသော ဝေဒနာကြောင့် တယ်ပြီး စွမ်းစွမ်းသန်သန်မရှိရှာပေ။ ကိုယ်မသန်သဖြင့် စိတ်လည်းခါတိုင်းကဲ့သို့ မသန်နိုင်ရှာတော့ပေ။ ကျွန်ုပ်ကား နံနက်တိုင်း ဆရာကြီးတို့၏ အိမ်ရှေ့မှဖြတ်၍ လမ်းလျှောက်၏။ ယခင်က ကျွန်ုပ်မှာ ယခုအိမ်တွင် မဟုတ်သေး။ ဆရာကြီးတို့အိမ်နှင့်ဆိုလျှင် အနည်းငယ် အနေဝေးကာ များမကြာမီ လွန်ခဲ့သော ၉ လလောက်ကမှ ဆရာကြီးတို့၏ အိမ်အနီးသို့ ရွှေ့ပြောင်းလာခဲ့ခြင်းဖြစ်၏။

ထိုသို့ ပြောင်းရွှေ့လာခဲ့ခြင်းဖြင့်လည်း ဆရာကြီးအားနေ့စဉ်တွေ့မြင်ဖူးတွေ့ရသည်သာမက ယခုကဲ့သို့ အဖြစ်မျိုးနှင့် တွေ့ကြုံသည့်အခါတွင် ဆရာကြီး၏အကြောင်းကို အသိဆုံး၊ အရင်းနှီးဆုံး တပည့်တဦး၏ဘဝအနေဖြင့် ကိုယ်တိုင်ရင်ဘိ ထိထိရောက်ရောက် ပြုစုလိုက်ရခြင်းဖြစ်ရာ ကျွန်ုပ်၏ ကုသိုလ်ကံသည်ပင် ထိုသို့ဖြစ်ရန် စီမံ၍ပေးခြင်းပေလား ... ဟု တခါတရံ စဉ်းစားမိတော့၏။



ဆရာကြီးအား ကျွန်ုပ်တွေ့တိုင်း စိတ်မကောင်းခြင်းဖြစ်မိကာ၊ အားမရဖြစ်ရတော့၏။ "ဆရာကြီးရယ် - ဘာတွေကိုမှတွေးပြီး ပူမနေနဲ့ဆွေးမနေပါနဲ့။ ဆင်းရဲခြင်းဆိုတာဟာ ကျွန်တော်တို့အတွက်မှာ ရိုးနေပါပြီ။ ဆရာကြီးလဲအသိဘဲ။ ဒီတော့-ကိုယ်ကျန်းမာဖို့သာ ကြိုးစားပါ။ ကျန်းမာဖို့ လိုတာဘဲ။ ကျန်းမာရင် ကိုယ့်ဝတ္တရားအတိုင်း ဘယ်သူ ချီးမွမ်းချီးမွမ်း ကဲ့ရဲ့ကဲ့ရဲ့ တိုင်းပြည်ရဲ့တာဝန်ကို စိတ်ရှိလက်ရှိ ဆောင်ရွက်သည်ပိုးသွားနိုင်မှာဘဲ။ ဒီတော့ ကျန်းမာရေးအင် လမ်းလျှောက်ပေးပါ ဆရာကြီးရယ်။ ဆရာကြီးတစ်ယောက်ထဲမို့ မလျှောက်ချင်ရင် ကျွန်တော်မနက်တိုင်း ဝင်ခေါ်ပါ့မယ်ဟု ပြောဆိုကာ ဆရာကြီးအား နံနက်တိုင်းဝင်ခေါ်ကာ နှစ်ယောက်တူလမ်းလျှောက်ခဲ့ကြ၏။ ကျွန်ုပ်သည်အခါတိုင်း၌ နံက်တိုင်း ၃-၄ မိုင်ကျ ရှောက်ခဲ့သော်လည်း ဆရာကြီးကိုစောင့်၍ ခေါ်ကာ ငဲ့ညှာသောအားဖြင့် တမိုင်မျှလောက်သာ လျှောက်ခဲ့ရ၏။ ထိုအကြောင်းများကို ယခုတိုင် မြင်ယောင်နေသေး၏။ လမ်းလျှောက်ရင်း ဆရာကြီးပြောသမျှစကားတို့ကို ယခုတိုင် ကြားယောင်နေသေး၏။ ဩော် ... ဆရာကြီး - ဆရာကြီး - ကံဆိုးလှသည့် ဆရာကြီးပေ။

ထိုသို့ ကျန်းမာရေးကိုလိုက်နေသည့်အတွင်းမှာပင် ဆရာကြီးမှာ စက်ဘီးတိုက်မိ၍ ဆေးရုံကြီးသို့ရောက်သွားရရှာခြင်းပင် ဖြစ်၏။ ဆေးရုံကြီးသို့ရောက်ပြန်ကလည်း ကျွန်ုပ်မှာ လူနာရှင် တပိုင်းမျှမကဖြစ်ကာ မကြာမကြာ ရောက်ခဲ့၏။ ယုတ်စွအဆုံး ညနေခင်း ညောင်းညာ၍ လမ်းလျှောက်ထွက်လျှင်ပင် ဆေးရုံကြီးသို့ ရောက်သွားတော့၏ ရံဖန်ရံခါ ကျွန်ုပ်

www.burmeseclassic.com

www.burmeseclassic.com



တို့ ဖုန်းမောင်နှံအတူရောက်ကြ၏။

ဆရာကြီးကားလေငန်းဖြတ်ပြီးကတည်းက အခါတိုင်းနှင့်မတူ။ အထူးဝမ်းနည်းတတ်၏။ အားငယ်တတ်၏။ ကျွန်ုပ်ကိုတွေ့လျှင် ဆရာကြီးသည်။ ပြုံးပြုံးကြီးနှင့် မျက်ရည်တွေကျလာသည်ကို တွေ့ရတော့၏။

"ဆရာကြီးရယ် ဘာအားငယ်စရာရှိသလဲ ကျွန်တော်တို့တတွေဟာ လူသာမန်တွေမှမဟုတ်ဘဲ။ တိုင်းပြည် အတွက် ကိုယ်ကျိုးကိုယ့်တာကို အနွံတာခံပြီး စွန့်လွှတ်ခဲ့ကြတဲ့ လူတွေဘဲ။ ကျွန်တော်တို့ ဘာကိုတွေးပြီး ပူစရာ ရှိသလဲ။ မက်မောစရာရှိသလဲ။ စိုးရိမ်ဖို့လိုသလဲ။ အားငယ်ဖို့ ရှိသလဲ။ ဒီထက်မက ကျွန်တော်တို့ဘဝကို ဆုံးရှုံးခံခဲ့တာဘဲ ဆရာကြီးရယ်။ နောင်လဲ မသေမခြင်း ဆုံးရှုံးနစ်နာခံဖို့ရာတွေ အများကြီးရှိသေးတာဘဲ ... စသဖြင့်" တိုင်းပြည်အတွက် ကျွန်တော်တို့ ဘယ်လိုနစ်နာခံခဲ့တာဘဲ။ ဘယ်ပုံဆင်းရဲခံခဲ့တာဘဲ။ ဘယ်ပုံဒုက္ခအရောက်ခံခဲ့တာဘဲ စသည့် အကြောင်းတို့ကို ကျွန်ုပ်သည် တွင်တွင်ကြီး အားပေးစကားများကို ပြောကြားခဲ့၏။ ဆရာကြီးသည် ကျွန်ုပ်၏ စကားများကို ငြိမ်သက်စွာ ရှုးရှုးစိုက်စိုက် နားထောင်နေရာမှ ...

"မင်းတို့ကျေးဇူးကို ငါမမေ့ဘူးနော်" ဟု တိုတိုတုတ်တုတ်နှင့်ရိုးရိုးကြီး ပြန်ပြောရာ၏။ ရင်ထုမနာ ကောင်းလေစွ။ အဘယ်သို့လျှင် ထိုအကြောင်းများကို တွေးမိတိုင်း စိတ်ကောင်းနိုင်ပါအံ့နည်း။ ထိုစကားကို ကြားယောင်မိတိုင်း ကျွန်ုပ်မှာ ရင်ထဲဆို့မိတော့၏။ ထိုနောက် ဆရာကြီးသည် စိတ်လက်ရွှင်လန်းကြည်လင်ပုံဖြင့်။ ကျွန်ုပ်တို့နှင့် စကားများ



ကို ရယ်ကာပြုံးကာ ပြောနေရှာ၏။ ထိုသို့ပြောရင်းမှပင်။ မိမိ၏အိပ်ရာနံ့ပါတ်ကို လှမ်း၍ကြည့်ရင်း "ငါ့ခုတင်နံ့ပတ်က (၁၃) ပါကွယ် ..." ဟု ရယ်စရာပြောပေသေး၏။ ဆရာကြီး၏ ခုတင်နံ့ပါတ်ကား (၁၉)ဖြစ်၏။ ထိုစဉ်ကတည်းကပင် ပါးစပ်နှိမိတ်ပင်ဖြစ်ပေသလော မပြောတတ်ပေ။

ဆရာကြီး၏ဒဏ်ရာကား အလွန်ပြင်းထန်လှ၏။ အသက်အရွယ်ကလည်းကြီးကာ ဒဏ်ရာရပုံမှာလည်း ဒူးဆစ်အဆက် ဂုံညှင်းအထက်နားဆီမှ ကပ်၍ ကျိုးသွားခြင်းဖြစ်ရာ အဆက်နား၌ ကျိုးသွားခြင်းကြောင့်လည်း, အဆက်ရခက်လှ၏။ ကျိုးရုံမကသေး – အရိုးပင် ကျေသွားသေး၏။ ဆရာဝန်များကပင် ဆေးရုံတွင် သုံးလမျှတိုင်အောင် ကုသရလိမ့်မည်ဟုပြောကြ၏။ ထိုသုံးလကား အလျဉ်းပျောက်သည်ကို မဆိုလိုသေးဘဲ ဆေးရုံမှဆင်းသည့်အခါပင်။ ကာလအတော်ကြာမျှ တုတ်ကို အားပြု၍ လျှောက်ရဦးမည်ဟု ပြောသေး၏။

မည်မျှပြင်းထန်သော ဒဏ်ချက်ပေနည်း။ ဆေးရုံသို့ တက်ရောက်သည့်နေ့မှစ၍ သေဆုံးမည်တိုင်အောင် သိသိသာသာ သက်သာလှသည်မရှိပေ။ သို့သော် ကျွန်ုပ်တို့က ဆရာကြီး မကြာမီ လေးငါးဆယ်ရက်အတွင်း ဆင်းရလိမ့်မည်ဟု အားပေးပြောဆိုထားကြ၏။

"အိမ်း – သီတင်းသုံးပါတ်လို့ပြောတယ်။ အခုနှစ်ပါတ်ရှိသွားပြီ" ဟု ဆရာကြီးကိုယ်တိုင်က ပြန်ပြောသဖြင့် ကျွန်ုပ်တို့မှာ ရုတ်တရက် အံ့အားသင့်သွားကာ ...

ဆရာကြီးကို ဘယ်သူပြောသလဲ။

သူတို့ဆရာဝန်တွေအနားမှာ ပြောနေကြတာ ကြားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးကား နားကြားလွဲဟန်ရှိ၏။ သို့သော် ထိုသို့ နားကြားလွဲခြင်းကပင် သူ့အတွက်ကောင်းသလိုလိုဟု တွေးရတော့၏။ အကယ်၍ ဆပ္ပဝန်များ၏စကားကိုသာ သေချာစွာ ကြားသိရက။ မည်သို့ပင် ဖြစ်ရှာလိမ့်မည်နည်းဟု ကျွန်ုပ်တို့မှာ ရင်လေးမိ၏။

ဟုတ်ကဲ့ နီးပါပြီဆရာကြီးရယ်။ ဘာမှ အားငယ်စရာမရှိပါဘူး။ မကြာခင်ပျောက်တော့မှာဘဲ ...ဟု အားပေးစကားပြောကြားရခြင်းဖြင့်သာ ဆရာကြီးအပေါ်တွင် ဂရုဏာပွားသည်ထက်ပွားမိတော့၏။ သို့ဖြင့် တလနီးသောအချိန်သို့တိုင်ခဲ့၏။

ဓာတ်မှန်များနှင့်လည်း မကြာမကြာကြည့်ကာ ကုထုံးလည်းသုံးခါပြောင်းခဲ့ပြီ။ ထိုသို့ပြောင်းသဖြင့် ဒဏ်ရာမသက်သာကြောင်း အကဲခတ်မိ၏။ ဓာတ်မှန်နှင့်ကြည့်တိုင်း အရိုးမှာ ဆက်သည်ကိုမတွေ့ရသည်ချည်းဖြစ်၏။ ဒဏ်ရာမသက်သာသဖြင့် လူရုပ်လည်း ပြောင်းခဲ့ပြီ။ အစာလည်း တစတစ အဝင်နည်းခဲ့ပြီ။ အစာမဝင်သဖြင့် အားမရှိဘဲ အသံပင် ကောင်းစွာ မထွက်ရှာတော့ပေ။ နဂိုရ်ကမှ စကားနည်းကာ အလွန်အေးဆေးစွာပြောတတ်ရှာ ယခုအခါ ဆရာကြီး၏စကားကို မနည်းရှင်းလင်းအောင် နားထောင်ရချေ၏။

ထိုသုံးကြိမ်မြောက် ကုထုံးပြောင်းသည့်နေ့ ညနေ၌။ ကျွန်ုပ်သည် ဆေးရုံကြီးသို့ ရောက်သွားပြန်၏။ ဆရာကြီးအား အိပ်ရာတွင် ရုတ်တရက်မတွေ့လိုက်သဖြင့်။ ဒိတ်ခနဲ ဖြစ်သွားမိ၏။ နောက်မှ ဆေးခန်းသို့ ယူဆောင်သွားသည့်အကြောင်း သိရသဖြင့် စိတ်အေးသွားတော့၏။ မကြာမီ ဆရာကြီးအား



တွန်းလှည်းဖြင့် ယူဆောင်လာသည်ကို တွေ့ရ၏။ ကုလားများ ထိုရွေ့သည်ပြောင်းနှင့် လုပ်ကာ ဆွဲကာ လုပ်သမျှကို မျက်စိအကြောင်သားဖြင့် မလှုပ်မရှက် ငြိမ်သက်စွာခံနေရှာသော်သည်း မျက်နှာကား ချမ်းမြေ့ပုံမရပေ။

ကျွန်ုပ်လည်း ဆရာကြီး၏အကဲကိုရိပ်မိသဖြင့် အခါတိုင်းကဲ့သို့ အားပေးစကားများကိုပြောဆိုပြန်၏။ ထိုအကြိမ်တွင်ကား ...

မင်းတို့ကတော့ ပြောတာပေါ့ကွယ် ... ဟု လေးလေးနှင့် ပြတ်ပြတ်ပြန်ပြော၏။ ထိုအခါမှစ၍အမူအရာမှာ များစွာပြောင်းလဲခဲ့ချေပြီ။ မျက်နှာမှာလည်း အခါတိုင်းကဲ့သို့ ရွှင်ရွှင်လန်းလန်းတယ်ကြီးမရှိတော့ပေ။ အခါတိုင်း မည်သူ့ကိုပင် စကားကောင်းကောင်းမပြောဘဲ။ မည်သူ၏စကားကိုပင် နားမထောင်သော်လည်း ကျွန်တော်နှင့်တွေ့က ပြုံးပြုံး–ပြုံးပြုံးနှင့်ပင် နေတော့၏။ ကျွန်ုပ်စကားများကို အမြဲပြုံးရွှင်စွာ နားစိုက်ထောင်ခဲ့၏။

ယခုမူ ကျွန်ုပ်ကိုပင် စကားကောင်းကောင်းမပြောတော့ပေ။ အမူအရာတမျိုးပြောင်းကာ စိမ်းသလိုဖြစ်သွား၏။ အမှန်ဆိုရလျှင် ကျွန်ုပ်ဝမ်းနည်းမိ၏။ ဝမ်းနည်းသည်ထက် ရင်လေးမိ၏။ ဆရာကြီး၏ခြေထောက်မှာ ရမှရပါဦးမလားဟု စိတ်ပူလာမိ၏။ ဆရာကြီးတော့ မကြာမီ ခြေပြတ်ကြီးနဲ့ မြင်ရဦးတော့မှာဘဲဟု တွေးမိတိုင်း မတွေးရက်နိုင်သလောက်ဖြစ်တော့၏။ ထိုခြေပြတ်အကြောင်းနှင့်ပတ်သက်၍ ထူးဆန်းသောအကြောင်းကို ဖော်ပြရန်ရှိသည်မှာ။ ကျွန်ုပ်သည် ယခု လောလောဆယ် ဆရာကြီး ဤသို့ဖြစ်နေသည့်အကြောင်း တိုး

www.burmeseclassic.com

www.burmeseclassic.com



တက်ရေးသတင်းစာအတွက် ဝတ္ထုရှည်တပုဒ်ကို ရေးနေ၏။ ထိုဝတ္ထုတွင် ခြေထောက်တဖက်ပြတ်နေသော အဘိုးကြီး တယောက်အား (Main Character) သဘောမျိုးဖြင့် အထူး ဇာတ်လိုက်လုပ်၍ရေးထားရာ ထိုသို့ရေးရန် ကြံစည်စိတ်ကူး ပေါ်မိစဉ်က။ ဆရာကြီး၏အကြောင်းကို လုံးလုံးသတိမရသည့် ပြင် ခြေထောက်ဖြတ်ရမည်ကိုပင် မတွေးမိခဲ့ချေ။

ထိုထက်ပင် ထူးဆန်းသောအကြောင်းတချက် ရှိသေး ရာ။ ထိုအချက်မှာကား။ ထိုဝတ္ထုမှာ မထွက်သေးသည့်အတိုင်း ဖော်ပြရန်ဝတ္ထုရှားမရှိသဖြင့် မဖော်ပြလိုက်ရပေ။ သို့သော် ဆရာကြီး၏ အသက်အတွက်ကိုကား အနည်းငယ်မျှ မစိုးရိမ် မိပေ။

သို့ဖြင့် တလစေ့ရန် တစ်ရက်လိုသောနေ့သို့ ရောက် လာခဲ့၏။ ထိုနေ့သည်ကား ကြမ္မာဂြိုဟ်ဆိုး။ ထိုက်အစပျိုးလာ ခဲ့ခြင်းပင် ဖြစ်တော့၏။ ထိုနေ့နံနက် ထမင်းစားပြီးသည်နှင့် အိမ်သို့ ဟံသာဝတီဆရာဘရင် ရောက်လာသဖြင့် ကျွန်ုပ်တို့ လည်း စကားပြောဆိုနေကြစဉ်။ ဆရာကတော်ကြီး † မျက် ရည်စက်လက်နှင့် ပေါက်လာ၏။ ကျွန်ုပ်သည် ရုတ်တရက် ထိတ်သွားမိ၏။ အကြောင်းကို ပြာပြာသလဲဆီး၍မေးရာ။

---

† ဤဆရာ ကတော်ကား မောင်ကျော်စိုးတို့၏မိခင် ဒေါ်စိန်တင့် ကွယ် လွန်သွားပြီးသည့်နောက်တွင်။ ဆရာကြီးနှင့် အကြောင်းပါသူ ဖြစ်၍။ ယခုတိုင် ဆရာကြီး၏ကလေးများနှင့်အတူ နေထိုင်လျက်ရှိပေသည်။ (စာတည်း။)



ဆရာကြီးမှာ ပါးစပ်များလေးကာ စကားကိုလည်း ကောင်း ကောင်းမပြောနိုင်တော့ကြောင်း အင်အားလည်း အထူးဆုတ် ယုတ်နေပြီဖြစ်သည့်အကြောင်း ပြောဆိုကာ မြန်မာ့အလင်း ဦးတင်၊ ဂျာနယ်ကျော် ဦးချစ်မောင်စသော လူကြီးများကို အကြောင်းကြားပြောဆိုပေးရန် ပြောလာ၏။

ကျွန်ုပ်လည်း ချက်ခြင်းလိုက်ပါသွားကာ ၎င်းလူကြီး များ အသီးသီးကိုလိုက်၍ အကြောင်းကြားပြောဆိုခဲ့၏။ ထို လူကြီးများလည်း ညနေဆေးရုံကြီးသို့ လာရောက်ကြပါမည် ဟု ကတိပေးကာ ထိုနေ့ညနေတွင် ဂျာနယ်ကျော် ဦးချစ်မောင် တို့ ဇနီးမောင်နှံ၊ မြန်မာ့အလင်း တိုက်အုပ် ဦးတင်၊ အယ်ဒီတာ ဦးမောင်မောင်ခင်နှင့် ဂျော့က်ဘက်ဦးမြစ်တို့ရောက်လာကြ၏။

ထိုအခါတွင်ကား ဆရာကြီး၏ဒဏ်ရာမှာ လေးကြိမ် မြောက် ကုထုံးသို့ရောက်နေချေပြီ။ ထိုလူကြီးများ ရောက်လာ ပြီးနောက်။ ဆရာကြီးအား မှတ်မိ မမှတ်မိ မေးကြသည့်အခါ တွင်။ သေချာစွာကြည့်လျက် နာမည်များကို တယောက်စီ ခေါ်ကာ သတိရမှတ်မိသည့်အကြောင်းကို တွေ့ရ၏။ ထိုလူကြီး များမေးသမျှဖြေ၍ စကားကိုလည်းကောင်းစွာဖြေနိုင်သည့် အကြောင်းမြင်ရ၏။ ဆရာကတော်ကြီးပင် အံ့အားသင့်သွား ကာ။ နံနက် မိမိထမင်းပို့လာစဉ်ကမူ ဤသို့မဟုတ်ဘဲ စကား ကိုပင် ကောင်းစွာမပြောနိုင်သည်ကို တွေ့ရကြောင်းနှင့် ယခု မှာ လူကြီးများအား မိမိလိမ်လည်ခေါ်သလိုပင် ကျနေသည့် အကြောင်းများကို မျက်နှာပူစွာ ပြောပေ၏။ ကျွန်ုပ်ကိုယ်တိုင် လည်း အံ့အားသင့်သွားမိ၏။ သို့သော် ဆရာကြီးမှာ အထူး အင်အားဆုတ်ယုတ်နေသည်ကို တွေ့ရ၏။ လူကြီးများမှာလည်း

www.burmeseclassic.com

www.burmeseclassic.com



အားပေးပြောဆိုကာ ပြန်ကာနီး နှုတ်ဆက်ကြသည့်အခါတွ
"ကျေးဇူးတင်ပါတယ်" ဟူ၍ပင် ပြန်ပြောလိုက်ချေသေး
ထိုအကြောင်းများကို ကျွန်ုပ်တို့ချည်း ကျန်ရစ်ခဲ့သောအခါတွ
တဖန်ပြန်ပြောကြရာ ဆရာကြီးအား ဆေးရုံကွင် အမြဲစော
ရှောက်နေသည့် "ကိုစိန်" ဆိုသူ လူနာတစ်ယောက်က

"ဟုတ်တယ် ဆရာကြီးက ဘဲ့နှာလဲမဆိုနိုင်ဘူ
ဆရာဝန်တွေ ဆရာမတွေက မေးတဲ့အခါကျရင် ဘာမှမပြေ
ဘူး။ ဆရာဝန်တွေမရှိတဲ့အခါကျရင်သာ ညည်းညည်းနေတယ
ကျွန်တော်တို့က ဆရာကြီးအတွက် အားမရဘူး၊ သိပ်ပြေ
ချင်တာဘဲ။ နို့ပေမဲ့ သူတို့စိတ်ဆိုးမှာကိုလဲ ကြောက်ရသေ
တယ်" ဟုပြော၏။

"ဘာဖြစ်လို့မပြောသလဲ ဆရာကြီး ... ကိုယ့်ရော
ကို ပြောမှပေါ့" ဟုမေးသည့်အခါတွင်။ "သူများတွေကို
ဒုက္ခမပေးချင်ပါဘူးကွာ" ဟု ပြန်ပြော၏။ မည်မျှ စိတ်သဘော
ထားပြည့်ဝမွန်မြတ်သော ပုဂ္ဂိုလ်ကြီးမျိုးပေနည်း။

အချိန်စေ့၍ ကျွန်ုပ်တို့လည်း ပြန်လာခဲ့၏။ နော
တနေ့နေ့လယ်တွင်တဖန်။ ဆရာကတော်ကြီးထံမှ အ
လွှတ်ပြန်သဖြင့်။ ကမန်းကတန်းသွားရပြန်၏။ ရောက်
မျက်ရည်လည်ရွဲနှင့်တွေ့ရသဖြင့် ထိတ်သွားရပြန်က
အကြောင်းကိုမေးကြည့်ရာတွင် "ဆရာဝန်များက ဆရာကြီး
ဒဏ်ရာမှာ ကု၍မရတော့သဖြင့်၊ ခြေထောက်ဖြတ်ရမ
အကြောင်း ပြောပြပေ၏။ ကျွန်ုပ်ရင်ထဲ ဆို့ကာ မျက်လုံး
သွားတော့၏။ ထိုတရက် နှစ်ရက်အတွင်း စိတ်လေးရသ
တွင်။ စိတ်မအေးဘို့ ဖြစ်လာတော့ချေသည်။



ထိုအတွက် ဆရာဝန်များအား လူကြီးများနှင့် တိုင်ပင်၍ စကားပြန်ပါမည့်အကြောင်းပြောဆိုခဲ့ရသဖြင့် ယနေ့တွင် အကြောင်းပြန်ရန် ဆရာဝန်က မည်သည့်အချိန်မဆို ထွက်ဝင်နိုင်ရန်လက်မှတ်ကိုပင် ထုတ်ပေးလိုက်ဖြစ်ကြောင်း၊ ထိုအကြောင်းကို လူကြီးများအား သွားရောက်ပြောဆိုပေးရန် ပြော၏။ ကျွန်ုပ်လည်း ဦးတင် စသော လူကြီးများအား၊ အလျင်အမြန်သွားရောက်၍ အကြောင်းပြောပြရပြန်၏။ ဦးတင် ဦးချစ်မောင်တို့လည်း မကြာမီ ဆေးရုံကြီးသို့ လိုက်လာခဲ့မည့်အကြောင်းပြောဆိုလိုက်သဖြင့် ကျွန်ုပ်တို့လည်း ဆေးရုံကြီး၌ သွား၍စောင့်နေကြ၏။

ထိုနောက်ဦးတင်က လွှတ်လိုက်၍ ဦးမောင်မောင်ခင် ရောက်လာ၏။ ကျွန်ုပ်နှင့်အတူပင် သူနာပြုဘက်ဆိုင်ရာ ဆေးဆရာမကြီးကိုသွား၍ တွေ့ကြ၏။ ထိုအချိန်မှာ နေ့လည် ၂–နာရီခန့်ရှိပြီဖြစ်၍ ဆရာဝန်များကို တွေ့နိုင်သော အချိန် မဟုတ်ပေ။

ကျွန်ုပ်တို့လည်း ဆရာမကြီးအား ဆရာကြီး၏ဝေဒနာ အကြောင်းကိုမေးကြရာ ဆရာကြီး၏ရောဂါမှာ ခြေထောက် ဒဏ်ရာမျှမဟုတ်ဘဲ ဆီးချိုရောဂါရှိကြောင်း။ ထိုဆီးချိုရောဂါ အတွက်ပင် အကုရခက်နေကာ ထိုရောဂါတို့သဘောမှာ ဤမျှ ကြီးမားသော ဒဏ်ရာဒဏ်ချက်ကိုမဆိုထားဘဲ ကုတ်ခြစ်မိက အနာကလေးများပင် ရုတ်တရက်ကု၍မပျောက်နိုင်ဘဲ ယင်း၍ နေတတ်ကြောင်း ယခုလည်းထိုဆီးချိုရောဂါအတွက်ကြောင့်ပင် အနာမှာယင်း၍သွားကာ ကုမရဘဲ ရိုးတွင်းချဉ်ဆီလိုက်သွား သောကြောင့် ဖြတ်ပစ်ရမည့်အကြောင်း ဆရာမကြီးက ပြန်

www.burmeseclassic.com

www.burmeseclassic.com



ပြောသေ၏။

ထိုသို့ဖြတ်ပစ်လျှင် ဆရာကြီး၏ အသက်ချမ်းသာရာ ရနိုင်မည် မရနိုင်မည်ကို ကျွန်ုပ်တို့က မေးကြပြန်ရာ ထိုအတွက် ဆရာဝန်များကိုမေးက ပို၍ရှင်းလင်းနိုင်ကြောင်း။ ဆရာဝန်များမှာ ယခုအချိန်တွင်မရှိဘဲ ညနေတွင်မှ တွေ့နိုင်ကြောင်း။ သို့သော် ထိုထက်ရှင်းလင်းသိလိုက နက်ဖြန်နံနက် ၈ နာရီ အချိန်တွင် ဆရာဝန်ကြီး ကာနယ် မက်ဒေါနဲလ်ကို မေးရန်နှင့် ထိုဆရာကြီးပင် ခြေထောက်ကိုဖြတ်ပစ်ရမည့်သူဖြစ်ကြောင်း ပြန်ပြော၏။

ကျွန်ုပ်တို့လည်း နက်ဖြန်မှ ထိုဆရာဝန်ကြီးကို မေးစမ်းကြည့်ကြရန် သဘောတူညီ၍ ပြန်ဆင်းခဲ့ကြ၏။ မကြာမီ ဦးမောင်မောင်ခင်ပြန်သွားပြီးနောက် ဂျာနယ်ကျော် ဦးချစ်မောင် ရောက်လာ၏။ ဦးချစ်မောင်အား ထိုအကြောင်းကိုပြောပြရာ ချက်ခြင်းဖြတ်ပစ်လျှင် ကောင်းမည့်အကြောင်း ဦးချစ်မောင်က ပြော၏။ သို့သော်ဆရာဝန်များမရှိ၍ နက်ဖြန်နံနက် ၈ နာရီ တွင် ဆေးရုံသို့လာခဲ့ပါမည့်အကြောင်း မှာထားခဲ့ရပြန်၏။

သို့သော် ထိုနေ့ညနေ ၅ နာရီတွင် သွားမြဲအတိုင်း ဆေးရုံကြီးသို့ ဆရာကတော်ကြီး သွားရောက်ရာမှ ပြန်လာသည့်အခါ စကားတစ်မျိုးကြားရပြန်၏။ နက်ဖြန်နံနက် ၇ နာရီ တွင် ခြေထောက်ကိုဖြတ်ရန် သဘောတူမတူ စကားပြန်ရန် အမြန်သိလိုသည့်အကြောင်းနှင့် ဆရာကြီး၏ဝေဒနာမှာ ထို နေ့၌မဖြတ်လျှင်ပင် မဖြစ်သည့်အကြောင်း အသက်အတွက် စိုးရိမ်ရကြောင်းကို ဆရာဝန်ကြီး၏အမိန့်အရ ဆရာဝန်များက ပြောဆိုလိုက်သည့်အကြောင်း ကြားရပြန်၏။



ထိုည၌ ဆရာကြီး၏ အနားတွင် အစောင့်အရှောက် အိပ်လိုက-အိပ်နိုင်သည့်အခွင့်ကိုပင် ပေးလေ၏။ ထိုအကြောင်း ကိုကြားရသည့်တွင် ကျွန်ုပ်တို့မှာ များစွာ စိတ်မချမ်းသာကြဘဲ အစောင့်တယောက်ကိုလည်း သွားရောက်အိပ်စေကာ ဆရာ ကြီး၏ ခြေထောက်ကို ဘယ်နည်းနှင့်မဆို မေးမြန်း၍မနေတော့ ဘဲ ဖြတ်ပစ်စေတော့မည်ဟု ဆုံးဖြတ်လိုက်ကြရင်းမှ ဆရာကြီး ၏ ရှေ့အဘို့ ကံစီမံမည့်အကြောင်းများကို ပြောဆိုနေကြ သည်မှာ ညဉ့်ပင်အတော်နက်သွားကြ၏။

နောက်တစ်နေ့သည်ကား။ ဆရာကြီး ဆေးရုံသို့ တက်ရောက်ခဲ့သည့်နေ့မှ တလလွန်မြောက်ပြီးနောက် တစ်ရက် ရောက်လာသောနေ့ဖြစ်၏။ အလွန်ချမ်းသော နံနက်မိုးနှင်း တွေ တဝေဝေကျလျက်ရှိသောအချိန်ကြီးတွင် နံနက် (၇)နာရီ မတိုင်မီ ဆေးရုံကြီးသို့ အရောက်လာခဲ့ရန်မှာကြားထားသဖြင့် ကျွန်ုပ်သည် ထိုစောစောစီးစီးအချိန်ကြီးတွင် တဟီးဟီးတုံခိုက် ရင်းပင် ဆေးရုံကြီးသို့ ကတိုက်ကရိုက် ရောက်လာခဲ့ရတော့၏။

ကျွန်ုပ် ဆေးရုံကြီးနားသို့ ရောက်လာသောအချိန်မှာ ၇ နာရီ ၅ မိနစ်ရှိပြီဖြစ်၏။ ဆရာကတော်ကြီးတို့ဖြင့် ရောက် နေနှင့်ကြရောပေါ့ဟု တွေးရင်း ဆေးရုံကြီးထဲသို့ လှမ်း၍ကြည့် လိုက်ရာ မည်သူတဦးတယောက်ကိုမျှ မတွေ့ရသဖြင့် ရုတ် တရက် အံ့အားသင့်သွား၏။

၎င်းတို့မရှိက ကျွန်ုပ်တယောက်တည်း ဆေးရုံကြီးသို့ မည်သည့်နည်းနှင့်မျှ တက်ရောက်နိုင်ခွင့်ရမည်မဟုတ်ကြောင်း တွေးမိသည်ထက် အဘယ်ကြောင့် ကျွန်ုပ်အားမစောင့်ကြ သနည်း။ သို့မဟုတ် ယခုအချိန်တိုင် အဘယ်ကြောင့် မရောက်

www.burmeseclassic.com

www.burmeseclassic.com



သေးနိုင်ကြသနည်း ဟု စဥ်းစားရခက်နေ၏။ ထိုနောက်မှ ဗုံစမ်းရေးဌာနတွင် မေးကြည့်သည့်အခါတွင် အပေါ်သို့ ရောက်နေကြပြီအကြောင်း သိရသဖြင့် ကျွန်ုပ်ကိုလည်း တက်ခွင့်ပြုရန် ခွင့်တောင်း၍ အခွင့်ကိုရသည်နှင့် အပေါ်သို့တက်ရန် ခြေလှမ်းလိုက်သည်တွင်ပင် ဆရာကြီး၏နှစ်မတယောက် ဆင်းလာသည်ကိုတွေ့ရ၏။

ဤတွင်မှ ဆရာကြီး ခွဲဖေါက်လာသဖြင့် ဆေးရုံမှ လူလွှတ်အခေါ်ခိုင်းလိုက်သောကြောင့် နံနက် ၆, နာရီမတိုင်မီကပင် ရောက်နေကြသည့်အကြောင်း သိရတော့၏။ ထိုအတွင်း ဆရာကြီး၏ သားတယောက်ရောက်လာပြန်သဖြင့် ထိုသားအား ဂျာနယ်ကျော် ဦးချစ်မောင်ထံသို့ နံနက် ၈ နာရီမဟုတ်။ ယခုပင် ဆရာကြီး ခွဲဖေါက်လာသဖြင့် အမြန်လိုက်လာပါရန် အကြောင်း အခေါ်လွှတ်လိုက်၏။ ကျွန်ုပ်လည်း ဆေးရုံကြီးပေါ်သို့ အပြေးတက်ရောက်သွားပြီးနောက် ဆရာကြီးခုတင်နားသို့ ရောက်သွားသည့်အခါတွင် အမူအရာမှာ အတော်ဖောက်ပြန်ပြောင်းလဲနေပြီဖြစ်ကြောင်းကို တွေ့ရတော့၏။ ဆရာကတော်ကြီးကား အနား၌ တကြုံကြုံငိုလျက်ရှိ၏။ အခြားလူများမှာမူ ယမင်း ဆရာကြီးနှစ်မ၏ခင်ပွန်းသည်တစ်ယောက်မှတပါး မည်သူ့ကိုမှ မတွေ့ရပေ။

မကြာမီပင် ဦးချစ်မောင်ရောက်လာ၏။ ကျွန်ုပ်မှာ မည်သည့်စကားကိုမျှမပြောနိုင်ဘဲ ဆရာကြီး၏ အခြင်းအရာကိုသာ ခေါ်၍ပြရတော့ရာ ဦးချစ်မောင်လည်း ဆရာကြီး၏ အမူအရာကိုတွေ့မြင်ရလျှင် အခြေအနေကို အကဲခပ်မိသည့်အလား အနားတွင် ကြာကြာရပ်မနေတော့ဘဲ နှစ်ယောက်သား



ဆရာဝန်တို့ကိုလိုက်ရှာကြ၏။ ဆရာဝန်များမှာ အချိန်မကျသေး၍ တဦးမှ ရောက်သေး။ မကြာမီ ၈ နာရီထိုး၏။ ဆရာဝန်များ ရောက်လာကြ၏။ ပြာပြာသလဲပင် ဆရာကြီးအား စမ်းသပ်ကြည့်ကြရာ မျက်နှာအခြေမလှသည်ကိုတွေ့မြင်ရပြီး နောက် ဦးချစ်မောင်အား တနေရာသို့ခေါ်၍ ဆရာကြီး၏ဝေဒနာမှာ လွန်ခဲ့သည့်ညကမှ လောလောဆယ်ဖောက်လာတော့ကြောင်း။ ဘရွန်ကိုညူးမိုးနီးယား ခေါ် အဆုပ်ယောင်ရောဂါ ဝင်လာကြောင်းနှင့် ပြော၏၊ အခြေအနေမှာ ကုသ၍မရနိုင်လောက်အောင်လွန်နေပြီလားဟု ဦးချစ်မောင်ကမေးရာ လွန်နေပြီဟု ဆိုရမည်ဖြစ်ကြောင်း၊ ခြေထောက်ကို ယခုအခြေအနေတွင် ခွဲစိပ်ဖြတ်တောက်စရာလည်းမလိုတော့ကြောင်း၊ ယမန်နေ့က မိမိတို့က ခြေထောက်ကိုဖြတ်ရန်အကြံပေးချိန်တွင် ဖြတ်ပစ်မည်ဆိုက တမျိုးတဖုံပြောင်းလဲစရာရှိကြောင်း၊ ဆီးချိုရောဂါကြောင့် ယခုလို အကုရခက်သွားခြင်းဖြစ်ကြောင်းနှင့် ဆရာဝန်က ပြန်ပြော၏။

ဆရာကြီးကို ဆေးရုံတင်စဉ်တုန်းက ခင်ဗျားတို့ သူ့ဆီးကိုစမ်းသပ်မကြည့်လို့ ဆီးချိုရောဂါရှိမှန်းမသိတာလားဟု ဦးချစ်မောင်က မေးရာ၊ ထိုစဉ်က စမ်းသပ်သော်လည်း ဆီးချိုရောဂါ၏အစအနကို မတွေ့ကြကြောင်း။ ၄–ရက်လောက်ကမှ တွေ့ရှိကြရကြောင်းနှင့် ဆရာဝန်က ပြန်ပြော၏။

ထိုအကြောင်းကိုကြားလျှင် ကျွန်ုပ်တို့မှာ အထူးစိတ်မကောင်းဖြစ်မိသော်လည်း စိတ်မကောင်းဖြစ်နေစရာ အချိန်မဟုတ်သောကြောင့် အကယ်၍ မျှော်လင့်စရာမရှိက အိမ်သို့ပြန်ယူလိုသည့်အကြောင်းကို ကျွန်ုပ်က ပြောရတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ဦးချစ်မောင်က အိမ်သို့သူလျှင်ကား မရောက်ခင် လမ်းတွင်ပင် သေဆုံးမည့်မှာအမှန်ဖြစ်ကြောင်း သို့အတွက် မျှော်လင့်စရာမရှိမည့်အတူတူ လူနာအား အသေဖြောင့်ရန် ဆေးရုံတွင်ပင်ထားရန်အကြောင်းပြောလျှက် ဆရာဝန်အား လည်း တတ်နိုင်သမျှ အစွမ်းကုန်ကုသရန် နောက်ဆုံး မျှော် လင့်စရာမရှိသည့်တိုင်အောင် ညင်သာနိုင်သမျှ ညင်သာစွာ အသက်ထွက်စေနိုင်ရန်ပြုလုပ်ပေးဖို့ ပြောဆိုလေ၏။ ဆရာဝန် လည်း ဆေးရုံတွင်ရှိနေသမျှ မိမိတို့ဉာဏ်စွမ်းရှိသလောက် ကြိုးစားကုသပါမည်ဟု ဝန်ခံပေ၏။

ကျွန်ုပ်တို့လည်း ထိုအကြောင်းကို မပြောမပြီးသည့် အတိုင်း ဆရာကတော်ကြီးအား ဖွင့်ဟတိုင်ပင်ပြောဆိုရတော့ ၏။ ကျွန်ုပ်တို့နှစ်ယောက်၏သဘောကား သေတော့မည့် အတူတူ သေသူ၏အကျိုးကိုမျှော်ကိုးကာ နောက်ဆုံး အသေမှ ဖြောင့်စေရန် ဆေးရုံတွင်ပင်ထားရန် သဘောတူကြ၏။ ကျွန်ုပ် တို့၏သဘောကို ရှင်းလင်းအောင်ပြောပြရာ ဆရာကတော် ကြီးလည်း နောက်ဆုံးတွင်သဘောတူလာတော့၏။

ထိုအတွင်းပင် ဆရာဝန်များသည် ဆရာကြီးအား နှာခေါင်းဝသို့ အောဇီဂျင်ဓာတ်ကို လာ၍ပေးလေ၏။ ထိုဓါတ် ကိုပေးသည့် တခဏတွင်း ယခင်ချွဲဖေါက်ကာ မျက်ဖြူဆိုက် နေသော ဆရာကြီးမှာ ချွဲသံရပ်၍ မျက်တောင်ခတ်လာသည် ကို တွေ့ရ၏။

ကျွန်ုပ်မှာ အနည်းငယ် အားတက်မိသလိုရှိလာ၏။ ဆရာဝန်ကပင် အတွေးလွဲလေသလားဟု ထင်မိ၏။ သို့သော် မကြာမီ ဆရာကြီး၏အမှုအရာတို့ကား ဖေါက်ပြန်လာတော့



ကာ နောက်ဆုံး မျက်ဖြူလန်၍လာတော့၏။

ကဲ - ကျွန်တော်တို့ ဒီလိုကြည့်နေလို့တော့ မဖြစ် ဘူး၊ သေမဲ့အတူတူမထူးတော့ဘူး၊ ဟိုအခန်းနံပါတ် ၁၁ မှာ လူနာ ဦးပဥ္စင်းတစ်ပါးကို ကျွန်တော်တွေ့ခဲ့တယ်။ ဒီဦးပဥ္စင်းကို အကျိုးအကြောင်းပြောပြပြီး ဒီကိုပင့်ခေါ်ပြီးတော့ ဆရာကြီး ဘဝကူးကောင်းအောင် ကြကြစို့၊ ကိုင်း ဘဲ့နဲ့သဘောရသလဲ လာဗျာ - လာလာ - သွားပင့်ကြစို့ ဟု ဦးချစ်မောင်က ထူးထူးဆန်းဆန်းစကားကို ပြောလေ၏။ ၎င်းသည် ထိုဦးပဥ္စင်း လူမမာကို ကျွန်ုပ်တို့ဆရာဝန်ဆရာမများအား အခေါက်ခေါက် အခါခါရှာဖွေတွေ့ဆုံမေးမြန်းကြစဉ်က မြင်ခဲ့ဟန်တူ၏။

ဖြစ်ပါ့မလားဗျာဟု ကျွန်ုပ်လည်း ဦးချစ်မောင်၏စကား ကို တွေဝေနေစဉ်ပင် ၎င်းဆွဲခေါ်ရာသို့ လိုက်ပါသွားတော့၏။ ထိုအကြံကား အဖိုးတန်သလောက် မလွယ်ကူလှပေ။

ပထမ ဆရာဝန်များကို အကျိုးအကြောင်းပြောပြ၍ ဆရာဝန်များက သဘောတူမတူကို မေးမြန်းရ၏။ ဆရာဝန်များ ထံ သဘောတူကြောင်း အခွင့်ကို ရပြီးနောက် ထိုလူမမာ ဦးပဥ္စင်းကို အဖန် သွားရောက်လျှောက်ထားရပြန်၏။

နောက်ဆုံးအချက်ကား ဦးပဥ္စင်းမှာ ရုက်တတ်သော ဦးပဥ္စင်းဖြစ်နေသောကြောင့် အတန်ကြီး အတော်ကြာကြာ လျှောက်ထားမှပင် လိုက်ပါလာတော့၏။ ဤတွင်မှ ကျွန်ုပ်တို့ အကြံအတိုင်း ဆရာကြီးအား ဘဝကူးမှ ကောင်းစေတော့ သဘောမျိုး နောက်ဆုံးပြုစုခြင်းဖြင့် ဆောင်ရွက်ကြရတော့၏။

သို့ဖြင့် အတန်ကလေးကြာသည်တွင် ဆေးထိုးရန် ဆရာဝန်ရောက်လာ၏။ ဆေးမထိုးမီဆရာကြီးအား သွေးစမ်း

www.burmeseclassic.com

www.burmeseclassic.com



ရန် လက်ကိုင်လိုက်သည်နှင့် ဆရာဝန်လည်းနောက်သို့လှည့်ရင်း ဆရာကြီး၏နှာခေါင်းမှလေပိုက်ကို ဖြုတ်ချလိုက်ပြီးနောက်သေသွားရှာလေပြီဟုဆို၍ ထွက်သွားတော့၏။

ကျွန်ုပ်လည်း အနီးသို့ ကပြာကယာကပ်သွားစဉ်အောက်ဇီဂျင်ဓါတ်ပေးသော ဆေးရည်ပုလင်းမှာ ချွင်ကနဲ ထောင်နေရာမှ အလိုလို ဆရာကြီးဘက်သို့ ယိမ်း၍လဲကျသွားကာကြပ်တည်းစွာပိတ်ဆို့ထားသော ဘူးဆို့ပင် အပြင်သို့ ကျွတ်ထွက်သွားသည်ကို တွေ့ရဖြင့် ရုတ်တရက်ပင် အံ့အားသင့်သွားမိ၏။

ဆရာဝန်အား ထိုအခြင်းအရာသည် ဖြစ်မြဲမဟုတ်လောဟု ဦးချစ်မောင်ကမေးရာ ဆရာဝန်လည်း တွေဝေနေ၏။ ယခင်က ဤကဲ့သို့ဖြစ်ဘူးသလားဟု ထပ်မံမေးကြည့်ရာတွင် မဖြစ်ဘူးကြောင်း ပြန်ပြောသောကြောင့် တပည့်များအား ဆရာကြီးသည် နောက်ဆုံးနှုတ်ဆက်ခြင်းဖြင့် နှုတ်ဆက်သွားခြင်းပင်ဖြစ်လေသလားဟု တွေးမိတော့၏။

ထို့နောက် အကြောင်းများကား သတင်းစာများ၌ပါရှိပြီးလေပြီ။ ယခုအခါ ဆရာကြီးကား မရှိတော့ပြီ။ ဘဝတစ်ပါးသို့ ပြောင်းသွား ကွယ်လွန်ရှာလေပြီ။ သို့ပြောင်းသွားသော်လည်း ဆရာကြီး၏ အမြဲပြုံးရောင်လျှက်ရှိသော မျက်နှာနှင့်တည်ကြည်သော ဣန္ဒြေကို မြင်ယောင်နေမိသေး၏။ ဆရာကြီးနှင့် တွေ့ဆုံပြောဆိုခဲ့သမျှ စကားတို့ကို ကြားယောင်နေမိသေး၏။ ဆရာကြီး၏ အဖြစ်ကိုတွေးမိယောင်ရှိသေး၏။ သို့တွေးမိတိုင်း ကျွန်ုပ်မှာ မျက်ရည်လည်မိတော့၏။

အို-ဆရာကြီး။ ။ဆရာကြီးအား တပည့် ဤစာဖြင့်



နောက်ဆုံးကန်တော့ပန်းဆင်ပါတော့၏။ များမကြာမီက ဤဂျာနယ်တွင်ပင် ဆရာကြီးအကြောင်းကို † ရေးသားဖော်ပြခဲ့ရာထို ရေးသားချက်ကို ဆရာကြီးဖတ်ပြီးလျှင် မျက်ရည်များပင်ကျသည်ဟု ကြားရ၏။ ယခု ဤစာကိုရောက်ရာမှ ရှုစားမတော်မူပါလော။

အို – ဆရာကြီး ဆရာကြီးကား အများ၏ အကျိုးကို ဆောင်ရွက်ကာ ကိုယ့်အကျိုး၌ ဆုံးရှုံးသည့်အကြောင်းဆင်းရဲစွာ သေ၍ ပြသွား၏။ ဆရာကြီး၏ မွန်မြတ်သောစိတ်ထားကို ကြည်ညိုပါ၏။ သို့သော် ဆရာကြီးကား မြန်မာများ ကျွန်ဘဝ၌ ကျွန်သက်ရှည်၍ နေခြင်းမှမှ လွတ်မြောက်၍ သွားရပေပြီ။ ဆရာကြီးအတွက် ဝမ်းမြောက်ဖွယ်ပင်။

ငါတို့ ကျေးဇူးရှင် ဆရာကြီး ကောင်းရာမွန်ရာရောက်ပါစေသတည်း။

---

† ဤစာအုပ်စာမျက်နှာ ( ၁၀၉ )မှ ( ၁၁၇ )အထိ ဖော်ပြပါရှိသော အကြောင်းအရာများကိုပင် ဆိုလိုပေသည်။ ။ စာတည်း။

www.burmeseclassic.com

www.burmeseclassic.com

## ၃။ လမ်းခရီးအဆုံး၏ အစသို့ရောက်ရပုံ

မြန်မာ့အလင်း၏ ဖိတ်ခေါ်ရာ၊ အဘိုးကြီးကလဲ ခက်လိုက်တာ၊ နှုတ်ခမ်းမွေးချင်းမတူ၊ ဆယ်သန်းကို ဖတ်ပြီး ပြုံးခြင်း၊ အခု ပေါင်ကျိုးသွား၍ ယခုတိုင် ကြားယောင်ယောင်ရှိနေသေးခြင်း။

ဆရာကြီး ပီမိုးနင်းဘဝလမ်းခရီး၏ အဆုံးသို့ ရောက်ရပုံတို့ကို စာရေးဆရာသခင် လွှန်ခဲ့သည့် စာမျက်နှာများတွင် ရေးသားခဲ့၍ စာဖတ်သူများ သိနားလည်ကြလေပြီ။ သို့သော် ဘဝလမ်းခရီး၏ အဆုံးသို့ မည်သည့်အတွက် ရောက်ရှိရပုံကို ဖော်ပြရန် တာဝန်ဝတ္တရား ကျန်ရှိပေသေးသည်။

ထိုတာဝန်ကို နိုင်ငံကျော် ရုပ်ပြောင်းရေး ဆရာကိုဟိန်စွန်းက ၁၃၀၁ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်နေ့ထုတ် ဂျာနယ်ကျော်တွင် ဆောင်ရွက်ခဲ့ပြီဖြစ်ရာ ဆရာကြီး၏ အတ္ထုပ္ပတ္တိ ပြည့်စုံ စိမ့်သောငှာ ကိုဟိန်စွန်း၏ ရေးသားချက်တို့ကို အောက်တွင် ဖော်ပြပေဦးအံ့။

× × ×

နိုင်ငံကျော် စာရေးဆရာကြီး ပီမိုးနင်းကို ၁၉ ကြိမ်မြောက် အမျိုးသားနေ့က စက်ဘီးတိုက်မိသဖြင့် ပေါက်ကျိုးပြီး ဆေးရုံကြီးသို့ ရောက်ကာ ဆေးရုံကြီးတွင် ဆေးကုသနေရာမှ ကွယ်လွန်အနိစ္စရောက်သည့်တိုင်အောင် အဖြစ်အပျက်များကို လွန်ခဲ့သည့် အပတ်က ဤဂျာနယ်ကျော်တွင် ကျွန်တော်၏ မိတ်ဆွေ နာမည်ကျော်စာရေးဆရာကို သခင်က ဥသုံ



ဖော်ပြခဲ့ပြီးပါပြီ။ သို့သော် ဆရာကြီးအား စက်ဘီးမတိုက်မီ အမျိုးသားနေ့၌ မိမိနေအိမ်မှ မြန်မာ့အလင်းတိုက်သို့ လာပုံ၊ လမ်းခရီးထရော်လီ ဘတ်စကားပေါ်တွင် စကားပြောဆိုကြပုံ၊ မြန်မာ့အလင်းတိုက်သို့ ရောက်သောအခါ မည်သို့ စားသောက်နေထိုင်ပုံတို့ကိုမူ ကျွန်တော်သာလျှင် အသိဆုံးဖြစ်သည့်အလျောက် အောက်တွင် ရေးသားဖော်ပြလိုက်ရပါကြောင်း။

အမျိုးသားနေ့ မတိုင်မီတစ်ရက်က ကျွန်တော့်ကို မြန်မာ့အလင်းတိုက်က ဆရာကြီးပီမိုးနင်းကို အမျိုးသားနေ့နံနက် (၁၁း၀၀)နာရီအရောက် မြန်မာ့အလင်းတိုက်သို့ ဆုငွေနှစ်ဆယ်ယူရန်နှင့် ဒန်ပေါက်ထမင်းစားကြရန် ဖိတ်ပေးပါဆိုသဖြင့် ကျွန်တော်မှာ ဆရာကြီးကို ကြည်ညိုချစ်ခင်သည့်အတိုင်း ဆရာကြီးအား သွားဖိတ်ပြီး ကျွန်တော်ကိုယ်တိုင် ခေါ်ခဲ့ပါမည်ဟု ဝန်ခံခဲ့ပါ၏။

အမျိုးသားနေ့ ရောက်သောအခါ ကျွန်တော်မှာ အဝတ်အစားလဲပြီး နာရီကြည့်လိုက်သောအခါ (၉း၀၀)နာရီရှိနေပြီကို တွေ့ရ၏။ ဆရာကြီးကို သွားရောက်ဖိတ်ဖို့ရန် အချိန်ကား နီးနေပေပြီ။ ၎င်းအချိန်မှာပင် ကျွန်တော့်စိတ်၌ ဆရာကြီးအား သွားရောက်မဖိတ်လိုသောစိတ်ဖြစ်ပေါ်လာ၏။ ဘာကြောင့်ဖြစ်မှန်းလည်းမသိ၊ စိတ်ထဲမှာလေးတေးတေးဖြစ်နေ၏။ လူကိုယ်တိုင်သွားရောက် ဖိတ်ရကောင်း မကောင်းကို အိမ်ထဲတွင် ခေါက်တုန့်ခေါက်ပြန် လျှောက်ပြီး စဉ်းစားနေမိသည်မှာ နာရီဝက်တောင်ကြာမှန်းမသိ ကြာသွား၏။ အချိန်းကား ၉ နာရီခွဲနေပြီ။ ဆရာကြီးအား ကိုယ်တိုင်သွားရောက်ဖိတ်ပြီး အတူသွားမှဘဲဟု နောက်ဆုံးဆုံးဖြတ်ချက်ချကာ [illegible]ခြားတစ်း

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ဆရာကြီးနေသော ၁၂၆ လမ်းသို့ အမြန်ထွက်ခဲ့၏။

ဆရာကြီးအိမ်သို့ လှန်ခြားဆိုက်သည်နှင့်တပြိုင်နက် ဆရာကြီးအား အခန့်သင့် အိမ်ရှေ့ခန်းတွင် ပက်လက်ကုလားထိုင်နှင့် ထိုင်နေသည်ကို တွေ့ရ၏။ ကျွန်တော်သည် ရှိသေစွာ ဆရာကြီးအနီးကပ်ပြီး "မြန်မာ့အလင်းတိုက်က တိုက်သားများကို ဆုငွေ(၂၀)ကျပ်ချီးမြှင့်ပြီး ဒန်ပေါက်ထမင်း ကျွေးမလို့ ဒီအတွက် ဆရာကြီးအား ကျွန်တော်ကိုယ်တိုင်ဘဲ လာဖိတ်တာပါဘဲ။ ဆရာကြီးကျွန်တော်နှင့်အတူ သွားကြတာပေါ့"ဟု ပြောလိုက်၏။ ထိုအခါ ဆရာကြီးသည် ခပ်လှမ်းလှမ်းတွင် ထိုင်နေသော မိမိဇနီးသည်ဘက်သို့ လှည့်ပြီး၊ (ငါ့ကို တိုက်က ခေါ်နေတယ် အင်္ကျီ၊ လုံချည် လဲပေးကြစမ်းပါအုံး)ဟု ဆိုကာ၊ အခန်းထဲသို့ ဝင်သွားလေ၏။

အခန်းထဲမှ ထွက်လာသောအခါ ဆရာကြီးမှာ သိုးမွေးခေါင်းစွပ်ကြီးကို ဆောင်းကာ ဆွယ်တာအင်္ကျီဝတ်လက် ချည်လုံချည် အသစ်ကလေး ဝတ်ထားသည်ကို တွေ့ရ၏။ အိမ်ရှေ့ခန်းတွင် ဆရာကြီး စိတ်တမျိုးပြောင်းသွား၏။ ငါဒီဆွယ်တာအင်္ကျီကို မဝတ်ချင်ဘူး။ အပေါ်အင်္ကျီအဖြူတစ်ထည်ပေးဟု ဆိုကာ ဆွယ်တာအင်္ကျီကို ချွတ်ပစ်ပြီး အပေါ်အင်္ကျီကို ဝတ်ပြန်၏။ ထိုအခါ အိမ်ရှေ့ခန်းတွင် စက်ချုပ်နေသော မိန်းမခပ်ရွယ်ရွယ်က စက်ချုပ်ရင်း အဘိုးကြီးကလည်း ခက်လိုက်တာချမ်းလို့ ဆွယ်တာဝတ်နိုင်းတာ မဝတ်ဘူး။ သိပ်ခက်တာဘဲဟု ဂရုဏာဒေါသောနှင့် ပြောလိုက်သည်ကို ကျွန်တော်ကြားရ၏။ သို့သော် ဆရာကြီးသည် ဆွယ်တာအင်္ကျီကို ပြန်မဝတ်ဘဲ အပေါ်အင်္ကျီနှင့်ပင် ကျေနပ်ပြီး ကုတ်ရှူးဖိနပ်အသစ်ကလေးကို



စီးလျက် ကျွန်တော်နှင့်အတူ ထွက်ခဲ့ရာ လမ်းထွက်ခါနီး ကျွန်တော်က " ဆရာကတော် (စိတ်သာချပါ ကျွန်တော်ဘဲ ပြန်ပို့ပါမည်)ဟု ကတိဝန်ခံ၍။ မကြာမီအတွင်း ကျွန်တော်တို့သည် လမ်းထိပ်သို့ ရောက်ခဲ့ကြလေ၏။

ဆရာကြီး ။ ။ "ဘာနဲ့သွားမလဲ။"

ကျွန်တော် ။ ။ "ထရော်လီ ဘတ်စကားနဲ့သွားရင် ကောင်းမယ်ဆရာ။"

ဆရာကြီး ။ ။ "ကောင်းသားဘဲ မြန်တာပေါ့၊ ဆူးလေဘုရားနဲ့ ကုန်သည်လမ်းဒေါင့်ကျတော့ ဆင်းပြီး လျှောက်လိုက်ရင် မြန်မာ့အလင်းတိုက်နဲ့ နီးသားဘဲ။"

ကျွန်တော် ။ ။ "ဟုတ်ပါတယ်ဆရာကြီး"

ထိုကဲ့သို့ ပြောဆိုနေစဉ် ထရော်လီဘတ်စကားရောက်လာ၏။ ထရော်လီဘတ်စကားပေါ်တက်ပြီး နှစ်ယောက်သားယှဉ်ထိုင်ကာ သွားကြ၏။

ဆရာကြီး ။ ။ "မောင်ရင်လာခေါ်တာ အတော်ဘဲ။ ဆရာ့မှာ အိမ်လခပေးဖို့ ငွေလိုနေတယ်။ ဆရာ့မှာ ပိုက်ဆံကြပ်နေတယ်။ ရေနံချောင်းဘီအိုစီက ထုတ်တဲ့ မဂ္ဂဇင်းအတွက် ဆရာကို ဝတ္ထုရေးဖို့ ပြောတယ်။ ဘီအိုစီမဂ္ဂဇင်းနဲ့ မောင်ရင်နဲ့ အဆက်အသွယ်ရှိသလား။"

ကျွန်တော် ။ ။ "ရှိပါတယ်။ ဆရာကြီးသာ ဝတ္ထုရေးပြီး ကျွန်တော်ကို ပေးပါ။ ကျွန်တော် ဆရာကြီးဝတ္ထုကို ရေနံချောင်းဘီအိုစီကို ပို့ပေးပါမယ်။ မဂ္ဂဇင်းအုပ်ချုပ်တဲ့ ရေနံဝန်ကလေး ဦးအုံးကျော်နဲ့ ကျွန်တော်သိပါတယ်။"

ဆရာကြီး ။ ။ "အေး .. ကျေးဇူးပါဘဲကွယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ။ ။ "ဆရာကြီး နောက်တပတ် မြန်မာ့အလင်း လေပွေအခတ်မှာ ဘာတွေ ရေးဖို့ စိတ်ကူးထားသလဲ"

ဆရာကြီး ။ ။ "စိတ်ကူးတစ်ခုသာရသေးတယ်။

အမေရိကန်သတင်းစာတစ်စောင်က ၁၉၁၄ ခုနှစ် ဂျာမနီနဲ့ ယခု ၁၉၃၉ ခု ဂျာမနီနဲ့ မတူဘူးလို့ ရေးတယ်။ အဲဒါကို ဆရာက ဟုတ်တယ် မတူတော့ မတူဘူး။ နှုတ်ခမ်းမွေးသာမတူဘူး။ ၁၉၁၄ ခုနှစ် ဂျာမနီကကိုင်ဇာဘုရင် နှုတ်ခမ်းမွေးရှည်ပြီးကော့ထောင်နေတယ်။ ယခုဂျာမနီ အာဏာရှင်ဟစ်တလာရဲ့ နှုတ်ခမ်းမွေးကတော့တိုတိုကလေးလို့ရေးဖို့တော့စိတ်ကူးထားတာဘဲ"

ကျွန်တော် ။ ။ "ကောင်းသားဘဲ ဆရာကြီး"

ထိုကဲ့သို့ပြောနေစဉ် ထရော်လီဘတ်စကားသည် ဆူးလေဘုရားလမ်းနှင့် ကုန်သည်လမ်းထောင့်သို့ ရောက်လာသဖြင့် ဆင်းပြီးနှစ်ယောက်သား မြန်မာ့အလင်းသို့ လျှောက်လာခဲ့လေ၏။

ဆရာကြီးနှင့် ကျွန်တော် တိုက်ပေါ်သို့ ရောက်သွားပြီး စားပွဲလွတ်တစ်ခုတွင် ထိုင်မိကြသောအခါ ကြက်သားဒန်ပေါက်ထမင်း နှစ်ပန်းကန်လာ၍ ချသွား၏။ ဆရာကြီးမှာ ဒန်ပေါက်ထမင်းကို ဖြေးဖြေး အေးအေး စားနေသည်ကို တွေ့ရ၏။ ကျွန်တော်မှာ လူငယ်ဖြစ်သဖြင့် ဆရာကြီး အရင်စားပြီးနောက် ဆရာကြီးစားနေသည်ကို စောင့်ပြီးသောအခါ လက်ဆေးရေပေးခြင်း ရှာလပတ်ရေတိုက်ခြင်း၊ ဆေးလိပ်သောက်စေခြင်းကို ကျွန်တော်ကိုယ်တိုင်ပြုစုလိုက်ရပါ၏။



ဆရာကြီးနှင့် ကျွန်တော်ထိုင်နေသည့် စားပွဲနှင့် ခပ်လှမ်းလှမ်းတွင် တီးဝိုင်းတစ်က ဖျော်ဖြေလျက်ရှိရာ ကျွန်တော်က "ဆရာကြီး ကြားရရဲ့လား။ ဘယ့်နှစ်သဘောရသလဲ"ဟု မေးမိ၏။ ဆရာကြီးသည် ခေါင်းငြိမ့်လျက်။ "ကြားရပါတယ်။ ကောင်းသားဘဲ"ဟုဆိုကာ မျက်မှန်ကို အောက်စိုက်ပြီး၊ အဆိုတော်မိန်းကလေးဟာ ဘယ်သူလဲဟု မေး၏။

ကျွန်တော် ။ ။ "မဟာဂီဆရာဦးပြုံးချိုရဲ့ သမီးလို့တော့ ပြောတာဘဲ။"

ဆရာကြီး ။ ။ "ဦးပြုံးချိုတော့ ဆရာသိသားဘဲ။ သြော်သူ့သမီးတဲ့လား။"

ဆရာကြီးနှင့် ကျွန်တော်မှာ ခဏမျှ နားထောင်ပြီး အယ်ဒီတာများရှိနေသောနေရာသို့သွားရောက်ထိုင်ကြ၏။ ကျွန်တော်တို့အနီးတွင်အယ်ဒီတာကိုသိန်းခေါ်ဖဝနလည်းရှိပါသည်။ တအောင့်လောက်ကြာသောအခါ ဆယ်သန်းသတင်းစာတစ်စောင်ကိုဆရာကြီးဖတ်နေသည်ကိုတွေ့ရ၏။ ဆယ်သန်းသတင်းစာမျက်နှာဖုံးတွင် ပါတော်မူနေ့နှင့် ပတ်သက်ပြီး စာလုံးကြီးများနှင့် "ဒို့အရှင် ဒို့သခင် ယနေ့တိုင် မမေ့နိုင်ပါတော့သည်"ဟုသော ခေါင်းစဉ်ကို ဆရာကြီးကြည့်ပြီး ပြုံးနေသည်ကို တွေ့ရ၏။

ကျွန်တော်လည်း မြန်မာ့အလင်းတိုက်နောက်ဖေးလမ်းတွင်ရှိသော အင်္ဂလိပ်စာ စာနယ်ဇင်း စာအုပ်ဆိုင်သို့ သတင်းစာဝယ်ရန် ကိစ္စရှိသဖြင့် ဆရာကြီးအား "ဆရာကြီး

www.burmeseclassic.com

www.burmeseclassic.com



ဘယ်မှ ထမသွားနဲ့ ကျွန်တော်အခုဘဲ ပြန်လာပါမယ်" ဟု ခွင့်ခံပြီး ထွက်သွားပါ၏။ သို့သော် ကျွန်တော်မှာ ဆရာကြီးအား စိတ်မချသဖြင့် ခပ်မြန်မြန်သွားပြီး အင်္ဂလိပ်သတင်းစာ တစ်စောင်ဝယ်နေသည့်အခါ မူးသလိုလို မိုက်ခနဲ ခဏ ဖြစ်သွား၏။ ဘာများဖြစ်ချင်လို့ပါလိမ့်ဟု စဉ်းစားမိသေး၏။ သတင်းစာကို ဝယ်ပြီး ခပ်မြန်မြန်ပင် ပြန်လာပြီး၊ မြန်မာ့ အလင်းတိုက်ပေါ်သို့ ရောက်သောအခါ။ မြန်မာအလင်း သတင်းထောက် ကိုကျော်မင်းက။

ကိုဟိန်စွန် ... ဆရာကြီးကို ဘိုင်စကယ်တိုက်လို့ ခြေကျိုးသွားပြီး၊ အမျိုးသားသူနာပြုတပ် ကိုဘနှင်း ဆေးရုံသွား ပို့နေတယ်ဟု ဆီး၍ပြောဆိုလျက်။ ကိုဘနှင်းကို တွေ့ရသော အခါ၌လည်း။ ၎င်းက "ဆရာကြီးကို ထောင်ကပြာတာ ကုလားကစက်ဘီးနှင့်ဝင်တိုက်မိတယ်။ အခုပေါင်ကျိုး သွားပြီး။ ဆရာဝန်ကိုဂရုစိုက်ပြီးကုဖို့ပြောခဲ့တယ်"ဟု ပြောပြန်ပါ၏။

ဆရာကြီး စက်ဘီးတိုက်သည့်အကြောင်း ဆရာ ကတော်ထံ ကျွန်တော်သွားပြောဖို့ရန် တာဝန်ရှိပြန်၏။ ကျွန်တော်မှာ ဆရာကြီးအတွက် ဆုငွေ(၂၀)ကျပ် ယူပြီး ဆရာကြီးအိမ်သို့ ထွက်ခဲ့ရာ အိမ်ရှေ့မှ ထွက်မျှော် နေသော ဆရာကတော်မှာ ဆရာကြီး မပါလာဘဲ ကျွန်တော်တစ်ယောက် တည်း ပြန်လာသည်ကို တွေ့လျှင် မျက်နှာမကောင်းဘဲ "ဆရာကြီးကော"ဟု မေး၏။ ကျွန်တော်က အကျိုးအကြောင်း



ပြောပြပြီး ဆရာကြီးအတွက် ဆုငွေ(၂၀)ကျပ်ကိုလည်း ဆရာကတော်အားပေးခဲ့ကာ ကျွန်တော်ညနေကျမှ ဆေးရုံကြီး ကို လာခဲ့ပါအုံးမယ်ဟု ဆိုကာ ဝမ်းနည်းစွာဖြင့် ထွက်ခဲ့ ပါကြောင်း။

ညနေ ဆေးရုံရောက်သောအခါ ကျွန်တော်နှင့် ဆရာ ကတော်တွေ့ကြ၏။ ထိုအခါ ဆရာကြီးအား ကျွန်တော်က..

"ဆရာကြီး ဘာပြုလို့ တိုက်အောက်ကို ဆင်းသလဲ။ အိမ်ကို ပြန်တာလား။"

ဆရာကြီးက "အိမ်ပြန်တာ မဟုတ်ပါဘူး။ နောက်ဖေး အပေါ့သွားချင်လို့ လွတ်လွတ်လပ်လပ် မဟာဗန္ဓုလပန်းခြံထဲက အိမ်သာဆီသို့ သွားတာပါ။ ကြမ္မာငင်တော့ ဒီလိုဖြစ်ရတာ ပေါ့။ မောင်ရင်မသွားချင်က အမှာသား ဆရာကြီးဘယ်မှ မသွားပါနဲ့အုံးလို့။ ဖြစ်ချင်တော့ ကြံဖန်ဖြစ်ရတာပေါ့။ အခု ဆရာဘိုင်စကယ် (စက်ဘီး)ကို မကြည့်ချင်တော့ဘူး။"

ကျွန်တော် ။ ။ "ဆရာကြီး ဘာမှ မပူနဲ့။ မြန်မာ့အလင်း ကတော့ ဆရာကြီးကို ကြည့်ရှုပါလိမ့်မယ်။ ဆရာကြီး လေပွေ ဆောင်းပါးကို မရေးနိုင်ပေမဲ့ ဆရာကြီး ဆောင်းပါးအတွက် လစဉ် ချီးမြှင့်နေကျ ငွေတော့ ပေးမှာဘဲ။"

ဆရာကြီး ။ ။ "ဆရာ့အတွက် ဆုငွေကော မောင်ရင် ယူလာသလား။

ကျွန်တော် ။ ။ ယူလာပါတယ်။ ဆရာကတော်ဆီမှာ ရှိ ပါတယ်။

ထိုအခါ ဆရာကတော်က စက္ကူပါးပါးကလေးနှင့်

www.burmeseclassic.com

www.burmeseclassic.com



ထုတ်ထားသော ငွေစက္ကူ (၅)ကျပ်တန်လေးချပ်ပါသော အထုပ်ကို ဆရာကြီးအား လှမ်း၍ ပေး၏။ ဆရာကြီးသည် ၄င်းဆုငွေကို ကြည့်ပြီး မချိုပြုံးပြုံးကာ မှိမိရင်ပတ်ပေါ်တွင် လက်နှင့် ခဏမျှ ဖိ၍ထားပြီး ဆရာကတော်ထံ ပြန်အပ်လေ၏။

ထို့နောက် ဆရာကြီးက ဆရာကတော်အား ငါ့အတွက် ပိုက်ဆံတမူးသုံးပဲလောက်ပေးခဲ့ပါအုံး။ မေတ္တာ (နောက်ဖေးသိမ်း)ကုလားကို ပေးဖို့ပါကွယ်ဟု ဝမ်းနည်းသော အသံဖြင့် ပြောနေသည်ကိုယခုထက်ထိနားထဲတွင် ကြားရသေး သယောင်ယောင်ဖြစ်နေပါသတည်း။ ။

# ဒုတိယကဏ္ဍ

www.burmeseclassic.com

www.burmeseclassic.com

ဤကဏ္ဍတွင် ပါရှိသော အကြောင်းအရာ များမှာ ဆရာကြီးပီမိုးနင်း ရေးသားသွားလျက်၊ ပုံမနှိပ်ရသေးဘဲ ကျွန်ုပ်ထံတွင် ကျန်ရှိနေသော စာများထဲမှ သင့်လျော်ရာတို့ကို ရွေးနှုတ်ဖော်ပြလိုက်သော အကြောင်းအရာများပင်ဖြစ်ပေသည်။ ။

(စာတည်း)

## ၁။ လူနှင့် လူ့စိတ်

ကြီးပွားချမ်းသာအောင်လုပ်ခြင်းသည် ဆင်းရဲအောင် လုပ်ခြင်းထက် ပိုမို၍ပင်ပန်းသည်မဟုတ်ပေ၊ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မော်တော်ကားနှင့် မြန်မြန်ရောက်အောင် သွားခြင်းသည် မြန်မြန်မရောက်အောင် လှည်းနှင့်သွားခြင်းထက် ပိုမို၍မခဲယဉ်းသကဲ့သို့တည်း။ အလုပ်တစ်ခုခုကို ကောင်းစွာ လုပ်ခြင်းသည် မကောင်းအောင် လုပ်ခြင်းထက် ပိုမိုပင်ပန်း သည်မဟုတ်သကဲ့သို့ပင် လမ်းမှန်ကိုသွားခြင်း၌ မော်တော်ကား ဓာတ်ဆီကုန်သကဲ့သို့။ လမ်းလွဲကိုသွားခြင်းမှာ လမ်းမှန်ကို သွားခြင်းထက် ပိုမိုကုန်ကျနိုင်လေသည်။

လူသည် တစ်စုံတစ်ရာကိုမြဲလုပ်၍နေ၏။ မလုပ်ဘဲ မနေနိုင်ပေ။ အပျော်အပါးကိုသော်ငှင်း လုပ်၍နေရလေသည်။

အဘယ်အလုပ်ကိုမျှ မညီးငွေ့ဘဲ၊ အမြဲလုပ်၍ မနေနိုင်ပေ။ အပျော်အပါးကစားခြင်းမှာလည်း အချိန်တန်လျှင် ညီးငွေ့၏။ အလုပ်မှာလည်း ထို့အတူပင်။

အလုပ်အကိုင်အကြံအစည်မှာဖြစ်မြောက် အောင်မြင် သည့် အခါများ၌ မိမိလုပ်ကိုင်သောအရာကိုကြည့်ကာ အဘယ် သောအခါမျှ မညီးငွေ့ဘဲပင် နေနိုင်လေသည်။

အပျော်အပါးစည်းစိမ်ဟူသမျှမှာကားလျှင်မြန်စွာ ညီးငွေ့မြဲ ဖြစ်လေသည်။ အစားအသောက်မှာ တော်လျှင်တန်၏ တော်၍မတန်က လွန်တတ်လေသည်။ လွန်လျှင်ကား ဒုက္ခ- ဒုက္ခသာတည်း။ အလုပ်မှာကားညီးလည်းမညီးတန်လည်းမတန် လွန်ပြန်သည်အခါ ဘေးဒုက္ခမသင့်၊ စိတ်တိုင်းကျ လုပ်ကိုင်ခြင်းဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မြောက်အောင်မြင်သည့်အခါ မြေမာနိုင်ငံပန်းနိုင် ရပ်ဟန့်၍မှ ချေပနိုင်အောင် စွဲလမ်းတော်လေသည်။

အပျော်တကား အပျော်ဟု့တွင် အလုပ်သည့် အစွဲသုံး အပြ ဆုံးစစ်အမှန်ဆုံးသော အပျော်ဖြစ်လေသည်။ အမြ ချိုကြိုက်၍နေရခြင်းသည်လည်း ဒုက္ခော ဒုက္ခတွင် အဆုံး သတ်လေသည်။ အမြဲမော်တော်ကားနှင့်လည်ပတ်နေရမည်ဟု ရာဇဝတ်ပြစ်မှုကြူးလွန်သူကစ်ယောက်အား အစိုးရက အပြစ် ပေးချေက သူခမဟုက် ပူက္ခဖြစ်ကြောင်းကို ချက်ချင်းပင် တွေ့ရှိရချေမည်။

အပျော်အပါးများလည်း အလုပ်ပင်ဖြစ်၏။ တကယ့် အလုပ်များသည်လည်း အလုပ်ပင်ဖြစ်ကြလေသည်။ သို့သော် လည်း လူများသည် အလုပ်ဟူသော စကားကို ကြောက်ကြ လေသည်။ သို့ဖြစ်သောကြောင့် အချို့သောလူကြီးများသည် အလုပ်များကို အပျော်ဟန်ဆောင်ကာ နိုင်း ကြသဖြင့်။ အလုပ်ကို အပျော်မှတ်ထင်ကာ ပျော်ရွှင်စွာလုပ်ကြလေသည်။ ရွာတစ်ရွာ၌ အမှိုက်သရိုက်ထူထပ်၍နေလေရာ။ ညဦးအခါ၌ ထိုအမှိုက်သရိုက်များကို စုပုံမီးတိုက်ခါ ပျော်စရာကြီးဖြစ်အောင် လုပ်သော ယောက်ျားကြီး ဘစ်ယောက်ကို တွေ့ဘူးလေသည်။ တရွာလုံးရှိခလေးများသည် အပျော်အပါးပင်မှတ်ထင်ကြ၍။ အမှိုက်များကိုသယ်ပေးကြလျက်။ ကူညီ၍ မီးတိုက်ကြသဖြင့်။ တရွာလုံးရှင်းလင်းသွားသည်ကို တွေ့ရှိရဘူးလေသည်။

အပျော်မဟုတ်အလုပ်ဟူ၍ သိသည်နှင့်တပြိုင်နက် အကြောက် ဝင်၍ လာလေသည်။ ဒီ လုပ်ဟူသော စကား သက်သက်ကို မုန်းတည်း ရွံရှာကြသည်မှာ လင်ငယ်နေ



ဒါသနာပါသောမိန်းမတစ်ယောက်နှင့် တူလေသည်။ ထိုမိန်းမ၏ ယောက်ျားသည် တရပ်တရွာသို့သွားစဉ် လူဆိုးများ နှင့် တွေ့သဖြင့်၊ ရှင်အဆင်းပျက်၍အိမ်သို့ပြန်လာရာ။ ထိုမိန်းမသည် မိမိ၏ လင်ဖြစ်ကြောင်းကိုမမှတ်မိဘဲ၊ တော်လှပြီ ဤညှိုသည် ကို လင်ငယ်တော်မှ ရေးပုံတော်လှချေမကိုးဟု အောက်မေ့ကာ ရပ်ရွာလူကြီးများကိုမျှ မဖိတ်ကြားဘဲ တကျက်လွှတ် လင်ငယ်တော်လိုက်လေသည်။ ရက်အနည်း ငယ်လင်တော်ပြီး သည့်နောက် ရက်များမကြာမီ လင်ဖြစ်သော အထိမ်းအမှတ် တစ်ခုကို သူ့လင်က ပြလိုက်မိလေသည်။ လင်ကြီးဖြစ် ကြောင်းကိုသိရသည်နှင့် တပြိုင်တည်းထိုမိန်းမသည် အမေ့ ထံပြန်၍ သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## ၂။ လွှတ်တော်နိုင်ငံရေး †

မင်းတိုင်ပင်အမတ်များ ပါတီများသည် ယခုအလုပ်ပြန်၍ များလာပြန်သည်ဟု ကြားသိရလေသည်။ အလုပ်များသော်လည်း၊ ကျွန်ုပ် အားမရှိဟု ဆိုချင်သည်ကား၊ အခြားကြောင့်မဟုတ်၊ ဟန်အလုပ်နှင့် တကယ့်အလုပ် ရောရှုပ်၍နေလေသည်။ ထိုတကယ့်အလုပ်နှင့် ဟန်အလုပ်မှာလည်း သာလွန်အားမရှိဘွယ်ရာ ဖြစ်နေလေသည်။

အဘယ့်ကြောင့်နည်းဟူမူ၊ ဟန်အလုပ်က တိုင်းပြည်အတွက်၊ တကဲ့အလုပ်က သူရို့ပါတီတွေ။ အမတ်တွေ၊ ဝန်ကြီးတွေအတွက် ဖြစ်လေသည်။ အားမရှိစရာအကောင်းဆုံးမှာကား အမျိုးသားနှင့် တိုင်း ပြည်အတွက်နှင့်ဆိုင်သော ဟန်အလုပ်အတွက် စာတ်မီး မီတာနှင့် ဖရောင်းတိုင်ဖိုးများစွာ မကုန်၊ သူတို့ကိုယ်တိုင်နှင့်ဆိုင်သော အလုပ်များမှာကား။ အိပ်ပျက်ခံကာ စီးလားရိုက်ခြင်း စကင်းကိုက်ခြင်းအလုပ်များဖြင့် စာတ်မီးမီတာ ပို၍ကုန်လေသည်။ တိုင်းသူပြည်သားများ သက်သာ ချောင်ချည့်ဖို့ အကျိုးရှိဖို့ ဖြစ်သော

† ဆရာကြီး ပီမိုးနင်းသည် ဤအကြောင်းအရာများကို ဒေါက်တာဘမော်ညွန့်ပေါင်းအစိုးရလက်ထက်၊ လွှတ်တော်အစည်းအဝေး ကျင်းပချိန်တစ်ခု၌ အမတ်များ လွှတ်တော်ထဲသို့ မဝင်လှဘဲ ညညကျမှ သန်းခေါင်သန်းလွဲအထိ အဖွဲ့အစည်းအဝေးများ ကျင်းပနေကြခြင်း သတင်းအပေါ်တွင် အခြေပြုလျက် ရေးသားခဲ့ခြင်း ဖြစ်လေသည်။ ။ စာတည်း။



နာမည်ကောင်းယူသည့်ဟန် ဥပဒေကြမ်းများကို သတင်းစာများ၌ ကြော်ငြာကြသော်လည်း ထိုဥပဒေကြမ်းများ မအောင်မနေရ။ ဘယ်ပုံကြပေသည်။ ကြိုးစားရမည်ဟူသော အရေးမှာများစွာမကြီးမလေး။ တင်ပြီးနောက် အောင်လျှင် အသားရမည်၊ မအောင်လျှင် အသားမလျော့ များရာပေါ့ ဟူသော သဘောနှင့် အေးကြလေသည်။ မည်သူကိုချဖို့ မည်သူမည်ဝါကို ပြုတ်အောင် လုပ်ဖို့ အဘယ်ပုံအချောင်တက်ဖို့ နောင်လာမည့် ရွေးကောက်ပွဲများမှာ အဘယ်အလုပ်ဖြင့် အသားပြဖို့ဟူသော ဥာဏ်နီဥာဏ်နက်တို့ အတွက်မှာကား ထိုကဲ့သို့မလွယ်မကူ မအေးမဆေး ဒုန်းပြေးသလို လုပ်ကြရလေသည်။

ကျွန်ုပ်တို့အား ဤမကောင်းသော အုပ်ချုပ်ရေးစံနစ်ကို ပေး သူများသည်ကား ဂရေးဟောင်းခွေးပြိုင်ပွဲကစားသူများနှင့် တူကြလေသည်။ ဤအုပ်ချုပ်ရေးစံနစ်မှာ ပြိုင်ပွဲကွင်းနှင့် တူလေရာ ဤပြိုင်ပွဲ ကွင်း၌ ပါတီခွေးတွေ အပြေးပြိုင်ကြရလေသည်။ အပြိုင်ခိုင်းသူများမှာ လွန်စွာကြည့်၍ ကောင်းပေလိမ့်မည်။ ထိုခွေးများအနက် ရာထူးရသော ခွေးသမင်များမှာ, အခြားခွေးပါလယာများအပေါ်၌ စတိုင်ထွားသည့်အခါ ပြိုင်ပွဲကွင်းကိုလုပ်၍ပေးသူ ပိုင်ရှင်သခင်တို့၏ မျက်စေ့မှာ အတော်ပင် ကြည့်၍ကောင်းပေလိမ့်မည်။ သဘောကျပေလိမ့်မည်။ ငါတို့စီမံလိုက်လျှင် ဖြစ်တာဘဲ ဟူ၍ တွေးကာကျေနပ်ကြလိမ့်မည်။

ဤစံနစ်တော်တော်ကြာ၍ရှိးသောအခါနောင် အုပ်ချုပ်ရေးစံနစ်တခုလာလိမ့်ဦးမည်။ ထိုစံနစ်မှာ ယခုလို ခွေးပြိုင်ပွဲနှင့်မတူ။ လက်ဝှေ့ ပွဲနှင့်တူသော စံနစ်ဖြစ်ပေလိမ့်မည်။ ရာထူးများမှာ အရေအတွက်သော်လည်း ပိုမိုများပြားလာရမည်။

www.burmeseclassic.com

www.burmeseclassic.com



လစာသော်လည်း ပို၍ကြီးရမည်။ ထိုအခါ လွန်စွာ ပွဲကောင်းလိမ့်မည်။ တရုတ်ပန်ချာပီ နပန်းပွဲ † ဖီလစ်ပိုင်ဂန်းဘုတ်ကို၏ လက်ဝှေ့ပွဲများထက် ပိုမို၍စည်လိမ့်မည်။ သို့သော်လည်း ထိုပွဲ များမှာ ၎င်းတို့ကိုယ်တိုင် ဆုရဖို့ပွဲများဖြစ်ရာ တိုင်းပြည်လွတ်မြောက် ရေးနှင့်ကား ယခုထက်ပို၍ နီးမည်မဟုတ်ပေ။ သို့အတွက် ကျွန်ုပ်တို့၏ လွတ်မြောက်ရေးသည် ထိုပွဲများ၌မရှိ။ ထိုပွဲများ၏ အပြင်မှထွက်ပေါ်ရ မည်သာတည်း။

သို့သော်လည်း လူ့ခွန်တော်အရေးနှင့်ပတ်သက်၍ ညွန့်ပေါင်းပါတီ၏စီမံပုံမှာ များစွာပင်ကျေနပ်ဖို့ကောင်းလေသည်။

ညွန့်ပေါင်းတို့ ဤကဲ့သို့ တစုံတခုကို ဖြစ်မြောက်အောင် လုပ်နိုင်သည်မှာ အခြားကြောင့်မဟုတ်၊ သူတပါးအား ဖြုတ်ရေး ဖျက်ရေးနှင့် ဆိုင်သော ဟာတီရကိစ္စများမရှိခြင်းကြောင့်ဖြစ်လေရာ။ အခြားပါတီများသည်လည်း ထိုနည်းတူစွာ တန်ခိုးပြချေက၊ ယခု တန်ခိုးပြခြင်းသည် နောင်အကျိုးရဖို့ဖြစ်ကြောင်း သတိကောင်းပေးလိုက်ရလေသည်။

ကဦးကိုတဦးချိုးဖို့ တန်ခိုးထက်၊ တိုင်းပြည်အကျိုးများဖို့ တန်ခိုးကို ပိုမို၍ပြသင့်ကြလေသည်။ ထိုကဲ့သို့ တကယ်စိတ်ကောင်းထားကာ တန်ခိုးကောင်း ပြကြချေက တလင်းနယ်သော နွားစပါးကို စားရသလို အချိုးနီးဖြစ်ကြမည်မဟုတ်ဟု စိတ်ချယုံကြည်အပ်လှပေသတည်း။

---

† တရုတ်ပန်ချာပီနပန်းပွဲဆိုသည်မှာ ထိုစဉ်က ရန်ကုန်၌ အလွန်ခေတ်စားနေသော ဝမ်ဘောက်ချောင်နှင့် ဟာဘဲဆင်တို့ နပန်းပွဲ ကိုပင်ဆိုလိုပေသည်။ ။ စာတည်း။

## ၃။ မြန်မာပြည့်အပြင်ထွက်ကြ

မြန်မာလူမျိုးများ၏တိုးတက်ခြင်းလမ်း၌ အကြီးဆုံးသောအဆီးအတားတခုမှာ ဥရောပအမေရိကတိုင်းများသို့ ရောက်သူနည်းပါးခြင်း ရောက်ဘူးသူ အနည်းငယ်တို့မှာလည်း ရောက်ကားရောက်၏ မထိ–ဆိုသော စကားလို ထိထိရောက်ရောက်မရှိ။ အများအားဖြင့် ထိထိရောက်ရောက် ရှိသောအရာများမှာကား ဟော်တယ်များနှင့် ဗိုမ ကလေးတွေဖြစ်ကြကြောင်းနှင့် အခါခါကြားရဘူးလေသည်။

ဥရောပတိုင်းသည် တကယ်လက်တွေ့ ကြီးကျယ်၍နေသော တိုင်းပြည်များဖြစ်ရာ ကံကောင်းမထောက်မသဖြင့် တရာလျှင်တယောက် တထောင်လျှင် တယောက်ရောက်ကြသူများ သည် မိမိတို့၏ အမျိုးသား ကြီးပွားတိုးတက်ရေး၌ အဘယ်နည်းဖြင့် ကူညီအကျိုးဆောင်ရမည်ဟူသောအကြောင်းများရှာကြကာ အဘယ်ဟော်တယ်မှာ လဘက်ရည် တခွက်အဘယ်နှစ်ပင်နီ ပေးရတာဘဲ။ စားပွဲလိုက်ဗိုမကလေးတွေအဘယ်လိုချောတာဘဲ။ သူတို့အားလပ်ချိန်မှာ။ ဘယ်နှစ်ရှိလင်ကုန်လျှင်။ အဘယ်ဇာတ်ရုံကို ခေါ်သွားပြီး။ အဘယ်နေရာမှာ စတဲချနိုင်ဘဲ – ဟူသော ဗဟုသုတမျိုးတွေအစား။ ဥရောပတိုင်းသားများ အဘယ်လို လုပ်ကိုင်ကြ၍စည် နေထိုင်သည်။ ဘယ်နည်းအဘယ်ပုံ ကြီးကျယ်အောင် လုပ်ကိုင်ကြသည်။ အဘယ်နည်းအဘယ်ပုံ ပညာရနိုင်သည်။ တကယ့်အဖိုးတန်ဗဟုသုတများကို အဘယ်မှာရနိုင်သည်ဟူသော အကြောင်းများကိုရှာကြကာ အမျိုးသားများအား ဗဟုသုတပညာကို

www.burmeseclassic.com

www.burmeseclassic.com



လက်ဆင့်ကမ်းနိုင်အောင် ကြိုးစားသင့်ကြလေသည်။ အချို့သော အစိုးရ ပညာတော်သင်များမှာ ပညာကနည်းနည်း။ ဆစ်ဖလစ်ရောဂါတွေများများ နှင့် မြန်မာပြည်သို့ ပြန်လာကြသည်ဟူ၍လည်း ကြားရလေရာ အလွန် ဒ်ဖိုးထိုက်သောအခွင့်လမ်းကို အလဟဿဖြစ်အောင် လုပ်သော ထိုသူများသည်။ အဘယ်ကိုမျှမရောက်။ အဘယ်ပညာမျှ မတတ်သော၊ လယ်သမားများထက်ပင် လူဖြစ်ရှုံးသည်ဟုဆိုဖွယ်ရာဖြစ်နေလေသည်။

ပစ္စည်းဥစ္စာရှိ၍ မသိနားမလည်သော လူကြီးမိဘများကလည်း သားတယောက်ကို အင်္ဂလန်ပြည်သို့ ပို့ရာ၌ လမ်းစရိတ်ကနှစ်ထောင်ကျော် သုံးထောင်ကုန်မည်၊ လန်ဒန်မြို့မှာနေဖို့စရိတ်က သုံးလေးရာထက် မနည်းဟု ကြားဝါသူတို့၏စကားအရ သားများမညှိုးငယ်ရအောင် ငွေကြေးကိုလောင်းသွန်၍ပေးကြလေ၏။ အင်္ဂလန်သို့ပို့လွှတ်ခြင်းသည်၊ လူလိမ္မာလူကောင်းဖြစ်ဖို့ပို့ခြင်းမဟုတ် အပေါ်ရုံ မိုစတိုင်ကလေးနှင့် ချယ်လယ်သောယူစုတ်၊ လူပြတ်၊ လူနာ၊ လူပျက်ဖြစ်အောင် ပို့လွှတ် သကဲ့သို့ဖြစ်လေသည်။ ၎င်းတို့ကိုယ်တိုင်မှာလည်း အကျိုးစီးပွားများစွာ မရှိ၊ အမျိုးအတွက်ဆိုသည်မှာ ဝေလာဝေး။ အမျိုးသားချင်းအပေါ်၌ မော်မောက်ရသော ရာထူးကလေးများသာ ၎င်းတို့၏ အထူးအမြတ်ဆုံး သော အကျိုးစီးပွားဖြစ်လေသည်။ ကျွန်ုပ်စိတ်၌ကား ပညာတော်သင် ၁၀၀ အနက် ၉၉ ရောက်သည်လူနာတွေဖြစ်၍လာသည်။ ဝတ်လုံ ၁၀၀ အနက် ၉၉ ရောက်သည် လူနာတွေဖြစ်၍လာသည်ကို ပုံသေစွဲမှတ်၍ထားလေသည်။



သို့ဖြစ် လရာ ပညာတော်သင်မဟုတ်၊ မိမိစရိတ်ကြေးငွေ ဖြင့် ဗဟုသုတပညာကို အမျိုးသားအတွက်ရှာဖို့ရန် ဥရောပ အမေရိကသို့သွားသူတွေ ပြောက်မြားစွာပေါ်ပေါက်မှသာ မြန်မာလူမျိုးများ၏ အဆင့်အတန်းတိုးဖို့ရှိလေသည်။ ထိုသူများမှာ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်ဘာသာ စကားတမျိုးနှစ်မျိုးကိုတတ်ပြီး၍၊ ဤတိုင်းပြည်တွင် စာပေဖတ်ခြင်းဖြင့် ဗဟုသုတပညာအတော်အတန်စုံလင်သူများဖြစ်သင့်လေသည်။ ယခုကာလ ထိုထိုဘီးလပ်ပြန်များ တတ်သိနားလည်သော ဗဟုသုတပညာထက်မနည်းသောပညာခံရှိပြီးသူများ ဘိလပ်ကိုသွား၍ ဗဟုသုတပညာကိုရှာကြချေက ငါးလွန်၍ ခရီးရောက်ဖို့ရှိလေသည်။ အဘယ်ကြောင့်ဆိုသော် အချို့က ပညာသင်ကျောင်းသားများ ကျောင်းသားတို့ဘာဝ ပျော်ပါးကြသလို၊ အပျော်ဖြင့် အချိန်ကုန်ဖို့မရှိသဖြင့် ရက်လတိုတိုနှင့် အမျိုးသားအတွက် အကျိုးများရာများကြောင်းဖြစ်သော သိစရာတွေကို မြန်မြန်ကြီး သိမြင်နိုင်ကြလေသည်။ ထိုအင်္ဂလန်ပြည်ကို အသွားအပြန်စရိပ်မှာလည်း အခါရာသီ ကိုရွေးကာ အိန္ဒိယတိုင်းမှ တဆင့်ပြီးတဆင့် သွားချေက ကိုးရာတထောင်ထက် ပိုမိုကုန်ကျဖို့မရှိ။ အင်္ဂလန်ပြည်မှာလည်း ချွေတာသုံးစွဲ၍ နေတတ်ချေက တလလျှင် တရာကိုးဆယ်ထက် ပိုကုန်ကျဖို့မရှိဟု၊ ယခုကာလရောက်ဘူးသော မိတ်ဆွေ များပြောပြသဖြင့် သိရလေသည်။ ရှေးလွန်ခဲ့သော နှစ်ပေါင်း အစိတ်က သုံးဆယ်အခါမှာကား တလလျှင် (၇၀) ကျော်ခန့်ကုန်ကျကြောင်း သိရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုအချိန် နိုင်ငံရေးအလုပ်ကိုလုပ်၍နေကြသော လူငယ်ကလေးများသည်၊ အသက်အရွယ်ကလည်းငယ်၊ ပညာဗဟုသုတကလည်း နည်း။ အချည်းနှီးအကျိုးနဲ့မကြာခဏ ထောင်နန်းစံ၍နေကြမည့်အစား ဥရောပ အမေရိကကို လှည့်လည်ကာ ပညာဗဟုသုတကို လေးငါးနှစ်လောက် လှည့်လည်၍ ရှာကြပြီးမှ ပြန်၍လာကြချေက ယခုထက် ကြွဖာတိုးနှင့်ပြည့်စွာ လွတ်မြောက်ရေးလုပ်ငန်းကို ယခုထက် ထိရောက်စွာ ဆောင်ရွက်နိုင်ကြမည်ကား ယုံမှားဖွယ်မရှိပေ။ ယခုပင်ပန်းခံ၍ အလုပ်လုပ်ရသလောက် အကြိုသာတ်လုံးလကို ထုတ်ကြချေက ဥရောပ အမေရိကကိုမရောက်နိုင်ဖို့မရှိပေ။

## ၄။ တိုင်းပြည်ကြီးက လူမျိုးကြီး ၅၊

လူမျိုးကြီးဖြစ်ခြင်း၏ အကြောင်းရင်းမှာ မျိုးမျိုးအနက် လူဦးရေ များခြင်းသည့် အကြောင်းတစ်ခုဖြစ်လေသည်။ တရုတ်ပြည်သည် လူဦးရေ များ၏။ လူမျိုးကြီးဖြစ်ပါ၏လားဟု မေးဖွယ်ရှိလေသည်။ တနည်းအားဖြင့် 'လူမျိုးကြီး' ဟုခေါ် ဆိုနိုင်လေသည်။ အကြောင်းမူကား ကမ္ဘာပေါ်၌ အလွန် ကျော်ကြားထင်ရှားသော ပညာရှိပုဂ္ဂိုလ်ကြီး များသည် တရုတ် လူမျိုးများပင်ဖြစ်လေသည်။ စက်မှုပညာ၊ စစ်မှုပညာဟူ၍ကား မဆိုအပ်ပေ။ စိတ်မှုပညာဟူ၍ ဆိုနိုင်လေသည်။ ကွန်းဖြူး စီယစ်နှင့် လာဝုဇူးသည်။ ရှေးဂရိတ်ပညာ ရှိကြီး များကိုမှီသော ပုဂ္ဂိုလ်ကြီးများဖြစ်ကြလေသည်။ လောကီပညာများမှာလည်း ဤကဲ့သို့သာ အမြဲနေမည်မဟုတ်ကြပေ။ လူဦးရေများသော အခါ၊ ကမ္ဘာအနှံ့အပြား ပြန့်နှံ့ကြလေသည်။ ဗဟုသုတ အကြားအမြင်လည်းထိုနည်းဖြင့် ပြားနိုင်ကြလေသည်။ ယခုအခါ မှာပင်။ ကမ္ဘာအနှံ့အပြားသွားသော အင်္ဂလိပ်မဂ္ဂဇင်း သတင်း စာများသည် တရုတ်ပြည်မှ ထွက်ပေါ်၍နေကြလေသည်။

အိန္ဒိယတိုင်းသည်လည်း လူဦးရေများသဖြင့် ကမ္ဘာအနှံ့ အပြား ပေါက်ရောက်နေခြင်းကြောင့် လူမျိုးကြီး တစ်မျိုးအနေ သို့ ရောက်နိုင်သော တိုင်းပြည်ဖြစ်လေသည်။ တရုတ်ပြည် ကဲ့သို့ပင် အိန္ဒိယတိုင်းမှ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များ ပေါ်ထွန်းခဲ့ လေသည်။ ယခုအခါ၌ ဗြိတိသျှ လက်အောက်မှာ နှိမ်နင်းခြင်းကို ခံ၍နေရသော်လည်း။ ပညာတတ်တွေ အတော်ပေါ်များကြလျက် အိန္ဒိယတိုင်းထွက် အင်္ဂလိပ်သတင်းစာဂျာနယ်များသည်။

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာအနှံ့အပြားရောက်ရှိနေလေသည်။ မြန်မာပြည်ကဲ့သို့သော တိုင်းပြည်မှာ လူဦးရေလွန်စွာနည်းသဖြင့် တပါးတိုင်းခြားမှာ မြန်မာများမရှိကြသောကြောင့် မြန်မာရုပ်ရှင်ကိုသော်မှ အဝေးသို့သွား၍ မပြရပေ။ ကုလားရုပ်ရှင် တရုတ်ရုပ်ရှင်များမှာ ဘယ်အရပ်မဆို ရုံကြပ်အောင်ပြနိုင်ကြလေသည်။

ကျွန်ုပ်တို့မြန်မာများမှာ လူဦးရေအား နည်းသောကြောင့်၊ အဘယ်ကိုမှမရောက်ကြသော်လည်း လူဦးရေလွန်စွာများ၍နေသော အမေရိကန် အင်္ဂလန်တို့ကိုတုပ၍ ပဋိသန္ဓေတားဆေးများလွန်စွာတွင်ကျယ်၍နေလေသည်။ ထိုတားဆေးများသည် မြန်မာတို့အားသေးငယ်အောင်လုပ်သော်လည်း တားဆေးရောင်းသူတို့မှာအားကောင်း၍နေကြလေသည်။ တားဆေးတော့မရှိသဖြင့် အမေရိကတိုင်းမှာငှင်း အင်္ဂလန်ပြည်မှာငှင်း။ သွားရောက်အခြေစိုက်၍ နေထိုင်ကြချေက။ မြန်မာကို ကမ္ဘာက သိစေမည်ဟူသော စကားသည် သာ၍ခွန်မှန်ကန်ပို့ရှိလေသည်။

အကြောင်းမူကား မြန်မာသည် နယ်ရွှေ့သော လူမျိုးမဟုတ် အဘယ်နယ် အဘယ်ပြည်မှာမဆို ဦးချိုတဝင့်ဝင့်နေနိုင်သောသတ္တိ ဂုဏ်ထူးနှင့် ပြည့်စုံသော လူမျိုးဖြစ်လေသည်။ ထိုကဲ့သို့နေနိုင်ကြချေက မြန်မာရုပ်ရှင်များသည်ငှင်း၊ မဂ္ဂဇင်း သတင်းစာများသည်ငှင်း၊ ကမ္ဘာ အနှံ့အပြားပေါက်ရောက်ကြလျှက် မြန်မာ့ဂုဏ်ရောင် ထွက်မည်ကား ယုံမှားဖွယ်မရှိပေ။ သို့ဖြစ်လေရာ ပဋိသန္ဓေတားဆေးများကို ရောင်းချသူများသည် မြန်မာ့ဂုဏ်ရောင်မထွက်အောင် မှောင်ချ၍ပေးသော သူများဟု ဆိုရပေမည်။



ဝိနိုးမကိုယူဝံ့လျက်ကလေးအဖေဟုအခေါ်မခံဝံ့သူများသည့်ဥရုပ်ဘောနည်းသူများဖြစ်ကြလေသည်။ ညာတ်နည့်းဘောလူများလည်းဖြစ်ကြလေသည်။ သားမယားနှင့် သိုက်သိုက်ဝန်းဝန်းနေသူများသည်တကိုယ်ရည်နေသူများထက်စားရိတ်အကုန်အကျများမည်မဟုတ်ပေ။

www.burmeseclassic.com

www.burmeseclassic.com

## ၅။ လူ့ပြည်၌ အကြီးကျယ်ဆုံးသောအလုပ် +

အဓိကရုဏ်းသည် ပြီးစီးအေးချမ်း၍သွားလေပြီ။ ပြီးသောအမှု ကို ပြီးပေစေဟူသာ အောက်မေ့ဖွယ်ရှိလေသည်။ ထိုကဲ့သို့မအောက်မေ့ မူ၍ တဦးနှင့်တဦး မကျေမချမ်းဖြစ်စေမည့် အလုပ်များကို လုပ်ချေက နှစ်ဦးနှစ်ဘက် နစ်နာဆုံးရှုံးကြဖို့ရှိလေသည်။ မာမကအဖွဲ့က အစည်းအဝေးတခုကို ခေါ်သည်ဟု ကြားရလေသည်။ ထိုအစည်းအဝေး၌ ဆုံးဖြတ်ချက်တစ်ခုမှာ မြန်မာရပ်ကွက်များ၌ ကုလားဆိုင်များမရှိသည့်အတွက် မြန်မာဆိုင်များဖွင့်ဖို့ရန် ဆုံးဖြတ်ချက်ဖြစ်လေသည်။ ဆုံးဖြတ်ရန်ကားလွယ်၏။ လုပ်ရန်ကားမလွယ်ပေ။

မာမက ကိုယ်တော်များသည် မျိုးချစ်စိတ်တကယ်ထက်သန်သည်ကား မှန်၏။ အမျိုးသားကြီးပွားစေလိုသည့် လိုလားသောပုဂ္ဂိုလ် များဖြစ်ကြလေသည်။ ထိုအတွက် ကျေးဇူးတင်ထိုက်ပေသည် ကြူလယာဆိုင်များသည် လူ၌အရေးကြီးသော အသုံးအဆောင်များကို တတိုင်းပြည်လုံးအား ရောင်းချ၍နေသော တိုင်းပြည်၏ စတိုးဆိုင်များ ဖြစ်ကြလေသည်။ သို့ဖြစ်လေရာ အမြင်အားဖြင့် သေးသော်လည်း အလုပ်မှာ မသေးငယ်ပေ။ သို့မသေးငယ်သောအလုပ်ကို မြန်မာများ လုပ်နိုင်ကြချေက မြန်မာလူမျိုးတို့ စီးပွားရေးအခြေအနေသည် တိုးတက်မည်ကား ယုံမှားဖွယ်မရှိပေ။

---

+ ဤဆောင်းပါးမှာ ကုလားမြန်မာ အဓိကရုဏ်းကြီးပြီးစ အချိန်ရေးသားပေးအပ်ခဲ့သော ဆောင်းပါးဖြစ်လေသည်။ ။ စာတည်း။



လူ့ပြည်၌ရောင်းဝယ်ခြင်းအလုပ်သည် အကြီးအကျယ်ဆုံး ဖြစ်လေသည်။ ကမ္ဘာဦးစက ပစ္စည်းလဲလှယ်ခြင်းဖြင့် အသက်မွေးကြရ လေသည်။ ရောင်းဝယ်ခြင်းသည်။ ပစ္စည်းလဲလှယ်ခြင်းပင်ဖြစ်လေသည်။ ထိုအလုပ်ထက်ကြီးသော အလုပ်လောကမှာမရှိပေ။ လူများသည် ပစ္စည်းကိုသော်၄င်း ရောင်းကြရ၏။ လုံးလဝီရိယအကြံဉာဏ်ကိုသော်၄င်း ရောင်းကြရလေသည်။ လခစားများသည်။ လုံးလဝီရိယဉာဏ်စွမ်းပညာစွမ်းကိုရောင်း၍ အသက်မွေးကြရသူများဖြစ်ကြလေသည်။ ဤကား Service ကို ရောင်းခြင်းဖြစ်လေသည်။ သို့ဖြစ်လေရာ လောကကြီး တစ်ခုလုံးမှာ အရောင်းဖြင့် အသက်ရှင်နေကြရလေသည်။ ကျွန်ုပ်တို့ မြန်မာလူမျိုးမှာ ထိုမျှလောက်အရေးကြီးသော အလုပ်ကို ကောင်းစွာ နားမလည်ကြခြင်းကြောင့် အောက်ကျနောက်ကျဖြစ်၍ နေကြလေသည်။ အယုတ်သဖြင့် ကြူလယာကုလားများလောက်မှ နားမလည်ကြပေ။

ကြူလယာ ကုလားများသည် ဗြိတိသျှ အင်ပါယာကြီး တစ်ခုလုံးမှာသာမက ကမ္ဘာတစ်ဝှမ်းလုံးရှိ အပြည်ပြည်၌ အရောင်းအဝယ် လုပ်၍နေကြလေသည်။ ၄င်းတို့ဉာဏ် ၄င်းတို့၏အလုပ်အကိုင် အဆင့်အတန်းသည် အတော်ပင်ကြီးမြင့်လေသည်။ နှစ်ပေါင်းကြာမြင့်စွာ ဆိုင်အလုပ်ကို လေ့ကျင့်သင်ကြားလာသောလူမျိုးဖြစ်လေသည်။ စည်းလုံး ညီညွတ်ခြင်း စည်းကမ်းစံနစ်တူညီခြင်းအရာ၌လည်း မြန်မာများနှင့်မတူကြပေ။ ကြူလယာဆိုင်အလုပ်၌ အခြားလူမျိုးများမယှဉ်နိုင်အောင်နိုင်နင်းကြလေသည်။ နှစ်ပေါင်းများစွာ လေ့ကျင့်

www.burmeseclassic.com

www.burmeseclassic.com



ရောင်းချ၍လာသော ထိုအတတ်၌ ၄င်းလူမျိုးသာသိသော နည်းစံနစ်တွေမြောက်မြားစွာရှိလေသည်။ ထိုနည်းစနစ်များကို သိဖို့ရန် မြန်မာလူမျိုးသည် ထိုအလုပ်မျိုးကို နှစ်ပေါင်းများစွာ လုပ်ကြရပေလိမ့်မည်။ သို့နားမလည်ဘဲ လုပ်ချေက ဖြစ်မြောက် အောင်မြင်သူနည်းပါးလျက် ပျက်စီးဆုံးပါးသူ များကြလေမည်။ ငါးမူးနှင့်ဝယ်တကျပ်နှင့်ရောင်း။ ငါးမူးမြတ်မည်ဟူသော အသိမျိုးမျှနှင့် ဈေးဆိုင်တည်၍မဖြစ်ပေ။ တရုတ်နှင့်မြန်မာ အချင်းဖြစ်ပွားပြီးသည်နောက် မြန်မာများသည် တရုတ်ကို အားကျကာ တရုတ်၏အလုပ်များကို လုပ်ကြလေရာ တရုတ်များ က လမ်းလျှောက်ကာကြည့်လျက် ပြုံးရယ်ကြလေသည်။ ခေါက်ဆွဲမှာလည်း တရုတ်စော်မနံ ဝက်သားကင် ဘဲမှပေါင်း မှာလည်း တရုတ်နံ့မမွှေး၊ ခုတ်ထစ်လှီးဖြတ်ရာ၌လည်း တရုတ် လောက် မကျင်လည် တရုတ်အနံ့ကို အရသာခံကာ နှစ်ပေါင်း များစွာစွဲ၍လာခဲ့သော တရုတ်အစာကို မစားရသည့်ဒုက္ခမှာ လွန်စွာမှကြီးမားလေသည်။ ထိုနောက် များမကြာမီ မြန်မာ ဆိုင်များ ယတိပြတ်ပြုတ်၍သွားလေသည်။ ထိုအခါ စုရုံးစုရုံး လိုက်ပါလာ၍ ဆိုင်ဖွင့်ကြသော မြန်မာများမှာ ဆုံးပါးနစ်နာ ခြင်းသာလျှင် အမြတ်ရှိခဲ့လေသည်။ ထိုနည်းတူစွာ မဖြစ်ရ လေအောင် မြန်မာကုန်စုံဆိုင်များဖွင့်ဖို့အရေးကို လေးနက်စွာ စဉ်းစား ပြီးမှ ဖွဲ့ကောင်းကောင်း စံနစ်ကောင်းကောင်းဖြင့် ကျနစွာ လုပ်ကိုင် သင့်ကြလေသည်။

## ၆။ အားလုံးကြီးပွားနည်း

ရန်ကုန်မြို့မှာနေသောသူများသည် မိမိတို့၏ အလုပ်ကို သာသိကြ၏။ မိမိတို့၏အကြိုက်ကိုသာကြံ၍နေကြ၏။ ထိုသူ တို့သည် အမြဲအားဖြင့် အလုပ်တူ ဥာဏ်တူများအပေါ်၌ အကြံတူ-ရန်သူဟူ၍ သဘောမထား။ အမြဲအားဖြင့် ကရုဏာ တရားကြီးမားစွာထားရှိကြောင်းကို သိရလေသည်။ ထို့အတွက် အကြံတူတို့၏အလုပ်များကို ဂရုမစိုက်ဘဲ နေခြင်းမဟုတ်။ မွေမစိုက်ဘဲနေခြင်းကြောင့် ကရုဏာကြီးခြင်းဖြစ်လေသည်။ အကြောင်းမူကား အလုပ်တူသူတယောက်၏အကြောင်းကို၊ အခြား တယောက်အားသွား၍မေးသည့်အခါ မဟာန်ပါဘူးမိတ်ဆွေ။ သူတို့တိုက်မှာ မန်နေဂျာ ဘယ်သူကဟာန်တဲ့သူမှ မဟုတ်ဘဲ ကလား။ အခုများ မိုတိုကားတောင်မရှိတော့ဘူး စသည်ဖြင့် ကြင်နာသောစကားမျိုး ကြားရလေသည်။

အင်္ဂလိပ်ကုန်တိုက်ကြီးများမှစ၍ မြန်မာစာပုံနှိပ်တိုက်က လေး များသို့တိုင်အောင် ဤကဲ့သို့သော ဂရုဏာစကားမျိုးဖြင့် တဦး၏ဂုဏ်ကို တဦးချီးမြှင့်၍နေကြလေသည်။ အခုတော့ အရင်ကလို ဒင်နာပွဲများလဲ မပေးနိုင်ရှာတော့ပါဘူး။ အရင်ကလို အလုပ်သားတွေကို လခမှန်မှန် မပေးနိုင်တော့ပါဘူး။ ဘယ်တိုက် မှာဖြင့် လူတွေ့လျော့လို့ဟူသော စကားမျိုးကို အမြဲကြား ရလေသည်။ သူတပါးပျက်တာကို အလွန်သိလွယ်ကြ၏။ မိမိကိုယ်တိုင် လစ်ဟင်း၍နေသောအချက်များကို မသိကြပေ။

သူတပါး၏တိုက်ပျက်စီးဆုတ်ယုတ်နေသည်ကိုသော် ဘာမဆိုင် ညာမဆိုင် မိမိတိုက်မှာထိုင်လျက်မြင်၍နေတတ်ကြ၏။

www.burmeseclassic.com



ကိုယ်တိုင်အလုပ်၏ လစ်ဟင်းချက်များကို ကိုယ်တိုင်လုပ်၍ နေပါလျက် မသိသားဆိုးဝါးလေသည်။ အချို့မှာကား ငွေကလေးမလုံမလောက်နှင့် အလုပ်ကို အရမ်းဆွဲ၍ဆန့်ကြ၏။ အလုပ်သမားများကို လခမပေးနိုင်။ အလုပ်သားအနည်းငယ်မျှကို လခနည်းနည်းပေးပြီး၊ မီးထွန်း၍လုပ်ကြရလေရာ၊ အလုပ်မှာ ဂျိုးဂျိုးဂွျတ်ဂွျတ်၊ ဖြစ်ဖြစ်မြည်လျက် ပြတ်သတ်လုခမန်းဖြစ်၍ နေကြလေသည်။ သို့သော်လည်း အလုပ်မပြတ်သေးမီ လုပ်သူတွေ ပြတ်သတ်ပြီး အလုပ်မှာကားနောက်ဆုံးမှ မတ်တတ်ကလဲရလေသည်။

ထိုကဲ့သို့ မဟာဂရုဏာသဘောကိုချည်းထား၍ မနေဘဲ အလုပ်တူသူများသည် တယောက်နှင့်တယောက် သင့်တင့်ညီညွတ်စွာ ပေါင်းသင်းကြလျက် တဦး၏အလုပ်ကို တဦးသွားရောက်ကြည့်ရှုချေက။ ဂရုဏာသက်စရာ အကြောင်း မရှိရုံမက အကြံကောင်းဉာဏ်ကောင်း နည်းကောင်း စနစ်များကိုပင် ရနိုင်ကြဖို့ရှိလေသည်။ ယခုအခါသည် လုပ်ကိုင်ကြစည်သူဟူသမျှ မိမိကိုယ်ကို မိမိဂရုဏာသက်နိုင်မှ တော်လေသည်။ ကိုယ်စီကိုယ်စီ မိမိကိုယ်ကို ဂရုဏာသက်က သူတပါးထံမှ မိမိကလည်း နည်းကောင်းစံနစ်ကိုရကြလျက် မိမိကလည်း နည်းကောင်းစံနစ်ကို ပေးတတ်ချေက အားလုံးပင် ကြီးပွားကြမည်ကား အမှန်ပေ။

ထိုအမျိုးသားအလုပ်တူသူအသီးသီးတို့အား ကျွန်ုပ်က အကြံ ပေးလိုသည်မှာ၊ အလုပ်တူသူဟူသမျှ အသင်းဖွဲ့၍ ထားအပ်ခြင်းဖြစ် လေသည်။ ထိုအသင်း၌ အလုပ်တိုက်တခုကို အခြားအလုပ်တိုက်တခုက အလှည့်ကျသွား ရောက်စစ်



ဆေးစုံစမ်းအပ်ခြင်း နည်းကောင်းလမ်းမှန် တခုခုလိုနေသည်ကို တွေ့ရှိသည့်အခါ။ အကြံပေးအပ်ခြင်းပင် ဖြစ်လေသည်။

ထိုနည်းဖြင့် ခင်မင်ရင်းနှီး၍သွားသောအခါ၊ ဂရုဏာသက်၍ နေစရာရှိတော့မည်မဟုတ်ပေ။ သို့သော်လည်း ခင်မင်ရင်းနှီးခြင်းကို မလွန်အောင် သတိပြုရပေမည်။ သို့လွန်၍ သွားခြေကငွေချေးမှာကိုကြောက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## ၇။ ဂျပန်ကြပ်ကြပ်သတိထား

တရုတ် ဂျပန်အရေးသည် ဘယ်အခါမှာမျှ လုံးလုံး မအေး။ အကြီးအကျယ် ကမ္ဘာပေါက်ကြားအောင် အသံကျယ်သော စစ်ရေးစစ်ရာများပင်မဖြစ်စေကာမူ အမြဲလိုလိုပင် ကြိတ်ကာရန်ဖြစ်နေကြလေသည်။ သို့ဖြစ်လေရာ , တရုတ် ဂျပန်အရေးသည် အမြဲ မီးခိုးတလူလူနေရာမှ တခါတခါ အပြင်းအထန် ပေါက်ကွဲသော ဗျိုရှုဗျိုယုမီးတောင်ကဲ့သို့ အမြဲဖြစ်၍နေသည်မှာ အခြားမဟုတ် အမြဲ အင်ပါယာချဲ့ ရန်ကြံ၍နေသော အရှေ့တိုင်း ဂျာမနီနှင့်တူသော။ ဂျပန်တို့က အမြဲရန်စ၍နေကြခြင်းကြောင့် ဖြစ်လေသည်။

ဂျပန်များသည် အရှေ့တိုင်းအားလုံးကို ရှုရှားနယ်များ အတွင်းသို့တိုင်အောင်မိမိတို့၏လက်နက်အောက်သို့ တနေ့သ၌ မရောက် လျှင် မနေရဟု အမြဲကြံစည်၍နေလေရာ။ အရှေ့တိုင်း၌ စစ်ဘေးမီးနံ့ လေလေ ဂျပန်တောကြောင် လက်ခမောင်းခတ်လေလေဖြစ်မည်ကား ယုံမှားဖွယ်မရှိပေ။ သို့ဖြစ်လေရာ စစ်တောမီးကိုစ၍ရှို့ရန် အမြဲကြံ၍ နေလေသည်။

တရုတ်လူမျိုးမှာ မိမိထက် လက်ရုံးရည်သာလွန်သော ဂျပန်နှင့်ခိုက်ရန်ဖြစ်လိုသောစိတ်အနည်းငယ်မျှမရှိ၊ ခိုက်ရန်ဖြစ်သော် မိမိမှာသာ နစ်နာဆုံးရှုံးမည်ဖြစ်ကြောင်း ကောင်းစွာသိသဖြင့် မိမိတို့၏ တိုင်းပြည်ကြီး စည်းလုံးညီညွတ်ဖို့ကိုသာ ကြိုးစားလိုသောစိတ် ရှိကြလေသည်။ သို့ပါလျှက် ယခုလို ဖြစ်ရခြင်းမှာ အမျိုးဂုဏ်ကိုငဲ့ကာ မလျှော့သောကြောင့် သာ တင်းမာ၍ပြုရခြင်းဖြစ်ကြောင်း ကောင်းစွာသိလောက် လေ



သည်။ ဂျပန်သည်ကား အမြဲရန်ရှာ၍နေ၏။ ဘိန်းကိုကင်း မာဖီယား ဆေးချောက်စသည်တို့ကို ထင်သလို တရုတ်ပြည်သို့ သွင်းကာ တရုတ်ပြည်ကသွေးကိုအမြဲဖြုံဖျော့အောင် ကြံစည်၍နေကြလေသည်။ ကုန်ပစ္စည်းများကို အကောက်မပေးဘဲ အတင်းအဓမ္မကဲ့သို့တင်သွင်းကြရာ တရုတ်အရာရှိများက ဖမ်းသည့်အခါ။ တရုတ်နှင့်ဂျပန် အဓိကရုဏ်း ဖြစ်ကြသဖြင့် စစ်ဖြစ်မှာကိုစိုးသောကြောင့် တရုတ်များကလျှော့၍နေ ကြလေသည်။ သို့သော်လည်း ကမ္ဘာပေါ်၌ အကြီးဆုံးသော တရုတ် ဆင်ကြီးသည် ဂျပန်ဝံပုလွေ၏စော်ကားခြင်းကိုအမြဲငြိမ် သက်စွာခံ၍ မနေနိုင်သဖြင့် ယခုလို တခါတခါဖြစ်ရလေသည်။

ဂျပန်၏ပြုမူပုံများသည် အာရှတိုင်းကို စစ်မီးလောင် အောင် ပြုသည်နှင့်တူလေသည်။ အကြောင်းမူကား ရုရှားသည် ယခုအခါ ရှေးအခါနှင့်မတူတော့ပေ။ များစွာ အင်အားပိုမို၍ နေရာ။ အထီးခံမည်မဟုတ်ပေ။ တရုတ်နှင့် ဂျပန်ခိုက်ရန်ဖြစ်က ရုရှားကိုထိဖို့ လမ်းတွေများစွာ ရှိလေသည်။ တရုတ်ပြည်လုံး ကိုကား ဂျပန်ကိုမဆိုထားဘိ မည်သည့်လူမျိုးမှရနိုင်မည် မဟုတ်ပေ. အဘိဆီးနီးယားကို အီတလီများ ယခုတိုင် နှိမ်၍ မရလေသည်ကိုထောက်သော် အဘိဆီးနီးယားထက် အဆများစွာ ပို၍ကျယ်ရုံမက စစ်ရေးစစ်ရာ၌လည်း ဥရောပနည်းများကို အတော် ပေါက်ရောက်စွာရပြီးသော တရုတ်ပြည်ကို အပြီးအပိုင် မချိုးနိုင်မီ ဂျပန်ပြည်၌ သူပုန်ထကာ ဂျပန်ပြည် စပိန်ပြည် ဖြစ်မှာကိုပင် စိုးရိမ်ရလေသည်။ အကြောင်းမူကား ဂျပန်ပြည်၌ စစ်ကိုမလိုလားသူတို့သည် တနေ့တခြား တိုးတက်များပြား၍ နေကြကြောင်းကို သိရလေသည်။ ဂျပန်သည် အဘိဆီးနီးယား

www.burmeseclassic.com

www.burmeseclassic.com



ကျားမြီးကိုဆွဲမိသောအခါ မူဆိုလီနီ၏ဖြစ်ပုံကိုသတိမူသင့်လေသည်။ အကြောင်းမူကား တရုတ်သည် ဂျာပန်နှင့်ဆိုလျှင် ဖာတ်တူသားပင်ဖြစ်ရာ နိုင်တိုင်းဖိ၍ထောင်းချေက တနေ့သ၌ ထောင်းသူကျိုးမှာစိုးရလေသည်။

ယခုအခါသည် လောကဓာတ်ပညာ လွန်စွာတိုးတက်၍နေသောခေတ်အခါဖြစ်ရာ စီးပွားရေး အမျိုးသားနှင့် တိုင်းပြည်ချမ်းသာရေးကို စစ်တိုက်ခြင်းဖြင့် မရှာမကြံဘဲ လောကဓါတ်ပညာဖြင့် ရှာကြံရန် ကြိုးစားသင့်လေသည်။ သို့သော်လည်း လူသတ္တဝါများသည် သက်မဲ့ ဖြစ်သော လောကဓာတ်ကြီး၏အကြောင်းကိုသိကြသလောက် မိမိတို့ကိုယ်တိုင်အကြောင်းကိုမသိကြ၊ လောကဓာတ်ပညာတိုးသလောက် လူနှင့်ဆိုင်သော အသိပညာ မတိုးကြသည့်အတွက် အဘယ်လူမျိုးမှာမျှ ရေးကကဲ့သို့ ပညာရှိ လူလိမ္မာမရှိ၊ ရှိပြန်လျှင်လည်း ထင်ပေါ်ခွင့်မရ၊ ထင်ပေါ်ကလည်း ဂွသမားဖြစ်ဖို့သာရှိလေရာ Engineer hoisted by his own petard ဟူသော ရှိတ်စပီယာ၏စကားလို ကိုယ့်အတတ်နှင့် ကိုယ်စူးကြတော့မည့်ခေတ်ကြီးသည် မြန်မြန်နီးကပ်၍လာသည်ကို စေ့စေ့တွေးက ရေးရေးမပေါ်။ ထင်းထင်းကြီးပေါ်နေလေသည်။

ဂျာပန်သည် အရာရာ၌ ဥရောပကိုတုခဲ့သဖြင့် ဤအခြေကိုရောက်၏။ ဥရောပသည် ကျကာနီးသဖြင့် ဥရောပတိုးတက်ရေး စက်ကြီးမှာ ချောင်စပြုသည်ကိုမမြင်ဘဲ ယခုတိုင်ဆက်လက်လက်တုပကာ အရှေ့တိုင်း၌ လူကျယ်လုပ်လေရာ။ အတုကောင်းစဉ်က တက်ခဲ့ရသလို ယခုအခါ အတုဆိုးကြောင့် ပျက်မှာကိုတွေးရှု ဆင်ခြင်ခြင်းမပြု။ ကိုယ်ပိုင် ဉာဏ်ကိုမသုံး။



ဥရောပနည်းကိုရပြီး အနေအစား ကျဉ်းမြောင်းချွတာ ခြင်း၏အစွမ်းကလေးတခုကြောင့် ဥရောပလူမျိုးများအပေါ်၌ ကာပြန်နိုင်သောအခြေသို့ရောက်၍နေရာ။ ဟုတ်လှပြီဟု မိမိကိုယ်ကိုမှတ်ထင်နေလေသည်။ သို့သော်လည်း ဥရောပ၏ မကောင်းသော နည်းလမ်းများကို ရှောင်ကြဉ်ကာ အရှေ့တိုင်းအားလုံး၏အကျိုးစီးပွားအတွက် ကိုယ်ပိုင် နည်းလမ်းကို ရှာကြံခြင်းမပြုဘဲ၊ တက်သောဥရောပမှ သက်သောဥရောပသို့တိုင်အောင် အတုခိုးမရပ်ဘဲ၊ မူဆိုလီနီ ဟစ်တလာတို့ကိုပင်အားကျ၍လာချေက မကြာမီတအားကျ၍သွားရမည်ကား ဘုရားပြသည့်လမ်းစဉ်အတိုင်းပေတည်း။

www.burmeseclassic.com

www.burmeseclassic.com

## ၈။ မိန်းမတို့ကုန္ဒြေ

မိန်းမတို့သဘောဝသည် လူအများ၏ ချီးမြှောက်ခြင်းကိုခံ၍ နေဖို့မဟုတ်။ လူတဦးတယောက်၏ ချစ်ကြည်လေးစားခြင်းကို အမြဲခံရဖို့ဖြစ်လေသည်။ ထိုကဲ့သို့ချစ်ကြည်လေးစားခြင်းသည် တကိုယ်ကောင်းရှာကြသောမိန်းမချောမိန်းမလှများ၏တန်ဖိုးမဟုတ်။ မိမိကိုယ်ကိုလျှော့စျေးချသော အပေါစားမိန်းမတို့၏တန်ဖိုးလည်းမဟုတ်။ မိမိတို့ကိုယ်ကို မိမိတို့ကိုယ်တိုင်ရိုသေ၍ အခြားသူများရိုသေလေးစားအောင် နေတတ်သောမိန်းမများ၏တန်ဖိုးဖြစ်လေသည်။

ထိုမိန်းမမျိုးသည်လူတယောက်ယောက်၏အမြဲချစ်ကြည်လေးစားခြင်းကိုခံထိုက်သော မိန်းမများဖြစ်ကြလေသည်။ ၎င်းမိန်းမမျိုးသည်မိန်းမပြီသ၍၎င်းတို့၏မိန်းမပြီသခြင်းသည်။၎င်းတို့၏ကိုယ်မှအရောင်အဝါကဲ့သို့ ထွက်ပေါ်လာလေသည် ၎င်းတို့သည်အလိုအလျောက် ယောကျ်ားများချစ်ခင်ရိုသေလေးစားဖို့ဖြစ်လေသည်။ ထိုကဲ့သို့ ကိုယ်မှထွက်သောအရာသည် မိန်းမတို့၏ကုန္ဒြေခေါ်လေသည်။ ထိုအရာတခု မိန်းမတို့မှာရှိလျှင်။ မိန်းမတို့မှာ ဘယ်အရာမှ မလိုတော့ချေ။ ထိုအရာ တခုမရှိချေကဘယ်အရာမျိုးရှိရှိ အဖိုးမတန်တော့ပေ။

မိန်းမများသည်၊ မိမိတို့မိန်းမဖြစ်ခြင်းကို အဖိုးထိုက်သည်၊ တင့်တယ်သည်၊ လျောက်ပတ်သည်၊ မြင့်မြတ်သောအလုပ်များကိုလုပ်နိုင်သည် ကောင်းမြတ်သော အရုပ်များကိုလုပ်ဖို့ဖြစ်သည်ဟုသိရ၏။ ထိုကဲ့သို့ သိမှသာလျှင် အဟုတ်တကယ် အဖိုးတန်လေသည်။



မိန်းမပြီသသောမိန်းကလေးသည် အဝတ်၌၎င်း၊ အပြောအဆို၌၎င်း၊ အကြံအစည်၌၎င်း၊ ပလွှားဝင့်ဝါခြင်းမရှိအပ်ပေ။ ထိုကဲ့သို့သော မိန်းမများကို၊ ယောကျ်ားမြတ်များချစ်ခင်စုံမက်တတ်ကြလေသည်။ ၎င်းမိန်းမမျိုးသည် ကျည်စောင်မတတ်၏။ စိတ်သဘောကြင်နာ၏။ ကြင်နာတတ်ကြောင်းကိုနီးစပ်သူတိုင်းသိနိုင်လေသည်။

၎င်းမိန်းမမျိုးသည် ယောကျ်ားများ၏ ချီးကျူးမြှောက်စားခြင်းကို ရှာကြံခြင်းမပြုကြပေ။ ၎င်းတို့မှာ အသိဉာဏ်ရှိ၏။ တဘက်သားကို လေးစားဂရုပြုတတ်ကြ၏။ ထွန်းလင်းတောက်ပနေသော စိတ်လည်းမရှိ။ အတတ်အလိမ်မာကိုလည်း မပြလိုကြပေ။ ၎င်းတို့ကိုယ်မှထွက်ပေါ်လျက် ကြက်သရေဆောင်၍နေသောအရာသည် ကြင်နာထောက်ထားခြင်း အစစ်အမှန်ဖြစ်လေသည်။ ဟန်ဆောင်မဟုတ်ပေ။ အချစ်သည် ကြင်နာ ခြင်းဖြစ်၏။ ကြင်နာခြင်းသည်အမှန်စင်စစ် အချစ်ခံရမြဲဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

## ၉။ လင်ကောင်းရလိုလျှင်

တနှစ်အတွင်း ညတည၌၊ အိမ်မက်ထဲမှာသော်၄င်း ဖန်လုံး ထဲမှာသော်၄င်း၊ မိမိနှင့်တွေ့မည်ဖြစ်သော ရည်းစားကို မိန်းမများသည် မြင်နိုင်သည်ဟု၊ အင်္ဂလိပ်လူမျိုးအချို့ ယုံကြည်လေသည်။ ဤကဲ့သို့မြင် ရသော ပုံသဏ္ဌာန်များသည် ၄င်းတို့စိတ်ထဲမှာ ထွက်ပေါ်ရသော ပုံ သဏ္ဌာန်မျိုးဖြစ်လေသည်။ အကြောင်းမှုကား - ပုံသဏ္ဌာန်များသည် မိမိတို့၏ ရည်းစား အဘယ်လိုလူ ဖြစ်ရမည်ဟု ရူးစိုက်လေးနက်စွာ စိတ်ကူး၍ ထားသော သဏ္ဌာန်များဖြစ်ကြလေသည်။ ဤကဲ့သို့ စိတ်ကူး တတ်ခြင်းမှာ၊ မိန်းကလေးများ၌ မလွှဲမကင်းသာသော ဓမ္မတာ ကြီးတခုဖြစ်လေသည်။ ငါ၏လင်ယောကျ်ား ဘယ်လိုလူ ဖြစ်မည်ဟူသောအကြောင်းကိုလင်မရမီ အကြာကြီး တင်ကြို တွေးခေါ်၍ထားတတ်ကြလေသည်။ ထိုအတွေးအတိုင်း ထင်ကြမြင်ကြဖြစ်လေသည်။

ဖူးစာနတ်သည်မြှားကိုအကန်းလိုပစ်သည်ဟု ပြောကြ၏။ စင်စစ်အားဖြင့် ဖူးစာနတ်သည် အကန်းလိုပစ်သည်မဟုတ်။ လူသတ္တဝါများသာ အကန်းလိုအိမ်ထောင်ပြုတတ်ကြလေသည်။

အထက်ဘော်ပြခဲ့သော မိန်းကလေးများလို မိမိနှင့် ဖူးစာဘက်ဖြစ်မည့်သူကို စိတ်ကူး၍မထားသော မိန်းမကလေး များသည် အကန်း နှင့်တူကြလေသည်။ လင်ကောင်းရလိုက လူကောင်းကို စိတ်ကူးရလေသည်။ လူကောင်းကို စိတ်ကူး၍ မထားဘဲ တွေ့သမျှလူကိုလက်ခံတတ်ချေက အကန်းနှင့် တူလေသည်။

# တတိယစာစု

www.burmeseclassic.com

www.burmeseclassic.com

## ၁။ ဥစ္စာရကြောင်း နည်းလမ်းကောင်း

ဥစ္စာခနေ၊ ကုလ္လေသယျ၊ မြူကြွရောင်းဝယ်သာ။ရောင်းဝယ်ဖောက်ကား၊ စီရင်ညာ။ မျိုးကားကြီးမြင့်မြင့်ရာ။ ရှေးထုံးစံများ၊ ရှိသည်အား၊ မှတ်သားဥပမာ။ အိန္ဒိယကုမ္ပဏီ၊ အစတည်၊ ရသည်တိုင်းပြည်သာ။

တရုတ်ကုလား၊ သူဌေးများ၊ မျိုးကားဝါဏိဇ္ဇာ။ အကြံသေးမွှား၊ မြန်မာများ၊ ကပ်ငြားမင်းစိုးသာ။ အကြံမမှီ ဉာဏ်သေးလို့။ တို့ပြည်သူ့အောက်မှာ။ အကြံသေးနုတ်၊ ဉာဏ်သစ်ငုတ်၊ စုတ်စုတ်မြုပ်ဖို့ရာ။ ကိုယ်ကျိုးကိုယ်ကောင်း၊ ရှာကြံလောင်း၊ ပျက်ကြောင်းမျိုးဝံသာ။ ဉာဏ်နှင့်လုံ့လ၊ ဤနှစ်ဝ၊ ခနရကြောင်းပါ။ ကံမှာမသိ၊ ရှိမရှိ၊ နေဘိသူ့ဘာသာ။ လုပ်ကြံမနေ၊ မရှိချေ၊ မျိုးဆွေမကြည်သာ။

---

† ဤသံပေါက်စုမှာ ဆရာကြီးပီမိုးနင်းလွန်ခဲ့သည့် ၁၂၈၅ ခုနှစ်ကရေးစပ်လျက် ဗန္ဓုလဂျာနယ်ဆဋ္ဌမတွဲအုပ်ရေ ၂၆တွင် ထည့်သွင်းဖော်ပြခဲ့သော စာစုဖြစ်လေသည်။ အလင်္ကာအရေးအသားနှင့် စပ်လျဉ်း၍။ အကဲခတ်နိုင်ကြစေရန်၊ လွယ်လွင့်တကူ ရှာ၍ရသော အစပ်အဟတ်တစ်ခုမျှကိုသာ ဖော်ပြရသော်။

…သို့ငြိမ်သက်စွာ အိပ်၍နေရာတွင်၊ နဂိုရ်လှလှ၊ ဝင်းပပ မျက်နှာကလေးကို မြရွက်သော်တာ၊ စန္ဒာငွေပွင့်၊ ယုန်နန်းမြင့်က လှမ်းတင့်ကျက်သရေ။ ဇမ္ဗော်ရွှေသွေးရောင်ခြည်နှင့်ရေးသလို၊ မှုံချယ်၍ပေးလေရာ စုစုညှာ၊ နုနုထွေးထွေး၊ ဖွေးဖွေးညက်ညက်၊ ဘယ်အချက် ဘယ်အကွက်၊ ဘယ်တစ်ချက်မှ ပစ်ရက်စရာမရှိ၊ နှစ်သက်စရာအပြည့်၊ ချစ်မက်စရာအစီ (အစေ့)အစုံ၊ ကျမ်းပေစွာရှိသမျှထဲက။ ကမ္ဘဋ္ဌာန်းဒေသနာအဓိကရတွေနှင့် အမိအရဘယ်လိုပင် စိတ်ဖြာ၍ ခွဲသော်လည်း၊ ဘယ့်နှယ်မှမကွဲနိုင်သည့် အလှစိုင်အလှခဲကလေး။ ။ (မြိုင်ဟေမာဝန္တာမှ)



လုပ်ခါကြံမှား၊ ဆင်းရဲငြား၊ ချထားကံကြမ္မာ။ လုပ်ကြံရက် ရက်၊ စီးပွားထွက်၊ မပျက်ဂုဏ်ကျေညာ။ ဥစ္စာရမူ၊ အချိန်ပြု၊ သူ့ကို စောင့်ကြပါ။ ပြီးရန်ကိစ္စ၊ ပေါ်လာက၊ ထကြွချက်ခြင်းသာ။

ရက်မြွတ်ရက်ကောင်း၊ မရွေးရှောင်း ရကြောင်းမြွတ်ဥစ္စာ။ ဥစ္စာရပြန်၊ တွက်ကိန်းမှန်၊ မှတ်ရန် မြဲမကွာ။ အတွက်ရှိမှ အမြတ်ရ၊ လာဘတည်ကြောင်းသာ။ အတွက်မသိ။ စည်းမရှိ၊ ဖြစ်မည့် ဒုက္ခတာ။ အရှာတတ်က၊ ထားတတ်မှ။ ခနလက်ဝယ်ကြာ။

အရှာသာတတ်၊ ထားမတတ်၊ မှတ်ကြပျက်ဖို့ရာ။ မသိသူ ကျော်၊ သိသူဖော်၊ မြော်ခေါ်စဉ်းစားပါ။ နေရင်းရွာမြည်၊ အကြောင်း စည်၊ နားလည်ကြိုးကုတ်ရာ။ စုံစမ်းမေးမြန်း၊ အခန်းခန်း၊ စူးစမ်း သိကြောင်းရှာ။

စုံစမ်းမမေး၊ အကြံသေး၊ ပြေးရဝေးမြေသာ။ ကြံရေးရသင့်၊ လမ်းအခွင့်၊ ရှိသင့် ရှိကြောင်းရှာ။ ကြံရေးမလှ၊ လက်မှိုင်ကျ၊ ပြောင်းပ ထိုအခါ။ သတ္တိရဲရင့်၊ အားကိုမြှင့်၊ မြင့်တက်မြင့်ဘို့ရာ။

သတ္တိဆုတ်ယုတ်၊ အားသိမ်နုတ်၊ ငုတ်တုတ်ငုတ်မည်သာ။ စိတ်ကို ဆောင်ငြား။ လူယောကျ်ား။ မရှားလာဘ်လာဘာ။ မမေးမစမ်း၊ လူညာဏ်ကန်း ဘရမ်းဘတာဖြစ်မည်သာ၊ စုံစမ်းဖွေရှင်း လူအလင်း၊ သွားခြင်းကေန်ဖြောင့်မည်သာ။

ရစဉ်ခနေ၊ ဝဋ်ဝါလှ ခဏတည်ကြောင်းသာ၊ အကန်အရ၊ ဆင်ခြင်မှ၊ ခနကိုးတက်မှာ။ ကျင့်မြတ်တည်ကြည်၊ တင်းမိုလုံးလ၊ ထားတက်က၊ ကြွယ်ဝချမ်းသာရာ။ သူ့ကိုအား

www.burmeseclassic.com

www.burmeseclassic.com



ကျ၊ လူ့ဒါန၊ မုချမွဲဖို့သာ။ မတုနိုင်သေး၊ မတုသေး၊ ငေနေဘို့ရာ။ ငွေရင်းနည်းပါး၊ ချေးယူငြာ၊ တိုးကားဒီရေပမာ။

ကိုယ်နှင့်သင့်လွန်း၊ ကြံစည်ညွှန်း၊ မြတ်စွမ်းတိုးမြင့်ရာ။ ကာလစရိုက်၊ ဒေသကြိုက်၊ အလိုက်သိသင့်ရာ။ မိမိလုပ်ငန်း စိတ်စွဲလန်း၊ ဆုံးခန်းတိုင်စေရာ။

ဟိုပြောင်းသည်ပြောင်း၊ ကံမကောင်း၊ အကြောင်း မဆိုသာ။ သည်းခံကြိုးကုတ်၊ လုံ့လထုတ်၊ မုချကြီးမြင့်ရာ။ ဥစ္စာဂုဏ်မေ့၊ မပေါ်သေး၊ ပူဆွေးဗျာပါမရှိရာ။ ဥစ္စာရှိက၊ မနေရ၊ သိကြတိုင်းပြည်မှာ။

သတ္တိအားချွန်၊ ရေတံခွန်၊ လောင်းသွန်ဆင်း၍လာ။ အနှောင့်ခပင်း၊ ဘေးရန်ခွင်း၊ ရှင်းရှင်း၊လွယ်သည်သာ။ ကောင်းကင်ထက်စွန်၊ လေတံခွန်၊ မြင့်လွန် ကြိုးကြောင့်သာ။

တာဝန်မကြောက်၊ လုံ့လရောက်၊ ထွင်းဖောက် ကြံတိုင်း သာ။ တာဝန်နည်းပါး၊ လုံ့လရှား စိတ်အားမသန်ရာ။ စည်းကမ်းမှန်စေ၊ စနစ်သေ။ ရှင်းစေရှုပ်များစွာ။ ချိန်စနစ်ဝေး။ စည်းကမ်းသေး။ ကံပေးလွဲဖို့ရာ။

ကံတို့လာပုံ၊ ရေအစုန်။ အဟုန်သက်ဆင်းလာ။ ရေလာတာမြောင်း။ သွယ်မကြောင်း။ ရေကောင်းမတည်ရာ။ ဥစ္စာရကြောင်း။ လောဘကောင်း။ အပေါင်းရှိစေပါ။ လောဘနည်းလျှင်။ ရသေ့ရှင်။ မြို့ပြင်ထွက်ဖို့သာ။

ဥစ္စာရရန်။ စိတ်၌သန်။ ဇကန်ရမည်သာ။ ဆန္ဒရှိက နည်းလမ်းရ မုချအောင်ဖို့ရာ။ ငွေရင်းကြီးမား။ မတိုးပွား။ နောင်သားနောင်လာခက်ဖို့ရာ။ ကိုယ်တသက်စား။ တင်းတိမ် ငြား၊ မြေးသားဆဲစရာ။

ဥစ္စာစီးပွား၊ မတိုးညား။ ပျက်ပြားဆုတ်ယုတ်ရာ။



ပညာထို့တူ။ မတိုးမူ။ လွယ်ကူဆုတ်တတ်စွာ။ တကျွန်ရုံးသော် တမတ်မြတ်၊ ဆတ်ဆတ်ချမ်းသာမှာ။ အကြံကုန်ခန်း၊ စိတ်ချေမြဲ ကျိုးကန်းသူမေးပါ။ စီးပွားရှာကြ၊ နည်းလမ်းကျ၊ ဘာမျှမသော် ရာ။ ကြံစည်ကြီးမြောက်၊ ချင့်မြော်ထောက်၊ စိုးနှောက်မရှုက်ရာ။ ပန်းတိမ်တောက်တောက်၊ မစားလောက်၊ ကြီးမြောက်မထွန်းရာ။

ကူးသန်းချဲ့ထွင်၊ ရတနာရှင်၊ စည်ပင်ထွန်းသစ်ရာ။ သူဌေး စ၊ လုပ်လမ်းပြ၊ တုပမလိုက်သာ။ ဉာဏ်ရည်ဉာဏ် သွား၊ ချွန်သူအား၊ ပွားများလာဘ်လာဘာ။ စွန့်စားရဲရင့်။ ဂုဏ်ရောင်တင့်၊ ကြီးမြင့်လွန် ကျော်ညာ။

ဆန်းသစ်စီမံ။ အကြံဉာဏ်၊ သာမန်မဟုတ်ရာ။ ဦးစေ၊ ထူးစေ၊ မထူးနေ၊ ရှူးစေမကြောက်ရာ။ ကြေးငွေကုန်မှ၊ နမြောကြ။ ဒုက္ခပူပန်ရာ။ ပူပန်တောင့်တ နောင်တရ။ မုချပြန် မလာ။ အားသစ်စီမံ။ ထပ်လောင်းကြံ။ တဖန်ရအောင်ရှာ။

ကြံသည့်အကြံ၊ ပြီးစေရန်၊ မိဋ္ဌာန်မြဲစေရာ။ ပူရိသဇာနည်၊ ယောက်ျားပြီ၊ ယုံကြည်ကိုယ့်ကိုသာ။ ကျိုးကြောင်းဆင်ခြင်၊ အစွန်းထင်၊လမ်းစဉ်သိဖို့ရာ။ အဝေးမသွား၊ နီးအပါး၊ ရငြားလမ်းကိုရှာ။

မြင့်မြတ်ဘိဓမ္မာ။ နှိုက်ကျွတ်ရှာ။ လူနှာမပျောက်ရာ။ ဥစ္စာ စီးပွား။ ရဖို့ငြား။ မမှားထို့တူသာ။ သတိနည်းလျှင်၊ ဝမ်မြင်။ ရှေ့တွင်ရှိရက်သာ။ သတိဉာဏ်ကဲ၊ ယူဆောင်စွဲ၊ တွေ့မြဲရတနာ၊ အမှိုက်မှာ။

ဆင်းရဲဒုက္ခ၊ ဟူသမျှ။ တွေးဆမကြောက်ရား ဆင်းရဲဒုက္ခ။ ဟူသမျှ၊ လုံ့လတိုးကြောင်းသာ။ ဆင်းရဲဒုက္ခ ရောက်လာက။ ကြံ့ရမလွဲသာ။ မလွဲရှာကြံ၊ ကြံ့လျှံ သိဉာဏ်တိုးတက်ရာ။

www.burmeseclassic.com

www.burmeseclassic.com



## ပီမိုးနင်း (၁၈၈၃ – ၁၉၄၀)

ဆရာကြီးပီမိုးနင်းသည် စစ်ကြိုခေတ်ကာလ တစ်လျှောက်လုံးတွင် ထင်ရှားကျော်ကြားခဲ့သော စာရေး ဆရာကြီး တစ်ဦးဖြစ်သည်။ ပီမိုးနင်းသည် ကာလပေါ်ဝတ္ထု ခေတ်ကို ပျိုးထောင်ပေးခဲ့သော ပုဂ္ဂိုလ်တစ်ဦး ဖြစ်သည်သာမက မြန်မာစာပေတွင် လင်္ကာစပ်မနှောသော စကားပြေ အရေးအသားမျိုး ခေတ်စားတွင်ကျယ်လာအောင် လမ်းသစ်ထွင် မျိုးစေ့ချခဲ့သော ပုဂ္ဂိုလ်ကြီးတစ်ဦးလည်းဖြစ်သည်။ ဆရာကြီးသည် ခေတ်မီသော အတွေးအခေါ်သစ်များကို မြန်မာစာဖတ်ပရိသတ်အားဦးစွာ မိတ်ဆက်ပေးခဲ့သော ပုဂ္ဂိုလ်တစ်ယောက်လည်း ဖြစ်ပေသေးသည်။

ဆရာကြီး ပီမိုးနင်းကို ၁၂၄၅ ခု၊ တန်ဆောင်မုန်းလဆန်း (၆)ရက်နေ့ (၁၈၈၃ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်) တနင်္လာနေ့ နံနက် (၈)နာရီအချိန်တွင် ပဲခူးတိုင်း၊ ရန်ကုန်ပြည်လမ်းပေါ်ရှိ သုံးဆယ်မြို့ ရွာမရပ်၌ အဖ ဦးရွှေခမ်း၊ အမိ ဒေါ်စိန်နုတို့မှ ဖွားမြင်ခဲ့လေသည်။

ဖွားမြင်စအခါက မိုးနင်းများထူထပ်စွာ ကျနေသော ကြောင့် မိုးနင်းဟူ၍ ခေါ်တွင်လေသည်။ ဇာတာအမည်ရင်းမှာ နေ့သင့်နံသင့် အားဖြင့် မောင်ကျော်ညွန့်ဖြစ်လေသည်။ နောင်တွင် အဖျားဆွတ်၍ မောင်ကျော်ဟုခေါ်သည်။ ပီမိုးနင်းဟုတွင်လာရခြင်းမှာ ဗြိတိသျှခေတ်က အလုပ်လျှောက်ထားရာတွင် မျက်နှာဖြူအမျိုးသားများ၊ ကပြားများ ကိုသာ ဦးစားပေးလေ့ရှိသည့်အတွက် ခရစ်ယာန်ကျောင်းတွင် အမည်ခံ ခဲ့သော



ဖိလစ် (Philip) အမည်၏ အတိုကောက်အက္ခရာ (P) ကို ယူကာ ပီမိုးနင်းဟု အမည်ခံရာမှ နောင်သော် ပီမိုးနင်းဟု တွင်လာခဲ့ ခြင်းဖြစ်ပေသည်။

ပီမိုးနင်းနှင့် မိဘများမှာ ဆင်းရဲနွမ်းပါးသဖြင့် ငယ်စဉ်က မိခင်၏ လုပ်စာကိုသာ အားထားမှီခိုကာ သားဦးဖြစ်သည့်အတိုင်း အိမ်အလုပ်များ ကို တာဝန်ယူလုပ်ကိုင်ခဲ့ရပေသည်။ ပီမိုးနင်းသည် ဝတ်ကောင်းစားလှ ဝတ်ဆင်ကာ သွားလာနေကြသော မြို့အုပ်စာရေးကြီးစသည်တို့ကို တွေ့ မြင်ရသောအခါ သူတို့ကဲ့သို့ ကြီးပွားထွန်းကားချင်လှသဖြင့်ကျောင်းနေခွင့်ရရန် ပူစာလေသည်။ မိခင်က သုံးဆယ်မြို့ရှိ ဘုရင်ဂျီခရစ်ယာန် သာသနာပြုကျောင်း (ရိုမန်ကက်သလစ် မစ်ရှင်ခေါ် အာစီအမ့်ကျောင်း ကျောင်းအုပ် ခရစ်ယာန်ဘုန်းတော်ကြီး ဇာသာပဲလဝါးထံတွင် အပ်နှံ၍ ပညာသင်ကြားပေးလေသည်။ ထိုကျောင်းတွင် သုံးနှစ်ခန့်ကြာသောအခါ ကျောင်းအုပ်ဘုန်းတော်ကြီးက ရိုမန်ကက်သလစ်ဘုန်းကြီးလုပ်ရန် တိုက်တွန်းပြီး မော်လမြိုင်မြို့ရှိ ကျောင်းစာသင်ကျောင်း (Seininsry)သို့ ပို့ပေးသဖြင့် ထိုကျောင်းတွင် လက်တင်ဘာသာသဒ္ဒါနှင့် ရှေးဘုရင်ဂျီသူတော်စင်များ၏ အတ္ထုပ္ပတ္တိများကို လေ့လာသင်ကြားရလေသည်။ ထိုကျောင်း၌ (၃)နှစ်သင်ကြား ပြီးနောက် ပလောပီနန်းမြို့ရှိ ဂျင်နရဲလ်ကောလိပ် (General College) တွင် အင်္ဂလိပ်အလင်္ကာ၊ လော့ဂျစ်ခေါ် တက္ကဗေဒ၊ ဖိလော်ဆော်ဖီ ခေါ် ဒဿနိကဗေဒ ပညာရပ်နှင့် အခြားလောကီ ပညာများကို သင်ကြားခွင့်ရခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ခရစ်ယာန်ဘုန်းတော်ကြီး မလုပ်လိုတော့သောကြောင့် အသက်(၁၉)နှစ်တွင် မိခင်ရှိရာ သုံးဆယ် မြို့သို့ ပြန်လာခဲ့လေသည်။ ထို့နောက်တွင် ပီမိုးနင်းသည် ကြို့ပင်ကောက်မြို့၊အာစီအင်ကျောင်းတွင် ကျောင်းဆရာအဖြစ် ခေတ္တလုပ်ကိုင်သည်။ ထိုအခါ ဖခင်ကွယ်လွန်ပြီးဖြစ်သဖြင့် မိခင်၏ နောက်အိမ်ထောင်ဖြစ်သော ဦးမြို့က မြန်မာစာပေကျမ်းဂန်များ တတ်ကျွမ်းနှံ့စပ်သူဖြစ်သည့်အတိုင်း ပီမိုးနင်းအား သင်ကြားပေးလေသည်။ ပီမိုးနင်းသည် မြန်မာစာ၊ အင်္ဂလိပ်စာ၊ လက်တင်ဘာသာဟူ၍ သုံးဘာသာ တတ်ကျွမ်းပြီး ခေတ်မီပညာရပ်များကိုလည်း သုံးဘာသာတတ်ကျွမ်းပြီး ခေတ်မီပညာရပ်များကိုလည်း တတ်မြောက်သူတစ်ဦးဖြစ်လာခဲ့လေသည်။

ပီမိုးနင်းသည် ယေသှုယေချင်းဖြစ်သော "မဟန်"ကို အကြောင်းပြု၍ ခရစ်ယာန်အယူကို စွန့်ကာ ဗုဒ္ဓဘာသာကူးပြောင်း၍ ရှင်သာမဏေဝတ်လေသည်။ ထို့နောက် လူထွက်၍ သာယာဝတီမြို့ လမ်းဘက်ဆိုင်ရာရုံးတွင် စာရေးအဖြစ် လုပ်ကိုင်ရာမှ လွတ်လပ်စွာ နေလိုသဖြင့် အလုပ်သို့ မသွားတော့ဘဲ နေခဲ့လေသည်။ ထို့နောက် ပြည်မြို့သို့ရောက် ကာ ပြည်သူ့ဆေးရုံကြီး၌ စာရေးကြီးအဖြစ် လုပ်ကိုင်ပြန်လေ သည်။ ပြည်မြို့တွင် ဒေါ်မေမေနှင့် မမျှော်လင့်ဘဲ အိမ်ထောင်ကျခဲ့သည်။ ပြည်မြို့တွင် ရှိနိုက်လယ်တီဆရာတော် ဘုရားကြီး တရားဟောကြားသည်ကို နာကြားရသဖြင့် အလုပ်မှ ထွက်ကာ ရဟန်းဘောင်သို့ တက်ရောက်လေသည်။ ထိုအခိုက် ဇနီး ကွယ်လွန်သဖြင့် လယ်တီဆရာတော်ဘုရားကြီးနှင့်အတူ



ရန်ကုန်မြို့သို့ လိုက်ပါလာခဲ့လေသည်။

ရန်ကုန်မြို့တွင် ဦးမြားတောရကျောင်းတိုက်တွင် အင်္ဂလိပ်လူမျိုး ဗုဒ္ဓဘာသာဘုန်းတော်ကြီး အာနန္ဒမေတ္တေယျနှင့်အတူ သီတင်းသုံး၍ ဗုဒ္ဓသမာဂမ အမည်ရှိ နိုင်ငံခြားဗုဒ္ဓဘာသာအသင်း၏ မဂ္ဂဇင်းထုတ်ဝေရာတွင် ကူညီခဲ့လေသည်။

ထို့နောက်တွင် လူထွက်ပြီးနောက် မိမိအားလပ်နိုက် တဖြည်းဖြည်း ရေးသားထားခဲ့သော လောဂျစ် (တက္ကဗေဒ) ကျမ်းကို ရောင်းချရန် ဟံသာဝတီတိုက်သို့ သွားရောက်လေသည်။ တိုက်ရှင်သူဌေး မစ္စတာရစ်ပလီက စာမူကို မဝယ်ယူသော်လည်း သံနားကြင်နာသဖြင့် ပီမိုးနင်းအား ဘာသာပြန်အလုပ် ပေးလေသည်။ ဟံသာဝတီသတင်းစာတွင် အယ်ဒီတာဆရာစောနှင့်အတူ အလုပ်လုပ်ရလေသည်။ သို့ရာတွင် အလုပ်တွင် မပျော်ပိုက်သဖြင့် အလုပ်မှ ထွက်ကာ သုံးဆယ်မြို့သို့ ပြန်သွားပြန်လေသည်။

ပီမိုးနင်းသည် သုံးဆယ်မြို့တွင် ဆရာခရစ်ယာန်ဘုန်းကြီးပဲလဝါး၏ အစောင့်အရှောက်ဖြင့် နေထိုင်ရာမှ ဓမ္မိမြို့တွင် ကျောင်းဆရာအဖြစ် လုပ်ကိုင်လေသည်။ ဓမ္မိမြို့တွင် ဒေါ်စိန်တင့်နှင့် ၁၉၀၈ ခုနှစ်တွင် လက်ထပ်ခဲ့လေသည်။ ထိုအိမ်ထောင်နှင့် သားသမီးခုနှစ်ယောက် ထွန်းကားလေသည်။ သို့သော် သုံးယောက်သာ အဖတ်တင်သည်။ ထို့နောက် အင်္ဂူမြို့၊ ကနောင်မြို့၊ မင်းလှမြို့များသို့ အသက်မွေးဝမ်းကျောင်းလုပ်ကိုင်ပြီး နောက်ဆုံး သုံးဆယ်မြို့သို့ ပြန်ကာ မိတ်ဆွေများ၏ အကူအညီဖြင့် စာပုံနှိပ်စက်တစ်စက်ထောင်ပြီး "မြန်မာ့မိတ်ဆွေ" မဂ္ဂဇင်းကို ထုတ်ဝေခဲ့လေသည်။ သို့ရာတွင်

www.burmeseclassic.com

www.burmeseclassic.com



ပထမကမ္ဘာစစ်ဒဏ်ကြောင့် အခက်အခဲများ ကြုံတွေ့ရသဖြင့် မဂ္ဂဇင်းကို ရပ်စဲကာ ရန်ကုန်မြို့သို့ ထွက်ခွာသွား ရောက်လေသည်။ ထို့နောက် လောကီလမ်းပြနိဿယကျမ်းကို ရေးသား ထုတ်ဝေသည်။ ထိုကျမ်းသည် ပီမိုးနင်း၏ ပထမဆုံးသော ကျမ်းဖြစ်သည်၊ ရန်ကုန်မြို့တွင် သူရိယသတင်း စာတိုက်၌ ဂစ်သတင်းဘာသာပြန်အဖြစ် လုပ်ကိုင်လေသည်။ ထို့နောက် မြန်မာ့အလင်း မဂ္ဂဇင်းတိုက်ရှင်အား တိုက်တွန်းကာ မြန်မာ့အလင်း သတင်းစာကို ထုတ်ဝေစေပြီး ထိုသတင်းစာတိုက်သို့ ပြောင်းရွှေ့လုပ်ကိုင်ရာ သတင်းစာတိုက် ခေတ္တရပ်စဲသော အခါ မူလသူရိယသတင်းစာတိုက်သို့ပင် ပြန်၍ လုပ်ကိုင်ရလေသည်။ ထိုအချိန်ထိ ပီမိုးနင်းအမည်ကို မခံယူ ခဲ့သေးပေ။

ထိုသို့ လုပ်ကိုင်နေစဉ် ရန်ကုန်မြို့ အခလုံရပ်၊ ဘက်ပတစ် ကျောင်းတွင် လက်တင်ဘာသာပြဆရာ လစ်လပ်သဖြင့် မောင်ကျော်ညွန့်သည် လျှောက်ထားလေရာ မြန်မာအမျိုးသားကို လက်တင်ဘာသာပြဆရာ မခန့်နိုင်ဟူသော ပြန်စာကို ရရှိလေသည်။ ထိုအခါ အရင်က ခေါ်သော မိုနင်းအမည်တွင် ရှေ့မှ ဖိလစ်၏ အတိုကောက် ပီစာလုံးတစ်လုံးတိုးကာ ပီမိုးနင်းအမည်ဖြင့် ထပ်မံလျှောက်ထားလိုက်ပြန်လေသည်။ ထိုအခါမှ ကျောင်းအုပ်ကြီး ဒေါက်တာဂေးလမိုးက ခေါ်ယူလေရာ ဆရာကြီး ပီမိုးနင်းက အင်္ဂလိပ်ဝတ်စုံဝတ်ဆင်၍ သွားရောက်တွေ့ဆုံသဖြင့် အလုပ်ရရှိလေသည်။

ထိုသို့ ဆောင်ရွက်နေစဉ် ပညာအလင်းမဂ္ဂဇင်းပေါ် ထွက်လာသဖြင့် အားလပ်ချိန်များတွင် ဝတ္ထုနှင့် ဆောင်းပါးများကို ရေးသား ပေးပို့လေသည်။ လက်တီပဏ္ဍိတ ဦးမောင်



ကြီးကို အကြောင်းပြု၍ ပညာအလင်း မဂ္ဂဇင်းတွင် လစဉ် ဝတ္ထုနှင့် အခြားအခန်းပေါင်းများစွာ ရေးသားခဲ့လေသည်။ ထိုမှတစ်ဆင့် ပညာ့အလင်းသတင်းစာထုတ်ဝေပြန်ရာ ဆရာကြီးသည် ကျောင်းဆရာအလုပ်ကို လုံးဝ စွန့်လွှတ်လိုက်လေသည်။

ပညာ့အလင်းသတင်းစာတိုက်တွင် "ပိုက်ဆံကြီး" အမည်ဖြင့် ဆောင်းပါးများနှင့် နေ့ရီရီဝတ္ထု၊ ပွဲစားကြီးသားအဖနှင့် မြမြဝတ္ထုစသော ဝတ္ထုရှည်ကြီးများကို ရေးသားခဲ့လေသည်။ ထိုအခါက ခွဲရေးတွဲရေး ပြဿနာပေါ်ပေါက်လျက်ရှိရာ တွဲရေးဘက်မှနေ၍ ပိုက်ဆံကြီးအမည်နှင့် ဆောင်းပါးများကို ရေးသားလေသည်။ ထိုအခါမှ ပိုက်ဆံကြီးအမည်ကို အသုံးပြုရာ ပညာ့အလင်းသတင်းစာမှ ၁၉၁၈ ခုနှစ် ထွက်သောအခါ ထိုကလောင်အမည်ကို တိုက်ရှင်ဦးတင်က အပိုင်ယူထားလိုက်သဖြင့် ပီမိုးနင်း ဟူသော အမည်ကိုပင် ကလောင်အမည်အသစ်ယူခဲ့ရပေသည်။ (ဦးတင် သည် နောင်တွင် ပိုက်ဆံကြီးအမည်ဖြင့် ဘားမားဒေး (အာဝါဒေး) ဝတ္ထုကို ရေးသားထုတ်ဝေရာ ထိုဝတ္ထုကို ဆရာကြီးပီမိုးနင်း၏ လက်ရာ ဟူ၍ အမှတ်အမှားကြပေသည်။

ထို့နောက်တွင် အလုပ်တိုက်မှ ထွက်ပြန်၍ အောင် **တော်မူ** ခေါ် ရက်သတ္တပတ်စဉ် မဂ္ဂဇင်းကို ၁၉၂၀ တွင် ထုတ်ဝေရာ (၁၄) စောင်မျှ ထုတ်ဝေအပြီးတွင် ရပ်စဲလိုက်ရပြန်လေသည်။ ထိုမှစ၍ ယုန်ဒန်အတ် မဂ္ဂဇင်း၊ ကဝိမျက်မှန်မဂ္ဂဇင်း၊ ကဝိတံခွန်မဂ္ဂဇင်း၊ ဗြိတိသျှဘာသာမဂ္ဂဇင်း၊ တက္ကသိုလ်မဂ္ဂဇင်း၊ သူရိယသတင်းစာ၊ မြန်မာ့အလင်း

www.burmeseclassic.com

www.burmeseclassic.com



သတင်းစာ၊ သစ္စ ဝါဒီသတင်းစာ၊ ဗန္ဓုလသတင်း စာစသည်တို့တွင် လည်းကောင်း၊ ဆောင်း ပါးများကို ရေးသားခဲ့ပေသည်။ ဗန္ဓုလဂျာနယ်မှ ဗန္ဓုလသတင်းစာအထိ တိုးတက်လာခဲ့သည်မှာ ဆရာကြီး၏ ဦးဆောင်မှုကြောင့်ပင် ဖြစ်လေသည်။ ဗန္ဓုလဂျာနယ်တွင် ပေါက်ဆိန်ဟူသော ကလောင်အမည်ကို စတင်အသုံးပြုခဲ့သည်။

ထိုသို့လုပ်ကိုင်ရာမှ ဗန္ဓုလသတင်းစာတိုက်မှာပင် ဗန္ဓုလရုပ်ရှင် ကို တည်ထောင်ပြီး ဆရာကြီးက သားဖြစ်သူ မောင်ကျော်စိုးကို သင်ကြားပြသကာ ဒါရိုက်တာအဖြစ် ရုပ်ရှင်ရိုက်ကူးခဲ့ရာ "ချစ်တဲ့သူရယ်" ဇာတ်ကားအောင်မြင်စွာ ပေါ်ထွက်လာလေသည်။ ထို့နောက် သားမောင်ကျော်စိုးသည် ဗြိတိသျှဘားမားရုပ်ရှင်တွင် "တကိုယ်တော်" ဇာတ်ကားရိုက်ကူးရာ ဆရာကြီးကပင် ကူညီခဲ့လေသည်။

ဆရာကြီးပီမိုးနင်းသည် ဆင်းရဲပင်ပန်းစွာဖြင့် စာမူပများကို မပြတ်ရေးသားပြုစု၍ အသက်မွေးဝမ်းကျောင်းပြုရသည်ကို ငြီးငွေ့လာသည်။ သားမောင်ကျော်စိုးမှာ ရုပ်ရှင်ဇာတ်ညွှန်းများရေးကာ အေးအေး လူလူပင် ဒါရိုက်တာလုပ်တော့မည်ဟု စိတ်ကူးမိသော်လည်း မောင်ကျော်စိုးမှာ "၁၀ နာရီ" ဇာတ်ကားရိုက်ကူးနေစဉ် ရန်သူ၏ သတ်ဖြတ်ခြင်းခံရသဖြင့် ဆရာကြီးပီမိုးနင်းမှာ စိတ်ထိခိုက်ခြင်းဖြစ်ပြီး ရုပ်ရှင်လောကမှ ခွာခဲ့လေသည်။

ထိုအချိန်နှင့် မရှေးမနှောင်းမှာပင် မျက်စိကွယ်နေရှာသော ဇနီးသည် ဒေါ်စိန်တင့်မှာ သား၏ ပရိဒေဝမီးကြောင့် ၁၉၃၀ပြည့်နှစ်၊ ဖွန်လတွင် ဆုံးပါးရပြန်လေရာ ဆရာကြီးပီမိုး



နင်းမှာ လူမမယ်ကလေးငယ် များနှင့် ကျန်ခဲ့ရပြီး စိတ်ဆင်းရဲခြင်းကြီးစွာ ဖြစ်ရလေသည်။ ထို့နောက် ကလေးများကို မိခင်ဆွေမျိုးများရှိရာ မော်မြို့သို့ ပို့ထားပြီး စိတ်သောက ဖြေရာ အရက်ကိုသာ အဖော်ပြုမိလေတော့သည်။

ထိုသို့ ရန်ကုန်မြို့တွင် လှည့်လည်နေထိုင်ခိုက် တစ်နေ့သော (၁၉၃၉ ခု၊ ဒီဇင်ဘာလ ၅ ရက်၊ ၁၉ကြိမ်မြောက် အမျိုးသားနေ့) နံနက်တွင် ရန်ကုန်မြို့၊ ဆူးလေဘုရားလမ်းရှိ မြန်မာ့အလင်း သတင်းစာ တိုက်ရှင်များ၏ အလှူပွဲသို့ တိုက်သားဟောင်းတစ်ယောက်အဖြစ် တက်ရောက်ရလေသည်။ ထိုအလှူပွဲတွင် တိုက်သားများအား ကျွေးမွေး ဧည့်ခံကာ တစ်ဦးလျှင် ငွေ(၂၀)ကျပ်စီ ဆုချီးမြှင့်ပြီး မဟာဂီတဦးပြုံးချို၏ သမီး ဒေါ်ခင်မြင့်က သီချင်းကြီးများဖြင့် ဖျော်ဖြေလေသည်။

ထိုနေ့နံနက် (၁၁)နာရီတွင် ဆရာကြီးသည် မဟာဗန္ဓုလပန်းခြံရှိ အိမ်သာသို့ သွားရန် ဆူးလေဘုရားလမ်းဘေးမှ လျှောက်သွားစဉ် အချုပ်ထောင်မှ အမှုထမ်းတစ်ဦးစီးလာသော စက်ဘီးက အရှိန်ပြင်းစွာ ဝင်တိုက်သဖြင့် လဲကျသွားလေသည်။ ဒဏ်ရာ ပြင်းထန်သဖြင့် မထနိုင်ဘဲရှိရာ သူနာပြုတပ်သားများက ပွေ့ပိုက်၍ ဆေးရုံ ကြီးသို့ တင်ပို့ကာ အခန်း ၁၁/၁၂ ခုတင်အမှတ် (၁၉)တွင် အတွင်းလူနာအဖြစ် ကုသထားရလေသည်။

ထိုစဉ်က ဆရာကြီးမှာ လေငန်းဖြတ်ခံရပြီးစ ကျန်းမာရေးချို့တဲ့ ပြီး စိတ်ဓာတ်ကျဆင်းနေချိန်ဖြစ်လေသည်။ ဒဏ်ရာမှာလည်း ဒူးဆစ် အထက် ခုံညင်းအပေါ် နားသိမှ ကပ်၍ ကျိုးသွားခြင်းဖြစ်သဖြင့် ပြန်၍ ဆက်ရန် အားကိုအခဲရှိ

www.burmeseclassic.com

www.burmeseclassic.com



နေလေသည်။ ထိုအခက်အခဲအပြင် ဆရာကြီး၌ အမှတ်မထင် စွဲကပ်နေသော ဆီးချိုရောဂါဖြင့် အနာမှာ ရင်းကာ ရိုးတွင်း ခြင်ဆီလိုက်သဖြင့် ဆရာဝန်များက ခြေထောက်ဖြတ်ရန် တိုင်ပင်ဆုံးဖြတ် ကြလေသည်။ သို့ရာတွင် ခြေထောက်မဖြတ်မီ ညမှာပင် အဆုတ်အအေး မိသည့်ရောဂါ ဝင်ရောက်လာပြီး ၁၉၄၀ ပြည့်နှစ်၊ ဇန်နဝါရီလ (၆)ရက်၊ နံနက် (၉)နာရီ (၁၉)မိနစ်အချိန်တွင် ကွယ်လွန်အနိစ္စရောက်ရှာလေသည်။ ကြွင်းကျန်သော ဆရာကြီးရုပ်ကလာပ်ကို (၉)ရက်တိတိထားပြီး (၁၄-၁-၄၀)နေ့ (၁)နာရီအချိန်တွင် မီးသဂြိုဟ်ခဲ့လေသည်။

ဆရာကြီးပီမိုးနင်းသည် အချစ်ရေး၊ အိမ်ထောင်ရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ တိုးတက်ကြီးပွားရေး၊ နိုင်ငံရေးနှင့် ရောင်းဝယ်ရေးဝယ်တာမှ အစစာအုပ်ပေါင်းများစွာ ရေးသားခဲ့ပေသည်။ ဝတ္ထုများ၊ ဆောင်းပါများ၊ သတင်းစာ ခေါင်ကြီးများနှင့် ဘာသာပြန် စာအုပ်များလည်း များပြား လှပေသည်။ အင်္ဂလိပ်ဘာသာကို စနစ်တကျ တတ်မြောက် စေရန် နောလိတ်ချ်မဂ္ဂဇင်း (Knowledge Magazine)ခေါ် အင်္ဂလိပ်-မြန်မာနှစ်ဘာသာ ဘာသာပြန်မဂ္ဂဇင်းလည်း ဦးစွာ ထုတ်ဝေခဲ့လေသည်။ ယင်းမဂ္ဂဇင်းတွင် ဦးလေပွေကလောင် အမည်ဖြင့် အင်္ဂလိပ်လို ဆောင်းပါးများရေးခဲ့သည်။ ရှာဖွေ တွေ့ရှိသမျှ ဆရာကြီးရေးသားခဲ့သော ကျမ်းပေါင်း(၄၅)ကျမ်းနှင့် ဝတ္ထုတိုပေါင်း (၄၆)အုပ် ရှိလေသည်။



ဆရာကြီး ပီမိုးနင်းပြုစုခဲ့သော စာပေများ

ကျမ်းများ

၁။ လောကီလုမ်းပြနိသျှ (မောင်ကျော်အမည်ဖြင့် ရေးသည်။)
၂။ အင်္ဂလိပ်လမ်းပြနိသျှ (မောင်ကျော်အမည်ဖြင့် ရေးသည်။)
၃။ လက်တွေ့ကြီးပွားရေးကျမ်း
၄။ ကမ္ဘာ့မင်တဲ
၅။ သခင်စိတ်
၆။ ကမ္ဘာ့အလင်း (လူမင်းအမည်ဖြင့် ရေးသားခဲ့သည်။)
၇။ ထွေးချွန်ရေး
၈။ သားဂုဏ်ရည်
၉။ သမီးဂုဏ်ရည်
၁၀။ မိန်းမစိတ်
၁၁။ လူပျိုကြေးမုံ
၁၂။ အပျိုကြေးမုံ
၁၃။ ကာမသိဒ္ဓိ
၁၄။ မနောသိဒ္ဓိ
၁၅။ စိတ်ပညာ
၁၆။ ကြီးပွားချမ်းသာရေး
၁၇။ ကိုယ်ထူးကိုယ်ချွန်
၁၈။ လူမှုရေးရာ
၁၉။ အာဂလူ
၂၀။ အချစ်လမ်းညွှန်
၂၁။ အချစ်သျှုတ္တရ
၂၂။ တက်လမ်း

www.burmeseclassic.com

www.burmeseclassic.com



၂၃။ ကုလ္လသယ
၂၄။ ဝတ္ထုသတင်းစာရေးနည်း
၂၅။ အရင်းမစိုက်လှေ့ထိုးလိုက်
၂၆။ တကယ့်လူချွန်
၂၇။ စကားပြောနည်း
၂၈။ ကြီးပွားချမ်းသာသောစိတ်ပညာ
၂၉။ လောကမျက်မှန်
၃၀။ လူစွမ်းလူစ
၃၁။ ဟန်ကျပန်ကျ
၃၂။ တိုးတက်ရေးလက်စွဲ
၃၃။ ထိပ်ဆုံးကလူ
၃၄။ ကုန်သည်အိတ်ဆောင်
၃၅။ မသိသူကျော်သွား
၃၆။ သိသူဖော်စား
၃၇။ အချစ်ဖြတ်လမ်း
၃၈။ ပီမိုးနင်းနိတိ(ကျမ်းများမှပြုစုထုတ်ဝေသည်)
၃၉။ ငွေကလောင်ကျမ်း
၄၀။ အစွလာမ်အလင်းပြကျမ်း
၄၁။ နောလိချ်စာစောင်များ
၄၂။ အင်္ဂလိပ်သဒ္ဒါဖြတ်လမ်း
၄၃။ အင်္ဂလိပ်ပြောသော အင်္ဂလိပ်စကား
၄၄။ ပီမိုးနင်း၏ ပီမိုးနင်း
၄၅။ နိုင်ငံရေးအခြေပြုကျမ်း



ဝတ္ထုများ
၁။ ပင်လယ်ကူးဓာတ်ပုံ
၂။ ဘီအေမောင်တင့်နှင့် ကခြေသည်မယ်မြင့်
၃။ ခင်ထား(မောင်ကျော်အမည်နှင့် ရေးသည်)
၄။ နေရိုရို
၅။ ပွဲစားကြီးသားအဖနှင့် မြမြ
(ပိုက်ဆံကြီးကလောင်ဖြင့် ရေးသည်။)
၆။ ပွဲစားကြီးဂရာရွှတ်ကို မြားဂျွတ်သောချစ်ချစ်
၇။ နေညိုညို
၈။ ဟောမဝန်ဘွေ
၉။ တကိုယ်တော်
၁၀။ သဲမြည္သာ
၁၁။ တနိုင်ငံမြို့ဥယ်ခြား
၁၂။ ချစ်ပန်းနွယ်
၁၃။ ယောက်ျားကောင်းသုံးယောက်
၁၄။ ကျွန်းငွေသောင်
၁၅။ တပြစ်လဲ
၁၆။ ကျားကြီးရာဇာ
၁၇။ တခုလပ်နှင့် တလင်ကွာ
၁၈။ လှမိုက်ကြီး
၁၉။ မယ်ယကွ
၂၀။ ဝက်ဘာကံ
၂၁။ တို့တောင်ပေါ်
၂၂။ တက်လူတွေ

www.burmeseclassic.com

www.burmeseclassic.com



၂၃။ ကြိုလေဘုံဘွေ
၂၄။ နှမ့်းစာ
၂၅။ ရေနတ်သူ
၂၆။ အုံသြဖွယ်
၂၇။ မျိုးချစ်
၂၈။ မျိုးချစ်လက်ဦး
၂၉။ စိုးပါနှင့်မေ
၃၀။ ကျုပ်အသက်ကလေး
၃၁။ ဝါသနာ
၃၂။ သွေးဆောင်ခြင်း
၃၃။ မိတ်ဆွေနှင့် ရည်စား
၃၄။ စိတ်ပြောင်းလဲခြင်း
၃၅။ ဝရုမ်းပြေး
၃၆။ သင်းတို့အကြံ
၃၇။ လူလားနတ်လားကုမ္ပဏီလား
၃၈။ ချစ်တဲ့မယား
၃၉။ ရွှေဖူးစာကံဆော်စိမ့်သွင်း
၄၀။ ငယ်ကကျွမ်းကို လွမ်းလို့ခွေယိုင်
၄၁။ ငှါးသမီး
၄၂။ တို့ဘာသာ
၄၃။ ဓမ္မာ်ဘုရင်
၄၄။ စာရေးဆရာ
၄၅။ သူရဲကောင်းသုံးယောက် (ဘာသာပြန်) (ပထမပိုင်း)
၄၆။ ပီမိုးနင်းဝတ္ထုတိုများ
(အားလုံး ပီမိုးနင်းအမည်ဖြင့် ရေးသည်။)



၁။ (က) မြင့်ဆွေ၊ "ပီမိုးနင်း၏ နောက်ဆုံးနေ့" မြဝတီ မဂ္ဂဇင်းတွဲ
၁၈၊ မှတ် ၂၊ (၁၉၆၉ ခု၊ ဒီဇင်ဘာလ) စာ-၉၃၊ ၉၆။

(ခ) သခ်ီ "နိုင်ငံကျော်စာရေးဆရာကြီး ပီမိုးနင်း" ဂျာနယ်ကျော်
(၁၉၄၀ ပြည့်၊ ဇန်နဝါရီလ ၁၃ ရက်) စာ-၁၃၊ ၂၀။

(ဂ) စာရေးဆရာကြီးပီမိုးနင်း ရန်ကုန်၊ ပီမိုးနင်း နှစ် ၁၀၀
ပြည့်ပွဲ ကျင်းပရေးကော်မတီ၊ ပထမအကြိမ် ၁၉၈၃။

www.burmeseclassic.com